BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်

ပြည်သူ့ သွေးတော် ကိုယ်စားပြုတော်မည်ကို မျှော်ခဲ့ကြ

The Lightning Newsletter
အမှတ် (၉၃) ခရစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ ဧပြီလ   မြန်မာသက္ကရာဇ် (၁၃၆၉)   (၁၅-၁-၉၉) ရက်နေ့တွင်စတင်တည်ထောင်သည်။

၉၀ ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရခြင်း မခံရခြင်းသည် အဖွဲ့ချုပ်အတွက် ပြဿနာမဟုတ်

နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်မသွားရေးသည်သာလျှင် ပြဿနာဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ပြောဆို

အဖွဲ့ချုပ်ပြောခွင့်ရဦးညာဏ်ဝင်း

မြန်မာစစ်အစိုးရ၏ တဖက်သတ်ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်မခံရန် အမေရိကန်လွှတ်တော်တွင်ကြိုးပမ်းနေမှုအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြိုဆိုလိုက်သည်။ ပြောခွင့်ရပုဂ္ဂိုလ် ဦးညာဏ်ဝင်းက "ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့လည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားလုံးပါဝင်နိုင်ရေးကို အစကတည်းကပြောထားတာရှိတယ်။ အစကတည်းက အဲဒီလောလူထားတယ်၊ အားလုံးပါဝင်လာနိုင်တဲ့အခါ ထိုအပ်တဲ့ဟာတွေ လုပ်နိုင်တာပေါ့။ အားလုံးမပါဝင်တဲ့အခါ တဖက်သတ်ဖြစ်တယ်၊ ဒီတဖက်သတ်ဖွဲ့စည်းထားတဲ့ အခြေခံဥပဒေကြီးကို လက်မခံဖို့ကတ်ဘူးဆိုတာကတော့ ရှင်းပါတယ်"ဟု ပြောသည်။

လူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ အဖွဲ့ချုပ်က အပိတ်မှောက်မှုလုပ်မည်မဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်ကိုတော့ လုပ်မည်ဖြစ်ကြောင်းနှင့် မကြာခင် ကြေညာချက်ထုတ်ပြန်မည်ဖြစ်ကြောင်းတို့ကိုလည်း ဆက်လက်ပြောကြားသွားသည်။ ထိုသို့ အပိတ်မှောက်မှုမလုပ်ခြင်းသည် (၉၀) ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ရာကျနေသကဲ့သို့ဖြစ်နေမလားဟု ဗွီအိုအေသတင်းထောက်ကမေးမြန်းရာတွင် ဦးညာဏ်ဝင်းက "ပယ်ဖျက်တယ် မပယ်ဖျက်ဘူးဆိုတဲ့ ပြဿနာမရှိဘူး။ ပြဿနာကရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ဖြစ် မဖြစ်ဆိုတာပဲရှိတယ်၊ အန်ကယ်လ်တို့ အဲလိုပဲမြင်ပါတယ်" ဟု ပြောကြားသွားခဲ့သည်။

အကယ်၍ မြန်မာစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အမေရိကန်ပြည်ထောင်စုတို့မှလက်မခံလျှင် လုံခြုံရေးကောင်စီက ထိုကိစ္စနှင့်ပတ်သက်၍ ပယ်ဖျက်ရန်ပြောနိုင်မည်။ ထိုအခါ သတင်းဌာနများ၊ နိုင်ငံတကာတို့က ထပ်ဆင့်ပြောမည်ဆိုပါက ပြည်သူကြားမှာ စိမ့်ဝင်သွားလျှင် အကျိုးများစွာရှိနိုင်ကြောင်းကိုလည်း ဆက်လက်ပြောကြားသွားခဲ့သည်။ ✦

> အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
> အမှတ် – ၉၇/ခ ၊ အနောက်ရွှေဂုံတိုင်လမ်း
> ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့
>
> ၂၀၀၈ ခုနှစ်၊ မတ်လ (၁၄) ရက်၊   ၁၃၆၉ ခုနှစ် တပေါင်းလဆန်း (၈) ရက်
>
> အထူးကြေညာချက် – ၃/၀၃/၀၈
>
> နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဦးစွာထုတ်ပြန်ခြင်းမရှိဘဲ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၂၀၀၈ ကိုထုတ်ပြန်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလတွင်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ယနေ့တွင်ပင် ထုတ်ပြန်ပေးရမည်ဖြစ်ပါသည်။
>
> ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ဥပဒေအမှတ်–၁/၂၀၀၈ ဖြစ်သော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ဤဥပဒေပုဒ်မ–၃တွင်–ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လိုအပ်သောနည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်ဟူ၍ ဖော်ပြထားပါသည်။ ထို့ကြောင့် ယင်းဥပဒေများကို အမြန်ဆုံးထုတ်ပြန်ပေးရမည်ဖြစ်ပါသည်။
>
> ၁၃–၃–၂၀၀၈ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ၊
> ဗဟိုအလုပ်အမှုဆောင်အဖွဲ့
> ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားမရှိဟု နအဖပြောင်းဆို ဒေါ်အောင်ဆန်းစုကြည်အားထိန်းသိမ်းထားရခြင်းသည် တိုင်းပြည်တည်ငြိမ်မှုအား ထိပါးနှောင့်ယှက်နေသောကြောင့်ဟု အကြောင်းပြ

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်

ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ်သည် မြန်မာပြည်မှ ပြန်လည်မထွက်ခွာမီ အထိန်းသိမ်းခံထားရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တနင်္ဂနွေနေ့ အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံခဲ့သည်။

ကြာသာပတေးနေ့က မြန်မာပြည်သို့ရောက်ရှိလာခဲ့သော မစ္စတာဂမ်ဘာရီသည် စနေနေ့က ဗျူဟာမြို့တော်သစ်တွင် ပထမဆုံးကြိမ် အဖြစ်တွေ့ဆုံခွင့်ရခဲ့ပြီး တနင်္ဂနွေနေ့၌ မြန်မာပြည်မှ ၎င်းပြန်လည်မထွက်ခွာမီ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် မြန်မာပြည်တွင်ရှိနေစဉ်ဂမ်ဘာရီက ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ ခန့်မှန်းခြေစာရင်းအရ စုစုပေါင်း နိုင်ငံရေးအကျဉ်းသား (၁၁၀၀) အား ပြန်လွှတ်ပေးရေးအတွက်စဉ်းစားပေးရန် စစ်အုပ်စုကို တောင်းဆိုခဲ့သည်။ သို့သော် ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားရခြင်းမှာ ဒေါ်စုက တိုင်းပြည်၏တည်ငြိမ်အေးချမ်းနေမှုကို နှောင့်ယှက်ဖျက်ဆီးနေသော ကြောင့်ဖြစ်ကြောင်း စစ်အစိုးရပိုင်ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သွားခဲ့သည်။

ကုလသမဂ္ဂက မစ္စတာဂမ်ဘာရီ၏ အမိကရည်ရွယ်ချက်မှာ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တိုက်ရိုက်စကားပြောရန်ဖြစ်ကြောင်းပြောခဲ့သော်လည်း ယခုတကြိမ်တွင်လည်း ဗိုလ်ချုပ်မှူးကြီးက ငြင်းဆိုခဲ့ပြီးကြောင်း မစ္စတာဂမ်ဘာရီနှင့် တနင်္လာနေ့ကတွေ့ဆုံဆွေးနွေးခဲ့ကြသော သံတမန်များက ပြောသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၇ နိုဝင်ဘာလအတွင်းကလည်း မစ္စတာဂမ်ဘာရီက တွေ့ခွင့်တောင်းခဲ့ခြင်းကို ငြင်းပယ်ခဲ့သည်။

ဂမ်ဘာရီသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာအကြမ်းဖက်မှုများပြီးချိန်မှစ၍ သူ၏တတိယခရီးစဉ်အဖြစ် မြန်မာပြည်သို့ဝင်ရောက်လာခဲ့ခြင်းသည် မြန်မာပြည်အတွင်း နိုင်ငံရေးပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ကြားဝင်ဆောင်ရွက်ပေးရန်ဖြစ်သည်။

မစ္စတာဂမ်ဘာရီ မြန်မာပြည်၌ရှိနေစဉ် စစ်အုပ်စု၏ ခေါင်းဆောင်ပိုင်းများနှင့်လည်းကောင်း၊ တိုင်းရင်းသားလူနည်းစုတို့၏ ကိုယ်စားလှယ်တော်များနှင့်လည်းကောင်း၊ ဒေါ်စု၏ပါတီမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံနိုင်ခဲ့သည်။ မစ္စတာဂမ်ဘာရီက စစ်ဗိုလ်ချုပ်များနှင့်တွေ့ဆုံစဉ် ယခင်အခေါ်တွင် ပိတ်ဆို့ထားသည့် သံရုံးကြီးများနှင့်ပတ်သက်၍လည်း ပြောဆိုဆွေးနွေးခဲ့ကြောင်း သိရသည်။

အစိုးရပိုင်သတင်းဌာနများက သောကြာနေ့က ကြေညာခဲ့ရာတွင် ဂမ်ဘာရီ၏ အကြံပြုချက်ဖြစ်သော မေလတွင်ကျင်းပမည့်

စာမျက်နှာ (၂၈) ကော်လံ (၅) သို့...

ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ်မစ္စတာဂမ်ဘာရီနှင့် နအဖ၏ဝန်ကြီးချုပ်စိုးသိန်း တွေ့ဆုံနေစဉ် ဦးညာဏ်ဝင်း

ပင်းဆိုကို "မိုးကြိုး" ပစ်ပြီ

အယ်ဒီတာ့အာဘော်

အမျိုးသားညီညွတ်ရေး ကြားဖြတ်အစိုးရတည်ဆောက်ကြ

မတ်လ (၁၀) ရက်နေ့ကထုတ်ပြန်ခဲ့သော လုံခြုံရေးကောင်စီ၏ မြန်မာ့အရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီက ဆွေးနွေးတင်ပြရာတွင် နောက်ဆုံးထိုးဖြိုးမှု မရှိကြောင်းလည်းကောင်း သဘောရပ်များ ထွက်ပေါ်လာခြင်းမရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံတကာ မိသားစုကြီးက မြန်မာ့အရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများကို ညီညွတ်စွာထောက်ခံပံ့ပိုးပေးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေး၌ မြန်မာ့အရေးအပေါ် မည်သို့မျှ ညီညွတ်မှုမရှိသေးသည့်ပုံရသော ကိစ္စရပ်များအပေါ်ဆွေးနွေးရာတွင် မတူကွဲပြားသည့် အမြင်များရှိကြကြောင်း သိရှိရသည်။ US, UK နှင့် France စသောနိုင်ငံများက Sanction ကဲ့သို့သော ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန်ပြုလုပ်လိုသော်လည်း တရုတ်၊ ရုရှားနှင့် အင်ဒိုနီးရှားတို့ကမူ မြန်မာ့အရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု မယူဆကြကြောင်း။ သို့ပါ၍ လူ့အခွင့်အရေးကောင်စီကဲ့သို့သော ကုလသမဂ္ဂ၏အဖွဲ့အစည်းများတွင်သာ ဆက်စပ်လုပ်ကိုင်သင့်ကြောင်း အကြောင်းပြ၍ အဆိုကန့်ကွက်ခဲ့ကြသည်။

မြန်မာပြည် ဒီမိုကရေစီပြောင်းလဲရေးနှင့်ပတ်သက်၍ နိုင်ငံတကာ၏ဖိအားပေးမှုကို ပုံမှန်ရလဒ်မှာ ကွဲပြားသော်လည်း လုပ်နည်းလုပ်ဟန်ကိစ္စတွင် ကန့်ကွက်သူများ၏ အကျိုးစီးပွားအပေါ် မူတည်၍ ကွဲပြားနေကြသည်မှာ အထူးအံ့သြဖွယ်ရာ မဟုတ်ပါ။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ပဋိပက္ခများ၊ နိုင်ငံရေးအကျိုးစီးပွားများကြောင့် ပြဿနာများကား ဆယ်စုနှစ်များစွာ ကြာမြင့်လာခဲ့ပြီ ဖြစ်သည်။ ဤအခြေအနေမှ ကုလသမဂ္ဂ၏ အထောက်အပံ့ဖြင့် တစ်စုံတစ်ရာသော တိုးတက်မှုများ ရရှိလာမည်ဟု မျှော်လင့်ထားသည့် ပြည်သူလူထုအတွက် ကုလသမဂ္ဂအပေါ် ယုံကြည်ကိုးစားမှုများ လျော့ပါးလာလျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် မစ္စတာဂမ်ဘာရီ၏ အဆိုပြုချက်ဖြစ်သည့် နိုင်ငံတကာမိသားစု၏ စုစည်းညီညွတ်သော မြန်မာ့အရေးဖြေရှင်းရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ချမှတ်ရန် မလွယ်သေးကြောင်း သိရသည်။ နိုင်ငံတကာမိသားစုအနေဖြင့် ဤကဲ့သို့ အရေးမယူနိုင်ပါက မြန်မာနိုင်ငံသည် အဆုံးမှာ ကြေကွဲဖွယ်ကောင်းသည့် မည်သည့်အခြေအနေသို့ ဆိုက်ရောက်လျက် Failed State နိုင်ငံဖြစ်လာပေမည်။ စသည်ဖြင့် ငြိမ်းချမ်းမှုကို အကြီးအကျယ်ထိခိုက်စေလျက် ကမ္ဘာ့လုံခြုံရေး ငြိမ်းချမ်းရေးကိုပါ ထိခိုက်စေမည်ဖြစ်သည်။

သို့ပါ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တညီတညွတ်တည်း ဆုံးဖြတ်သဘောတူနိုင်သော ဆောက်တိုင်ကာ (၁၀) ရက်နေ့ပြုလုပ်ခဲ့သော လုံခြုံရေးကောင်စီ၏ ဆွေးနွေးပွဲ ထုတ်ပြန်ကြေညာချက်သည် သဘောတူညီချက်များကို ဆက်လက်လိုက်နာ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။ ယင်းကြေညာချက်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲကျင်းပရေး၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကုလသမဂ္ဂ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ရေးနှင့် ပြည်သူလူထုလိုလားနေသော စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များကို တစ်ဆက်တည်း ဆောင်ရွက်ရေးတို့အား စစ်အစိုးရအား တောင်းဆိုထားသည်။

နိုင်ငံတကာမိသားစု၏ ဝိုင်းဝန်းပံ့ပိုးမှုသည် မြန်မာပြည်ဒီမိုကရေစီရေးဖြစ်စဉ် တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့ပါ၍ ပိုမို၍ အားကောင်းစေရန် အထောက်အပံ့ဖြစ်စေရန် မဖြစ်မနေကြိုးပမ်းရန်လိုအပ်ပေသည်။ သို့သော် မြန်မာ့အရေးကို ဖြေရှင်းရာတွင် နိုင်ငံတကာ၏အခန်းကဏ္ဍသည် အထောက်အပံ့သာဖြစ်ပေမည်။ ပြဿနာကြီးကို ဖြေရှင်းရန် အဓိကတာဝန်ရှိသူများမှာ မြန်မာပြည်သူတို့၏ အချိန်ကြာမြင့်စွာ တောက်လျှောက်နေသော စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်လိုစိတ်၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လူသားတို့သည် သာယာဝပြောစွာ နေထိုင်လိုသောစိတ်ဖြင့် မြန်မာ့အရေးကို မြန်မာတို့ကသာ ဖြေရှင်းရပေမည်။ ဤတာဝန်ကို မြန်မာတို့က သဘောပေါက်ခဲ့ကြသည်။ ယခု ဤနိုင်ငံရေးဆိုင်ရာများကလည်း ဤသမိုင်းပေးတာဝန်ကို မဆုတ်မနစ်ထမ်းဆောင်နေကြသည်။

လက်ရှိနိုင်ငံရေးအခြေအနေ၏ လိုအပ်ချက်အရ ဦးဆောင်ပေးမည့် အင်အားများ သည် ညီညွတ်သည့်အင်အားဖြင့် တပြည်လုံးအတိုင်းအတာဖြင့် မဲ့ရာတွင် ကန့်ကွက်ပယ်ချရေးကိုဆင့် တပြည်လုံး တော်လှန်ရေး၊ တပြည်လုံးဆောင်ရွက်၍ အမျိုးသားညီညွတ်ရေး ကြားဖြတ်အစိုးရတည် ဆောက်ရန်သာဖြစ်ကြောင်း တင်ပြအပ်ပေသည်။

❖

မင်းဆိုးကို မိုးကြိုးပစ်မည်

ပြည်သူ့လက်တွင်ရှိသော ပြည်သူ့အာဏာကို နအဖအား ဆန့်ကျင်မဲပေးခြင်းဖြင့် ဖော်ထုတ်ပြသကြပါရန် ၈၈ မျိုးဆက်ကျောင်းသားများက တိုက်တွန်း

နအဖစစ်အုပ်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ လူထုဆန္ဒခံယူပွဲကို လူထုဆန္ဒ ပြပွဲအဖြစ် အသွင်ပြောင်းကြရန်နှင့် ဆန့်ကျင်မဲပေးကြရန် (၈၈) မျိုးဆက်ကျောင်းသားများမှ ကြေညာချက်ထုတ်ပြန်တိုက်တွန်းလိုက်သည်။

(၈၈) မျိုးဆက်ကျောင်းသားများ၏ (၁၄၊ ၃၊ ၀၈) ရက်နေ့စွဲပါ စာအမှတ် (၅/၂၀၀၈) ကြေညာချက်တွင် နအဖစစ်အုပ်စုက တဖက်သတ်စီစဉ်ကြိုက်ရေးဆွဲပြီး အမြန်အတည်ပြုရန်ကြိုးစားနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၉၀ ရွေးကောက်ပွဲဖြင့် ရွေးချယ်တင်မြှောက်ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စား လွှတ်လပ်စွာပါဝင်ရေးဆွဲပိုင်ခွင့် မရှိခြင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူနည်းစု လူမျိုးစုအခွင့်အရေးများအား အလေးအနက်မထားမှု စသည့်စစ်မှန်သောပြည်ထောင်စုမူများဖြင့် တည်ဆောက်မှုမရှိခြင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်သော ပြည်သူ့အကျိုးစီးပွားနှင့် ပြည်သူ့ဆန္ဒပြုမှုကို အကာအကွယ်ပေးနိုင်သော ဒီမိုကရေစီလူ့ဘောင်သစ်ကို မျှော်မှန်းဆောင်သော တိကျသေချာသောအချက်များပါဝင်မှု မရှိခြင်းတို့ကိုတွေ့ရှိနေရသည့်အတွက် လုံးဝလက်မခံနိုင်ကြောင်းပါရှိသည်။

စစ်အုပ်စုက တရားဝင်ကြေညာခဲ့သော ၁/၉၀ အရ ၁၉၉၀ ခုနှစ် ရွေးကောက်ခံ ကိုယ်စားလှယ်များသည် အခြေခံဥပဒေရေးဆွဲရန်တာဝန်ရှိသော်လည်း လက်တွေ့တွင် ပြည်သူ့ကိုယ်စားလှယ်များကို ပါဝင်ခွင့်မပြုဘဲ စစ်အစိုးရကိုယ်တိုင်ကျင်းပပေးခဲ့သော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကိုလည်းကောင်း၊ ၎င်းတို့ထုတ်ပြန်သော ၁/၉၀ ကိုလည်း ကိုယ်တိုင်ပြန်လည်ချိုးဖောက်နေကြောင်း အဆိုပါကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။

နအဖခေါ်ယူခဲ့သော အမျိုးသားညီလာခံ၏ အခြေခံမူ (၁၀၄) ချက်သည် ကြိုတင်စီစဉ်၍ ဝန်ထမ်းနှင့်အရပ်သားများအား မ တက်မနေရဖြင့် အမှုထမ်းခေါ်ယူထားသော လုံးဝ ကွင်းဆဲတွင် တရားမဝင် အတည်ပြုထားခြင်းသာဖြစ်သည်။ အမျိုးသားညီလာခံကို အတု အယောင်ကိုယ်စားလှယ်များနှင့် တန်းပြကျင်းပနေစဉ်ကလည်း အပေါင်းအပါများမှ တင်ပြချက်များသည်လည်း လျစ်လျူရှု ပယ်ချခံခဲ့ရပြီး ၎င်းတို့၏အခြေခံမူ (၁၀၄) ချက်ကိုသာ နည်းပေါင်းစုံသုံး၍ အတည်ပြုစေခဲ့ကြောင်း၊ ညီလာခံသို့ တက်ရောက်ခဲ့သော ကိုယ်စားလှယ်များက ပြောခဲ့သည်။

ထိုသို့သော တဖက်သတ်ချမှတ်အကောင်အထည်ဖော်ခဲ့သော အခြေခံဥပဒေမူကြမ်းအား ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ကိုလည်း ပြည်သူက ယုံကြည်အားကိုးသောသူများ မပါဝင်ဘဲ ၎င်းတို့စိတ်ကြိုက်လူများဖြင့် ဖွဲ့စည်းခဲ့ခြင်း၊ ဆန္ဒခံယူပွဲလုပ်ထုံးလုပ်နည်းဥပဒေသည်လည်း အာဆီယံနိုင်ငံအဆင့်အတန်းကိုပင် မမီခြင်းတို့အပြင် အကယ်၍ ၎င်းတို့ရှုံးနိမ့်ခဲ့ပါသလည်း မည်သို့ဆောင်ရွက်ပေးမည်ကို အတိပေးပြောဆိုထားခြင်းမရှိခြင်းအား (၈၈) မျိုးဆက်ကျောင်းသားများက ထောက်ပြဝေဖန်ခဲ့သည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သံဃာတော်များ၊ ဆီလရှင်များ၊ ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆန္ဒပြအရပ်သားများကို ဖမ်းဆီးနှိပ်စက်အကျဉ်းချထားခြင်း စသည့် မတရားပြုမှုသောအခြေအနေများအောက်မှ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်မည်ဆိုခြင်းမှာ ပြည်သူ့ဆန္ဒကို လှည့်ဖြားသာဖြစ်သည်ဟု (၈၈) မျိုးဆက်ကျောင်းသားများကဆိုသည်။

နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်ခဲ့လျှင် စစ်ဗိုလ်ချုပ်ကြီးများအား ဗိုလ်ကျခွင့်နှင့်ဖိနှိပ်ခွင့် တရားဝင်ပေးလိုက်သလို ဖြစ်နေမည်ဖြစ်ပြီး သားစဉ်မြေးဆက် စစ်ကျွန်ဘဝတွင် နာလံထူနိုင်တော့မည်မဟုတ်သည့်အတွက် နအဖ၏ အတုအယောင် အခြေပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ပြည်လုံးကျွတ်ဆန္ဒပြပွဲဖြစ်အောင် ပြောင်းလဲရမည်ဟု အဆိုပါကြေညာချက်တွင် တိုက်တွန်းထားသည်။

တိုင်းပြည်ကို ချောက်ကမ်းပါးထဲတွန်းပို့နေသော နအဖ၏ ဖာလမ်းသွားမြေပုံကို လူထုတိုက်ပွဲပုံအရှာနတ္ထုအဖြစ် ကျော်ဖြတ်၍ လူထုအားနှင့်လမ်းကြောင်းလွှဲပစ်ရန် လိုအပ်သည့်အတွက် မဲပေးခွင့်ရှိသူတိုင်း မဲရုံကိုသွားရောက်၍ ကန့်ကွက်မဲပေးကြရန်၊ ထို့အတွက် ကြောက်ရွံ့ခြင်းမဖြစ်ရန်၊ အခွင့်အာဏာသည် ပြည်သူများ၏လက်ဝယ်တွင် ရှိသော ပြည်သူ့အာဏာကို ကန့်ကွက်မဲပေးခြင်းဖြင့် ထုတ်ဖော်ပြကြပါရန် တိုက်တွန်းထားသည်။

ဆက်လက်၍ (၈၈) မျိုးဆက်ကျောင်းသားများက ပြည်သူက ကန့်ကွက်မဲပေးအားပါလျက် ၎င်းတို့ကလိမ်လည်၍ အမှုအနိုင်ယူအတည်ပြုမည်ဆိုပါက အကြမ်းမဖက်ငြိမ်းချမ်းသော လူထုလှုပ်ရှားမှုပုံစံ အဆင့်ဆင့် အမျိုးမျိုးဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းလည်း ထည့်သွင်းဖော်ပြထားသည်။

ပြည်သူတစ်ဦးချင်းစီသာ သတ္တိရှိရှိနှင့် ကိုယ့်တာဝန်ကိုယ်ကျေလျှင် ပြည်သူလူထုသည် ၎င်းတို့ပြုလုပ်အမှု ခေါင်းငုံ့ခံကြသူများမဟုတ်ကြောင်း၊ စစ်အာဏာရှင်များ သဘောပေါက် နားလည်ကြမည်ဖြစ်ကြောင်းလည်း၊ အဆိုပါကြေညာချက်တွင် ပါရှိသည်။

နောက်တမျိုးပြောင်းသော ပုဒ်မ (၅/၉၆) အရ

၈၈ ကျောင်းသားများခေါင်းဆောင် ဒေါက်နစ် (၂၀) ကျခံရဖွယ်ရှိ

စစ်အစိုးရမှ ဖမ်းဆီးထားသည့် ရှစ်လေးလုံး မျိုးဆက် ကျောင်းသားခေါင်းဆောင်များ

မင်းကိုနိုင်အပါအဝင် (၈၈) ကျောင်းသားခေါင်းဆောင်များအား ပြောင်းလဲစွဲဆိုခဲ့သည့် ပုဒ်မအသစ်အရ ထောင်ဒဏ် (၅) နှစ်မှ နှစ် (၂၀) အထိ ကျခံရနိုင်ကြောင်း ရွှေနေကြီးဦးအောင်သိန်းက ပြောသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့က လောင်စာဆီဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာမှုကြောင့် ပြည်သူများ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် (၈၈) ကျောင်းသားများက ပြည်သူ (၄၀၀) ခန့်ကိုဦးဆောင်၍ လမ်းလျှောက်ဆန္ဒပြခဲ့ကြရာမှ ကျောင်းသားခေါင်းဆောင်များကို စစ်အစိုးရမှ ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံခဲ့ရပြီးနောက် (၅) လခန့်အကြာတွင် (၈၈) ကျောင်းသားခေါင်းဆောင် (၂၀) ခန့်အား ပုံနှိပ်ဥပဒေဖြင့် ကရာဇ်ဝတ်စွဲဆိုခဲ့သည်။ ဘို့ဘော် ဒေသခံတရားရုံးတွင်မူ ညီလာခံဆန့်ကျင်ရေးဥပဒေပုဒ်မ (၅/၉၆) ဖြင့် ပြောင်းလဲတရားစွဲခဲ့ခြင်းဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှေ့နေဦးအောင်သိန်းက "စက်တင်ဘာလူထုဆန္ဒပြပွဲကြီးဖြစ်ပေါ်လာအောင် ကြိုတင်စီစဉ်ပြီး ကုန်ဈေးနှုန်းကျဆင်းရေးဆန္ဒပြပွဲကို ဦးဆောင်ခဲ့သူများဖြစ်တယ်ဆိုပြီး တရားခံဘက်က အကျိုးဆောင်ရှေ့နေနဲ့လည်း တွေ့ခွင့်မပေးဘူး။ လုပ်ထုံးလုပ်နည်းအရ နေ့စဉ်ကျ ရုံးတင်စစ်ဆေးတာလည်းမရှိဘူး ရုံးတင်မယ့်နေ့ကိုလည်း အသိအကျ မသိရဘူး"

အာဏာပိုင်တို့သည် ၁၉၉၆ ခုနှစ် ဇွန်လ (၇) ရက်နေ့တွင် ဥပဒေအမှတ် (၅/၉၆) ကိုပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေသည် "နိုင်ငံတော်တာဝန်ကို ငြိမ်းချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများအား အနှောင့်အယှက်မရှိ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ" ဟု ခေါ်ဆိုထားသည်။ ထိုဥပဒေအရ လွှတ်လပ်စွာ ရေးသားဟောပြောခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့် မရှိနိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူး ကြေညာချက်အမှတ် ၁/၀၂/၂၀၀၈ ကိုထုတ်ပြန်၍ ထပ်မံကန့်ကွက်ခြင်းနှင့် ထို (၅/၉၆) အား ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သော်လည်း နအဖစစ်တပ်ကမူ လျစ်လျူရှုထားခဲ့သည်။

မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဒွေးကြွယ်၊ ကိုဂျင်မီ အစရှိသည့် ကျောင်းသားခေါင်းဆောင်များသည် ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးမှစတင်၍ ဆယ်နှစ်ထက်မနည်းသော နှစ်ရှည်ထောင်ဒဏ်များကို ခံခဲ့ပြီးဖြစ်သည်။

❖

ရန်ကုန်မြို့တွင် ကျောင်းသားလူငယ်များဦးဆောင်၍

နအဖ၏ဆန္ဒခံယူပွဲ အား ကန့်ကွက်မဲပေးမည့်လှုပ်ရှားမှုများ ပြုလုပ်

တာဖက်သတ်ရေးဆွဲထားသည့် နအဖစစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်းအားအတည်ပြုမည့် လူထုဆန္ဒခံယူပွဲတွင် ဆန့်ကျင်ကန့်ကွက်မဲများပေးကြရန် စည်းရုံးလှုံ့ဆော်သည့် လှုပ်ရှားမှုတရပ်ကို ကျောင်းသားလူငယ်များမှဦးဆောင်၍ ရန်ကုန်မြို့တွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းလှုပ်ရှားမှုကို ဒေါင်ဆန်းမျိုးဆက်အဖွဲ့နှင့် မျိုးဆက်သစ်လူငယ်များ အစည်းအရုံး (Generation Wave) တို့မှ ယာဉ်လအစောပိုင်းတွင်စတင်ခဲ့ကြပြီး ဗုဒ္ဓဘာသာဝင်တို့ရှင်တော်ပါမှ သပိတ်ကိုမှောက်ကိုင်ထားသည့်ပုံနှင့် "ကန့်ကွက်ကြစို့" ဟူသည့် စာသားများပါဝင်သည့် စတစ်ကာများကိုလည်း ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်များအစည်းအရုံးအားဦးဆောင်နေသူ တိုးကျော်ကျော်က ဆန္ဒခံယူပွဲဆိုတဲ့နေရာမှာ ပွင့်လင်းညီညာမှုရှိ ဖို့လိုအပ်ကြောင်းနှင့် အာဏာပိုင်များအနေဖြင့် ၎င်းတို့တရားဝင်ဖြန့်ချိနေသည့် သတင်းစာ မီဒီယာများမှတဆင့် ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ထောက်ခံပါဆိုသည့်အကြောင်းအား နည်းမျိုးစုံဖြင့်ဖြန့်ချိနိုင်သော်လည်း မိမိတို့ဘက်၌မူ လွတ်လပ်စွာစည်းရုံးနိုင်ခွင့်၊ ရေးသားပိုင်ခွင့်များ မရှိကြောင်းကိုလည်း ပြောဆိုခဲ့သည်။

ကန့်ကွက်မဲပေးရေးလှုပ်ရှားသူများမှ စက်တင်ဘာအရေးအခင်းအတွင်း သံဃာတော်များ၊ ကျောင်းသားပြည်သူများအား လက်နက်ကိုင်တပ်ဖွဲ့ဝင်များက နှိပ်နင်းနေသည့်ပုံများနှင့် "မဲရုံသွားပြီး ကန့်ကွက်မဲ ထည့်ကြပါ" ဟူသည့်စာတမ်းများ ပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း စာတိုက်တွင် ဖေါက်ထည့်ကာ ရန်ကုန်မြို့လယ်ရှိဈေးများနှင့် ပုဇွန်တောင်မြို့တော်တို့တွင် ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ယခုအခါတွင် ရန်ကုန်မြို့တွင်း (၆) မြို့နယ်နှင့် ဆူးလေဘုရားတိုက်တို့တွင် လှုံ့ဆော်ရေးများတင်ကျင်းနေကြောင်း၊ ရန်ကုန်မြို့ခံ တဦးကပြောသည်။ ယင်းလှုံ့ဆော်ရေးတင်ကျင်းမှုသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဆန္ဒပြလှုပ်ရှားမှုများပြုလုပ်မည်ကို စိုးရိမ်သည့်အတွက် ဖြစ်သည်ဟုဆိုကြသော်လည်း အချို့က ကျောင်းသားလူငယ်များမှ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများကိုပြုလုပ်နေခြင်းကြောင့် ဖြစ်ကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။

❖

ဈေးစည်ကားရာရန်ကုန်မြို့လယ်ဈေးနေရာ

မြန်မာ့ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ခဲ့သူ

မြန်မာအမျိုးသမီးသုံးဦးအား ဟိုမိုဟိုမီနီဆုချီးမြှင့်ခြင်းခံရ

မနီလာသိန်း

မစုစုနွေး

မဖြူဖြူသင်း

မြန်မာ့ဒီမိုကရေစီ နှင့်လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်နေကြသော မြန်မာအမျိုးသမီးသုံးဦးအား ချက်သမ္မတနိုင်ငံအခြေစိုက် People in need အဖွဲ့မှ ၂၀၀၇ ခုနှစ်အတွက် Homo Homini ဆုကို ချီးမြှင့်လိုက်သည်။

Homo Homini ဆုမှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး အကြမ်းမဖက်ဘဲ တစိုက်မတ်မတ် လှုပ်ရှားနေသူများကို နှစ်စဉ်ချီးမြှင့်သောဆု ဖြစ်သည်။

၂၀၀၀ ခုနှစ်က ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ကိုလည်း ပေးအပ်ခဲ့ဖူးပြီးဖြစ်သောကြောင့် ယခုရရှိသောဆုသည် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးလှုပ်ရှားသူများအတွက် ဒုတိယအကြိမ်မြောက်ဖြစ်သည်။ ဆုရရှိသူအမျိုးသမီးများမှာ မစုစုနွေး မနီလာသိန်းနှင့် မဖြူဖြူသင်းတို့ဖြစ်ကြသည်။

မစုစုနွေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တဦးဖြစ်ပြီး အစွလုပ်အားပေးခိုင်းစေခြင်းခံရတဲ့ ပြည်သူလူထုဖက်ကရပ်ပြီး စစ်အစိုးရကို ပြစ်လှန်တရားစွဲဆိုခဲ့သူဖြစ်ပြီး စက်တင်ဘာလူထုလှုပ်ရှားမှုကို ဦးဆောင်ခဲ့ရာမှ ယခုလက်ရှိ ထောင်တွင်း၌ ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။

မနီလာသိန်းမှာမူ (၈၈) မျိုးဆက်ကျောင်းသူဖြစ်ပြီး စက်တင်ဘာလူထုလှုပ်ရှားမှုတွင် ပါဝင်ဦးဆောင်ခဲ့သောကြောင့် စစ်အစိုးရမှလိုက်လံဖမ်းဆီးခဲ့ရာ လေးလသားအရွယ် ရင်သွေးငယ်အားထားရစ်ခဲ့၍ တိမ်းရှောင်နေရသူဖြစ်သည်။ တိမ်းရှောင်နေရင်းဖြင့်ယခုထိတိုင် ပြည်သူ့ဘက်မှရပ်တည်ရင်း စစ်အစိုးရ၏မတရားမှုများကို မဆုတ်မနစ် ဆက်လက်၍ တိုက်ပွဲဝင်နေသူဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် မဖြူဖြူသင်းသည်လည်း HIV - AIDS ဝေဒနာခံစားနေရသူများကို စောင့်ရှောက်ပေးနေသူဖြစ်သည်။ စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သော လူထုအုံကြွမှုတွင်ပါဝင်ခဲ့သဖြင့် စစ်အစိုးရ၏လိုက်လံ ဖမ်းဆီးမှုကြောင့် ယခုထိ တိုင်တိမ်းရှောင်နေရသူဖြစ်သည်။

၎င်းတို့သုံးဦးအားရက်ပြပေးအပ်သော Homo Homini ဆုကို Czech Republic တွင်ဖွဲ့စည်းထားသော People in need အဖွဲ့မှ မြို့တော် Prague တွင်နှစ်စဉ်ကျင်းပခဲ့သော နိုင်ငံတကာရုပ်ရှင်ပွဲတော် စတင်ဖွင့်လှစ်သည့်ညတွင် ပေးအပ်လိုက်သည်။

ထိုဆုကို ၎င်းတို့သုံးဦးကိုယ်စား အကျဉ်းကျခဲ့ဖူးသူ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ မလှဲလှဲနွယ်က သွားရောက်လက်ခံရယူခဲ့သည်။

❖

နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားမဝင်ကြောင်း လူထုအားရှင်းပြမည်ဟု ရေနံချောင်းအဖွဲ့ချုပ်ဝင်များပြောကြား

မကွေးတိုင်း၊ ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌနေဝင်းကျော်ပါဝင်သော အဖွဲ့ဝင်များ ရေနံချောင်းမြို့နယ်အဖွဲ့ဝင်များက နအဖစစ်အုပ်စုက ဦးစီးကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲအား ကန့်ကွက်ကြောင်းဆုံးဖြတ်ခဲ့ကြသည်။

မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးစန်းမောင်က "ပြည်သူ့ဆန္ဒခံယူပွဲဆိုတာ တရားမဝင်တဲ့ကိစ္စဖြစ်တဲ့အတွက် ကျနော်တို့ရေနံချောင်းမြို့နယ်အဖွဲ့ချုပ်အနေနဲ့ လုံးဝလက်မခံဘူး လုပ်ငန်းစဉ်တွေအနေနဲ့ကတော့ အတိုင်းအတာတခုအထိ သွားနိုင်ရင် ဘယ်လိုအကြောင်းအရာများနဲ့ပဲဖြစ်ဖြစ် ဆောင်ရွက်သွားမှာပါ" ဟု မိုးမခသို့ပြောသည်။

ဝင်းထွန်းက ဦးစီးရေးဆွဲထားသောအခြေခံဥပဒေမူကြမ်းသည် ပြည်သူလူထုကိုယ်စားပြုခြင်း မရှိကြောင်း ၎င်းတို့ကျေးရွာများ၌ ဆန္ဒခံယူပွဲ ဘောင်းဖြစ်မိခိုင်ရကြောင်းလည်း ဆက်လက်ပြောကြားသွားသည်။

"အခြေခံဥပဒေဆိုတာက အစိုးရနဲ့ပြည်သူကြားမှာ ပဋိညာဉ် အာမခံချက်ဖြစ်ရမယ်။ အခုဟာက တဖက်သတ်ရေးဆွဲထားတဲ့ဥပဒေ ဖြစ်တဲ့အတွက် ဘယ်လိုမှလက်မခံနိုင်ဘူး (၉၀) ရာခိုင်နှုန်းလောက်က လက်မခံကြဘူး" ဟုလည်း ပြောသည်။

အခြေခံဥပဒေသည် ပြည်သူ့ဆန္ဒကိုထင်ဟပ်ခြင်းမရှိ၊ ပြည်သူ့အခွင့်အရေးကို အခြေခံဥပဒေက ကာကွယ်မှုမရှိခြင်း၊ ဆန္ဒခံယူပွဲကို လွတ်လပ်စွာ ကျင်းပမည် မဟုတ်ကြောင်း၊ ထို့ကြောင့်ကန့်ကွက်ကြောင်းကိုလည်း ဦးစန်းမောင်က ဆက်လက်ပြောသွားသည်။ ထို့နောက် မြို့နယ်ရှိ ပါမောက္ခ၊ နာယက နှင့် အခြားသူများကို ရှင်းပြသွားမည်ဖြစ်ကြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေါ်ပေါက်လာသည်။ ❖

သုညဘာဝ သာသနာ

ဂါမဏီ

> ယခုအခါထေရဝါဒဗုဒ္ဓဘာသာ၏ပြည်ပသာသနာပြုလုပ်ငန်းမှာ များစွာအောင်မြင်လျက်ရှိသည်၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လောဘုန်းတော်ကြီးများသည် ကမ္ဘာအရပ်ရပ်၏ဗုဒ္ဓသာသနာပြန့်ပွားအောင် စွမ်းဆောင်နိုင်ကြသည်၊ အာဖရိကတိုက်မှာပင် ထေရဝါဒဗုဒ္ဓဘာသာ စတင်ခြေချလျက်ရှိသည်မှာအများအသိပင်ဖြစ်သည်။ သို့ရာတွင် ယခုလို ပြည်ပတွင်မြတ်နေသော်လည်း၊ ပြည်တွင်း၏သာသနာမှာ အကြီးအကျယ်ဖျက်ဆီးခံနေရသဖြင့်အရင်းရှုံးနေသည်...

သုညဘာဝ သာသနာ

အချိန်မှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၇) ရက်။

နေရာသား ယခင်က မျှော်လင့်ခဲ့သော မြင်ကွင်းလွင်ပြင်။

နံနက်ပိုင်း၌ တပ်မတော်သားကွပ်ကဲရေးဦးစီးချုပ်သည် တပ်မတော်သာသနာ့ပြုတက္ကသိုလ် ဝိပဿနာသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့သည်။ မိန့်ခွန်းမပြောကြားမီ ဝိပဿနာလောင်းများက နိုင်ငံအလေးပြုသည်ကို နာခံယူပြီး စစ်ရေးပြဝိပဿနာလောင်းများအား စစ်ဆေးကြည့်ရှုခဲ့သည်။

ဝိပဿနာမှူးကြီးက သင်တန်းဆင်းမိန့်ခွန်းပြောကြားရာ၌ ယခုသင်တန်းဆင်းမည့် ဝိပဿနာလောင်းများသည် မြန်မာနိုင်ငံတွင် သန့်ရှင်းစင်ကြယ်သည့်ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် အမာခံတာဝန်ယူရမည့်ရဲဘော်များဖြစ်ကြောင်း၊ တာဝန်ရှိသူများ ရာနယ်မြေများ၌ ဘုန်းတော်ကြီးကျောင်းများ၌ ရဟန်းတော်ဦးပဉ္စင်းများအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး နောင်တွင် ကျောင်းထိုင်ဘုန်းကြီးအဆင့်ထိ တာဝန်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် တပ်မတော်သားအမဲ့ တပ်မတော်သားအဖြစ်သည် ခံယူချက်ဖြင့် သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရမည် ဖြစ်ကြောင်းစသည်ဖြင့် မှာကြားသွားသည်။

နေ့လည်ပိုင်းတွင် စစ်ရာထူးခန့်အပ်ပြီး သင်တန်းဆင်းဝိပဿနာလောင်းများအား ဖြန့်တမ်းဝင်ဝတ္ထုလိပ်များအဖြစ် ခန့်အပ်လွှာအပ်နှင်းပြီးနောက် တဆက်တည်းတွင် ထိုင်းနှင့်ပြည်နယ်အသီးသီးရှိကျောင်းတိုက်များသို့ တာဝန်ထုတ်မိန့်စာများ ပေးအပ်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများက ဝိနည်းနှင့်အညီ ရဟန်းပြုပေးခဲ့သည်။ ညနေပိုင်းတွင် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပပြီး ဘီအေ (ဓမ္မာစရိယ) (ဝိပဿနာ) ဘွဲ့နှင့် ပထမကြီးဘွဲ့များ ဆက်ကပ်ချီးမြှင့်ခဲ့သည်။

၂၀၀၈ ခုတွင် စတင်ခေါ်ယူခဲ့သည့် ယနေ့ သင်တန်းဆင်းဝိပဿနာလောင်းမှာ (၅၄၅) ဦးရှိပြီး နောက်ပိုင်းအမှတ်စဉ်များတွင် ဝိပဿနာလောင်းအရေအတွက် တိုးမြှင့်ခေါ်ယူခဲ့သည်ဟု သိရှိရသည်။ မြန်မာတပြည်လုံးရှိ သံဃာများ၏သုံးလုံးစပ်ပုံကို တပ်မတော်သာသနာ့ပြုတက္ကသိုလ်ဆင်း အရည်အချင်းပြည့် တပ်မတော်အရာရှိ သံဃာတော်များဖြင့် ပြည့်စေမည် ဟု နိုင်ငံတော်မှ (၁၀) နှစ်စီမံကိန်းချထား သည်။

တပ်မတော်သာသနာ့ပြုတက္ကသိုလ်မှ ဝိပဿနာလောင်းများသင်တန်းဆင်းပြီးလျှင် မွေးဝင်နှင့်အာဏာစက်ပေါင်းစပ်မှု ပြီးပြည့်စုံသွားပြီး နိုင်ငံတော်၏သာသနာရေးလုပ်ငန်းအားလုံးကို စည်းကမ်းတကျ စီမံခန့်ခွဲနိုင်တော့မည်ဖြစ်သည်။ ရှင်ပြု၊ ရဟန်းခံ၊ အလှူ့ခါန၊ တရားဟော၊ စာချ၊ စာသည်၊ ပဋိပတ်၊ ပဋိဝေဓလုပ်ငန်းအားလုံးကို နိုင်ငံတော်မှ စီမံကိန်းရှိရှိ စနစ်တကျ စီမံခန့်ခွဲသွားနိုင်မည် ဖြစ်၍ ၂၀၁၁ ခု အထွေထွေရွေးကောက်ပွဲပြီးနောက် လက်ရှိကျင့်သုံးနေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကြီးမားစွာ အထောက်အကူပြုသွားမည်ဖြစ်သည်။

ဤအိပ်မက်ဆိုးမှာ နအဖစစ်အာဏာရှင်တို့သက်ဆိုးရှည်ခဲ့ပါက ကျနော်တို့တိုင်းပြည် တွေ့ကြုံရမည့်အနေအထားဖြစ်သည်။ ဇန်နဝါရီ (၁၃) ရက်က သာသနာ့ဥယျာဉ်ဆရာတော်ကြီးများဖြစ်သော ပိနန်ဆရာတော် ဦးပညာဝံသနှင့်ဦးဥတ္တရတို့ မဲဆောက်မြို့သို့ ကြွရောက်ဖြေဝါဒချီးမြှင့်မှုကို ကြားနာခဲ့ရာမှ နအဖလက်အောက် ဗုဒ္ဓသာသနာ၏ အနာဂတ်ကို ဤသို့ခြောက်ခြားဖွယ် ခံစားခဲ့မိခြင်းဖြစ်ပါသည်။

နအဖသည် ကျောင်းသားလှုပ်ရှားမှုကို ချေမှုန်းနိုင်ရန်အတွက် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများကို အဝေးအကွာများစွာ ဖြန့်ခွဲပစ်၍ ဝေးလံလှသောမြို့ပြင်သို့ပို့ပြီး အဆောင်နေကျောင်းသားစနစ်ကို ဖျက်သိမ်းခဲ့သည်။ ထို့အပြင် အင်အားပြန့်ကျဲသွားသော ကျောင်းသားများကို ကျောင်းဝင်းအတွင်းသို့ ကျောင်းသားမှတ်ပုံတင်ပြ၍ သတ်မှတ်ချိန်အတွင်းဝင်ရောက်ကျောင်းတက်စေပြီး ပြင်ပလောကနှင့် အဆက်ဖြတ်ခံရသည်။ နေ့ကျောင်းတက်ဖို့စရိတ်ကို အကြီးအကျယ်မြင့်တက်သွားစေပြီး အဝေးသင်စနစ်ဖြင့် ဘွဲ့လက်မှတ်ကို ပေါပေါလောလောပေးနိုင်အောင် အခြေအနေဖန်တီးပေးခဲ့သည်။

အလားတူ သံဃာ့အင်အားစုများကိုလည်း ဖြိုခွဲဖိနှိပ်ကြမည်မှာ သေရာပေါက် ဖြစ်သည်။ စစ်အုပ်စုသည် ၁၉၆၂ ခု အာဏာသိမ်းပြီးနောက်မကြာမီ ၁၉၆၅ ခုမှစ၍ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ အမာခံသံဃာတော်များကို စစ်အာဏာအောက်၌ ထိန်းချုပ်နိုင်ရန် စတင်ကြိုးပမ်းခဲ့သည်။ ၁၉၈၀ တွင် သင်္ဂါယနာအတုလုပ်ပြီး သာသနာ့တံခွန်ကို ဦးနှိမ်ပစ်ခဲ့သည်၊ သို့သော် သံဃာတော်တို့သည် ဘုရားသားတော်များ ဖြစ်မြဲဖြစ်နေသည်ကို ၂၀၀၇ စက်တင်ဘာတွင် တကမ္ဘာလုံးက ကြက်သီးမွေးညှင်းထဖွယ် မျက်ဝါးထင်ထင် မြင်တွေ့သွားခဲ့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံမှ သံဃာတော်များ၏လှုပ်ရှားမှုအားလုံး စစ်အာဏာရှင်တို့လက်အောက် လုံးလုံးလျားလျားကျရောက်အောင် ဘုန်းကြီးကျောင်းများကို အရေအတွက်လျှော့ချ နိုင်ငံပိုင်ဖျက်သိမ်းသော ရပ်ကွက် မြို့နယ်လူဦးရေအလိုက် သံဃာအရေအတွက် ကန့်သတ်၊ သတ်မှတ်အရေအတွက် ကျော်လွန်သောသံဃာများကို အဓမ္မလူဝတ်လဲ ရဟန်းခံရှင်ပြုမှုအားလုံးနှင့် ဆွမ်းလောင်း အလှူအတန်းမှုအစ ဘာသာရေးပွဲလမ်းသဘင်အားလုံး ရပ်ကွက၊ မယက၊ ခယက၊ သက်ဆိုင်ရာရဲစခန်း၊ ကြံ့ဖွံ့၊ အက်စ်ဘီ၊ စရဖ တို့ထံ အနည်းဆုံး (၆) လ ကြိုတင်လျှောက်ထား ခွင့်ပြုချက်ယူ၊ စာသင်တိုက်များကို ပိတ်ပစ်ပြီး အဝေးသင်ပရိယတ္တိပညာရေး ကျင့်သုံး၊ သံဃာများ၏သွားလာမှုကို အစဉ်ဆင့် သတင်းဆို့ ခွင့်ပြုချက်ယူ၊ ခေတ်ပုံထိုးနှင့် ကျောင်းကန်များသို့ ဝင်ထွက်သွားလာမှုအားလုံး မှတ်ပုံတင်ပြ ခွင့်ပြုချက် ကြိုတင်လျှောက်ထား၊ နောက်ဆုံးတွင် စစ်ဗိုလ်စစ်သားများကိုယ်တိုင် အထက်တွင် မှန်းဆကြည့်ခဲ့သလို ပြောင်အတိအလင်း သင်္ကန်းဝတ်ပြီး ဘာသာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်၊ ဤသည်မှာ ၂၀၀၈ မေလဆန္ဒခံယူပွဲမှ ပြောင်နှစ်ပင်မှုည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်ပါက ပေါ်ပေါက်ဖြစ်တည်လာမည့် စစ်အာဏာရှင်စနစ်အောက်မှ အနာဂတ် သာသနာ၏ရုပ်ပုံလွှာပင်ဖြစ်သည်။

ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာ၏ ပြည်ပသာသနာပြုလုပ်ငန်းမှာ များစွာအောင်မြင်လျက်ရှိသည်။ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လောဘုန်းတော်ကြီးများသည် ကမ္ဘာအရပ်ရပ်၌ ဗုဒ္ဓသာသနာပြန့်ပွားအောင် စွမ်းဆောင်နိုင်ကြသည်။ အာဖရိကတိုက်မှာပင် ထေရဝါဒဗုဒ္ဓဘာသာ စတင်ခြေချလျက်ရှိသည်မှာ အများအသိပင်ဖြစ်သည်။ သို့ရာတွင် ယခုလို ပြည်ပတွင် မြတ်နေသော်လည်း၊ ပြည်တွင်း၌ သာသနာမှာ အကြီးအကျယ်ဖျက်ဆီးခံနေရသဖြင့် အရင်းရှုံးနေသည်ဟု ပိနန်ဆရာတော်ကြီးက သုံးသပ်ခဲ့သည်။

နအဖဘာသာရေးဝန်ကြီး သံဃသိမာလသန်းဆွေ အရင်က မြန်မာနိုင်ငံသမိုင်းတွင် သံဃာတော်တို့ကို အစုလိုက်အပြုံလိုက် သတ်ခဲ့သော ဘုရင် (၄) ဦးရှိခဲ့သည်။ ခရစ်သက္ကရာဇ် ၁၅၄၃ ခုတွင် အင်းဝဘုရင် သိုဟန်ဘွားက ဗမာနှင့်ရှမ်းသံဃာတော်အပါး (၁၃၀၀) ကို သတ်ရန်ကြံစည်ခဲ့ရာ အများစု လွတ်မြောက်သွားပြီး အပါး (၃၆၀) ကို သတ်နိုင်ခဲ့သည်။ ၁၅၉၉ ခုမှ ၁၆၁၃ ခုအထိ သံလျင်ကို သိမ်းပိုက်အုပ်ချုပ်ခဲ့သော ပီတရစ် ဒီဇေးဗ ဇေယာသာ ဗုဒ္ဓစဉ်းမှာ သံဃာတော် အပါး (၂၀၀) ကျော်ကိုသတ်ခဲ့သည်။ အလောင်းဘုရားအမည်ခံ ဦးအောင်ဇေယျက ၁၇၅၇ ခုတွင် မွန်သံဃာတော် အပါး (၃၀၀၀) ကိုလည်းကောင်း၊ ၁၇၆၀ ခုတွင် ယိုးဒယားသံဃာအပါး (၅၀၀) ခန့်ကိုလည်းကောင်း၊ ဦးအောင်ဇေယျ၏သား ဆင်ဖြူရှင်မင်းကလည်း ၁၇၆၇ ခုတွင် ယိုးဒယားသံဃာ အပါး (၁၀၀၀) ခန့်ကိုလည်းကောင်း သတ်ခဲ့သည်။

ထိုဘုရင်များအနက် သိုဟန်ဘွားမှာ နတ်ကိုးကွယ်သူ ရှမ်းဘုရင်ဖြစ်၍ ပီတရစ်တို့မှာ အရင်ကိုသာသာဝင် ပေါ်တူဂီဘုရင်ခံဖြစ်ပြီး အလောင်းဘုရားနှင့် ဆင်ဖြူရှင်မှာမူ ဗုဒ္ဓဘာသာဝင် ဗမာဘုရင်များဖြစ်သည်။ ယခုနောက်ဆုံး သံဃသိမာလသန်းရွှေမှာလည်း ဗုဒ္ဓဘာသာဝင် ဗမာဘုရင်ဖြစ်ပြီး သတ်ဖြတ်နှိပ်စက်ခံရသည့်သံဃာများမှာမူ ဗမာသံဃာအများစုနှင့်တကွ မနည်းလှသော ရှမ်း၊ မွန်၊ ရခိုင်၊ ပအိုဝ်သံဃာများဖြစ်သည်။

သိုဟန်ဘွားမှာ အာဏာရှင်စနစ်ဆန့်ကျင်ရေးသမားများ၏ လျှို့ဝှက်ကြံစည်လုပ်ကြံခြင်းခံခဲ့ရပြီး ပီတရစ်တို့မှာ ဓနိုဝမှနေ၍ အရှင်လတ်လတ် တံကျင်လျှိုသတ်ခြင်းခံရသည်။ ဦးအောင်ဇေယျနှင့်ဆင်ဖြူရှင် နှစ်ယောက်စလုံးမှာ သူတပါးနိုင်ငံကိုသွားရောက်ကျူးကျော်နေရင်း တောထဲတောင်ထဲ၌ ဘုရင်ဂုဏ်ခြင်နှင့်မတိုက်ညီစွာ သေဆုံးခဲ့ကြသည်။ ဘုရင်ဖြစ်သော်လည်း နိုင်ငံတော်ရာသနကိုပင် မခံစားရ၊ သေသည့်နေ့တကြိုင်နက် သားများ၊ ညီအကိုများကြား စားခွက်လုပွဲများ၊ အသဲအသန် ရှုပ်ပျက်ဆင်းရဲမှု ပေါ်ပေါက်လာခဲ့သည်။ ဆိုလိုသည်မှာ အဆိုပါ သံဃာသတ် ဘုရင်များအားလုံး အဆေသေဆိုးနှင့်သေကြရခြင်းဖြစ်သည်။

၁၉၇၅ ခု ဧပြီလတွင် ခမာနီတို့က ကမ္ဘောဒီးယားခေါ် ကမ်ပူချားနိုင်ငံကို အာဏာသိမ်းပိုက်လိုက်သည်။ 'သုညသက္ကရာဇ်' Year Zero ဟု ခမာနီတို့က ကင်ပွန်းတပ်ခဲ့သည့် ထိုအချိန်မှစ၍ နိုင်ငံ့လူဦးရေ၏ (၉၀) ရာခိုင်နှုန်းကိုးကွယ်သော ထေရဝါဒဗုဒ္ဓသာသနာကိုပိတ်ပင်ခဲ့သည်။ သံဃာများကို အဓမ္မလူဝတ်လဲပစ်ခဲ့သည်။ လူဝတ်လဲရန်ငြင်းသည့် သံဃာများကို သတ်ပစ်ခဲ့သည်။ သံဃာအချို့သာ ထိုင်းနိုင်ငံသို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ပင် ကမ္ဘောဒီးယားဆရာတော်ကြီးတပါး ထွက်ပြေးရောက်ရှိလာခဲ့သည်။ အသတ်မခံရသည့်သံဃာအချို့က လူဝတ်ဖြင့် လူများအကြား ရောနှောနေထိုင်ပြီး ဘာသာရေးဓလေ့ထုံးတမ်းများကို လျှို့ဝှက်ဆောင်ရွက်ခဲ့သည်။ လျှို့ဝှက်စွာ တရားအားထုတ်ခဲ့ကြသည်။ ခမာနီများထံ သတင်းပေါက်ကြားသွား၍ အသတ်ခံရသည့် လူဝတ်လဲသံဃာ

ကျေးဇူးပြု၍ စာမျက်နှာ (၈) ကော်လံ (၁) သို့...

ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်သူမှန်သမျှ ထောင်သွင်းအကျဉ်းချရန် နအဖမှအမိန့်ထုတ်ပြန်

မြန်မာစစ်အုပ်စုက ဦးစီးကျင်းပမည့် အခြေခံဥပဒေမူကြမ်းအား ဆန့်ကျင်ဝေဖန်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စကားပြောခြင်းများကို လုပ်ရှားနေသည့် မည်သူ့ကိုမဆို မေလအတွင်းကျင်းပမည့် ဆန္ဒခံယူပွဲဆိုင်ရာဥပဒေအရ အနိမ့်ဆုံး ထောင်ဒဏ်သုံးနှစ်ချမှတ်ခြင်းခံရနိုင်ကြောင်း စစ်အုပ်စုပိုင်မီဒီယာသတင်းများမှ ထုတ်ပြန်ကြေညာခဲ့သည်။

ဖေဖော်ဝါရီလ (၉) ရက်နေ့က ဤကြေညာချက်သည် လမ်းပြမြေပုံ (၇) ချက်နှင့်ပတ်သက်၍ နေ့ရက်အချိန်အတိအကျ ပြောဆိုခြင်းမရှိခဲ့သည့် စစ်အုပ်စုမှ ပထမဦးဆုံးအကြိမ်အဖြစ်၊ ပထမခြေလှမ်းအဖြစ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသော အစီအစဉ်များကို ကြေညာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အထွေထွေရွေးကောက်ပွဲကိုလည်း လာမည့်သက္ကရာဇ် ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာခဲ့သည်။

ယင်းဆန္ဒခံယူပွဲဆိုင်ရာဥပဒေအရ မဲဆန္ဒပေးရာတွင် 'သဘာဝဘေးအန္တရာယ်' ကြောင့်သော်လည်းကောင်း၊ 'လုံခြုံရေး' အခြေအနေအရသော်လည်းကောင်း၊ (သို့မဟုတ်) 'အခြားအခြားသော ဆန္ဒခံယူပွဲအား နှောင့်ယှက်ဖျက်ဆီးမည့် မည်သည့်အရာမဆို' ကျရောက်နိုင်ပါက ရက်ရွှေ့ဆိုင်းခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်း (သို့မဟုတ်) နေရာပြောင်းရွှေ့ခြင်းများ ပြုလုပ်နိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

မြန်မာ့အရေးလေ့လာသုံးသပ်သူများက စစ်အုပ်စု၏ အတိုက်အခံအင်အားစုများ အထူးသဖြင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပါဝင်ရေးဆွဲခွင့်မရှိခဲ့သည့် နအဖစစ်အုပ်စု၏ လမ်းပြမြေပုံအဆင့်တိုင်းသည် ဒီမိုကရေစီနည်းလမ်းမကျကြောင်း ထောက်ပြဝေဖန်သုံးသပ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) သည် ၁၉၉၀ ခုနှစ်၊ စစ်အုပ်စုက ကြီးမှူးကျင်းပပေးခဲ့သည့်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း နှစ်ပေါင်းနှစ်ဆယ်နီးပါး အာဏာလွှဲပေးရန် စစ်အုပ်စုဘက်မှ ပျက်ကွက်နေခဲ့သည်။

စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအသစ်သည် နိုင်ငံတော်စီမံအုပ်ချုပ်မှုများတွင် ဒေါ်အောင်ဆန်းစုကြည် တရားဝင်ပါဝင်လာနိုင်ခွင့်ကို ကာကွယ်တားဆီးခြင်းနှင့် စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့နိုင်မြဲရေးအတွက်သာ ရည်ရွယ်ထားခြင်းဖြစ်သောကြောင့် အတိုက်အခံအင်အားစုများက လက်မခံနိုင်ကြောင်း ငြင်းချက်ထုတ်ကြသည်။ ဤဖွဲ့စည်းပုံမူကြမ်းသည် ဖေဖော်ဝါရီလ (၉) ရက်နေ့က အပြီးသတ်ခဲ့ကြောင်း အစိုးရအသံလွှင့်ဌာနများမှ ကြေညာခဲ့သော်လည်း ယခုအထိတိုင် လူထုလက်ထဲသို့ရောက်ရှိလာခြင်းမရှိသေးပေ။

မြန်မာပြည်တွင် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွားခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ပြုတ်ကျသွားချိန်မှစ၍ မဆလ၏ ၁၉၇၄ ခုနှစ် အခြေခံဥပဒေပါ တပါတည်းဖျက်သိမ်းခဲ့သည့်အတွက် စစ်တပ်မှ အာဏာလွှဲပြောင်းယူခဲ့ချိန်မှစ၍ ဥပဒေဟူ၍မရှိတော့ဘဲ နှစ်ပေါင်း (၂၀) ဥပဒေမဲ့ စစ်တပ်မှ အုပ်ချုပ်နေခဲ့ခြင်းသာဖြစ်သည်။

ဆန္ဒခံယူပွဲဆိုင်ရာ အခန်း (၈) တွင် မဲရေတွက်ခြင်းနှင့်ပတ်သက်သော ဥပဒေ၌ '(၁၀) ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ရှေ့မှောက်တွင် မဲပုံးများကိုစစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများ ရေတွက်ရမည်'ဟု ဖော်ပြပါရှိသည်။ ပြည်တွင်းပြည်ပရှိ အတိုက်အခံအင်အားစုများက တောင်းဆိုနေသော၊ စစ်အုပ်စု၏ မိတ်ဆွေအိမ်နီးချင်းနိုင်ငံများက လိုလားနေသည့် ကုလသမဂ္ဂမှသော်လည်းကောင်း၊ အာဆီယံနိုင်ငံများမှသော်လည်းကောင်း၊ မည်သည့်အဖွဲ့အစည်းများမှသော်လည်းကောင်း လာရောက်လေ့လာစောင့်ကြည့်ခြင်းအား ခွင့်ပြုမည်၊ မပြုမည်ကို ဖော်ပြထားခြင်း မတွေ့ရပေ။

တားမြစ်ချက်နှင့် ပြစ်ဒဏ်ဆိုင်ရာ အခန်း (၁၀) ၏ ပိုဒ်ခွဲ (၈) တွင် 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုဖျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံရောက်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့်သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ၊ ဟောပြောခြင်း၊ စာရွက်စာတမ်းများ ကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း (သို့မဟုတ်) ဆန္ဒမဲပေးခြင်းကို အခြားတနည်းနည်းဖြင့် နှောက်ယှက်ခြင်း' ဟူသည့် တားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ဖောက်ဖျက်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတခုခုကိုပြုလုပ်ကြောင်း (သို့မဟုတ်) ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သုံးနှစ်ထက်မနည်းသော ထောင်ဒဏ်၊ ကျပ်တသိန်းထက်မပိုသောငွေဒဏ်နှင့် ထိုပြစ်ဒဏ်နှစ်ရပ်လုံး ကျခံနိုင်သည်ဟုလည်း ဖော်ပြထားသည်။ ❖

ကုလအထူးကိုယ်စားလှယ်၏တင်ပြချက်များအားလုံးစစ်အုပ်စုမှပယ်ချ

သတင်းထောက်များ၏မေးမြန်းမှုများအားပြန်လည်ဖြေကြားနေသည့်ကုလကိုယ်စားလှယ်

မြန်မာ့အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးနိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာပြည်တွင်းရေးကိစ္စကို ပြည်ပမှဖြေရှင်းပေးရန် မလိုကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ဖေဖော်ဝါရီလ (၁၉) ရက်နေ့စွဲဖြင့် ပေးပို့လိုက်သောစာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်တဦး ရန်ကုန်တွင်ရုံးဖွင့်ခွင့်ပေးရန်၊ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားပြည်သူတရပ်လုံး၏ အသံများပါဝင်ခွင့်ရှိရေး အစီအစဉ်များချမှတ်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အုပ်စုကြားတွင် အချိန်ကန့်သတ်ချက်ရှိသည့်တွေ့ဆုံမှုရှိလာစေရန်တို့ကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သောကြာနေ့က နိုင်ငံတော်ကာကွယ်ရေးဌာနသို့သွား၍ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်တွေ့ဆုံခဲ့ရာတွင် ကုလသမဂ္ဂတောင်းဆိုချက်အားလုံးကိုလည်း ပယ်ချခံခဲ့ရသည်။

ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်များအရ မစ္စတာဂမ်ဘာရီသည် အမျိုးသားရေးစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့မှ ဒေါက်တာသန်းညွန့်၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူတို့နှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။ သို့သော် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလခရီးစဉ်တုန်းကကဲ့သို့ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ခွင့်မရခဲ့ပေ။

နောက်ထပ်တောင်းဆိုမှု အချက်တချက်ဖြစ်သော နိုင်ငံရေးအကျဉ်းသားများ အားလုံးပြန်လွှတ်ပေးရေးနှင့်တကွ ကုလသမဂ္ဂကူညီမှုဖြင့် စီးပွားရေး၊ လူမှုရေးကိစ္စများကိုဖြေရှင်းရန်၊ အမျိုးသားစီးပွားရေးဖိုရမ်တခုထူထောင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်များပါဝင်နေသည့်တိုင် ပြန်ကြားရေးဝန်ကြီးက အားလုံးကိုပယ်ချခဲ့သည်။

မစ္စတာဂမ်ဘာရီသည် သောကြာနေ့က ဦးအောင်တိုးဦးဆောင်သည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့အား ဖိတ်ခေါ်ရန်အဆိုပြုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

စနေနေ့နံနက်ပိုင်းတွင် ဦးအောင်ခမ်းထီဦးဆောင်သော ပအိုဝ်းအဖွဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးခေါင်းဆောင်သောအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးတွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းဦးဆောင်သောအဖွဲ့တို့နှင့် တွေ့ဆုံခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ တတိယမြောက် မြန်မာပြည်သို့ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ်တွေ့ဆုံခွင့်ရခဲ့သော်လည်း သူတင်ပြသောအချက်အားလုံးအား စစ်အုပ်စုမှပယ်ချခံခဲ့ရပြီးနောက် မြန်မာပြည်မှ စောစီးစွာ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ❖

ကုလလူ့အခွင့်အရေးကိုယ်စားလှယ်မြန်မာပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခံရ

နအဖစစ်အစိုးရ၏ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းခံလိုက်ရသည့်မစ္စတာပီနဲရို

မတ်လ (၁၅) ရက်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီနဲရိုအား မြန်မာစစ်အစိုးရက ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်လိုက်ကြောင်း ကုလသမဂ္ဂအရာရှိတဦးမှ ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မစ္စတာပီနဲရိုက မြန်မာစစ်အုပ်စုအား ပြစ်တင်ရှုတ်ချလိုက်သည်။

မစ္စတာပီနဲရိုသည် ၎င်း၏နိုင်ငံကူးလက်မှတ်ထုတ်ယူရန် အသင့်ဖြစ်နေပြီဟူသော သတင်းကိုရထားခဲ့ပြီးမှ နေ့ခင်းပိုင်းတွင် ဗီဇာထုတ်မပေးကြောင်းသိခဲ့ရသည်ဟု သတင်းများကဆိုသည်။

မစ္စတာပင်နဲရိုသည် မတ်လ (၁၃) ရက် ကြာသပတေးနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်သောအစီရင်ခံစာတွင် မြန်မာစစ်အုပ်စုသည် စက်တင်ဘာသံဃာ့အရေးအခင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံတွင်း၌ ဖိနှိပ်ချုပ်ခြယ်မှုများ ပိုမိုပြုလုပ်လာကြောင်း ဖော်ပြခဲ့သည်။

၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသော်လည်း လွတ်လပ်စွာပြောဆိုခွင့်နှင့် စုဝေးခွင့်များမရှိဘဲ ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ပိတ်ပင်ထားသောကြောင့် ကုလသမဂ္ဂအနေနှင့် လက်ခံယုံကြည်ရန် အခက်အခဲရှိကြောင်းလည်း ထိုအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ❖

လူထုအားနဲ့ စစ်အာဏာရှင်စနစ်ချေမှုန်းပစ်

(၁)

"ရဲဘော်တို့ …. လက်ထဲမှာဆုပ်ကိုင်ထားတဲ့အာဏာကို အဘောသဘာကြီးစွာနှင့် အလိုအလျောက် စွန့်လွှတ်သွားတဲ့ အာဏာရှင်မျိုး ကမ္ဘာ့သမိုင်းမှာ ဘယ်ခေတ်၊ ဘယ်အခါကမှ မရှိခဲ့ဖူးပါဘူး။

တစ်ဖက်လာလည်း သူ့ထက်ကြီးမားတဲ့ အင်အားနှင့် ရှေ့မှန်းတိုက်ထုတ်ပစ်လိုက်ရတာပဲ။ Force out လုပ်ခဲ့ရတာပဲ ဖြစ်တယ်။

ဖိလစ်ပိုင်က မားကိုစ်လည်း Force out ပဲ။

အင်ဒိုနီးရှားက ဆူဟာတိုလည်း Force out ပဲ။"

ဝါရင့်သတင်းစာဆရာကြီး လူထုဦးစိန်ဝင်းရဲ့ ဒီမိုကရေစီရေးလှုပ်ရှားနေသူများဆီ တင်ပြလိုက်တဲ့ ပန်ကြားချက်ဖြစ်ပါတယ်။

ဒီပန်ကြားချက်ကို ကျနော် အပြည့်အဝ သဘောတူတယ်။

ဒုတိယကမ္ဘာစစ်ကြီးကာလ (၁၉၃၉ ၊ ၄၅) လောက်မှာ ဟစ်တလာရဲ့အရှိန်အဟုန် ထိုးတက်လာတယ်။

သူ့ရဲ့နာဇီပါတီဟာ ရှိန်းရှိန်းတောက် ကြွကြီးခဲ့ပြီး သူ့ရဲ့ မှန်တိုင်းတပ်မတော်ကြီးဟာ ကမ္ဘာကြီးကိုခြိမ်းခြောက်နိုင်တဲ့ အနေအထားထိ ရှိခဲ့တယ်။

"ကျုပ်တို့ ဂျာမန်လူမျိုးတွေ ညီညွတ်ရင် ကျုပ်တို့ကိုဗိုလ်ကျပြီး ထောက်သက်ချုပ်ဆိုထားတဲ့စာဆိုင်းစာချုပ်ကို စက္ကူစုတ် လုပ်ပစ်နိုင်တယ်" ဆိုတဲ့ သူ့မိန့်ခွန်းနှင့် နိုင်ငံတကာကို စိန်ခေါ်ခဲ့တယ်။ ဂျူး (၆) သန်းကို အဆိပ်ငွေ့လွှတ်ပြီး သတ်ပစ်ခဲ့လောက်အောင် လူ့စိတ်ကင်းသူဖြစ်တယ်။ ဂက်စတာပိုလို့ခေါ်တဲ့ သူ့လောက်လုံခြုံရေးတပ်ဟာ တွေ့တဲ့လူကိုဂုတ်ဆွဲထုပ်ပြီး နေရာမှာတင် သေနတ်နှင့်ထုတ်ပြီး ပစ်သတ်လို့ရတဲ့အခွင့်ထိ ဗိုလ်ကျခွင့်ရခဲ့ကြတယ်။ ကမ္ဘာမြေပုံအသစ်ကို သူ့စိတ်တိုင်းကျပြန်ဆွဲမယ်ဆိုပြီး ဒုတိယကမ္ဘာစစ်ကြီးကို မိုက်မိုက်မဲမဲ စတင်တိုက်ခဲ့သူဖြစ်တယ်။ အဲဒီလောက် မောက်မာပြီး အဲဒီလောက် သွေးနထင်ရောက်ခဲ့သူဖြစ်တယ်။

ဒါပေမယ့် သူဘယ်လိုဇာတ်သိမ်းသွားခဲ့ရသလဲ။

ဆရာ ဦးစိန်ဝင်းထောက်ပြသလို သူ့ထက်ကြီးမားတဲ့အင်အားနှင့် ရှေ့မှန်းတိုက်ထုတ်ပစ်လိုက်တဲ့အခါ ….

ဒီမိုကရေစီနှင့် လွတ်လပ်မှုကို မြတ်နိုးတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ ညီညွတ်ပေါင်းစည်းထားတဲ့ အင်အားနှင့်တိုက်ထုတ်လိုက်တဲ့အခါ ….

ကိုယ့်ကိုယ်ကိုယ်ပစ်သတ်ပြီး အဆုံးစီရင်သွားရ၊ လက်မြှောက်အရှုံးပေးသွားရတာပဲ မဟုတ်လား။

ဖိလစ်ပိုင်က မားကိုစ်လည်း ဒီလိုပဲ။

လူထုကို ဗိုလ်ကျချင်တိုင်း ဗိုလ်ကျ၊ အတိုက်အခံတွေကို ဖိနှိပ်ချင်တိုင်း ဖိနှိပ်၊ မလွှဲသာမရှောင်သာလို့ ပြည်ဝင်ခွင့်ပြန်ပေးလိုက်ရတဲ့ အတိုက်အခံခေါင်းဆောင် မစ္စတာအာကွီနိုကို လေယာဉ်ပေါ်ကအဆင်းမှာ လုပ်ကြံသတ်ဖြတ်၊ ရွေးကောက်ပွဲမှာ မဲတွေ လိမ်ချင်တိုင်းလိမ်။

ရွေးကောက်ပွဲမှာ ရှုံးသွားတာသေချာရက်နှင့်တောင် သူနိုင်ပါတယ်ဆိုပြီး ကျမ်းအစွာကျိန်ဆိုပွဲအတုကို စွတ်လုပ်၊ ဒီလိုမျိုး မားကိုစ်ပါ။

အဲဒီလို အာဏာရှင်သတေမျိုးရော ဘယ်လိုဇာတ်သိမ်းသွားရသလဲ။

ဖိလစ်ပိုင်ပြည်သူတွေနှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေပေါင်းပြီး ဆန့်ကျင်လိုက်တဲ့အခါ ….

ရဟတ်ယာဉ်တစင်းပေါ် တင်နိုင်သမျှ ရွှေငွေလေးတင်ပြီး ကမန်းကတန်းထွက်ပြေး၊ ဘယ်နိုင်ငံ၊ ဘယ်လေဆိပ်ကမှ အဆင်းမခံလို့ လက်မခံလို့ ဖုန်းဆက်ဆက်၊ မျက်ရည်တစ်ချွဲချွဲနှင့် သေမလို ရှုမလိုဖြစ်ခဲ့ရတာပဲ မဟုတ်လား။

ဆူဟာတိုလည်း ဘာထူးလို့လဲ။

အာဏာရဖို့အတွက် အာဏာခိုင်မြဲဖို့အတွက် ဗျူပန်တော်လှန်ရေးမှာ အတူတွဲပြီး

တိုက်ခိုက်ကြတဲ့ လက်တွဲဖော်လက်တွဲဖက် တိုက်ဖော်တိုက်ဖက် လက်ဝဲအင်အားစု (၆) သိန်းလောက်ကို သတ်ပစ်ခဲ့တဲ့ အာဃာအာဏာရှင်တယောက်ပါ။

၁၉၆၄–၆၅မှာ အင်ဒိုနီးရှားမှာ ဆူဟာတိုဟာ အဲဒီလိုသတ်ချင်တိုင်းသတ်၊ ရမ်းချင်တိုင်းရမ်းပြီး အင်ဒိုနီးရှားပြည်သူတွေအပေါ်မှာ မင်းမူချင်တိုင်းမင်းမူခဲ့တာပဲ မဟုတ်လား။ သူ့အာဏာမြဲရေးအတွက် "လွှတ်တော်ထဲမှာ စစ်ဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော အမတ် (၃) ပုံ (၁) ပုံ အလိုအလျောက် ပါဝင်ခွင့်ရှိသည်" ဆိုတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို သူကိုယ်တိုင်ရေး၊ သူကိုယ်တိုင်ပြဋ္ဌာန်းပြီး နှစ်ပေါင်းများစွာ လူထုအပေါ်ဗိုလ်ကျခဲ့တာပါ။ (အခု ကျနော်တို့ကို နအဖ လုပ်နေပုံနှင့် တထေရာတည်းလုပ်ခဲ့တာပါ။)

လွှတ်တော်ထဲမှာ အမတ် (၃) ပုံ (၁) ပုံက စစ်တပ်က ကန့်ထားတဲ့အမတ်တွေက သူ့စစ်တပ်က ကျောထောက်နောက်ခံပေးထားတဲ့ ဂိုလ်ကာပါတီက အမတ်တွေ။

အင်ဒိုနီးရှားပြည်သူတွေ ဘယ်လောက်မွန်းကြပ်လိုက်မလဲ စဉ်းစားကြည့်လို့ ရနိုင်ပါတယ်။

စီးပွားရေးလုပ်ငန်းမှန်သမျှ သူ့နှင့်သူ့သားတွေ၊ သူ့သမီးတွေ၊ သူ့ဆွေတော်မျိုးတော်တွေပဲ ပိုင်ဆိုင်စေခဲ့တာပါ။

ဆူဟာတိုနှင့် ဆူဟာတိုဆွေတော်မျိုးတော်မှန်သမျှဟာ ကမ္ဘာ့ထိပ်တန်းဝင် ဘီလီယံနာတွေ ဖြစ်ကြ၊ ပြည်သူတွေက ဘုန်းတောက်စရာမရှိ၊ မဆန့်ကျင်လိုက်နဲ့၊ ဆန့်ကျင်စကားတခွန်း မပြောလိုက်နဲ့၊ ဆန့်ကျင်လိုက်တာ၊ ဆန့်ကျင်စကား တခွန်းမပြောလိုက်တာနှင့် ကျောင်းသားဖြစ်ဖြစ်၊ အလုပ်သမားဖြစ်ဖြစ်၊ အနုပညာရှင်ဖြစ်ဖြစ်၊ ပါမောက္ခဖြစ်ဖြစ် ကွန်မြူနစ်လို့နာမည်တပ်ပြီး အကျဉ်းချ၊ အတင်းထောင်ချခဲ့တဲ့ အာဏာရှင်တယောက်ပါ၊ သူလည်း တကယ့်အာဏာထဲမှာ ပါ,ပါတယ်။

အဲဒီလို အာဃာအာဏာရှင်ဆိုတဲ့ဂုဏ်ပုဒ်ရော ဇာတ်သိမ်းလှခဲ့ရဲ့လား။

မေဃာဝတီဦးဆောင်တဲ့ ဒီမိုကရေစီလိုလားတဲ့ ပြည်သူတရပ်လုံးရဲ့ ဆန့်ကျင်ဖြုတ်ချတာကို ခံခဲ့ရ၊ ပြည်သူ့အကျိုးအလွဲသုံးစားလုပ်မှုတွေနှင့် ရုံးတင်တရားစွဲခံရစိတ်ရော၊ ကိုယ်ရောဘုန်းဘုန်းကျပြီး အသေဆိုးနှင့်သေခဲ့ရတာပဲ မဟုတ်လား။

ဘယ်လောက်ပဲ တောင်လွှားခဲ့ တောင်လွှားခဲ့ ဘယ်လောက်ပဲ ထက်မြက်အားကိုးပြီး မာနတံခွန်ထူခဲ့ ထူခဲ့ လူထုတရပ်လုံးက ညီညီညွတ်ညွတ်နှင့် ဆန့်ကျင်တော်လှန်ကြတဲ့အခါ ဘယ်အာဏာရှင်များ ကမ္ဘာတည်ခဲ့နိုင်လို့လဲ။ သေမြေ့ ရှင်မြေ့ ပြေးခဲ့ကြရတာပဲ မဟုတ်ဖူးလား။ ဒီကံကြမ္မာကလွတ်အောင် ဘယ်သူ ရုန်းနိုင်၊ ရှောင်နိုင်ခဲ့လို့လဲ၊ တယောက်မှ မလွတ်ခဲ့သေးပါဘူး။

ကျနော်တို့ကတော့ ဆရာဦးစိန်ဝင်း ထောက်ပြသလို လူထုအားနှင့် Force out လုပ်ပစ်ကြဖို့ပဲ၊ လုပ်နိုင်ကြဖို့ပဲ။

ဒီအတွက် ကျနော်တို့ ကြိုးစားကြရလိမ့်မယ်။

(၂)

"တိုင်းပြည်က နာလှပါပြီ။ ပြည်သူတွေ ဒုက္ခရောက်လှပါပြီ။ ဒီအာဏာရှင်စနစ်ဆိုးကို Force out လုပ်နိုင်တဲ့ Force ကျနော်တို့မှာ၊ လက်ထဲမှာ အသင့်ရှိနေပါတယ်။

အဲဒီ Force က ပြည်သူဆိုတဲ့ အင်အားပဲဖြစ်တယ်။

People Power ဆိုတဲ့ Force ထက် ကြီးမားတဲ့ Force ဘယ်မှာရှိမှာလဲ။"

ဆရာက သူ့ပန်ကြားချက်မှာ လူထုကြီးရဲ့ မကုန်ခမ်းနိုင်တဲ့ စွမ်းပကားတွေနှင့် ပတ်သက်ပြီး သူ့ယုံကြည်မှုကို ထောက်ပြလိုက်တာဖြစ်ပါတယ်။

ကျနော် သဘောတူတယ်။

ကျနော်တို့ ပြည်သူတွေရဲ့စွမ်းပကားကို ဆရာယုံသလို ကျနော်လည်းယုံတယ်။

ကျနော်တို့ ပြည်သူတွေဟာ ဖိနှိပ်မှုကို ငုံ့မခံတတ်တဲ့နေရာမှာ၊ ဖိနှိပ်မှုတွေကို ပြတ်ပြတ်သားသားဆန့်ကျင်ရဲတဲ့နေရာမှာ စံပြဖြစ်တယ်လို့ ကျနော်ဆိုချင်တယ်။

၁၉၆၂ စစ်အုပ်စုက အာဏာသိမ်းအပြီးကာတည်းက တိုက်ပွဲတွေဟာ ကဗြိမ်းကြိမ်း ပေါ်ခဲ့တယ်။

၁၉၆၂ (၇) ရက် ဇူလိုင်အရေး၊ ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇၊ ၁၉၇၈ ပြီးတော့ ၁၉၈၇ ငွေစက္ကူအရေးအခင်းနှင့် ၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံ။

'မိုးပေါ်ထောင်မထောက်ဘူး' ဆိုတဲ့ စစ်အာဏာရှင်ကို ကျနော်တို့ People Power နှင့်ပဲ ဖြုတ်ချပစ်ခဲ့နိုင်တယ် မဟုတ်လား။

မဆလ တပါတီအာဏာရှင်စနစ်ကို People Power နှင့်ပဲ ဇာတ်သိမ်းပစ်နိုင်ခဲ့တယ် မဟုတ်လား။

၉၀ ခုနှစ် ရွေးကောက်ပွဲရာသီတုန်းကလည်း တစည်းတရုံးပွဲဆိုရင် သိန်းချီတဲ့ လူထုနှင့်ကျင်းပခွင့်ပေး။

အန်အယ်လ်ဒီအပါအဝင် ဒီမိုကရေစီပါတီတွေဆို လူ (၅၀) ထက် မပိုစေနဲ့ဆိုပြီး ကန့်သတ်၊ မဲဆွယ်ပွဲ စည်းရုံးရေးတရားဟောချင်ရင် ဘယ်နှစ်ယောက်တက်မှာလဲ၊ ဘယ်နှစ်ယောက်ဟောမှာလဲ၊ ဘယ်နှစ်နာရီကြာမှာလဲ၊ ဘယ်အကြောင်းအရာတွေ ဟောမှာလဲ၊ စာကြမ်းနှင့်တကွတင်ပါဆိုတာမျိုး ကြပ်ထားတဲ့ကြားက၊ ပါတီတွေကို မပြောပြောအောင် ဥာဏ်နီဥာဏ်နက်တွေသုံးထားတဲ့ကြားက၊ ဒေါ်စုလို ဦးတင်ဦးလို ဦးကြည်မောင်လို ကိုမင်းကိုနိုင်လိုခေါင်းဆောင်တွေ အဖမ်းခံထားရတဲ့ကြားက ကျနော်တို့ပြည်သူတွေရဲ့ တီထွင်နိုင်မှု အမြော်အမြင်ကြီးမှု ရဲ့ ရဲဝံ့တည်ကြည်မှု ညီညွတ်ပေါင်းစည်းမှုတွေနှင့် အန်အယ်လ်ဒီကို (၈၂) ရာခိုင်နှုန်းကျော် အနိုင်ရရှိအောင်၊ ပြည်နယ်တွေမှာလည်း ကိုယ့်အင်အားစုတွေ တိုင်းရင်းသားခေါင်းဆောင်တွေအနိုင်ရရှိအောင် လူထုနည်းနှင့် People Power နှင့် စွမ်းဆောင်ခဲ့ကြတာပဲ မဟုတ်လား။

(၃)

"ပြီးခဲ့တဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးက ရဟန်းရှင်လူပြည်သူတွေနှင့် ကျောင်းသားလူငယ်တွေရဲ့ ဘာမကြီးတဲ့ သူရဲကောင်းစိတ်ဓါတ်ကိုပြခဲ့ပြီး ပြည်တွင်းမှာ ဖိနှိပ်မှုတွေ အိပ်ကြီးမားလို့ လူတွေကြောက်နေကြပြီ မထရဲတော့ဘူး၊ မကြွရဲတော့ဘူး၊ Dialogue နှင့်အပေးအယူလုပ်ပြီး ပေးသမျှယူကြစို့လို့ ကြွေးကြော်နေကြတဲ့ အာဏာရှင်ကို ဖားပြီး ရာထူးရာခံလေး တောင်းခံချင်တဲ့လူတွေရဲ့အသံလည်း လုံးဝတိတ်ဆိတ် နှုတ်ပိတ်သွားခဲ့ပြီ။"

ဆရာရဲ့ ဒီမှတ်ချက်ကိုလည်း ကျနော် သဘောတူတယ်။

ရန်သူ ဖိနှိပ်မှုကြီးနေတဲ့အခါမျိုးမှာ ….

တိုက်ပွဲကရှည်ကြာလာပြီး အဆက်အခဲ တချို့နှင့်ဆက်တိုက်ဆိုသလို ကြုံရဆုံရတဲ့ အခါမျိုးမှာ သူရဲဘောကြောင်သူတွေ ထွက်လာတတ်တယ်။

မိုးကြောချိုးပြော ပြောပြီး တောင်တလုံး မြောက်တလုံး ပြောပြီး၊ တရားတာခုထူထောင်လာတတ်ကြတဲ့ အတွေ့နည်းသူတွေ ပေါ်လာတတ်တယ်။

"တိုက်မနေနှင့်၊ နိုင်မှာလည်း မဟုတ်ဘူး။ မစ္စစ်လိုက်၊ ရသလောက်ယူလိုက်" ဆိုတာမျိုး။

"လုံးလုံးမရှိတာနဲ့စာရင် တစုံတရာရှိလာတာ ပိုကောင်းတာပေါ့။ ဒီကနေတဆင့်ချင်း တက်ယူကြတာပေါ့" ဆိုတာမျိုး ငါးပြားရ ငါးပြားယူ ဆယ်ပြားရ ဆယ်ပြားယူ ဆိုတဲ့ အပေါစားအတွေးအခေါ်တွေ ဈေးကွက်ထဲဝင်လာတတ်တယ်။

ဆရာဦးစိန်ဝင်းထောက်ပြတဲ့ "ဘာမကြီးတဲ့ သူရဲကောင်းစိတ်ဓါတ်" ကို ပိုင်ဆိုင်ထားတဲ့ ရဟန်းရှင်လူပြည်သူတွေနှင့် ကျောင်းသားလူငယ်တွေကို အဲဒီလို ခပ်ပေါပေါအတွေးအခေါ်လောက်နှင့် ဖျားယောင်းသွေးဆောင်လို့ ရမှာတဲ့လား။

ကျနော်တို့ပြည်သူတွေဟာ ကျွန်ဖြစ်

စာမျက်နှာ (၂၆) ကော်လံ (၃) သို့–

အပစ်အခတ်ရပ်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ ယာယီမှတ်ပုံတင်ကိုင်ဆောင်ခွင့် ပထမဦးဆုံးအကြိမ်ရရှိ

နအဖစစ်အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသည့်တပ်ဖွဲ့ဝင်အချို့

စစ်အစိုးရက တိုင်းရင်းသားလက်နက်ကိုင် အပစ်ရပ်အဖွဲ့များအား ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးနိုင်ရန်အတွက် ယာယီမှတ်ပုံတင်များထုတ်ပေးလျက်ရှိနေကြောင်း သတင်းရရှိသည်။

ယာယီမှတ်ပုံတင်ကိုင်ဆောင်ခွင့်ရရှိသောအဖွဲ့များမှာ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA)၊ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ (DKBA) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ဖြစ်ကြသည်။ ထို့အပြင် အခြားငြိမ်းချမ်းရေးအဖွဲ့များဖြစ်ကြသော ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (NDA-K) နှင့် လဇန်ဆောင်ဝါ ဦးဆောင်သည့်အဖွဲ့များလည်း ယာယီမှတ်ပုံတင်ကတ်များရရှိမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ထိန်းချုပ်နယ်မြေတခုဖြစ်သော လိုင်ဇာသို့ နအဖ၏ လူဝင်မှုကြီးကြပ်ရေးအရာရှိများ ရောက်လာကာ ယာယီမှတ်ပုံတင်ကတ်များ ထုတ်ပေးသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ယခုထုတ်ပေးသော ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသူသည် ခရီးသွားခွင့်ရရှိမည်ဖြစ်ပြီး မိမိရောက်နေသည့်နေရာတွင် သီတင်းနှစ်ပတ် (၁၄) ရက် နေထိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ဒေသခံတဦးကပြောသည်။

စစ်အုပ်စု၏အာဏာပိုင်များက ယာယီမှတ်ပုံတင်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကတ်မှာ ယာယီကတ်သာဖြစ်ကြောင်း၊ အစိုးရ၏ဆန္ဒခံယူပွဲကို မဲပေးရန်နှင့် ထိုင်း-မြန်မာနယ်စပ်တလျှောက်တွင်ရှိနေကြသော ယူဇစလူ အက်စ်အေအဖွဲ့ဝင်များအား ပန်ဆန်းတွင် ပြန်လာနေရန် စည်းရုံးချက်သုံးချက်ကို ပြောခဲ့ကြောင်း၊ ယူဇစလူအက်စ်အေ အသိုင်းအဝိုင်းနှင့် နီးစပ်သူတဦးကပြောသည်။ ထို့အတူ မွန်ပြည်သစ်ပါတီကိုလည်း လူဝင်မှုကြီးကြပ်ရေးအရာရှိများက လာရောက်ပြီး အလားတူစည်းရုံးမှုများလုပ်ခဲ့ကြောင်းလည်း သိရသည်။

မွန်ပြည်သစ်ပါတီ၏ပြောခွင့်ရ နိုင်အောင်မငေးက "အခု ယာယီမှတ်ပုံတင်ကတ် ချက်ခြင်းလုပ်ပေးမယ်၊ ဗိုက်ဆံတပြားမှ မယူပါဘူးဆိုပြီးစည်းရုံးနေတာ တတပ်လောက်ရှိပြီ၊ ဒီလက်မှတ်က မဲပေးလို့ရတယ်၊ မဲပေးဖို့အတွက်လို့ပဲ ပြောပါတယ်၊ သက်တမ်းဘယ်လောက်အထိရှိတယ်လို့တော့ တိတိကျကျမပြောဘူး" ဟု ပြောဆိုခဲ့သည်။

DKBA ထိန်းချုပ်နယ်မြေတခုဖြစ်သော ရွှေကုက္ကိုရွာ၌လည်းကောင်း၊ ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မြို့တွင်လည်းကောင်း၊ ယာယီမှတ်ပုံတင်ကတ်များ ထုတ်ပေးနေချိန်တွင် ရန်ကုန်မြို့တွင်ရှိ အချို့မြို့နယ်များ၌ ကြံ့ခိုင်ရေးအဖွဲ့ဝင်များက စစ်အုပ်စု၏ အခြေခံဥပဒေအားထောက်ခံမဲပေးရန် စည်းရုံးမှုများပြုလုပ်နေကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ ယင်းဖွဲ့စည်းပုံဆန္ဒခံယူပွဲအား လာမည့်မေလတွင်ပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲအသစ်ကိုလည်း ၂၀၁၀ တွင် ပြုလုပ်မည်ဖြစ်ကြောင်း စစ်အုပ်စုရိုင် မီဒီယာများတွင် တရားဝင်ကြေငြာထားပြီးဖြစ်သည်။ သို့သော် ၁၉၉၀ ရွေးကောက်ပွဲ၏ ရလဒ်နှင့်ပတ်သက်၍ ၎င်းတို့ပေးထားသည့်ကတိမှန်သမျှကိုမူ စစ်အုပ်စုက လျစ်လျူရှုထားခဲ့သည်။ ❖

နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဆန့်ကျင် စစ်အာဏာရှင်တည်မြဲရေးကိုရှေ့ရှုနေသောကြောင့် ပလောင်တိုင်းရင်းသားများလက်မခံ

မတ်လ (၄) ရက်

ထိုင်း-မြန်မာနယ်စပ်တနေရာတွင် အခြေစိုက်သည့် ပလောင်အဖွဲ့အစည်း (၃) ဖွဲ့မှ ပလောင်တမျိုးသားလုံးအနေနှင့် နအဖစစ်အုပ်စုက မေလအတွင်းကြီးမှူးကျင်းပမည့်လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်ကန့်ကွက်ရန် လှုံ့ဆော်သည့်အနေဖြင့် ကြေညာချက်တစောင်ထုတ်ပြန်သည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မိုင်အိုက်ဖုန်းမှ "နအဖကျင်းပမယ့် မေလလူထုဆန္ဒခံယူပွဲကို ကျနော်တို့ ပလောင်လူထုတမျိုးသားလုံးကကန့်ကွက်မဲပေးဖို့ ကျနော်တို့လုပ်နေတယ်၊ အဲလိုမျိုးနိုးဆော်တိုက်တွန်းတဲ့နေရာမှာ နည်းလမ်းပေါင်းစုံ ကျနော်တို့စည်းရုံးလှုံ့ဆော်ဖို့ရှိတယ်" ဟု ပြောခဲ့သည်။

အချိန်တိုအတွင်းမှာပင် လက်တွေ့ကျသည့်လုပ်ငန်းများ ထိထိရောက်ရောက်လုပ်ကိုင်နိုင်ရန်အတွက်လည်း အစီအစဉ်များချထားပြီးကြောင်း၊ ယင်းလုပ်ငန်းအား တကယ်စောင်းပေးလုပ်ကိုင်မည့် လုပ်ငန်းအဖွဲ့များနှင့်အတူ ပညာပေးမှု ပို့စတာလှုပ်ရှားမှုများဖြင့် လုပ်သွားရန်ရှိကြောင်းတို့ကိုလည်း မိုင်အိုက်ဖုန်းက ပြောခဲ့သည်။

ပလောင်အဖွဲ့အစည်းများအနေနှင့်

အထွေထွေအတွင်းရေးမှူး မိုင်အိုက်ဖုန်း

နအဖ၏နိုင်ငံရေးလမ်းပြမြေပုံအဆင့်ကိုးကိုဆန့်ကျင်နေသည့်ကြားက ဆန္ဒခံယူပွဲ အထမြောက်ခဲ့ပါက ပလောင်ပြည်သူတရပ်လုံးအာ ကန့်ကွက်မဲသာထည့်ကြရန် တိုက်တွန်းထားကြောင်း၊ ပလောင်အမျိုးသမီးအစည်းအရုံးမှ လွေးမိုးခမ်းက ဒီဗွီဘီသို့ပြောသည်။ ဆက်လက်၍ ပလောင်ပြည်သူများ၏ နိုင်ငံရေးအသိအမြင်နိုးကြားမှုအတိုင်းအတာကို မခန့်မှန်းနိုင်သော်လည်း၊ စစ်အာဏာရှင်ကို မနှစ်သက်ခြင်းမှာမူ လူတိုင်းတွင်ရှိနေကြောင်း၊ ပြောခဲ့သည်။

စစ်အစိုးရရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သွားပါကလည်း ပလောင်တမျိုးသားလုံး၏ကိုယ်စား အသိအမှတ်ပြုသွားမည်မဟုတ်သည့်အပြင် ဆက်လက်၍လည်း စစ်အာဏာရှင်စနစ်ပြိုကျစေရန် တတ်နိုင်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပလောင်အဖွဲ့အစည်းများမှ ပြောဆိုခဲ့သည်။

မြို့များ၊ နယ်များတွင်လည်း နိုင်ငံရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများအလိုက်သော်လည်းကောင်း၊ လူ့ရယ်ပိုင်း၊ အမျိုးသမီးပိုင်း စသဖြင့် ကဏ္ဍအသီးသီးမှတဆင့် ဆန္ဒခံယူပွဲကို ဆန့်ကျင်ရန်စည်းရုံးသွားမည်ဖြစ်ကြောင်း၊ သိရသည်။

ထို့ပြင် လွတ်ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဗြာနချုပ်) မှလည်း ယခုလ (၂) ရက်နေ့မှ ကြေညာချက်တစောင်ထုတ်ပြန်၍ နအဖစစ်အစိုးရ၏ မေလတွင်ကျင်းပပြုလုပ်မည့် ဆန္ဒခံယူပွဲကိုဆန့်ကျင်မဲပေးကြရန် အပစ်အခတ်ရပ် တိုင်းရင်းသားအဖွဲ့များသို့ ပန်ကြားထားကြောင်း၊ ဓေတ်ပြိုင်သတင်းတွင်တွေ့ရသည်။

စစ်အုပ်စုအား ဆန့်ကျင်ကန့်ကွက်မဲပေးရန် စည်းရုံးလှုပ်ရှားနေသော ပလောင်အဖွဲ့အစည်းများမှာ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၊ ပလောင်အမျိုးသမီးအစည်းအရုံးနှင့် ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့တို့ဖြစ်ကြသည်။ ❖

ရှမ်းပြည်တောင်ပိုင်းတွင်ဆန္ဒခံယူပွဲအတွက် လူဦးရေစာရင်းများလိုက်လံကောက်ယူ

မတ်လ (၁၈) ရက်၊

စစ်အစိုးရက ထိုင်း-မြန်မာနယ်စပ် ရှမ်းပြည်တောင်ပိုင်းမြို့များ၌ အိမ်ထောင်စုစာရင်းများကို မေလအတွင်းပြုလုပ်မည့် အခြေခံဥပဒေဆန္ဒခံယူပွဲအတွက် လိုက်လံကောက်ယူစည်းရုံးနေကြောင်း၊ သိရသည်။

ဒေသခံအာဏာပိုင်များနှင့် ကြံ့ခိုင်အဖွဲ့ဝင်များက ယခုဆန္ဒခံယူပွဲအတွက် မိသားစုဝင်များအတွင်းရှိ ခရီးသွားနေသူများနှင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေသူများကိုလည်း ပြန်လည်ခေါ်ယူရန် မိသားစုပေးစည်းရုံးလုပ်ဆောင်နေကြောင်းလည်း၊ ဒေသခံများ၏အဆိုအရ သိရသည်။ အကယ်၍ မဲလာမထည့်ပါက ထိုသူအား သန်းခေါင်စာရင်းမှ ထုတ်ပစ်မည်ဟု သက်ဆိုင်ရာများက ပြောဆိုကြောင်း၊ မိုင်းပန်မြို့တွင်နေထိုင်သူတဦးက ပြောသည်။

ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မြို့တွင်လည်း မေဟောင်ဆိုင်လကုန်ပိုင်းလောက်မှစတင်ကာ အသက် (၁၈) နှစ်ပြည့်ပြီးသူများနှင့် မှတ်ပုံတင်မရှိသေးသူများကို အာဏာပိုင်တို့ကသိအားပေးကာ ယာယီမှတ်ပုံတင်များပြုလုပ်ခိုင်းနေကြောင်း အမည်မဖော်လိုသူ ဆရာဝန်တဦးက ပြောပြသည်။

ရှမ်းပြည်နယ်မှ လူငယ်အများစုသည် ထိုင်းနိုင်ငံအတွင်းသို့လာရောက် အလုပ်လုပ်ကိုင်ကြောင်း၊ ထိုင်းနိုင်ငံတွင်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများလည်း သန်းနှင့်ချီလျက်ရှိသည်။ ရွှေ့ပြောင်းအလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့ (MAP-Foundation) ၏ အဆိုအရ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလုပ်သမားလက်မှတ်ကိုင်ဆောင်ထားသည့် အလုပ်သမားဦးရေ (၁,၂၂,၄၈၈) ဦးရှိသည့်အနက် (၉၅) ရာခိုင်နှုန်းမှာ ရှမ်းတိုင်းရင်းသားများဖြစ်ကြောင်း၊ သိရသည်။

ထိုင်းပြည်အတွင်း ယာယီမှတ်ပုံတင်နှင့် မိသားစုဝင်စာရင်းများပြုစုခြင်းလုပ်ငန်းသည် အစဉ်အလာအရ လူဝင်မှုကြီးကြပ်ရေး၏ လုပ်ငန်းစဉ်ဖြစ်သော်လည်း ယခုအခါ ကြံ့ခိုင်အဖွဲ့က ဝင်ရောက်လုပ်ကိုင်နေခြင်းသည် မေလတွင်ပြုလုပ်မည့် အခြေခံဥပဒေအတည်ပြုဆန္ဒခံယူပွဲအတွက် ကြိုတင်၍စည်းရုံးနေခြင်းဖြစ်ကြောင်း၊ လေ့လာသူများက သုံးသပ်ပြောဆိုကြသည်။ ❖

ဆန္ဒခံယူပွဲနှင့်ပတ်သက်၍အပစ်အခတ်ရပ်အဖွဲ့များ၏ သဘောထားများအား နအဖစစ်ဖက်ရေးရာ လုံခြုံရေးတပ်များမှ လိုက်လံမေးမြန်း

မတ်လ (၁၀)

တိုင်းရင်းသား အပစ်အခတ်ရပ်အဖွဲ့ တခုဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) ၏လက်အောက်ခံ အောက်ခြေတပ်ဖွဲ့များကို နအဖစစ်အစိုးရ၏ နယ်မြေခံစစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့များမှ မေလတွင်ကျင်းပမည့် ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ သဘောထားများကို လိုက်လံမေးမြန်းမှုများရှိနေသည်။

ယခုကဲ့သို့ မေးမြန်းမှုများရှိလာသည့်အတွက် စစ်အစိုးရအနေဖြင့် ဆန္ဒခံယူပွဲကို မလုပ်သင့်သေးကြောင်း၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကိုဦးစွာအရင် ပြုလုပ်သင့်ကြောင်းကိုလည်း မွန်ပြည်သစ်ပါတီမှနေ၍ သဘောထားထုတ်ပြန်လိုက်သည်။

စစ်အစိုးရမှ အတည်ပြုရန်ကြိုးဆင်နေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ရေးဆွဲထားသော တရားမျှတသည့်ဥပဒေမဟုတ်သဖြင့် လက်မခံနိုင်ကြောင်းကို ပြည်ပရောက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများမှလည်း ကြေညာချက်များ အသီးသီးထုတ်ပြန်ခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်အခြေစိုက် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျု သုတေသနနှင့်မှတ်တမ်းတင်ဌာနမှ စစ်ရေးလေ့လာသုံးသပ်သူ ဦးအောင်မျိုးက "ဖွဲ့စည်းပုံမှာ တပ်မတော်ဟာ အင်အားတခုတည်းရှိရမယ်လို့ သူတို့အတိအကျဖော်ပြထားတယ်၊ ဒီတော့ ဖွဲ့စည်းပုံအတည်ဖြစ်သွားတာနဲ့တပြိုင်နက် အခြားလက်နက်ကိုင်အဖွဲ့အစည်းမှန်သမျှဟာ မရှိရတော့ဘူး၊ သူတို့တပ်မတော်ထဲဝင်ရင်ဝင်၊ မဝင်ရင် ဖျက်သိမ်းပစ်မယ်ဆိုတဲ့ဟာမျိုး၊ အဲဒီအလျောက်ဖြစ်သွားပြီလေ" ဟု သုံးသပ်ပြောဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်သွားပါက ဖြစ်ပေါ်လာနိုင်မှုများနှင့်ပတ်သက်၍ မွန်ပြည်သစ်ပါတီ၏ ပြောဆိုရေးဆိုခွင့်ရှိသူက ယခုကိစ္စအား ဆက်စပ်၍စည်းစားရဦးမည်ဖြစ်ပြီး ယခုအချိန်ထိ စစ်အစိုးရအနေဖြင့် ၎င်းတို့အား လက်နက်ချ၍ တပ်ဖျက်ရန် ပြောဆိုခြင်းမရှိသေးကြောင်း ပြောဆိုခဲ့သည်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်တွင် နအဖစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးရယူပြီး စစ်အစိုးရကျင်းပခဲ့သည့် အမျိုးသားညီလာခံကိုတက်ရောက်ခဲ့ပြီး တင်ပြတောင်းဆိုချက်များ မရရှိခဲ့သဖြင့် ၂၀၀၅ ခုနှစ်မှစတင်ကာ ပြီးဆုံးသည်အထိတွင် လေ့လာသူအဆင့်အနေဖြင့်သာ တက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်သည်။

အခြားအပစ်အခတ်ရပ်အဖွဲ့တခုဖြစ်သည့် ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ကမူ လွတ်လပ်ပြီးတရားမျှတသည့် ဆန္ဒခံယူပွဲဖြစ်ရန်လိုအပ်သည်ဟု ကျန်ခဲ့သည့်လအတွင်းက သဘောထားထုတ်ပြန်ခဲ့သည်။

❖

စာမျက်နှာ (၄) ငါးမကီဝေဆောင်းပါးမှ ...

များသည်။ မနည်းလှ။ ဘုရားရှိခိုးနေသည်ကို ခမာနီတို့တွေ့သွားစေခြင်းသည်းကောင်း ထောက်လှမ်းရေးသတင်းပေးများက ခမာနီတို့ထံ သတင်းပေးသဖြင့်လည်းကောင်း အသတ်ခံရသည့် သာမန်အရပ်သားပြည်သူများမှာလည်း အများအပြားဖြစ်သည်။ အရေအတွက် (၂၀၀၀) ရှိသော ဘုရားကျောင်းကန်များအားလုံးကို ဖျက်ဆီးပစ် သို့မဟုတ် ဂိုဒေါင်များ၊ ကိုဒေါင်များ၊ နွားခြံကျွဲခြံများ၊ စည်းဝေးခန်းမများ၊ အချုပ်ခန်းများအဖြစ်ပြောင်းလဲပစ်ခဲ့သည်။ ဆင်းတုတော်များကို ရိုက်ချိုးပြီး မြစ်ချောင်းအင်းအိုင်များထဲပစ်ချခဲ့သည် သို့မဟုတ် ထင်းအဖြစ် မီးဆိုက်ခဲ့သည်။ ဥပုနာများ၊ လူ့ခါနီးထားသည့် ရွှေငွေရတနာများကိုလည်း ခမာနီတို့က နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခဲ့သည်။

ခမာနီတို့အာဏာမရမီက ကမ္ဘောဒီးယားတွင် သံဃာဦးရေ (၈၀,၀၀၀) ခန့်ရှိခဲ့သည်။ ၁၉၇၅–၇၉ ကာလတွင် သံဃာများလုံးဝပျောက်ကွယ်သွားခဲ့ရာ ထိုင်း၊ အမေရိကန် စသည့်နိုင်ငံခြားတိုင်းပြည်များတွင် ခိုလှုံနေသော သံဃာ (၂၀၀၀) ခန့်သာ ကျန်ရှိတော့သည်။ ဤကာလအတွင်း သေဆုံးသည့် ခမာပြည်သူများအတွက် သရဏဂုံတင်ပေးမည့်ရဟန်းမရှိတော့၊ သာသနာပိုင် ဝိုက်းချုပ်ဆရာတော်ကြီးများလည်း ဤကာလအတွင်းပျံလွန်တော်မူခဲ့ရာ ပြန်လည်တခါးထိုးနိုင်ခြင်းမရှိခဲ့။ ကမ္ဘောဒီးယားသံဃာ့ဂိုဏ်းများအနက် သံမဟာနိကာယ်ဂိုဏ်းမှာ ထိုင်းဘုရင်နှင့်ဆက်စပ်မှုရှိသဖြင့် ခမာနီတို့က ပို၍ပြင်းထန်စွာနှိပ်ကွပ်ခြင်းကိုခံရသည်။

၁၉၇၆ ဒီမိုကရက်တစ်ကမ်ပူချား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၀ ၌ ဘာသာရေးလွတ်လပ်ခွင့်ရှိသည်ဟု ဆိုထားသည်။ ထို့နောက် တဆက်တည်းတွင် "ဒီမိုကရက်တစ်ကမ်ပူချားနှင့် ကမ်ပူချားပြည်သူများကို အကျိုးမဖြစ်စေသော ဖောက်ပြန်သည့်ဘာသာရေးအားလုံးကို တင်းကြပ်စွာတားမြစ်သည်" ဟုကြေညာထားသည်။ ခမာနီအစိုးရက ဗုဒ္ဓရဟန်းများကို ကပ်ပါးများအဖြစ်သဘောထားပြီး အမွှေလူ့ဝတ်လဲပစ်ကာ 'ပြန်လည်ပညာပေးစခန်းများ' သို့ပို့၍ လုပ်အားပေးတပ်ဖွဲ့များအဖြစ် ဖွဲ့စည်းစေခဲ့သည်။ ဆည်မြောင်းများတူးဖော်ခြင်း၊ လယ်ယာများထွန်ယက်ခြင်း လုပ်ခိုင်းသည်။ နွားနွားပေါ်သဖြင့် နွားနေရာ၌ဝင်ကာ ထယ်ထိုးကိုထမ်း၍ ထွန်တုံးကိုဆွဲရသည်။ သံဃာ (၇၀,၀၀၀) ခန့် အသက်စိရ (သို့မဟုတ်) ဝင်ပန်းဆင်းရဲမှုကား ဝတ်မှတ်ခြင်းတဲ့ ရောဂါဘယဖက်တို့ဖြင့် အသက်ဆုံးခဲ့သည်။ တချို့က ရဟန်းဝတ်ခဲ့ဖူးသည့် ခမာနီခေါင်းဆောင်ပိုလ်ပေါ့က သံဃာများသည် အသုံးမကျသည့် ခွေးလေခွေးလွင့်များဖြစ်သည်။ ခေတ်ဟောင်း ပဒေသရာဇ်အာဏာ၏ အစိတ်အပိုင်းများဖြစ်သည်ဟု ဆဲရေးရှုတ်ချခဲ့သည်။

ခမာနီတို့က ကမ္ဘောဒီးယားမွတ်ဆလင်ချမ်တိုင်းရင်းသားလူမျိုးစုများကို သေနတ်နှင့်ချိန်၍ ဝက်သားစား၊ ဝက်သားစားခိုင်းအကဲ့သို့ အမွှေလူ့ဝတ်လဲပေးထားသည့် ဆရာတော်ကြီးများကိုလည်း ခမာနီတပ်များအတွက် ကြယ်ထည်၊ ဝက်သတ်ခိုင်းခြင်းသာမက 'သူလျှိုများ' 'ဖောက်ပြန်ရေးသမားများ' ဟု ၎င်းတို့စွပ်စွဲထားသူများကိုပါ လွှတ်မျက်သတ်ဖြတ်နိုင်းသည်။ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလများ၊ ဝိနည်းစည်းမျဉ်းများကို စနစ်တကျဖောက်ဖျက်ခိုင်းသည်။

ထိုင်းနိုင်ငံ၌ တောရဆောက်တည် တရားကျင့်နေသော မဟာဃောသနန္ဒမထေရ်ကြီးသည် ထိုင်းနယ်စပ်သို့ စတင်ရောက်ရှိလာသော ကမ္ဘောဒီးယားဒုက္ခသည်များထံ ၁၉၇၈ ခုတွင် ကြွချီလာပြီး တရားဓမ္မများဟောကြား သာသနာပြုခဲ့သည်။ ဤသည်မှာ ကမ္ဘောဒီးယားလူမျိုးများအနေဖြင့် နှစ်ပေါင်းများစွာအတွင်း ဗုဒ္ဓရဟန်းတပါးကို ပထမဆုံးမူတွေ့ရခြင်းဖြစ်၍ ဒုက္ခသည်အများအပြားမှာ စိတ်မထိန်းနိုင်ဘဲ ငိုကြွေးခဲ့ကြသည်။ ဆရာတော်မဟာဃောသနန္ဒ၏ မိသားစုအားလုံးနီးပါးကွ မိတ်ဆွေများ၊ ပါဠိကျောင်းမှ ဘုန်းတော်ကြီးများအပါအဝင်၊ ခမာနီတို့၏ အသတ်ဖြတ်မှုကို ခံခဲ့ရသည်။

၁၉၇၉ ခုနှစ် ခမာနီတို့ဖြုတ်ချခံရချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ သံဃာတပါးမှမရှိတော့ဘဲ စေတီပုထိုးနှင့် ဘုန်းကြီးကျောင်းအများစုမှာ မြို့နယ်ပီတ်ပေါင်းများ၊ ဖုံးလွှမ်းကျော်စီးပြီးကျနေကြသည်။ ထို့နောက်လည်း နောက်ဆုံးတွင် ခမာနီခေါင်းဆောင်များမှာ လက်လွတ်စွက်ချွတ် အသေဆိုးနှင့်သေခဲ့ကြရသည်။ မသေသေးသူများလည်း မည်သို့မှ အဝမကောင်းတော့။ ခမာနီတစုံတယောက်မှ ဘုရားရိုက်ခြင်းမှ ပြေးမလွတ်နိုင်ခဲ့။ သို့သော် ထေရဝါဒဗုဒ္ဓသာသနာမှာမူ ယနေ့ကမ္ဘောဒီးယားတွင် ပြန်လည်ရှင်သန်ကျက်ရှိနေလေပြီ။ အလားတူပင် သက်တမ်းနှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီဖြစ်သည့် ဗုဒ္ဓသာသနာတော်ကို သက်တမ်းနှစ်ပေါင်း ၃–၄၀ သာရှိသေးသည့် မြန်မာစစ်အာဏာရှင်ဝါဒက ဖျက်ဆီးနိုင်မည်လော။

သို့သော်ငြားလည်း သံဃာတော်တို့အလုပ်မှာ မေတ္တာပို့ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားပြသခြင်း၊ အားထုတ်ခြင်းသာဖြစ်သည်။ ဆွမ်းခံကြွလာသော ဘုန်းကြီးကို လိုက်ဖမ်းသည့်ကျွဲအား ခံနှင့်ပေါက်ဒုတ်နှင့်ရိုက်၍ ကိုယ်ထိလက်ရောက် နှိမ်နင်းဖို့ရန်မှာ လူ့ဝတ်ကြောင် တပ်ဖွဲ့ဝင်များ၊ ဒါယကာများ၏အလုပ်သာဖြစ်သည်ဟု ဗိုန်ဆရာတော်ကြီးက ဆက်လက်ဟောကြား အသင်းပြပေးခဲ့သည်။ သို့ဖြစ်၍ ကျွဲဆိုးကို မည်သည့်နည်းလမ်းဖြင့် နှိမ်နင်းရမည်မှာ သာမန်စဉ်းစားဆင်ခြင်ဉာဏ်ရှိသူတို့အဖို့ ခက်ခဲစွာစဉ်းစားရမည့်အရာမဟုတ်။

ပုံလွန်တော်မူခဲ့ပြီဖြစ်သော ထေရဝါဒမဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသက မိမိ၏သာသနာ့ခရီး၊ တေရုပ္ပတ္တိကို 'တဘဝသာသနာ' ခေါင်းစဉ်ဖြင့် ပြုစုတော်မူခဲ့သည်။ နောင်ခေတ် မြန်မာပြည်သူတို့၏ ဘာသာရေးသမိုင်းမှာကား 'သုညဘဝ သာသနာ' သာ ဖြစ်နေပါလိမ့်မည်။

သို့သော်လည်း အကောင်းအထည်မမြင်ရသောနိဗ္ဗာန်ထိုပင် အစွမ်းကုန်စွန့်လွှတ်ကျင့်ကြံပါက မလွဲမသွေရရှိမည်ဟု လုံးဝယုံကြည်ကြသူများအတွက် ဒီမိုကရေစီမှာ နိဗ္ဗာန်လောက်မဝေး၊ နိဗ္ဗာန်လောက်မဝေးတော့ သံဃာ့ညီညွတ်ရေးအဖွဲ့ဝင်ရှုံး ဆရာတော်ဦးဥတ္တရက မဲဆောက်မြို့ ကြံပါခရီးဖြင့်ရဲ့၌ မြွက်ကြားခဲ့လေသည် ....။

ငါးမကီ ◆

“

မြန်မာ့ဝါရင့် သတင်းစာဆရာကြီး လူထုစိန်ဝင်း၏ ကမ္ဘာ့ဧရာအနှံ့အပြားမှာ ရောက်ရှိနေကြသည့် တော်လှန်ရေး ရဲဘော်အပေါင်းသို့ ပန်ကြားချက်

”

ကမ္ဘာ့နေရာအနှံ့အပြားမှာရောက်ရှိနေကြတဲ့ တော်လှန်ရေးရဲဘော်အပေါင်းတို့ ...
ကျုပ်နော်လူထုစိန်ဝင်းက နှုတ်ခွန်းဆက်အနေလေးပြောလိုက်ပါတယ် ...။

ရဲဘော်တို့ ...
လက်ထဲမှာဆုပ်ကိုင်ထားတဲ့အာဏာကို သဘောသဘာဝကြီးစွာနဲ့အလိုအလျောက်စွန့်လွှတ်သွားတဲ့အာဏာရှင်မျိုး
ကမ္ဘာ့သမိုင်းမှာ ဘယ်ခေတ်ဘယ်အခါကမှမရှိခဲ့ဖူးပါဘူး။
ယခုတလောလော သူထက်ကြီးမားတဲ့အင်အားနဲ့ ရှေ့ရှုန်းတိုက်ထုတ်ပစ်လိုက်ရတာပဲ။
Force Out လုပ်ခံရတာပဲဖြစ်တယ်။
ဗိုလ်စစ်ပင်ဆာ မားကို့စ်သည် Force Out ပဲ။
အင်ဒိုနီးရှားက ဆူဟာတိုသည် Force Out ပဲ။
နောက်ပြီးတော့ ကုလသမဂ္ဂကနေကာယ်တင်လို့ လွတ်မြောက်သွားရတဲ့နိုင်ငံရယ်လို့
ကမ္ဘာပေါ်မှာ တနိုင်ငံမှမရှိခဲ့ဖူးပါဘူး။
အဲဒါကြောင့် ဒိုင်ယာလော့ဂ်တို့၊ လုပ်ရိုးရာကောင်းစိတ်တို့ ဆိုတာတွေနဲ့ စိတ်ကူးယဉ်ပြီး အချိန်တွေဖြုန်းမနေကြပါနဲ့၊
တိုင်းပြည်က နာလှပါပြီ။
ပြည်သူတွေ ဒုက္ခရောက်လှပါပြီ။
ဒီအာဏာရှင်စနစ်ဆိုးကြီးအောက်မှာ ရာစုနှစ်တဝက်နီးပါးရှိခဲ့ပါပြီ။
အမြန်ဆုံး ဒါတွေကိုအဆုံးသတ်ရမည်ပြီ။
ဒီအာဏာရှင်စနစ်ဆိုးကို Force Out လုပ်နိုင်တဲ့ Force ကျုပ်တို့မှာ၊ လက်ထဲမှာ အသင့်ရှိနေပါတယ်။
အဲဒီ Force က ပြည်သူဆိုတဲ့ အင်အားပဲဖြစ်တယ်။
People Power ဆိုတဲ့ Force ထက်ကြီးမားတဲ့ Force ဘယ်မှာရှိမှာလည်း။
ပြီးခဲ့တဲ့ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကြီးက
ရဟန်း ရှင် လူပြည်သူတွေနဲ့ ကျောင်းသားလူငယ်တွေရဲ့ ဘာမဆိုတဲ့သူ့ရဲ့ကောင်းစိတ်ဓာတ်ကိုပြခဲ့ပြီး
ပြည်တွင်းမှာ ဖိနှိပ်မှုတွေသိပ်ကြီးမားလို့ လူတွေကြောက်နေကြပြီ
မထင်ရတော့ဘူးမကြာဘဲတော့ဘူး။
'ဒိုင်ယာလော့ဂ်နဲ့ အေးအေးလူလုပ်ပြီး ပေးသမျှကိုယူကြစို့' လို့ ကြွေးကြော်နေကြတဲ့ အာဏာရှင်ကို
မျက်နှာချိုသွေးပြီး ရာထူးရာခံတွေကောင်းခံချင်တဲ့လူတွေရဲ့အသံတွေ လုံးဝတိတ်ဆိတ်နစ်မြုပ်သွားခဲ့ပြီ။
ရဲဘော်တို့ ...
ဒီအချိန်ဟာ တော်လှန်ရေးတရပ်လုံး အလှည့်အပြောင်းဖြစ်နိုင်တဲ့ကာလဖြစ်တယ်။
ဒီလိုဖြစ်ဖို့ ရွှေဝါရောင်တော်လှန်ရေးက ဖန်တီးပေးလိုက်တာဖြစ်တယ်။
ရွှေဝါရောင်တော်လှန်ရေးရဲ့ ကြီးမားတဲ့အရှိန်အဟုန်ဟာ ကမ္ဘာတခုလုံးကို ဖုံးလွှမ်းသွားခဲ့ပြီ။
ဒီအခွင့်အရေးကို မိမိရရ အသုံးချရမယ်။
မြန်မာပြည်သူတွေရဲ့ သူရဲကောင်းစိတ်ဓာတ်ကို ယုံကြည်ကြ။
People Power ကို ယုံကြည်ကြ။
People Power နဲ့ အာဏာရှင်စနစ်ကို ချေမှုန်းပစ်ကြ။

လူထုစိန်ဝင်း (မတ်လ ၈ ရက်၊ ၂၀၀၈)

◆

လူမျိုးစုံပြည်သူလူထုအားမဲရုံများသို့ ရဲရဲဝင့်ဝင့်ဆန္ဒကျင်မဲ ပေးနိုင်ရေး အပစ်အခတ်ရပ်အဖွဲ့များမှ လုံ့ဆော်တိုက်တွန်းပေးရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဗြာနချုပ်) မှ ကြေညာချက်ထုတ်ပြန်

အဆွေလူမျိုးညွှန့်ချုပ်ရုံးမှူးဦးဝင်းအောင်ဝင့်

နအဖစစ်အစိုးရမှ လာမည့်မေလအတွင်း ကျင်းပမည့် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကို ပြည်သူလူထုအနေဖြင့် သက်ဆိုင်ရာမဲရုံများသို့သွားရောက်၍ မိမိတို့ပိုင်ဆိုင်သည့် ဆန္ဒအခွင့်အရေးဖြင့် သော ဆန္ဒကျင်ကန့်ကွက်မဲပေးခြင်းဖြင့် စစ်အာဏာရှင်စနစ်ကို တူးတူးခါးခါးပြန်လည်ငြင်းပယ်ကြရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီမှ ၂၀၀၀ ခုနှစ် ဧပြီလ (၂) ရက်နေ့ရက်စွဲဖြင့် ကြေညာချက် (၁) စောင်ထုတ်ပြန်၍ တိုက်တွန်းပန်ကြားလိုက်သည်။

အဆိုပါကြေညာချက်တွင် ထိုအပြင် "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှန်သမျှကို ပြည်သူ လူထုက တိုက်ရိုက်မဲပေးရွေးချယ်ရမည်ဖြစ်" ဖြစ်ကြောင်း၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရ ပြည်သူလူထုသို့တင်ပြထားပြီး ယခု လက်ရှိအာဏာရှင် နအဖစစ်အစိုးရက အဆင့်ဆင့်ရေးဆွဲနေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထိုအနှစ်သာရကို ဖောက်ဖျက်ထားပြီး ထောက်ခံရေးကိုအဓိကထား၍ အမည်ခံရင်းတင်သွင်းသူများကိုသာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် လက်ခံရမည်ဟု ဖော်ပြထားသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ အစဉ်တစိုက်တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စသည့်အခွင့်အရေးများကိုလည်း ပယ်ဖယ်ထားကာ ယင်းမှာ ဒီမိုကရေစီအရေး၏ စစ်အာဏာရှင်စနစ်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြပါရှိသည်။

ထို့ပြင် နအဖစစ်အစိုးရရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) သည် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်သည့် အခြေခံဥပဒေမဟုတ်ဘဲ အနှစ် (၅၀) ကျော်ကြာ စစ်အာဏာရှင်စနစ်ကိုသာ ဆက်လက်ထိန်းသိမ်းထားမည့် အခြေခံဥပဒေ (၁၀၀) ရာခိုင်နှုန်းသာဖြစ်ကြောင်း ထို့ကြောင့် တရားဝင်အောင်ပြုလုပ်ခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) အား လူမျိုးစုံပြည်သူလူထုအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာ ပြည်နယ်တိုင်းများတွင် မဲရုံများသို့သွားကာ ဆန့်ကျင်မဲပေးရန်လိုအပ်ကြောင်း ထောက်ပြထားသည်။

စစ်မှန်သော အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် နအဖ၏အနိုင်ကျင့်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အား လူမျိုးစုံပြည်သူများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် မဲရုံများသို့သွားရောက် ကန့်ကွက်မဲပေးရန်လိုအပ်ကြောင်း၊ ထို့ပြင်ပါ၍ အပစ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် မိမိတို့အခြေစိုက်ရာ မိမိတို့ကိုယ်စားပြုရာ တိုင်းရင်းသားလူမျိုးနယ်မြေများတွင် လိုအပ်သလို တိုက်တွန်းလှုံ့ဆော်တွန်းအားပေးပါရန် အလေးနက်တောင်းခံထားသည်။

ထိုသို့ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဝင်းက "အပစ်ရပ်အဖွဲ့တွေက တကယ်တော့ နအဖရဲ့ညောင်နှစ်ပင်ညီလာခံကို တက်ခဲ့ရတယ်ဆိုပေမယ့် သူတို့ရဲ့ နိုင်ငံရေးအရ ကိုယ်စားပြုမှု နောက်လူမျိုးရေး အရ ကိုယ်စားပြုမှုတွေရှုံးခဲ့ကြတာမဟုတ်ပါဘူး။ သူတို့တင်ပြတဲ့ ဘယ်အချက်ကိုမှလည်း နအဖက လက်ခံထည့်သွင်းပေးခဲ့တာမရှိလည်း မရှိခဲ့ဘူး။ မူမှန်ပြည်သစ်ပါတီကဆိုရင် နောက်ပိုင်းမှာ ကိုယ်စားလှယ်အနေနဲ့တောင်မတက်တော့ဘဲ လေ့လာသူအနေနဲ့သာတက်ခဲ့တယ်" ဟု မိုးကြိုးသတင်းဌာနသို့ပြောသည်။

ဆက်လက်၍လည်း "ကျနော်တို့အနေနဲ့ အပစ်ရပ်အဖွဲ့တွေကို ဘာကြောင့်လှုံ့ဆော်ရသလဲ ဆိုတော့ သူတို့မှာလည်း သူတို့နယ်မြေတွင်းမှာ ကြီးမားတဲ့အင်အားရှိတဲ့အတွက် သူတို့နယ်မှာရှိတဲ့ သူတို့ ရဲ့လူမျိုးအသီးသီးကို မှန်ကန်တဲ့ရွေးချယ်မှုအတွက် လိုအပ်တဲ့ညွှန်ကြား အကြံပြုချက်တွေပေးနိုင်ဖို့ အတွက် ကျနော်တို့က ဒီကြေညာချက်ကို ထုတ်ပြန် ရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

နအဖကကြိုးမှုကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပါဝင်ရေးဆွဲသောအချက်များ ရေးဆွဲရေး ညောင်နှစ်ပင်ညီလာခံကို ဖုတ်လေကြိုက်ပြ သည်ကျင်းပခဲ့စဉ်က ကိုယ်စားလှယ်ပေါင်း (၁,၀၀၀) ဦးတက်ရောက်ခဲ့ပြီး စစ်အုပ်စုမှ ဖိတ်ကြားခြင်း ခံရသော တိုင်းရင်းသားကိုယ်စားလှယ်ပေါင်း (၆၃၃) ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ်၏ ထက်ဝက်ကျော်မှာ ထိုနေရာ၏ အသွင်ကိုယ်စားလှယ် တိုင်းရင်းသားလူမျိုးစုများဖြစ်နေသည်။

နအဖရဲ့လုပ်ထုံးလုပ်နည်းအကြောင်းအရာဆိုရင် ကိုယ်စားလှယ်ရဲ့ထက်ဝက်ကျော်ဆိုရင် အတည် ဖြစ်မယ်ဆိုတော့ နအဖ၏ညောင်နှစ်ပင်ညီလာခံသို့ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားကိုယ်စားလှယ် (၁၇) ဖွဲ့တက်ရောက်ခဲ့သည့်အတွက် ၎င်းတို့နယ်မြေတွင် ၎င်းတို့လူမျိုးအား နအဖ၏လုပ်နည်းလုပ်ဟန်များကိုရှင်းပြ၍ နအဖ၏ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်ကန့်ကွက်မဲပေးရေး စည်းရုံးသွားပါရန် ဦးခင်မောင်ဝင်းက ပြောသွားသည်။

လူမျိုးစုံပြည်သူလူထုအနေဖြင့် နအဖစစ်အစိုးရ၏မျိုးစုံသော ဖိနှိပ်ချိုးနှိမ်ခြင်းများ လှည့်စားမှုများကြောင့် ဆန့်ကျင်မဲပေးနိုင်ရေးအတွက် အလက်သေခံကာရှေ့ဆက်ရမည်ဖြစ်၊ ထို့ကြောင့် လူမျိုးစုံပြည်သူလူထုအနေဖြင့် မိမိတို့သက်ဆိုင်ရာမဲရုံများ သို့သွားရောက်၍ ရဲဝံ့စွာ ဆန့်ကျင်မဲပေးနိုင်ရေး အတွက် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် မိမိတို့အခြေစိုက်ရာ ကိုယ်စားပြုရာ တိုင်းဒေသအသီးသီးရှိ တိုင်းရင်း သားလူမျိုးနယ်မြေများတွင် လိုအပ်သလို လှုံ့ဆော် တိုက်တွန်းအားပေးကြပါရန် ကြေညာချက်တွင် ထပ်မံတိုက်တွန်းထားသည်။ ❖

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အခြေခံလမ်းစဉ်သည် နအဖ၏လမ်းပြမြေပုံအား အဆင့်တိုင်းမှာတိုက်ဖျက်ပစ်ရန်ဖြစ်ကြောင်း အတွင်းရေးမှူးအဖွဲ့ဝင် ခွန်မြင့်ထွန်းမှပြောဆို

အဲန်စီယူဘီအတွင်းရေးမှူးအဖွဲ့ဝင် ခွန်မြင့်ထွန်း

စစ်အုပ်စုကကျင်းပမည့် မေလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုရေး ပြည်သူ့ဆန္ဒကောက်ယူပွဲအား မြန်မာပြည်သူတရပ်လုံးက ကန့်ကွက်မဲထည့် ကြရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ကောင်စီ (အဲန်စီယူဘီ) ကတိုက်တွန်းသော ကြေညာချက်တစောင်ကို ထုတ်ပြန်လိုက်သည်။

ကန့်ကွက်မဲပေးခြင်းသည် လူထုနည်း နှင့်တိုက်ဖျက်သွားခြင်းဖြစ်ကြောင်း၊ ထော် လှန်ရေးအင်အားစုအသီးသီးက တိုက်ပွဲပုံစံ ပေါင်းစုံ နည်းလမ်းပေါင်းစုံနှင့် လမ်းပြမြေပုံ တခုလုံးကို တိုက်ဖျက်ရမှာဖြစ်ကြောင်း၊ ဆန္ဒ ယူပွဲနှင့်ပတ်သက်၍ လူထုတွင် အဓိကတာဝန် ရှိကြောင်းစသဖြင့် အဲန်စီယူဘီ၏အတွင်း ရေးမှူးအဖွဲ့ဝင် ခွန်မြင့်ထွန်းကပြောသည်။

ဆက်လက်၍ "နအဖက အတင်းအ ကျပ်ဆန္ဒခံယူပွဲကို မဖြစ်မနေလုပ်ဖို့ရှိတယ်။ သိမ်းသွင်းမျိုးရိုးနဲ့ဆောင်ရွက်မှာဖြစ်တယ်။ အဲဒီနည်းမျိုးနဲ့လုပ်နေတဲ့အခါမှာ ဘယ် ထွက်ပေါက်ကလဲ ထွက်လို့မရအောင် ကျနော်တို့က နည်းပေါင်းစုံနဲ့ ရင်ဆိုင်တိုက်ပွဲ ဝင်ဖို့ပြောဆိုခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ကန့်ကွက်မဲပေးခြင်းသည် လူထုနည်း နှင့် တိုက်ဖျက်သွားခြင်းပင်ဖြစ်ကြောင်းနှင့် ပြည်တွင်းတော်လှန်ရေးနေသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အဓိကကျနေကြောင်း ကိုလည်း ခွန်မြင့်ထွန်းကပြောသည်။

"တိုက်ပွဲမျက်နှာစာတခုလုံးမှာ ပြောရ မယ်ဆိုရင် ပြည်တွင်းမှာရှိတဲ့ခေါင်းဆောင် တွေက ရှေ့တန်းတိုက်စစ်မှူးဖြစ်ပါတယ်။ သူ တို့ရဲ့အခန်းကဏ္ဍက အဓိကကျပါတယ်။ ကျ နော်တို့အနေနဲ့က အဖွဲ့ချုပ်က ဖွဲ့စည်းပုံနဲ့ ပတ်သက်ရင် တရားမဝင်ဘူးဆိုတဲ့ဟာကို တရားစွဲဆိုတဲ့အထိ ရင်ဆိုင်သွားဖို့ဖြစ်ပါ တယ်။ မူအရ အဖွဲ့ချုပ်ခေါင်းဆောင်များ ရပ်ထားသလို ကျနော်တို့လူထုကလည်းပဲ လူထုနည်းနဲ့ ဒီဖွဲ့စည်းပုံကို တိုက်ဖျက်သွားဖို့ နှိုးဆော်ခြင်းဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

ခွန်မြင့်ထွန်းက အစိုးရကိုကျော်ကာ နောက်မပြန်ပေးနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်အားလုံး နှိ ပါသည် မဝင်မဖြစ်သော အခြေအနေ ကြောင့်ကြောင့်ကြောင့် ဝင်ရောက်ခဲ့ကြ သည်ကို နားလည်ပါကြောင်းနှင့် ဆန္ဒခံယူပွဲ တွင် ကန့်ကွက်မဲထည့်စေလိုကြောင်းကိုလည်း ကြံ့ဖွံ့အဖွဲ့ဝင်များအား မေတ္တာရပ်ခံလိုက်သည်။

"လူထုဆိုတဲ့နေရာမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့ဝင်တွေကိုလည်းပဲ ကျနော်တို့အဓိက ပြောချင်ပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးမှာဆိုရင် ဆရာ၊ ဆရာမတွေပါတယ်။ ဝန်ထမ်းတွေ ပါတယ်။ ပြည်သူတွေ နအဖရဲ့ဖွဲ့စည်းပုံအ ခြေခံဥပဒေကို လက်မခံနိုင်တဲ့သူတွေပါတယ်။ သူတို့ရဲ့အခြေအနေက မဲပေးဖို့ဆိုတဲ့ထိ မဖြစ်မနေသွားရောက်ရမှာဖြစ်ပါတယ်။ အဲဒီ အခါမျိုးကျလို့ရှိရင် ကန့်ကွက်မဲထည့်ပါ။ မ ဖြစ်မနေသွားပေါ့လို့ ကျနော်တို့ပြောချင်ပါ တယ်" ဟု ပြောသည်။

နအဖ၏ ကြေညာချက်များအရ မြန် မာနိုင်ငံတွင် ကြံ့ဖွံ့အဖွဲ့ဝင်ပေါင်း (၂၅) သန်း နီးပါးရှိသည်ဖြစ်ရာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးခန့်ဖြစ်နေပြီး မဲပေးခွင့်ရှိသူ ပေါင်း၏ (၃၀) ရာခိုင်နှုန်းနီးပါးဖြစ်နေသည်။ ❖

သံဃာတော်များက မိမိတို့၏တကာရင်းများအား ဆန္ဒခံယူပွဲသို့သွားရန်နှင့် ကန့်ကွက်မဲထည့်ရန်တို့အား တတ်စွမ်းသမျှ စည်းရုံးဟောပြောပေးတော်မူပါရန် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ ကြေညာချက်တစောင်ထုတ်ပြန်ပန်ကြား

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် နအဖ၏ကြေညာချက်နှင့်ပတ်သက်၍ သံဃာတော်အရှင်မြတ်များမှ မိမိတို့၏ တကာ၊ တကာမများအား ဆန့်ကျင်မဲပေးကြရန် တတ်စွမ်းသမျှတိုက်တွန်းသွားစေလိုပါကြောင်း မြန်မာနိုင်ငံအတွင်းရှိသံဃာတော်အရှင်မြတ်တို့အား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကြေညာချက်တစောင်ထုတ်ပြန်၍ လျှောက်ထားပန်ကြားလိုက်သည်။ အဆိုပါကြေညာချက်တွင် ပြည်သူများ အမှန်တကယ်လိုလားတောင့်တနေကြသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်နှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်သာဖြစ်ကြောင်း ရေးသားဖော်ပြထားပြီး တိုင်းရင်းသားလူမျိုးစုများက အစဉ်တစိုက်တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ပစ်ပယ်ထားကြောင်းပြောသည်။ ပြည်သူများအနေဖြင့် နအဖစစ်အစိုးရ၏ အမျိုးမျိုးသောဖိနှိပ်မှုများ၊ ခြိမ်းခြောက်မှုများနှင့်လှည့်စားမှုများကြောင့် ပြည်သူများအတွက် မိမိတို့၏ဆန္ဒအမှန်ကို မဲပေးခြင်းဖြင့်ထုတ်ဖော်ပြသရန်အတွက် အခက်အခဲများရှိနေကြောင်း ထို့ကြောင့် ပြည်သူများ ရဲရဲရင့်ရင့်မဲပေးနိုင်ရေး အနယ်နယ်အရပ်ရပ်တွင် သီတင်းသုံးနေကြသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့မှာ ရှေ့ဆောင်လမ်းညွှန်မှုများပေးတော်မူကြပါရန် လျှောက်ထားပါကြောင်း အဆိုပါကြေညာချက်တွင်ဖော်ပြပါရှိသည်။ ထိုကြေညာချက်နှင့်ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဝင်းက "စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးအတွင်းမှာ ဆရာတော်၊ သံဃာတော်တွေကဦးဆောင်ပြီး လောကလာလတ်လတ်လုပ်ထားခဲ့တာတွေရှိပါတယ်။ ပြည်သူတွေအတော်များများ သံဃာတော်တွေနဲ့အတူ လူထုလှုပ်ရှားမှုထဲပါဝင်လာကြပေမယ့် ပြည်သူအားလုံးပါဝင်ခဲ့တာမျိုးတော့ မရှိခဲ့ပါဘူး။ လူထုတိုက်ပွဲပုံသဏ္ဍာန် အမျိုးမျိုးရှိရာမှာ လူထုလိုက်ပါနိုင်တဲ့ ပုံသဏ္ဍာန်မျိုးဖြစ်ဖို့လိုပါတယ်။ ဒီတော့ အခု နအဖရဲ့လမ်းပြမြေပုံအဆင့် (၄) မှာ ပြည်သူ့ဆန္ဒခံယူပွဲကိုကျင်းပတော့မှာဆိုတော့ ဆရာတော်တွေအနေနဲ့ ဆွမ်းခံရင်း၊ တရားပေးရင်းနဲ့ပဲဖြစ်ဖြစ် မိမိတို့ရဲ့ တကာ၊ တကာမတွေကို ဆန့်ကျင်မဲသွားရောက်ပေးကြဖို့အတွက် စည်းရုံးပေးကြပါလို့ ကျနော်တို့က မေတ္တာရပ်ခံလျှောက်ထားလိုက်တာဖြစ်ပါတယ်" ဟု မိုးကြိုးသတင်းဌာနသို့ပြောသည်။ ဦးခင်မောင်ဝင်းက နအဖစစ်အုပ်စုအား သံဃာတော်များအပါအဝင် ပြည်သူတရပ်လုံးက ဓါးမောင်းဆန့်ကျင်ကြည့်နိုင်ရေးအကျဉ်းသားများအားလွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးတို့ကိုလည်းတောင်း သံဃာတော်များအပေါ်တွင် မောက်မာစော်ကားထားသူများအား ဝန်ချတောင်းပန်ရန်ကိုလည်းတောင်း တောင်းဆိုခဲ့သော်လည်း ထိုအချက်များကိုလည်း ယခုထိ လိုက်လျောခြင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသေးကြောင်း၊ ထိုတောင်းဆိုချက်များမလိုက်လျောသည့်အတွက်လည်း စက်တင်ဘာသံဃာ့အရေးအခင်းဖြစ် ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုရွှေဝါရောင်တော်လှန်ရေးတွင် ပြည်သူတရပ်လုံးမပါဝင်ခွင့်မရခဲ့သော်လည်း ယခု ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများအနေနှင့် မိမိတို့၏ဆန္ဒအမှန်ကိုထုတ်ဖော်ပြသရန် အခွင့်ကောင်းကိုရနိုင်မည်ဖြစ်သည့်အတွက် ပြည်သူတရပ်လုံး ဆန္ဒခံယူပွဲသို့ မပျက်မကွက်သွားရောက်ကာ ဆန္ဒမဲပေးစေလိုကြောင်းတို့ကိုလည်း ဆက်လက်ပြောကြားသွားခဲ့သည်။ ❖

ဖိနှိပ်ကန့်သတ်မှုများ၊ ကျွယ်ဝှက်ထားမှုများ ရှိနေသော်ငြား၊ ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ စည်းမျဉ်းဥပဒေများကို လေ့လာ ဆွေးနွေးရေးသည် ပြည်သူတိုင်း၏တာဝန်ဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ (မိုးကြိုးသတင်းစဉ်) တွေ့ဆုံမေးမြန်းခြင်း

> “ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန္ဒခံယူပွဲကို လက်မခံနိုင်လို့ ဆန့်ကျင်သူတွေက မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်နေလိုက် ရင် ကျနော်တို့ရရှိမယ့် ဒီမဲတွေဟာ ကန့်ကွက် မဲမဖြစ်လာဘဲ ကြားနေမဲဖြစ်သွားနိုင်တယ်၊ မဲလာပေးသူ စစ်အုပ်စုရဲ့ နောက်လိုက်ဆန္ဒမဲနဲ့ပဲ အတည်ပြုချက်ယူသွားနိုင်တယ်၊ ဒီအတွက် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းအနေနဲ့ မိမိရဲ့ ဆန့်ကျင်မှု၊ လက်မခံနိုင်မှုကိုဖော်ပြနိုင်ဖို့ မဲရုံကို သွားပြီး ကန့်ကွက်မဲကို မဖြစ်မနေ ထည့်ကြဖို့လိုမယ်... ”

မေး ။ ။ ဦးမျိုးဝင်းအနေနဲ့ နီးကပ်လာနေတဲ့ လူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ ဘယ်လိုဖြစ်သင့်တယ်လို့ ထင်ပါသလဲ။ မဲရုံကို သွားပြီး ကန့်ကွက်မဲပေးဖို့ တိုက်တွန်းမလား။ မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်ကြဖို့ အကြံပေးမလား။

ဖြေ ။ ။ လက်ရှိ လူထုဆန္ဒခံယူပွဲဟာ နအဖစစ်အုပ်စုက ထင်ရာသတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုကြီး တရပ်လုံးအနေနဲ့ လက်ခံနိုင်သလား၊ လက်မခံနိုင်ဘူးလားဆိုတာကို ဆုံးဖြတ်ချက်ပေးရမယ့် လုပ်ငန်းစဉ်ကြီးဖြစ်တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူလူထုကပေးအပ်ထားသော အခွင့်အာဏာနဲ့အညီ အုပ်စိုးသူအစိုးရကို တိုင်းပြည်အုပ်ချုပ်စေဖို့ ပြည်သူနဲ့ အစိုးရအကြား ချုပ်ဆိုထားတဲ့ ပဋိညာဉ်ဖြစ်တယ်။ ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်မှာရော အတည်ပြုတဲ့အဆင့်မှာပါ ပြည်သူလူထုရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးကြီးတယ်။

ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တဲ့ လုပ်ငန်းစဉ်အဆင့်တိုင်းမှာ လူထုရဲ့ ပါဝင်ခွင့် အကြံပြုတင်ပြခွင့်၊ ဝေဖန်ဆွေးနွေးခွင့် လုံးဝမရှိတဲ့အပြင် (၅/၉၆) ကဲ့သို့သော မတရားတဲ့ အမိန့်အာဏာနဲ့ ကန့်သတ်ပိတ်ပင်ထားတယ်။ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကျမှသာလျှင် လူထုရဲ့ ပါဝင်ခွင့်ကို စစ်အုပ်စုကခွင့်ပြုထားတာဖြစ်တယ်။ ဒီနေရာမှာလည်း စစ်အုပ်စုအနေနဲ့ စစ်မှန်တဲ့ လူထုရဲ့ သဘောထားကိုရယူဖို့ထက် ခြိမ်းခြောက်မှု၊ ဖြားယောင်းမှု၊ လိမ်လည်မှုနည်းလမ်းမျိုးစုံနဲ့ အလွယ်အတည်ပြုချက်ယူဖို့အတွက် ဆောင်ရွက်နေတာသာဖြစ်ကြောင်း ထင်ရှားနေတယ်။

ဒီအတွက် မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတဦးချင်းစီရဲ့ ရွေးချယ်ဆုံးဖြတ်မှုဟာ အရေးပါတယ်။ ပြည်သူတွေအနေနဲ့ နအဖက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့အခွင့်အရေးတွေကို ကာကွယ်ပြဋ္ဌာန်းပေးထားရဲ့လားဆိုတာကို သိရှိနိုင်ဖို့အတွက် သေသေချာချာ ဆန်းစစ်လေ့လာသိရှိကြဖို့လိုမယ်။ ဒါဟာ ပြည်သူလူထုပူးပေါင်းပါဝင်မှုအတွက် အဓိကကျသလို နိုင်ငံသားတဦးချင်းစီရဲ့ နိုင်ငံရေးအခွင့်အရေးလည်းဖြစ်တယ်။

စစ်အုပ်စုကသူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ် ရာသက်ပန်တည်မြဲစေဖို့အတွက်ဖြစ်တယ်ဆိုတာ ပြည်သူတွေသိရှိသွားမှာကိုစိုးရိမ်ပြီး အခုချိန်ထိရောင်းမချသေးဘူး။ လေ့လာခွင့်၊ ဆွေးနွေးခွင့် မပေးသေးဘူး။

ဒီအတွက် ပြည်သူတရပ်လုံးအနေနဲ့ ဖိနှိပ်ကန့်သတ်မှုတွေရှိနေသော်ငြားလည်း လေ့လာခွင့်၊ ဆွေးနွေးခွင့်ရအောင် ကြိုးတိုက်ယူရမယ်။ ခွင့်မရှိလည်း လေ့လာကြရမယ်။ ဆွေးနွေးကြရမယ်။ တပြည်လုံးအတိုင်းအတာနဲ့ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဆွေးနွေးပွဲတွေ စီစဉ်ဆောင်ရွက်ရမယ်။

စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုထံမဖြန့်ဝေသေးရင်တောင်မှ သူတို့ ကရေးဆင်ထုတ်ဝေထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အမျိုးသားညီလာခံရဲ့ညီ အစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများစာအုပ်ကိုပဲ လေ့လာသင့်ပြီး ဆွေးနွေးပွဲတွေ စတင်သင့်ပြီ။ သိရှိနားလည်တဲ့သူတွေကလည်း ဒီစာအုပ်ကို မိတ္တူကူးယူပြီး ပြည်သူလူထုအတွင်း များများဖြန့်ဝေသင့်တယ်။ ဒါဟာ လူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တရပ်ဖြစ်တယ်။ ဒီလိုပြည်သူတရပ်လုံး ဆွေးနွေးလေ့လာမှုအပေါ် စစ်အုပ်စုအနေနဲ့ ဘာဥပဒေနဲ့မှ ဖမ်းဆီးခွင့်မရှိပါဘူး။ ဖမ်းဆီးမယ်ဆိုရင်တောင် သန်း (၅၀) ကျော်တဲ့ပြည်သူတွေအတွက် စစ်အုပ်စုက ထိန်းချုပ်နိုင်ဖို့ အကျဉ်းထောင်မရှိပါဘူး။

ကျနော့်အနေနဲ့ စစ်အုပ်စုကရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူပိုင်းဆိုင်ရာနဲ့ ဥပဒေပြဋ္ဌာန်းချက်များအရရော ပြည်သူတွေရဲ့ ပါဝင်ခွင့်လုံးဝမရှိခဲ့တဲ့ ရေးဆွဲခဲ့တဲ့လုပ်ငန်းစဉ် အဆင့်ဆင့်အရရော လုံးဝလက်မခံနိုင်ဘူး။ ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လူထုဆန္ဒခံယူပွဲကိုပါ ပြည်သူတရပ်လုံးက အခုကတည်းက နည်းမျိုးစုံနဲ့ တိုက်ဖျက်ကြဖို့လိုမယ်။ အကောင်းဆုံး ကြိုးပမ်းတိုက်ဖျက်လျက်နဲ့ လူထုဆန္ဒသဘောထားကို လုံးဝလက်ခံလျှင်ပြီး စစ်အုပ်စုအနေနဲ့ ဆန္ဒခံယူပွဲကို အတင်းအဓမ္မကျင်းပလာရင်လည်း ဆက်လက်တိုက်ဖျက်နိုင်ဖို့အတွက် ပြင်ဆင်ထားရှိရမယ်။ ဒီလုပ်ငန်းစဉ်နှစ်ရပ်ကို တပြိုင်နက်ဖော်ဆောင်သွားဖို့လိုမယ်။

လူထုဆန္ဒခံယူပွဲအဆင့်ကိုရောက်ပြီး တိုက်ဖျက်မယ်ဆိုတဲ့အခါမှာလည်း မဲရုံသွားပြီး ကန့်ကွက်မဲပေးကြမလား (ပူးတိုက်မလား)၊ မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်ကြမလား (ရှောင်တိုက်မလား) ဆိုတာ ရွေးချယ်စရာနည်းလမ်း နှစ်ခုရှိလာတယ်။ ဒီအတွက် စစ်အုပ်စုက ကလိမ်ကကျစ်ကျမယ့်ဟာတွေ ပြည်သူတွေရဲ့ လိုက်ပါနိုင်မှုတွေ၊ မိမိတို့အတွက် အားအသာဆုံးနည်းလမ်းတွေကို ပေါင်းစပ်ရွေးချယ်နိုင်ဖို့လိုမယ်။

စစ်အုပ်စုရဲ့ မြှုပ်ကွက်၊ လှည့်ကွက်တွေကို ဆန်းစစ်ကြည့်ရင် စစ်အုပ်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲနဲ့ အတည်ပြုမယ်လို့ ရေးဆွဲပြဋ္ဌာန်းထားတယ်။ ဒါပေမယ့် စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ထုတ်ပြန်လာတဲ့အခါ အခန်း (၉) ဆန္ဒမဲများ ရေတွက်ခြင်းအခန်းမှာ မဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေနဲ့ ထောက်ခံမဲပေးသူဦးရေနှင့် ၎င်းတို့၏ ရာခိုင်နှုန်းဖြင့်ဖော်ပြရမယ်လို့သာ ပြဋ္ဌာန်းထားပြီး အတည်ပြုမဲ့နည်းလမ်းကို လုံးဝပြဋ္ဌာန်းမထားဘူး။ ဒါဟာ စစ်အုပ်စုရဲ့ ကလိမ်ကကျစ်ကျမှုဖြစ်တယ်။

စစ်အုပ်စုတခါနိရှိသူတွေက ဆန္ဒမဲလာပေးသူဦးရေရဲ့ အများစုထောက်ခံဆန္ဒမဲနဲ့ အတည်ပြုနိုင်တယ်လို့ အလွတ်သဘောပြောဆိုလာတာတွေကိုလည်း လေ့လာတွေ့ရှိရတယ်။ ဒီအတွက် စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန္ဒခံယူပွဲကို လက်မခံနိုင်လို့ ဆန့်ကျင်သူတွေက မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်နေလိုက်ရင် ကျနော်တို့ရရှိမယ့် ဒီမဲတွေဟာ ကန့်ကွက်မဲမဖြစ်လာဘဲ ကြားနေမဲဖြစ်သွားနိုင်တယ်။ မဲလာပေးသူ စစ်အုပ်စုရဲ့ နောက်လိုက်ဆန္ဒမဲနဲ့ပဲ အတည်ပြုချက်ယူသွားနိုင်တယ်။ ဒီအတွက် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းအနေနဲ့ မိမိရဲ့ဆန့်ကျင်မှု၊ လက်မခံနိုင်မှုကိုဖော်ပြနိုင်ဖို့ မဲရုံကိုသွားပြီး ကန့်ကွက်မဲကို မဖြစ်မနေထည့်ကြဖို့လိုမယ်။

ဘယ်လောက်ထိ ခြိမ်းခြောက်မှုတွေ၊ ဖိနှိပ်မှုတွေရှိရှိ အမျိုးသားရေးတာဝန်ကရင်အနေနဲ့ သတ္တိရှိရှိ ကန့်ကွက်မဲသွားပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီနည်းလမ်းဟာ လူထုရဲ့ပူးပေါင်းပါဝင်မှုကို များများရရှိနိုင်မယ်၊ လူထုလိုက်ပါနိုင်မှု အများဆုံးရှိနိုင်မယ့် မိမိတို့အတွက် အားအသာဆုံး နည်းလမ်းဖြစ်တယ်။ နအဖရဲ့ လူထုဆန္ဒခံယူပွဲဥပဒေနဲ့အညီ တိုက်ပွဲဝင်တာဖြစ်တဲ့အတွက် ပြည်သူတွေအတွက် လုံခြုံမှုရှိတယ်။ မဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိရဲ့ နိုင်ငံရေးအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး တိုက်ပွဲဝင်တာလည်း ဖြစ်တယ်။

မေး ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက (၉၀) ရလဒ် ပယ်ဖျက်ခံရခြင်း မခံရခြင်းဟာ အချိန်အခါလက်တွေ့အတွက် ပြဿနာမဟုတ်ဘူး။ ပြဿနာက အခြေခံဥပဒေမူကြမ်း အတည်ပြုခံသွားခြင်း မသွားခြင်းသာဖြစ်တယ်လို့ ပြောသွားတဲ့အပေါ်မှာ ဦးမျိုးဝင်း ဘယ်လိုသုံးသပ်ချင်ပါသလဲ။

ဖြေ ။ ။ နအဖ စစ်အုပ်စုဟာ ပြည်သူလူထုနဲ့ နိုင်ငံတကာမိသားစုကြီးရဲ့ လိုလားတောင်းဆိုမှုဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေး (၉၀) ရွေးကောက်ပွဲရလဒ်အပေါ် အခြေခံတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစီအစဉ်ကိုဖော်ဆောင်ရေး စတာတွေကိုမျက်ကွယ်ပြုပြီး အတုအယောင်အမျိုးသားညီလာခံကိုကျင်းပခဲ့တာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထင်ရာသတ်ရေးဆွဲခဲ့တာ၊ လူထုဆန္ဒခံယူပွဲ လုပ်လာတာနဲ့ နောက်ထပ် ရွေးကောက်ပွဲအသစ်လုပ်မယ့် အစီအစဉ်တွေဟာ (၉၀) ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်နိုင်ဖို့၊ ကျော်နင်းနိုင်ဖို့ အတွက်ဖြစ်တယ်။

၁၉၉၀ လူထုဆန္ဒကို ၂၀၀၈ အတုအယောင် လူထုဆန္ဒနဲ့ ဖျက်ချင်လို့ဖြစ်တယ်။ ဒီအတွက် (၉၀) ရလဒ်နဲ့လူထုဆန္ဒခံယူပွဲဟာ ခွဲခြားရတဲ့ ခေါင်းနဲ့ပန်းလိုပါဖြစ်တယ်။ အနိုင်ရပါတီတရပ်အနေနဲ့ တမျိုးသားလုံးရဲ့ အကျိုးစီးပွားအတွက် စစ်အာဏာရှင်စနစ် ရာသက်ပန်တည်မြဲစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အလေးထားတင်ပြနေတာကိုလည်း နားလည်လက်ခံနိုင်ပါတယ်။

ဒီလိုတင်ပြနေခြင်းဟာ စစ်အုပ်စုရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုတရပ်ဖြစ်တဲ့ (၉၀) ရလဒ်ကို အဓိကထားပြီး အာဏာပြဿနာကို ရှေ့တန်းတင်နေတယ်ဆိုတဲ့ မတရားစွပ်စွဲချက်ကို ရှောင်လွှဲနိုင်ဖို့နဲ့ ပြည်သူလူထုကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံကြဖို့ ရှင်းလင်းအကျယ်တဲ့ သဘောထားတင်ပြနိုင်ဖို့ ရည်ရွယ်တာလို့ပဲ သုံးသပ်မိတယ်။

မေး ။ ။ နိုင်ငံတကာရဲ့ ထောက်ခံမှုဟာ မြန်မာပြည်ပြောင်းလဲရေးအတွက် ဘယ်လောက်ထိ (ဘယ်နှစ်ရာခိုင်နှုန်းလောက်များ) အရေးပါနိုင်ပါသလဲ။

စာမျက်နှာ (၂၅) ကော်လံ (၁) သို့—

[illegible] (၂) [illegible]— တကယ်လို့ အရေးပါခဲ့တယ်ဆိုရင်တော့ အနောက်ရဲ့ ထောက်ခံမှု၊ ကန့်ကွက်မှုတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပူးပေါင်းပါဝင်မှုတွေမှာ ဘယ်ဘက်က ပိုပြီးအားကောင်းစေနိုင်ပါသလဲ။

ဖြေ ။ နိုင်ငံတကာရဲ့ ပံ့ပိုးကူညီမှုတွေဟာ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် တစိတ်တရာအထောက်အကူပြုခဲ့ပေမယ့် မနေ့တနေ့က ဆရာကြီးလူထု ဦးစိန်ဝင်းပြောခဲ့သလိုပဲ နိုင်ငံတကာရဲ့ကူညီမှုနဲ့ စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ဆီကို အသွင်ကူးပြောင်းသွားနိုင်ခဲ့တဲ့ သမိုင်းဖြစ်ရပ် မရှိခဲ့ပါဘူး။

“ဥစ္စာရှင်လို့ ဥစ္စာရှင်မဲ့” ဆိုသလို မိမိတို့ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ပြည်သူတရပ်လုံး တိုက်ပွဲသဏ္ဌာန်ပေါင်းစုံနဲ့ စုစု စည်းစည်း တိုက်ပွဲဝင်ကြဖို့သာ အဓိကဖြစ်တယ်။ မိမိတို့ရဲ့အားဟာ နိုင်ငံတကာမှာ မရှိပါဘူး။ ပြည်တွင်းမှာပဲရှိတယ်။ လူထုအားကိုပဲ အဓိကထားရမယ်။

လူထုမှာ (၁၉၈၈) တိုက်ပွဲ (၁၉၉၀) တိုက်ပွဲနဲ့ (၂၀၀၇) စက်တင်ဘာ တိုက်ပွဲ အတွေ့အကြုံများ ရရှိထားပြီးဖြစ်တယ်။ ရရှိလာမယ့်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး တိုက်ပွဲဆင်နွှဲသွားလိမ့်မယ်လို့လည်း အခိုင်အမာယုံကြည်ထားတယ်။ ဒီအတွက် အတိုက်အခံနိုင်ငံရေးအင်အားစုအသီးသီးကလည်း အဆင်သင့်ဖြစ်နေရမယ်။ ထိုဆက်တည်းမှာ နိုင်ငံတကာမိသားစုကြီးကိုတင်ပြချင်တာက သူတို့ရဲ့ပံ့ပိုးမှုတွေ ပိုပြီးထိရောက်စေချင်ရင် အရှေ့အနောက်မခွဲခြားဘဲ တူညီသောရည်မှန်းချက်၊ နည်းလမ်းများနဲ့ ညီညွတ်စွာ တွန်းအားပေးသွားနိုင်ဖို့၊ ပံ့ပိုးကူညီနိုင်ဖို့ လိုနေသေးတယ်ဆိုတာကိုပဲ။

မေး ။ တရားဝင်မှတ်ပုံတင်ခြင်းမပြုတဲ့ နိုင်ငံရပ်ခြားမှာ အလုပ်လာလုပ်နေရတဲ့ သန်းနဲ့ချီတဲ့ မြန်မာအလုပ်သမားထုကို အသိအမှတ်မပြုဘဲ တရားဝင်ပတ်စ်ပို့ ကိုင်ထားသူတွေအတွက်သာ မဲပေးခွင့်ပေးတဲ့ နအဖစစ်အုပ်စုရဲ့ လုပ်ရပ်ကို ဘယ်နည်းနဲ့ တိုက်ဖျက်နိုင်မလဲ။ (သူတို့တွေဟာ နိုင်ငံရေးသမားတွေမဟုတ်၊ လက်နက်ကိုင်တော်လှန်ရေးသမားတွေလည်း မဟုတ်။ စစ်အုပ်စုကို ပြစ်တင်ဝေဖန်ရလောက်အောင် ကောင်းမှုမသိဘဲ သူတို့ရဲ့ အသက်ရှင်ရပ်တည်ရေးအတွက် ရှေ့ကြည့်ရာချိုက်နေရာ ရှာဖွေနေရတဲ့ နိုင်ငံသားတယောက်ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ မဲပေးရွေးချယ်ခွင့်ကိုပါ ထယ်မဲဆုံးရှုံးနေရသူတွေဖြစ်ပါတယ်။)

ဖြေ ။ ။ ရွေးချယ်ခံပိုင်ခွင့် မဲပေးပိုင်ခွင့်ဆိုတာတွေဟာ နိုင်ငံသားတိုင်းရဲ့ မွေးရာပါနိုင်ငံရေးအခွင့်အရေးတွေဖြစ်တယ်။ ဥပဒေကြောင်းအရ မိမိအမြင်ကိုတင်ပြခွင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီသတ်မှတ်ထားတဲ့ မဲဆန္ဒနယ်မြေတွေမှာသာ မဲပေးခွင့်ရှိရမှာပဲဖြစ်တယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်အောက်မှာ တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်နယ်ပယ်မှာမှ မရှိဘူး။ ကွယ်ပျောက်နေတာ ကြာပါပြီ။ အခုလည်းပဲ ဥပဒေနဲ့အညီ မဲဆန္ဒနယ်မြေတွေ သတ်မှတ်ပြီး မဲပေးခိုင်းတာမျိုးမဟုတ်ဘဲ ဖိနှိပ်မှု ခြိမ်းခြောက်မှုမျိုးစုံနဲ့ ထောက်ခံမဲ ရယူနိုင်ဖို့ မဲဆန္ဒနယ်မြေတွေကိုသတ်မှတ်ရန် ပြင်ဆင်နေတယ်လို့လည်း အခိုင်အမာ သိရှိထားပြီးဖြစ်တယ်။

နိုင်ငံရပ်ခြားမှာ မိမိတို့ရှင်သန်ရပ်တည်ရေးအတွက် အလုပ်လာလုပ်နေကြရတဲ့ အလုပ်သမားများအရေးကို မိမိတို့တိုင်းပြည်ရဲ့ နိုင်ငံရေး စီးပွားရေးပြဿနာတွေရဲ့အကျိုးဆက် ဆိုးကျိုးတွေအဖြစ်ပဲ ရှုမြင်တယ်။ တရားမျှတတဲ့ လွှတ်တော်အစိုးရဖြစ်နေရင်၊ မိမိပိုင် ချုပ်ချယ်မှုကင်းရင် လွတ်လပ်စွာ စီးပွားရှာခွင့်ရှိရင်၊ မိမိရဲ့လုပ်အားနဲ့အညီ ဖူလုံတဲ့ဝင်ငွေ ရှာဖွေနိုင်ကြမယ်ဆိုရင် ဘယ်သူကမှ အမိမြေကနေ ထွက်ခွာချင်မှာမဟုတ်ပါဘူး။

အားလုံးဟာ စနစ်ဆိုးရဲ့ သားကောင်တွေပဲဖြစ်တယ်။ စစ်အာဏာရှင်တွေဆီကနေ မိမိတို့ရောက်ရှိနေရာဒေသကနေ မဲပေးပိုင်ခွင့် တောင်းဆိုနေမယ့်အစား စစ်အာဏာရှင်စနစ်ပယ်ဖျက်ရေးတိုက်ပွဲများမှာ အုပ်စုလိုက် သဘောတူညီမှုအနေနဲ့ ပါဝင်ကြဖို့ အားလုံးကိုတိုက်တွန်းချင်တယ်။ ဒါပေမယ့် စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ သူတို့ရဲ့ ဆန္ဒသဘောထားတွေကိုတော့ ဖုံးဖိသင့်တယ်။ ဖော်ထုတ်သင့်တယ်။

မေး ။ ။ တကယ်လို့ ဆန္ဒမဲပွဲလည်းဖြစ်သွားတယ်။ ပြည်သူတွေကလည်း ကန့်ကွက်မဲပဲ ပေးလိုက်တယ်ဆိုပါစို့။ ဒါပေမယ့် ထွက်လာတဲ့အဖြေက ထောက်ခံမဲပေးထားတာဘဲ ဆန့်ကျင်ဘက်ရလဒ်ဖြစ်လာမယ်ဆိုရင် ဦးဆောင်မှုဝင်တို့ အဓိကထားပြီး ဘာဆက်လုပ်ဖို့ ပြင်ဆင်ထားပါသလဲ။

ဖြေ ။ ။ ကျနော် အထက်ကတင်ပြခဲ့သလို ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုဟာ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသားတိုင်း လေ့လာဆွေးနွေးနေရုံ ကန့်ကွက်မဲပေးလိုက်ရုံနဲ့ မပြီးသေးဘူး။ မဲရုံကြီးကြပ်တဲ့လုပ်ငန်း ဆန္ဒမဲရေတွက်တဲ့လုပ်ငန်းအစီအစဉ်များမှာလည်း ပါဝင်ခွင့်ရှိရမယ်။ ဒီလုပ်ငန်းစဉ်များမှာ စစ်မှန်တဲ့ လူထုကိုယ်စားလှယ်တွေ ပါဝင်နိုင်အောင် ကြိုးပမ်းရမယ်။

ပါဝင်ခွင့်မရယင် မဲရေတွက်နေတာကို သိရှိနိုင်ဖို့ မဲလိမ်မခံရဖို့အတွက် မဲရုံတိုင်းမှာစောင့်ကြည့်နိုင်ဖို့ ပြည်သူတွေပါဝင်ဆောင်ရွက်ရမယ်။ မဲလိမ်လာပြီဆိုရင်လည်း မဲလိမ်နေတဲ့အကြောင်း လွတ်လပ်စွာ ထုတ်ဖော်နိုင်ရမယ်။

မဲလိမ်နေပြီဆိုတာနဲ့ မဲလိမ်မှု တရားမျှတမှုရှိဖို့ အတွက် လူထုကတောင်းဆိုနိုင်ရမယ်။ အဆင်သင့်ရှိနေရမယ်။ တပြည်လုံးအတိုင်းအတာနဲ့ တောင်းဆိုတိုက်ပွဲဝင်ရမယ်။ ဒါဟာ နိုင်ငံသားတိုင်းရဲ့ နိုင်ငံရေးအခွင့်အရေးဖြစ်တယ်ဆိုတာကို လူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် စီမံဆောင်ရွက်နိုင်ဖို့အတွက် အတိုက်အခံအင်အားစုအားလုံးက အားထုတ်ကြဖို့လိုတယ်။

လူထုအနေနဲ့ကို ရှစ်လေးလုံး (၉၀) ရလဒ်နဲ့ စက်တင်ဘာလှုပ်ရှားမှုကြီးများက ဖော်ထုတ်ပြသထားပြီးဖြစ်တဲ့အတွက် စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုက ကန့်ကွက်မဲပေးမယ်။ ဆန့်ကျင်မယ်ရမယ်ဆိုတာကို ယုံကြည်ပြီးသားပါ။ လူထုဆန္ဒအစစ်အမှန်ကိုဆန့်ကျင်ပြီး စစ်အုပ်စုအနေနဲ့ ကလိမ်ကကျစ်လုပ်မယ်။ အဲဒီ့ အတည်ပြုကြောင်းကြေညာမယ်ဆိုယင် နောက်ထပ် လူထုရဲ့ ဆန္ဒ လိုလားချက်တွေကို ဖော်ပြနိုင်တဲ့ လူထုတိုက်ပွဲတွေကို ဖော်ထုတ်ကြရမှာပဲ။ လူထုအားနဲ့ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်တိုက်ဖျက်ရမှာပဲ။ နိုင်ငံတကာ မိသားစုအနေနဲ့လည်း အသိအမှတ်မပြုကြဖို့ စည်းရုံးတိုက်တွန်းရမှာပဲ။

မေး ။ ။ အဲဒီလိုမျိုး ပြည်သူတွေဟာ ကိုယ့်ဆန္ဒအမှန်ကို ထပ်ပြီးလိမ်ညာခံရမယ်၊ အလွှဲမှားခံရမယ်ဆိုရင် မြန်မာပြည်တွင်းရဲ့ ဖြစ်လာမယ့်အနာဂတ်ဟာ ဘယ်လိုရှိမယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ စစ်အုပ်စုအနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားတွေကို အလေးမထားဘဲနဲ့ သူတို့ရဲ့လမ်းပြမြေပုံ (၇) ဆင့်အတိုင်း တဖက်သတ် အကောင်အထည်ဖော်ဆောင်ရွက်နေမယ်ဆိုရင်တော့ လက်ရှိတိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအရပ်ရပ်ဟာ အခုအခြေအနေထက် ပိုပြီးဆိုးဝါးလာလိမ့်မယ်။ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုလိုက်ရတဲ့အတွက် အကျိုးဆက်အဖြစ် တည်ငြိမ်မှုကင်းမဲ့ပြီး အမျိုးသားပြိုကွဲမှုကြီးဆီသို့ ဦးတည်လိမ့်မယ်။ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာလိမ့်မယ်။ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်တွေ၊ အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေ ပိုမိုတိုးပွားလာလိမ့်မယ်။ လူမှုရေးပြဿနာတွေ ပိုမိုကြီးထွားလာလိမ့်မယ်။ မြန်မာပြည်ရဲ့ပြဿနာအရပ်ရပ်ဟာ ဒေသဆိုင်ရာတည်ငြိမ်မှုနဲ့လုံခြုံရေးကို ပိုမိုခြိမ်းခြောက်လာလိမ့်မယ်။

မေး ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူထုလှုပ်ရှားမှုကော်မတီတို့ပြီး ဖွဲ့စည်းလိုက်တဲ့ ပြည်တွင်းက အဖွဲ့သစ်နဲ့ ပတ်သက်လို့ ဘယ်လိုပြောချင်ပါသလဲ။ (အဖွဲ့ချုပ်ကတော့ ပါတီရဲ့ဗဟိုကော်မတီက ဖြစ်တယ်လို့ ပြောပါတယ်။)

ဖြေ ။ ။ အဖွဲ့အစည်းတိုင်းမှာတော့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေတော့ ရှိကြမှာပဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုဦးဆောင်မှုအပေါ် အားမလိုအားမရ ဖြစ်နေတဲ့ဝေဖန်မှုတွေ ပါတီတွင်း လူထုတွင်းနဲ့ အတိုက်အခံအင်အားစုများအတွင်းမှာ ရှိနေခဲ့တာတော့ ကြာပါပြီ။ အခုလို နိုင်ငံရေးအခြေအနေအောက်မှာ ဗဟိုဦးဆောင်မှုအနေနဲ့ နိုးနိုးထထ ဆောင်ရွက်နေရတာကိုလည်း နားလည်ပါတယ်။ နအဖရဲ့ (၁/၂၀၀၈) နဲ့ (၂/၂၀၀၈) ထုတ်ပြန်ချက်တွေကို အဖွဲ့ချုပ်အနေနဲ့ လက်မခံနိုင်ဘူးလို့ သဘောထားတင်ပြထားတဲ့အပြင် နအဖရဲ့ ဥပဒေချိုးဖောက်မှုတွေကို တရားစွဲဆိုခဲ့တာ၊ လူထုဆန္ဒခံယူပွဲ နည်းဥပဒေကို ထုတ်ပြန်ပေးဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုထံ အမြန်ဖြန့်ဝေပေးဖို့ တောင်းဆိုခဲ့တာတွေကို အစဉ်အဆင့် ဆောင်ရွက်ခဲ့ပြီးဖြစ်တယ်။

ဒါပေမယ့် အချိန်ကာလသတ်မှတ်ချက်ရှိတဲ့ နိုင်ငံရေးတိုက်ပွဲကာလမှာ ဦးဆောင်ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပိုင်းဖြတ်မှုတွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ ပါတီရဲ့ အခန်းကဏ္ဍကို အလေးထားပြီး ဦးဆောင်မှုကို တောင်းဆိုနေကာတည်းက ပါတီရဲ့တာဝန်ဟာ ကြီးမား ကျယ်ပြန့်လှပါတယ်။

အထူးသဖြင့် ဗဟိုဦးဆောင်မှုရဲ့တာဝန်ဟာ ကြီးလေးလှပါတယ်။ ဒီနေ့ကာလလို နိုင်ငံရေးအခြေအနေအောက်မှာ တဦးကောင်း၊ တယောက်ကောင်း၊ တပါတီ တဖွဲ့ တည်းကောင်း လုပ်ယုံနဲ့မရပါဘူး။ အင်အားစုအားလုံး စုစုစည်းစည်း၊ ညီညီညွတ်ညွတ်တိုက်ပွဲဝင်နိုင်မယ့် ဦးဆောင်မှုနဲ့ ဘုံလုပ်ငန်းစဉ်ကို တောင်းဆိုနေတဲ့ကာလ ဖြစ်တာနဲ့အညီ ဦးဆောင်ပါတီရဲ့ အမြော်အမြင်ကြီးမားမှုတွေ၊ ဆုံးဖြတ်ချက်သွက်လက်မှုတွေဟာ ပါတီဝင်တွေအတွက်ရော ပြည်သူအတွက်ပါ အရေးပါလှပါတယ်။

ပါတီရဲ့ ထုတ်ပြန်ကြေညာချက်တွေ ပြောရေးဆိုခွင့်ရှိသူရဲ့ [illegible]မှုတွေအရ အဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုပိုင်းဟာ စစ်အုပ်စုနဲ့ စီးချင်းထိုး မတော်ချင်တာကနေ လူထုလုပ်ငန်းစဉ်တွေကို မကြာခင်မှာ ဖော်ထုတ်ဆောင်ရွက်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ဒီကနေ့ကာလတိုက်ပွဲဟာ အမျိုးသားရေးတာဝန်တရပ်အသွင်ဖြင့် ပြည်သူတရပ်လုံးက ပါဝင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာပဲတာဝန်ရှိတယ်လို့ မခံယူစေချင်ဘူး။ ဦးဆောင်မှုကို တိုက်ပွဲတွင်းကနေ မွေးဖွားပေးနိုင်သလို၊ တိုက်ပွဲကပဲ ဦးဆောင်မှုအဆင့်နေရာကို သတ်မှတ်ပေးသွားပါလိမ့်မယ်။

◆

> “ဒီကနေ့ကာလတိုက်ပွဲဟာအမျိုးသားရေးတာဝန်တရပ်အသွင်ဖြင့် ပြည်သူတရပ်လုံးက ပါဝင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာပဲတာဝန်ရှိတယ်လို့မခံယူစေချင်ဘူး၊ ဦးဆောင်မှုကိုတိုက်ပွဲတွင်းကနေမွေးဖွားပေးနိုင်သလို၊ တိုက်ပွဲကပဲ ဦးဆောင်မှုအဆင့်နေရာကို သတ်မှတ်ပေးသွားပါလိမ့်မယ်...။”

စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေး....
ပြည်သူအားလုံးပါဝင်ပေး

စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေမည့် အတုအယောင်ဆန္ဒခံယူပွဲအား လုံးဝဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း (၆၃) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့တွင် ကြေညာချက်တစောင်ထုတ်ပြန်

(၆၃) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကျင်းပနေစဉ်

တပေါင်းလပြည့်နေ့ဖြစ်သော မတ်လ (၂၁) ရက်နေ့တွင်ကျရောက်သည့် (၆၃) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့တွင် ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့မှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ပအိုဝ်းပြည်သူတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးအတွက် အမျိုးသားလက္ခဏာကိုထိန်းသိမ်းစောင့်ရှောက်ရန်အပြင် ပအိုဝ်းအမျိုးသားကိုယ်စားပြု နိုင်ငံရေးအဖွဲ့အစည်းများ၊ ပအိုဝ်းအမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များ၊ အမျိုးသမီးနှင့်လူငယ်များအပါအဝင် လူထုလူတန်းစားအဖွဲ့အစည်းအားလုံး၏ ညီညွတ်မှုမှတဆင့် ပအိုဝ်းတိုင်းရင်းသားအွေးစည်းညီညွတ်ရေးကို ဦးတည်ဖော်ဆောင်သွားရန်တို့ကို တိုက်တွန်းထားသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်ဆိုင်သူအားလုံးပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးဖြေရှင်းရန်နှင့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် အတုအယောင်ဆန္ဒခံယူပွဲကို လုံးဝဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားရန်တို့ကိုလည်း အခိုင်အမာသံန္နိဋ္ဌာန်ချမှတ်ထားကြောင်း ပါဝင်သည်။

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တစိုက်မတ်မတ်တော်လှန်တိုက်ပွဲဝင်လျက်ရှိနေကြသော ဘဝတူတိုင်းရင်းသား ညီနောင်များအပါအဝင် တော်လှန်ရေးအင်အားစုများအကြား ပိုမိုသွေးစည်းခိုင်မာစေရန်တို့ကိုလည်း တိုက်တွန်းထားသော အဆိုပါကြေညာချက်ကို ပအိုဝ်းလုပ်အမှုဆောင်ကော်မတီမှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထို (၆၃) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အား ထိုင်း-မြန်မာနယ်စပ်ဒေသများဖြစ်သော မဲဟောင်ဆောင်တွင်လည်းကောင်း၊ မလေးရှားနှင့် ပအိုဝ်းအမျိုးသားများရှိရာ မည်သည့်ဒေသတွင်မဆို ကျင်းပခဲ့ကြောင်းနှင့် ထိုင်း-မြန်မာနယ်စပ်တနေရာတွင်ကျင်းပခဲ့သော ပအိုဝ်းအမျိုးသားနေ့အခမ်းအနားတွင်လည်း ပအိုဝ်းအမျိုးသားများအပါအဝင် ကရင်၊ မွန် စသည့်တိုင်းရင်းသားများနှင့်အတူ ပရိတ်သတ် (၁၀၀) ကျော်တက်ရောက်ခဲ့ကြကြောင်းလည်းသိရသည်။ မြန်မာပြည်တွင် ပအိုဝ်းတိုင်းရင်းသားပေါင်း (၃) သန်းကျော်ရှိသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော [illegible]

❖

မဟာဗျူဟာညှိနှိုင်းအစည်းအဝေးတရပ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် စီအိုင်အက်စ်အယ်လ်(အီတလီ)တို့ဦးဆောင်ကျင်းပ

အင်န်စီယူဘီနှင့် စီအိုင်အက်စ်အယ်လ်တို့၏ မဟာဗျူဟာညှိနှိုင်းအစည်းအဝေးအခမ်းအနား

မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးများ ထွန်းကားစေရေးရည်ရွယ်၍ မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးတရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) နှင့် CISL တို့မှ ဦးဆောင်၍ ထိုင်းနိုင်ငံနယ်စပ်တနေရာတွင် မတ်လ (၂၅) ရက်နေ့မှစ၍ (၂၇) ရက်နေ့အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့သည်ဟု သိရသည်။

ယင်းအစည်းအဝေးသို့ အင်န်စီယူဘီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာစိန်ဝင်းနှင့် ဖိုးတာဝင်းတို့ဦးဆောင်သော အင်န်စီယူဘီခေါင်းဆောင်များ၊ အင်န်စီယူဘီအဖွဲ့ဝင်များနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အီတလီနိုင်ငံ CISL National Secretary ဖြစ်သူ Renzo Bellini ထိုင်းနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Ignazio နှင့် ISCOS Piemonte ၏ ဒါရိုက်တာ Paolo Pozzo နှင့် ဥရောပ ဗွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

ယင်းမဟာဗျူဟာညှိနှိုင်းအစည်းအဝေးတွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်လာရေးအတွက်လိုအပ်ချက်များ၊ UN နှင့် EU သံတမန်များအကြား တိုးတက်ဖြစ်ထွန်းမှု မြန်မာပြည်ဒီမိုကရေစီရေးတွင် အီတလီသတင်းမီဒီယာများ၏ အခန်းကဏ္ဍပါဝင်ပတ်သက်မှု အလားအလာများနှင့် အမှုလုပ်အားပေးစေခိုင်းခံရသူများအား လူမှုရေးအရပြန်လည်နေရာချထားရေးနှင့် ဒီမိုကရေစီနှင့် အလုပ်သမားများအား အထူးအညီပေးရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလိုအပ်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ဟု သိရသည်။

တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) "ဦးမျိုးဝင်းက ဒီအစည်းအဝေးဟာ အင်မတန်အကျိုးရှိပါတယ်။ အထူးသဖြင့် မတူညီတဲ့အမြင်တွေကိုစုစည်းနိုင်တယ်။ Vote No Campaign အတွက် တူညီတဲ့သဘောထားနဲ့ လုပ်ငန်းစဉ်တွေ ဖော်ထုတ်နိုင်တယ်" ဟု မိုးကြိုးသတင်းဌာနသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

❖

မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းရာတွင် ပိုမိုအထောက်အကူဖြစ်ရေးအစည်းအဝေး ဗိုဝိန်းမြို့တွင်ကျင်းပ

အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်၊ ဗိုဝိန်းမြို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ အဖွဲ့ဝင်များနှင့်အတူ မြန်မာ့ဒီမိုကရေစီအင်အားစုများမှ ဒီမိုကရေစီရေးလမ်းစဉ် တတိယအကြိမ်ညီလာခံကို ကျင်းပခဲ့သည်။

ညီလာခံတွင် အဓိကအားဖြင့် မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းရာတွင် ပိုမိုအထောက်အကူဖြစ်စေရေး ဖက်ဒရယ်အစိုးရတရပ်ဖွဲ့စည်းရေး အလေးပေးဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေသည် စစ်အာဏာရှင်ကိုသုံးပြီးနိုင်မည့် အစိုးရတဲ့ လိုနေချိန်ဖြစ်ပြီး၊ သုံးလနှင့်ခြောက်လအတွင်း အကောင်အထည်ဖော်ရန်လည်း အကြံပြုထားကြောင်းသိရသည်။

နိုင်ငံခြားညီလာခံသို့တက်ရောက်လာကြသူများ

ညီလာခံ၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်းက "ဖက်ဒရယ်အစိုးရ ဖွဲ့စည်းရေးဆိုတာကို တိုက်ရိုက်လုပ်မှာမဟုတ်သေးပဲ ဒီညီလာခံကနေပြီးတော့ ဖက်ဒရယ်အစိုးရဖွဲ့စည်းရေးကို ထောက်ခံပါတယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးလည်း တိတိပပကျဖို့ကလည်း မသေချာဘူးခင်ဗျ။ အခုလက်ရှိကိုပဲ အခြေခံဥပဒေကို အတည်ပြုပေးဖို့ဆိုတာတွေကို အခြေအတင်ဆွေးနွေးကြတာတွေကို တွေ့ရပါတယ်။ ဖက်ဒရယ်အစိုးရဖွဲ့စည်းရေးဆိုတာ လက်တွေ့မှာ ဖြစ်လား၊ မဖြစ်လားဆိုတာကတော့ အခုလက်ရှိ မပြောနိုင်သေးပါဘူး" ဟု ဗိုဝိန်းကသို့ပြောသည်။

ထိုအစည်းအဝေးတွင် ဖက်ဒရယ်အခြေခံဥပဒေအတည်ပြုရေးဆွေးနွေးပွဲတခုနှင့် မေလတွင်ကျင်းပမည့် လူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ရှေ့ဆက်လုပ်ငန်းစဉ်များကို အစုနှစ်ဖွဲ့၍ ဆွေးနွေးခဲ့ကြကြောင်း၊ တောင်အာဖရိကမှ အာဖရိကအမျိုးသားကွန်ဂရက်ကဲ့သို့သောအဖွဲ့အစည်းမျိုးဖွဲ့စည်းရေး ထောက်ခံတင်ပြသော ဆုံးဖြတ်ချက်နှင့် အခြေခံဥပဒေမူကြမ်း၊ လူထုဆန္ဒခံယူပွဲကိစ္စရပ်များနှင့် ပတ်သက်သော ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်မည်ဖြစ်ကြောင်း ညီလာခံနှင့် နီးစပ်သူများကဆိုသည်။

ညီလာခံသို့ လူဦးရေ (၁၀၀) မှ (၁၅၀) ခန့်အထိတက်ရောက်ခဲ့ကြပြီး နယ်စပ်အဖွဲ့အစည်းအတော်များများမှဖြစ်ကြောင်းသိရသည်။ အေဘီအက်စ်ဒီအက်ဖ် (ကျောင်းသားတပ်မတော်) နှင့် အင်န်စီယူဘီ (ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ) မှ ခေါင်းဆောင်များ၊ ကေအန်ယူမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဗဟိုယူအယ်လ်ဘီမှ ခေါင်းဆောင်များနှင့် ဥရောပမှလုပ်ရှားသူများ ထို့အပြင် ဘာသာနှင့်ချောင်းအဖွဲ့မှ သံဃာတော်များနှင့် အမေရိကန်မှ ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ စုံညီစွာတက်ရောက်ခဲ့ကြပြီး စုစုပေါင်း အစည်းအဝေးတက်ရောက်သူ စုစုပေါင်း (၁၀၀) မှ (၁၅၀) ခန့်အထိရှိကြောင်း သိရသည်။ ❖

အင်န်စီယူဘီအထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်း

ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံတွင် မြန်မာ့အရေးဆွေးနွေး

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ်လ (၁၀) ရက်နေ့မှ (၂၈) ရက်နေ့အထိ ကျင်းပပြုလုပ်သော အဖွဲ့ဝင် (၄၇) နိုင်ငံ ပါဝင်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၇) ကြိမ်မြောက်ညီလာခံ၌ မြန်မာနိုင်ငံအခြေအနေများနှင့်ပတ်သက်သောဆွေးနွေးပွဲ အစုပ်ကို မတ်လ (၁၀) ရက်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဤဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အီးယူဥရောပနိုင်ငံများမှ အစိုးရအရာရှိများ၊ အမေရိကန်နှင့် အာဆီယံနိုင်ငံတချို့မှ သံတမန်များ၊ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ အဝေးရောက်အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ (အန်စီဂျီယူဘီ) မှ ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းနှင့် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (ဒဗလျူအယ်လ်ဘီ) က နော်ဇာညောပေါ်တို့ တက်ရောက်ခဲ့ကြသည်။

ဤဆွေးနွေးပွဲတွင် မြန်မာ့အရေးနှင့်ပတ်သက်၍ ဒေါက်တာသောင်းထွန်းက သံဃာတော်များဦးဆောင်သော စက်တင်ဘာလှုပ်ရှားမှုကြီးပြီးဆုံးသွားသော (၅) လအတွင်း မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေများ၊ သံဃာလှုပ်ရှားမှုကြီးကို ဖြိုခွင်းခဲ့ပြီးနောက် သုတေသနပြုချက်အရ တွေ့ရှိချက်များ၊ လူထု၏ ဒီမိုကရေစီရေးတောင်းဆိုမှုနောက်ကွယ်၌ရှိနေသော ဆက်စပ်တည်ရှိနေသည့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အနေအထား၊ အကျပ်အတည်းများနှင့် အထူးသဖြင့် လူဦးရေ၏ (၆၀) ရာခိုင်နှုန်းကျော်သောကျေးလက်တောရွာများမှ တောင်သူလယ်သမားတို့၏ အခြေအနေများ၊ လယ်သမားများ၏ လယ်ယာမြေများကို အဓမ္မ အသိမ်းခံရမှုများ၊ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် လယ်ယာမြေသိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ သိရှိချက်များ၊ ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်များ၊ အာဏာပိုင်များ၏ အလွဲသုံးစား အဆင့်ဆင့်လုပ်ဆောင်မှုများ၊ ထို့မှတဆင့် ဖြစ်ပေါ်လာသော လူမှုရေး၊ စီးပွားရေး နောက်ဆက်တွဲ အကျိုးဆက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

နော်ဇာညောပေါ်ကလည်း မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအရှေ့မြောက်ဒေသ ကရင်ပြည်နယ်နှင့် တိုင်းရင်းသားဒေသများတွင်ဖြစ်ပျက်လျက်ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အထူးသဖြင့် ပွင့်လင်းရာသီကာလနီးလာချိန်တွင် စစ်အစိုးရက ဆင်နွှဲလျက်ရှိသော ထိုးစစ်ကြောင့် ကျေးရွာများ အမှုရွှေ့ပြောင်းခံနေရခြင်း၊ ထိုင်းနိုင်ငံတွင်းသို့ မြန်မာတိုင်းရင်းသားဒုက္ခသည်များ ထွက်ပြေးခိုလှုံနေထိုင်ရခြင်း စသည့် အခြေအနေများကို အဓိကထား၍ ဆွေးနွေးတင်ပြခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပင်နဲရိုးက မပြီးပြတ်သေးသော လူ့အခွင့်အရေးစုံစမ်းမှုကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုအခြေအနေများ၊ စစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ပြည်သူ့ဆန္ဒခံယူပွဲအပေါ် အတိုက်အခံများ၏ သဘောထားစသည့် မြန်မာနိုင်ငံရေး နောက်ဆုံးအခြေအနေများကိုလည်း တင်ပြဆွေးနွေးခဲ့ကြောင်း ဒေါက်တာသောင်းထွန်းက ပြောကြားခဲ့သည်။ ❖

အင်ဒိုနီးရှားနိုင်ငံတွင် (၂) ရက်တာကျင်းပသည့် မြန်မာ့အရေးညီလာခံသို့နိုင်ငံခြားရေးဝန်ကြီးတက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့၏ပြောခွင့်ရ ဦးညီညီအုန်းမြင့်

မတ်လ (၇)

နအဖစစ်အစိုးရမှ (၂) လအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများမလုပ်ပါက အာဆီယံအစိုးရများနှင့် အသင်းအဖွဲ့များမှ ဆန့်ကျင်ဖိအားပေးရန် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင်ကျင်းပခဲ့သော မြန်မာ့အရေးညီလာခံမှ ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

ထိုညီလာခံသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင်လည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတခုလည်းဖြစ်သည့် အင်ဒိုနီးရှားသမ္မတ ဆူဒိ ဆိုနိုကိုယ်တိုင်တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ အာဏာရှင်စနစ်မှနေ၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာရသောအကြောင်းကို ဥပမာပေးလျက် မြန်မာစစ်တပ်အတွင်းရှိ ပြုပြင်ပြောင်းလဲရေးလုပ်လိုသူများအား ဒီမိုကရေစီအင်အားစုများမှ စည်းရုံးသင့်ကြောင်း အကြံပြုတင်ပြခဲ့သည်။

ညီလာခံသို့ တက်ရောက်ခွင့်ရခဲ့သူ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ပြောခွင့်ရ ဦးညီညီအုန်းမြင့်က မြန်မာစစ်အုပ်စုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းမှ လမ်းလွဲသွားသည့်အတွက် အာဆီယံအဖွဲ့ဝင်နှင့် လက်ရှိလုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်သော အင်ဒိုနီးရှားနိုင်ငံက အစိုးရမဟုတ်သော အဖွဲ့များဖြင့် ပူးပေါင်းအကြံရှာမှုတရပ်ဖြစ်ကြောင်းပြောသည်။

သူက “ကျနော်တို့တင်ပြတဲ့အချက်မှာတော့ အဓိကက ဒီမိုကရေစီအင်အားစုတွေအနေနဲ့ မေလမှာကျင်းပပြုလုပ်မယ့်အချက်ကို ကျနော်တို့လက်မခံဘူးဆိုတာ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်းနိုင်ငံတွေကို ကျနော်တို့တင်ပြနိုင်မယ်လို့ ထင်ပါတယ်” ဟု ပြောသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ်တက်ရောက်ခဲ့သော ဆရာတော် ဦးပြေသာသနလည်း အကြမ်းဖက်ဖြိုခွင်းခံရသည့် ယမန်နှစ် စက်တင်ဘာသံဃာတော်ဆန္ဒပြပွဲအတွင်းက ကိုယ်တွေ့အတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့သည်။

ထိုညီလာခံသို့ အမေရိကန်၊ ကနေဒါနှင့် အနောက်နိုင်ငံများမှ သံအမတ်များ၊ စင်ကာပူနှင့် အာဆီယံနိုင်ငံများမှ သံအမတ်များ၊ အာဆီယံအဖွဲ့တွင်းနိုင်ငံများမှ အစိုးရမဟုတ်သည့်အသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။ ❖

လူထုဆန္ဒခံယူပွဲတွင်လေ့လာခွင့်ပေးရန် ကုလသမဂအဆိုပြုချက်ကို စစ်အစိုးရငြင်းပယ်မှုအား ဖိလစ်ပိုင်သမ္မတ ပြစ်တင်ဝေဖန်

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာ အာရိုယို

နအဖစစ်အုပ်စု၏ မေလတွင်ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲတွင် လွတ်လပ်သော အကဲခတ်သမားများကို လေ့လာခွင့်ပြုပေးရန် ကုလသမဂ္ဂ၏ အဆိုပြုကမ်းလှမ်းချက်ကို စစ်အစိုးရက ငြင်းပယ်လိုက်ခြင်းအား ဖိလစ်ပိုင်နိုင်ငံက ပြစ်တင်ဝေဖန်လိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး မစ္စတာအီဘရာဟင်ဂမ်ဘာရီက စစ်အစိုးရခေါင်းဆောင်များ၊ အတိုက်အခံပါတီများနှင့် တွေ့ဆုံချိန်၌ လူထုဆန္ဒခံယူပွဲကျင်းပချိန်တွင် သီးခြားလွတ်လပ်သော လေ့လာစောင့်ကြည့်မှုများကို ခွင့်ပြုပေးရန် အဆိုပြုချက်အား မြန်မာစစ်အစိုးရက ပယ်ချလိုက်သည်။

ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအတွင်း ဆန္ဒခံယူပွဲပြုလုပ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပိတ်ပင်ထားသော အခြေခံဥပဒေမူကြမ်းကိုလည်း ပြင်ဆင်ပေးရန် ငြင်းဆိုခဲ့ကြောင်းသိရှိရသည်။

မြန်မာပြည်တွင် စစ်အစိုးရနှင့် အတိုက်အခံပါတီများအကြား ရပ်ကြားစေ့စပ်ရေး ကြိုးပမ်းရန်ရောက်ရှိနေသော ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီသည် နောင့်နှေးကြန့်ကြာမှုရှိခဲ့သော်လည်း စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီး ဦးစိုးသာ၊ ပြန်ကြားရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးကျော်သူတို့နှင့် တွေ့ဆုံခဲ့ရသော်လည်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံဆွေးနွေးခွင့်မရရှိခဲ့ကြောင်း ကုလသမဂ္ဂပြန်ကြားရေးဌာနက ပြောကြားခဲ့သည်။ ဆွေးနွေးမှုအသေးစိတ်ကို မသိရှိရပေ။

ဖိလစ်ပိုင်သမ္မတ မစ္စစ်ဂလိုရီယာ အာရိုယိုကလည်း နိုင်ငံခြားအကဲခတ်သမားများလာရောက်လေ့လာခြင်းသည် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခြင်းမဟုတ်ကြောင်း၊ လူထုများ၏ဆန္ဒမဲပေးခြင်းမှာ မှန်ကန်မှုရှိသောကြောင့် စစ်အစိုးရ၏ သိက္ခာရှိမှုအား ကမ္ဘာကိုပြသရာပင်ရောက်ကြောင်း ဝေဖန်ပြောကြားသွားသည်။ ❖

နအဖဦးဆောင်ကျင်းပမည့် လူထုဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲအား တောင်အာဖရိက အာဏာရပါတီမှ ဦးဆောင်ကန့်ကွက်ဆန္ဒပြ

မတ်လ (၇) ရက်၊

မြန်မာနအဖစစ်အစိုးရ၏ လူထုဆန္ဒခံယူပွဲနှင့်ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်ကြောင်း တောင်အာဖရိကနိုင်ငံ၏ အာဏာရပါတီက မြန်မာသံရုံးရှေ့တွင် ဆန္ဒပြပွဲကျင်းပခဲ့သည်။

ယင်းဆန္ဒပြပွဲတွင် ယခုလက်ရှိအာဏာရပါတီဖြစ်သည့် African National Congress (ANC) နှင့်အတူ တောင်အာဖရိကနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့၊ ကွန်မြူနစ်ပါတီဝင်များအပါအဝင် တောင်အာဖရိကနိုင်ငံသား (၃၀၀) ခန့် ပါဝင်ခဲ့သည်။

ဆန္ဒပြရာတွင် ပါဝင်ခဲ့သူတဦးဖြစ်သူ မြန်မာပြည်လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (Free Burma Campaign) မှ ကိုမျိုးနိုင်က “အခြေခံဥပဒေမှာ ပြည်သူအားလုံးရဲ့ဆန္ဒပါဝင်ဖို့၊ ပြည်သူအားလုံးရဲ့ဆန္ဒကို ကိုယ်စားပြုဖို့၊ နောက်ပြီး ပြည်သူတွေရွေးချယ်တင်မြှောက်တဲ့သူကို အာဏာလွှဲပေးဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် လုပ်ပေးဖို့ ဒါတွေကို ဗမာအစိုးရကို ကျနော်တို့တောင်းဆိုပါတယ်” ဟု ပြောလိုက်သည်။

ယခုကဲ့သို့ဆန္ဒပြခြင်းဖြင့် နိုင်ငံတကာက မြန်မာပြည်ကို လစ်လျူရှုမထားကြောင်းနှင့် ဗမာပြည်သူများ၏ လွတ်လပ်ရေးလှုပ်ရှားမှုကို အသိအမှတ်ပြုထောက်ခံကြောင်း ပြသလိုခြင်းဖြစ်ကြောင်းလည်း သိရသည်။

အာဖရိကတိုက်ဖွား နိုင်ဂျီးရီးယားနိုင်ငံသားဖြစ်သော ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကိုလည်း မြန်မာနိုင်ငံအရေးမှာ မျှတထိရောက်စွာဆောင်ရွက်နိုင်ရန် ဖိအားပေးတောင်းဆိုသော လှုပ်ရှားမှုမျိုးကိုလည်း တောင်အာဖရိကနိုင်ငံသားများမှနေ၍ စတင်လုပ်ဆောင်ပြီဖြစ်ကြောင်းလည်း ကိုမျိုးနိုင်အဆိုအရသိရသည်။

မြန်မာသံရုံးအရှေ့တွင် ဆန္ဒပြပွဲပြီး ဘုရင်နှင့်အစိုးရပူးပေါင်းအုပ်ချုပ်တာ ကိုယ်ကျိုးရှာမှုကြောင့် စီးပွားရေးချွတ်ခြုံကျနေသည့် ဇင်ဘာဘွေနိုင်ငံတွင်လည်း ယခုနှစ်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲကို သန့်ရှင်းမျှတစွာလုပ်ပေးရန် ဇင်ဘာဘွေနိုင်ငံသံရုံးရှေ့နှင့် ဆော်ဒီအာရေဗျနိုင်ငံသံရုံးရှေ့တို့တွင်လည်း ဆန္ဒပြခဲ့ကြောင်းသိရသည်။ ❖

နအဖ၏ဆန္ဒခံယူပွဲအား ထိုင်း-မြန်မာ နယ်စပ်မြို့ရှိ တရားမဝင်အလုပ်လုပ်နေသူပေါင်း (၁) သန်းခန့်၏ မဲပေးခွင့်မရှိခြင်းအပေါ် ကန့်ကွက်မှုများစတင်

မဲဆောက်မြို့ဈေးအတွင်းသွားလာလှုပ်ရှားနေကြသည့်မြန်မာနိုင်ငံသားများ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နအဖ) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုတင်ဆန့်ကျင်ကန့်ကွက်သည့်လှုပ်ရှားမှုအား ထိုင်းမြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံအလုပ်သမားအစည်းအရုံးညီညွတ်ရေးအဖွဲ့ (ဘီအယ်လ်အက်စ်ဆို) က စတင်လိုက်သည်။

ဘီအယ်လ်အက်စ်ဆိုက စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေရန်နှင့် ပြည်သူများအား ပိုမိုဆင်းရဲမွဲတေစေပြီး ဥပဒေမဲ့ထုပ်ချုပ်နိုင်ရန် ထမင်းသတ်ရေးထားသည့်ဥပဒေဖြစ်သောကြောင့်လည်းကောင်း၊ (၁) လေးလုံးအရေးတော်ပုံနှင့် ၁၉၉၀ ရလဒ်တို့အားလည်းကောင်း၊ ပြည်သူတို့၏ဆန္ဒကို လျစ်လျူရှုခြင်းဖြစ်သောကြောင့်လည်းကောင်း၊ ရေးသားထားသော နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြတ်ပြတ်သားသားဆန့်ကျင်ကြရန် ကြေညာခဲ့သည်။

ဖေဖော်ဝါရီလကုန်ပိုင်းက ကြေညာခဲ့သော နအဖစစ်အုပ်စု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေမူကြမ်းပေါ် မဲဆန္ဒရှင်များဆိုင်ရာ ဥပဒေပုဒ်မ (၁၁) ပိုဒ်ခွဲ (ဃ) အပိုဒ် (၄) တွင် ဖော်ပြထားသည့် 'ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ' ဆိုသည်အပိုဒ်အရပြည်ပတွင် အစိုးရခွင့်ပြုချက်မရှိဘဲ လာရောက်အလုပ်လုပ်နေရသူ (၁) သန်းကျော်မှာ မဲပေးခွင့်ရရှိတော့မည်မဟုတ်ပေ၊ ဘီအယ်လ်အက်စ်ဆိုမှ ထိုဥပဒေကိုကန့်ကွက်ကြောင်း ပြောသည်။

ဘီအယ်လ်အက်စ်ဆိုတာဝန်ခံ ကိုသံခုတ်က "လူထုဆန္ဒခံယူပွဲဟာမြစ်ဖြစ် ဖွဲ့စည်းပုံပဲဖြစ်ဖြစ် နိုင်ငံတရဲ့အသက်ပဲ၊ ကျနော်တို့မြန်မာပြည်သားအလုပ်သမားတွေ ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ ဂျပန် အစရှိတဲ့နိုင်ငံတွေမှာ သန်းနဲ့ချီပြီးရှိပါတယ်၊ အဲဒီတွေဟာ ကိုယ့်နိုင်ငံသားတွေဖြစ်တယ်ဆိုရင် သူတို့ကို ဆုံးဖြတ်ခွင့်ပေးရမယ်၊ အဲဒီတွေကတဆင့် အင်ဘဆီရာနိုင်ငံက အာဏာပိုင်တွေနဲ့ဆက်သွယ်ပြီး သူတို့ရှိနေတဲ့နေရာကို မဲပုံးတွေအရောက်ပို့ပေးရမှာဖြစ်ပါတယ်၊ အဲဒါကို မလုပ်ဘဲနဲ့ တရားမဝင်ရောက်နေသူတွေကို မဲပေးခွင့်မရှိဘူးလို့ဆိုတာဟာ ရွှေ့ပြောင်းအလုပ်သမားထုတရပ်လုံးကို စော်ကားလိုက်တာပဲ" ပြောဆိုခဲ့သည်။

ဘီအယ်လ်အက်စ်ဆိုအဖွဲ့သည် မဲဆောက်မြို့ရှိ အလုပ်သမားထုအတွင်း၊ ကွင်းဆင်း၍ နအဖ၏အခြေခံဥပဒေအကြောင်း ရှင်းလင်းပွဲများပြုလုပ်၍ ဆန့်ကျင်ကန့်ကွက်သည့် လက်မှတ်များကို စတင်ကောက်ယူနေပြီဖြစ်ကြောင်းလည်းသိရသည်။ အလားတူ လှုပ်ရှားမှုများကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ မဟာချိုင်နှင့် ယလာ၊ ကမ္ဘောဒီးယားနယ်စပ်ရှိ မြန်မာအလုပ်သမားများကြားတွင်လည်းကောင်း၊ စင်ကာပူတွင်လည်းကောင်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ထိုလက်မှတ်များအား ဆန္ဒခံယူပွဲမတိုင်မီ လူသိရှင်ကြားထုတ်ပြန်ရန်မှာ ကုလအထွေထွေအတွင်းရေးမှူးချုပ်ထံသို့လည်း ပေးပို့မည်ဖြစ်ကြောင်း ကိုသံခုတ်ကပြောသည်။

နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလုပ်သမားလူတန်းစားအတွက် လွတ်လပ်စွာစည်းရုံးခွင့်၊ အလုပ်သမားသမဂ္ဂများဖွဲ့ခွင့်၊ ဆန္ဒပြခွင့်၊ အလုပ်ရှင်နှင့်အလုပ်သမားကြား စေ့စပ်ပိုင်ခွင့် စသည့်အလုပ်သမားတို့၏ရပိုင်ခွင့်များကိုလည်း လုံးဝအာမခံချက်ပေးထားခြင်းမရှိကြောင်း ဘီအယ်လ်အက်စ်ဆိုမှ ဝေဖန်ပြောကြားလိုက်သည်။

❖

နအဖစစ်အစိုးရ၏ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးရန် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်မှပြောဆို

မတ် (၈) ရက်၊

နိုင်ငံတကာအမျိုးသမီးများနေ့ဖြစ်သော မတ်လ (၈) ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (ဒဗလျူအယ်လ်ဘီ) မှ ၂၀၁၀ တွင်ကျင်းပပြုလုပ်မည့် နအဖစစ်အစိုးရ၏ လူထုဆန္ဒခံယူပွဲတွင် ဆန့်ကျင်ကန့်ကွက်မဲပေးရန် ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့်နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနား

ယင်းကြေညာချက်တွင် မြန်မာစစ်အုပ်စုကရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၉၀ တွင် ပါဝင်ခဲ့သည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူလူထု၏ဆန္ဒသဘောထားများ လုံးဝပါဝင်ခြင်းမရှိဘဲ ၎င်းတို့၏စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်ဟု ဖော်ပြထားသည်။ စစ်အစိုးရရေးဆွဲနေသည့် ယခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်သာ အတည်ဖြစ်ခဲ့ပါက မြန်မာနိုင်ငံရှိ အမျိုးသမီးထုအနေဖြင့်လည်း ခံစားနေရသည့် လိင်အကြမ်းဖက်မှုများ၊ မတရားမှုများနှင့် ခွဲခြားဆက်ဆံခံနေရမှုများ စသည့်ဒုက္ခမျိုးစုံကို ဆက်လက်ရင်ဆိုင်နေရဦးမည်ဖြစ်သဖြင့် ကန့်ကွက်မဲပေးရန်တိုက်တွန်းထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒွဲလိန်က စစ်အုပ်စုကကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲသည် ပြည်သူလူထုအကျိုးမရှိသောကြောင့် ကန့်ကွက်မဲများပေးရန် မြန်မာနိုင်ငံအမျိုးသမီးထုသာမက ပြည်တွင်းပြည်ပတွင်နေထိုင်ကြသည့် ပြည်သူလူထုသို့လည်း တိုက်တွန်းပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်၏ တွဲဘက်အထွေထွေအတွင်းရေးမှူး ဒွဲလိန်က ပြည်သူလူထုဆန္ဒခံယူပွဲသည် ပြည်သူများအတွက် အကျိုးမရှိနိုင်သည့်အတွက် ကန့်ကွက်မဲများထည့်ကြရန် မြန်မာနိုင်ငံအမျိုးသမီးထုသာမက ပြည်တွင်းပြည်ပတွင်နေထိုင်ကြသောပြည်သူများကို တိုက်တွန်းတောင်းဆိုခဲ့သည်။

"မြန်မာပြည် အမျိုးသမီးထုတွေ သာမကဘဲနဲ့ ဒီမြန်မာပြည်မှာရှိတဲ့ ပြည်သူလူထုတွေအကုန်လုံး၊ နောက် ဒီပြည်ပမှာရှိတဲ့ ပြည်သူတွေအကုန်လုံး၊ ကျမတို့ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ ဘာပဲဖြစ်ဖြစ် ဒါဆိုလို့ရှိရင် သူတို့ဖက်က တဖက်သတ်ဇွတ်အတင်းလုပ်တဲ့ဟာဖြစ်တော့ ဒီဟာတွေကို တခဲနက်ကန့်ကွက်ဖို့ တိုက်တွန်းထားတာဖြစ်တယ်"ဟု ဒွဲလိန်ကပြောသည်။

ထို့အပြင် နိုင်ငံတကာအမျိုးသမီးများနေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်ရှိသည့် အမျိုးသမီးအဖွဲ့စည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများတို့မှ ပူးပေါင်းကာ အမျိုးသမီးထု၏ စည်းလုံးညီညွတ်မှု စည်းလုံးညီညွတ်သောတောင်းဆိုမှုများကို ပြသည့်အနေနှင့် ဒိုတက်လမ်းလျှောက်ပွဲများ ပြုလုပ်ခဲ့သည်။ ထိုနိုင်ငံ၊ နယူးယောက်မြို့တွင်လည်း (ဒဗလျူအယ်လ်ဘီ) အဖွဲ့ဝင် အမျိုးသမီးများက လူအင်အား (၁၀၀) ခန့်ဖြင့် အမျိုးသမီးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရန် ဆန္ဒပြပွဲတရပ်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးများနေ့တွင် အင်္ဂလန်နိုင်ငံမှ ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းကလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

သူက "နိုင်ငံတကာအမျိုးသမီးများနေ့မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သတိရနေဖို့လည်း အရေးကြီးတယ်"ဟု ပြောခဲ့သည်။ ❖

ဆန္ဒခံယူပွဲအား ကန့်ကွက်လက်မှတ်ရေးထိုးပွဲ ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပ

ဂျပန်နိုင်ငံရောက်ထိုင်းရှင်းသားများ ... နအဖ၏ဆန္ဒခံယူပွဲအားဆန့်ကျင်ဆန္ဒပြစဉ်

နအဖစစ်အုပ်စုသည် ၂၀၀၈ ခုနှစ်၊ မေလတွင် လူထုဆန္ဒခံယူပွဲကျင်းပပြီး ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကိုခေါ်ယူမည့်ကြေညာချက်အပေါ် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများမှ ဆန့်ကျင်ကန့်ကွက်ခြင်းများ၊ လက်မှတ်ရေးထိုးခြင်းများကို ပြင်းပြင်းထန်ထန်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းရရှိသည်။

ဤလှုပ်ရှားဆောင်ရွက်မှုတွင် ဂျပန်နိုင်ငံရောက် တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံကလည်း၊ နအဖစစ်အုပ်စု၏ လူထုဆန္ဒခံယူပွဲအတုအယောင်ကို ဆန့်ကျင်ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးပွဲတခုကို မတ်လ (၉) ရက်နေ့က ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ထိမဲဘုကုရှိ အယ်ကိုတိုရှီးမားအဆောက်အဦး၊ ခြောက်ထပ်မှာ ညနေ (၆) နာရီမှ ည (၉) နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် သဘာပတိများအဖြစ် ဦးမင်းချိုးချစ်၊ ဦးစောလှိုင်ကဲ၊ ကောအန်ကိုမှ ဦးစိန်တန်တို့မှ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များနှင့် ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲများတွင် ကျဆုံးသွားခဲ့ကြသော အာဇာနည်သူရဲကောင်းများအား အလေးပြုခြင်းနှင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် ငြိမ်သက်ဆုတောင်းခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးနှင့် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးနှင့် နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုအတည်ပြုရန် လူထုဆန္ဒခံယူပွဲနှင့် တရားမျှတမှုမရှိသော အထွေထွေရွေးကောက်ပွဲအား ကန့်ကွက်သည့်အဆိုပြုလွှာတင်သွင်းခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာကြသော တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက ကန့်ကွက်ရှုံ့ချကြကြောင်း လက်မှတ်များရေးထိုးခဲ့ကြသည်။

ထိုအခမ်းအနားမှာ အခမ်းအနားမှူးအဖြစ် Lia Cing Lam Maung , Lahpai Zaw La နှင့် ကိုကျော်မင်းဦးတို့က ဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လက်မှတ်ရေးထိုးသူ (၈၀) ကျော်ရှိကြောင်း၊ သတင်းရရှိသည်။

❖

စစ်အာဏာရှင်စနစ်ဖြုတ်ချရေး
ကန့်ကွက်မဲ ဝိုင်းဝန်းပေး

(၁)

ခင်သိမ်းသော လူအပေါင်းတို့သည် စစ်ကြောင့် မိဘကွဲ ဖကွဲ သားတကွဲ မယားတကွဲဖြစ်ကြလေ။

ထိုသူတို့၏မျက်ရည်ကို ငါသုတ်ပါအံ့။

ငါ၏လက်သာလက်ဖြင့် ဆန်ပေါ၍ မိုးရွာတို့ကိုပေးအံ့။

လက်ဝဲလက်ဖြင့် အဝတ်တန်ဆာတို့ကို ပေးအံ့။

အမိသည် သားငယ်အား ရင်ခွင်၌နှစ်သိမ့်စေသကဲ့သို့ ငါသည် တိုင်းသူပြည်သားတို့အား နှစ်သိမ့်စေအံ့။

ပုဂံခေတ်တွင် မင်းကောင်းမင်းမြတ် အဖြစ်ထင်ရှားသော ကျန်စစ်သားမင်း၏ နန်းတက်ကျောက်စာမော်ကွန်းဖြစ်သည်။ ၎င်းကျောက်စာသည် မင်းကောင်းမင်းမြတ်တို့၏ ကျင့်ဝတ်ကို အကျစ်လျစ်ဆုံးဖော်ပြမှုဖြစ်သည်။ ပုဂံသမိုင်းသည် မြန်မာတို့အတွက် ရွှေရောင်လွှမ်းခဲ့သောကာလဖြစ်ခဲ့ပြီး ထိုခေတ်က မုဆိုးမများပင် ဘုရားတည်နိုင်သည်ဟု ဆိုစမှတ်ရှိသည်။

(၂)

မကြာမီ သင်္ကြန်ရက်တို့ မြန်မာ့မြေသို့ တကျော့ပြန်ဝင်ရောက်လာပြန်တော့မည်။ လက်တွေ့တွင် မည်သို့မှထူးခြားမှုမရှိလှသည့် တိုင်အောင် နှစ်တနှစ်မှတနှစ်သို့ ကူးပြောင်းသောကာလသည် လူမျိုးတိုင်း၊ ယဉ်ကျေးမှုတိုင်းတွင် သီးခြားအဓိပ္ပါယ်များ ဆောင်ဝင်နေသည်။ မြန်မာတို့၏ ယခုနှစ်သစ်ကူးကာလသည် ယဉ်ကျေးမှုအရ ထူးခြားရုံမျှမက သမိုင်းအလှည့်အပြောင်းတခုဆီ ဦးတည်နေရမည့်ကာလလည်းဖြစ်သည်။ သင်္ကြန်ရက်များပြီးလျှင် နောက်ထပ်အရေးကြီးသော သမိုင်းအချိုးအကွေ့တခုက အသင့်စောင့်ကြိုနေပြန်သည်။ မေလတွင် ကျင်းပမည့် လူထုဆန္ဒခံယူပွဲပင်။

သမိုင်းသည် တပတ်ပြန်လည်လာပြီ ဆိုရမလိုပင်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀) မေလတခုတွင် မြန်မာပြည်၌အရေးကြီးသော အချိုးအကွေ့တခုနှင့်ကြုံခဲ့သည်။ (၂၆) နှစ်ကြာ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်စေသော ၁၉၈၈ တတိုင်းပြည်လုံးဆန္ဒပြမှုအပြီး ၁၉၉၀ မေလရွေးကောက်ပွဲတွင် စစ်အာဏာရှင်စနစ်ကို လူထုကသာမက ၎င်းနောက်လိုက်များကပါ တခဲနက်ဆန့်ကျင်ကြောင်း ပြသခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အောင်ပွဲကမ်းခြင်း မဲပေးလိုက်ကြသည်။ သို့သော်စစ်အစိုးရသည် လူထု၏ဆန္ဒကိုဖြင်းပယ်ကာ တိုင်းပြည်ကို သေနတ်မိုးဖြင့်အုပ်ချုပ်ခဲ့ပြန်သည်။

ရလဒ်အဖြစ် နဝတ၊ နအဖ အုပ်ချုပ်ခဲ့သော လွန်ခဲ့သောနှစ်ပေါင်း (၂၀) အတွင်း မြန်မာပြည်သည် ဒေသတွင်း၌ အဘက်ဘက်မှ သိသိသာသာနိမ့်ပါးကာ လူမျိုး၏ဂုဏ်သိက္ခာသည်လည်း အဖတ်ဆယ်မရအောင် ဖြစ်ခဲ့ရသည်။ မိမိလူမျိုး၏ဂုဏ်သိက္ခာ နိမ့်ပါးနေမှုကို တိုင်းတပါးရောက်မြန်မာများ ပို၍သိကြသည်။ သူတပါး အထင်သေးအမြင်သေးဖြင့် စော်ကားခံရမည်ကိုစိုးရိမ်သဖြင့် လူပုံအလယ်တွင် မြန်မာလူမျိုးအဖြစ် ထုတ်ဖော်မပြောဝံ့သောအဖြစ်၊ မြန်မာစကားပြောလျှင် မလုံခြုံသလိုခံစားရသော တကယ့်အဖြစ်မှုကြီးအမှန်ကို ပြည်ပရောက်မြန်မာလူမျိုးတို့ ရင်နှင့်အောင်နားလည်ခဲ့ကြပြီဖြစ်သည်။

လွတ်လပ်ရေးနှင့်အတူ သက်တမ်းရှည်ခဲ့သော ပြည်တွင်းစစ်ကြောင့် တိုင်းရင်းသားဒေသများတွင် သားတကွဲ မယားတကွဲ မိဘကွဲ ဖကွဲ သေကွဲ ရှင်ကွဲဘဝများ။

၎င်းဘဝများမှ စီးဆင်းထွက်ကျလာသော သွေးစက်၊ မျက်ရည်တို့လည်း မတိတ်သေးပါ။ မြို့ပေါ်တွင် အထွေထွေသပိတ်မှုများမှ ပေါက်ကွဲထွက်ကျခဲ့သော ၁၉၈၈ သွေး၊ ပြီးခဲ့သည့် စက်တင်ဘာ ရွှေဝါရောင်လှုပ်ရှားမှုအတွင်း လမ်းမပေါ်စွန်းကျန်ခဲ့သော သံဃာနှင့်ပြည်သူတို့၏သွေးများ မခြောက်သေးပါ၊ ကျောင်းနေအရွယ်တွင် ကျောင်းမနေနိုင်ဘဲ စားဝတ်နေရေးအတွက် အသက်နှင့်မမျှအောင် အလုပ်လုပ်နေရသော ကလေးငယ်များ၊ တိုင်းတပါးနိုင်ငံတွင် ဘဝပျက်နေသော အမျိုးကောင်းသမီးတို့၏ မျက်ရည်စက်များသည် သမိုင်းစာမျက်နှာတွင် ဖျက်မရအောင်ရှိခဲ့ပြီဖြစ်သည်။

(၃)

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးပေါ် အရေးယူရေးအဆိုပြုချက် အရေးနိမ့်ခဲ့ပြီးကတည်းက မင်းဆိုးမင်းညစ် ဖြုတ်ချရေးအတွက် လူထုလှုပ်ရှားမှုသည် တခုတည်းသော အားကိုးစရာအဖြစ်ကျန်ရစ်သည်။ စက်တင်ဘာလှုပ်ရှားမှုသည် လက်ရှိစစ်တပ်အုပ်စိုးမှုကို မလိုချင်တော့သော လူထု၏နောက်ဆုံးသတ်သေပြချက်ဖြစ်သည်။ ၎င်းနောက်ပိုင်းတွင် စစ်အစိုးရနှင့်ဒေါ်အောင်ဆန်းစုကြည်အကြားတွင်ရှိခဲ့သော တွေ့ဆုံဆွေးနွေးရေးကြောင့် မျှော်လင့်ချက်အသစ်များဖြစ်ထွန်းခဲ့သလို မစ္စတာဂမ်ဘာရီ၏ ကြိုးပမ်းချက်များအပေါ်လည်း မျှော်လင့်ချက်ကြီးခဲ့ကြပြန်သည်။

ယခုအခါ ကုလသမဂ္ဂအပေါ်ထားရှိသော မြန်မာပြည်သူတို့၏ မျှော်လင့်ချက်အားလုံးသည် မှုန်ဝါးသွားခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်သည် နောက်ဆုံးခရီးစဉ်အတွင်း မူလရည်မှန်းချက်မအောင်မြင်ဘဲ နောက်ကြောင်းပြန်သွားရသည်။ ခရီးစဉ်၏ရလဒ်သည် နောက်လာမည့်ခရီးစဉ်များနှင့် ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်မှုကိုလည်း မျှော်လင့်ချက်မဲ့သွားစေသည်။

မြန်မာပြည်အကျပ်အတည်းသည် အများကပြောနေကြသည့်အတိုင်း ရှေ့မတိုး နောက်မဆုတ် အခြေအနေရောက်ပါ၏ စစ်အစိုးရသည် ၎င်းတို့၏မူလလမ်းကြောင်းကို မသွေမဖည်ဆက်သွားမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပြသပြီးဖြစ်သလို စစ်တပ်ကြီးစိုးမှုသက်ဆိုးရှည်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ခုနစ်တကျပြင်ဆင်ထားပြီးလည်းဖြစ်သည်။

စစ်အစိုးရသည် လမ်းပြမြေပုံ (၇) ချက်ကို အတိုက်အခံများအား ဘေးကျပ်နံကျပ်ဖြစ်စေသော လက်နက်တခုအဖြစ် ကိုင်ခွဲထားနိုင်ပြီဖြစ်သည်၊ ကုလသမဂ္ဂသံတမန်၏ မြန်မာပြည်နောက်ဆုံးခရီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မြန်မာပြည်နိုင်ငံရေးဖြစ်စဉ်တွင် ရောက်သည့်နေရာမှပါဝင်ရန် တိုက်တွန်းသည်ဟု တရားမဝင်သတင်းများကြားရသည်။ အာဆီယံ၊ တရုတ်၊ အိန္ဒိယ စသော ဒေသတွင်းနိုင်ငံများက မြန်မာပြည်နှင့်စီးပွားရေးအကျိုးစီးပွားရှိနေသမျှ လုံခြုံရေးကောင်စီတွင် တရုတ်နှင့်ရုရှားတို့ ဗီတိုအာဏာကိုင်ထားသမျှ သံတမန်နည်းလမ်း၊ နိုင်ငံတကာမှ ချည်းထပ်ခြေရှင်းမည့်နည်းလမ်းများသည် စစ်အစိုးရကို စိတ်အနှောင့်အယှက်ဖြစ်ရုံသာ တတ်နိုင်တော့မည်ဖြစ်သည်။

လမ်းပြမြေပုံဖြင့် ခြေကုတ်ရနေပြီဖြစ်သော စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နောက်ထပ်တွေ့ဆုံဆွေးနွေးမည်ဆိုလျှင်လည်း မည်သို့မျှအလျှော့ပေး စေ့စပ်တော့မည်မဟုတ်သလို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း နှစ်ပေါင်း (၂၀) ကြာနေသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုက်ပွဲအတွင်းကျဆုံးသွားသော အာဇာနည် အောင်အသောင်းတို့၏မျက်နှာကို မြင်ယောင်နေပေမည်။ ယခုကဲ့သို့အခြေအနေသည် မျိုးဆက်တခုစာမျှ ယွင်းနေသော မြန်မာ့နိုင်ငံရေး အကျပ်အတည်းသည် “ဂငယ်ကွေ့” ကွေ့ရန်မှာ ဘက်အားလုံးအတွက် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးဖြစ်သည်။

(၄)

သို့သော် မြန်မာပြည်နိုင်ငံရေးတွင် အသစ်ဖြစ်ထွန်းမှုမှာ ရွှေဝါရောင်လှုပ်ရှားမှုနှင့်အတူ ပြည်သူလူထု၏ နိုင်ငံရေးရင့်ကျက်နိုးကြားလာမှု စစ်အုပ်ချုပ်ရေးအပေါ် အံ့သည်းခံနေမှုများဖြစ်သည်။ ပြည်သူလူထုအနေဖြင့် နှစ်ပေါင်းများစွာဖွင့်ဟခွင့်မရခဲ့သော ဆန္ဒအစစ်အမှန်ကို တွေ့ဆုံဆွေးနွေးရေးနှင့် ကုလသမဂ္ဂအခန်းကဏ္ဍမရှိတော့သည့် နောက်ပိုင်းတွင် မိမိတို့ကိုယ်တိုင်နည်းဖြင့် ကိုယ်တိုင် ဖော်ထုတ်ပြသရတော့မည့်အချိန်ဖြစ်သည်။ အလွယ်ဆုံးနှင့် ထိရောက်မှုအရှိဆုံးမှာ ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးခြင်းဖြစ်သည်ဟု အတိုက်အခံများကလည်း နည်းနှိုင်းအရ တညီတညွတ်တည်းရှိနေကြသည်။

နောက်ထပ်စဉ်းစားစရာအချက်များ ရှိသော်လည်း လတ်တလောအခြေအနေအရ ကန့်ကွက်မဲပေးသည့်နည်းလမ်းသာ အသင့်တော်ဆုံးဟု ဆိုကြသည်။ ဆန္ဒခံယူပွဲတွင် ထောက်ခံမဲရော၊ ကန့်ကွက်မဲပါ မဲပုံးတပုံးတည်းထဲသို့ထည့်ရမည်ဖြစ်သဖြင့် ကန့်ကွက်မဲပေးမည့်သူများအတွက် စိုးရိမ်စရာမရှိသော အခြေအနေဖြစ်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်မှုများကို ခွင့်ပြုမထားသောအခြေအနေတွင် အရာရာသည် စစ်အစိုးရ၏လက်ထဲတွင် ရှိနေဦးမည်ဆိုသော အချက်ကိုလည်း အားလုံးက တွက်ဆထားပြီးသားဖြစ်သည်။

မည်သို့ဆိုစေ လာမည့် မေလလူထုဆန္ဒခံယူပွဲသည် ပြည်သူလူထုအနေဖြင့် မိမိတို့၏ ဆန္ဒအမှန်ကို ဖော်ထုတ်ပြသရမည့်အချိန်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)၊ မေလတခုတွင် အသံတိတ်ဆန္ဒမဲဖြင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်အောင်ပွဲခံခဲ့ဖူးသော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရမည့်အချိန်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးကာလသည် ဆုတောင်းရုံ သက်သက်မဟုတ်ဘဲ လူမျိုးတမျိုး၏ ဂုဏ်သိက္ခာ၊ တိုင်းပြည်တခု၏ ဂုဏ်သိက္ခာကိုကယ်တင်ရန်အခါနက်ကို သမိုင်းကပေးအပ်လိုက်ပြီဖြစ်သည်။ တနည်းအားဖြင့် ကာလရှည်ကြာစွာစီးကျနေသော ငါတို့၏ သွေး၊ မျက်ရည်တို့ကို ငါတို့လက်ဖြင့် ကိုယ်တိုင်သုတ်ပစ်ရတော့မည့်အချိန်ဖြစ်သည်။

နေသွင်

◆

မြန်မာပြည် နှင့် ဂမ်ဘာရီ

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင်ဂမ်ဘာရီ၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်သည့် နောက်ဆက်တွဲ သတင်းများအား မြန်မာသတင်းဌာနများမှသာမက နိုင်ငံခြားသတင်းဌာနမျိုးစုံမှသတင်းများအားလုံးကိုတတ်နိုင်သမျှစုစည်းတင်ပြထားခြင်းဖြစ်ပါသည်၊

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ (မိုးကြိုးသတင်းစဉ်)

မစ္စတာ အီဘရာဟင် ဂမ်ဘာရီ သည် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖစစ်အုပ်စုတို့ အကြား လက်တလောဖြစ်ပေါ်နေသည့် သောင်မတင်ရေမကျ နိုင်ငံရေးမှ အခြေအနေများအပေါ် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများအရ မြန်မာနိုင်ငံသို့ မတ်လ (၆) ရက်မှ (၁၀) ရက်နေ့အထိ တတိယအကြိမ်အဖြစ် ဝင်ရောက်ခဲ့သည်။

မြန်မာပြည်သို့ မသွားခင် တရက်အလိုမှာ ၁၉၉၀ ခုနှစ်ကတည်းက ပြည်သူ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးတို့က တိုင်းရင်းသားများလည်းပါဝင်သော တွေ့ဆုံဆွေးနွေးရေးကို ကြားဝင်ဆောင်ရွက်ပေးပါရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံသို့ စာတစောင်ကို လက်မှတ်ရေးထိုးပေးပို့လျှက် ထပ်မံတောင်းဆိုလိုက်သည်။

ထိုအတောအတွင်း ဘာမားကေသီမီနီး (ယူဇက) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးလှုပ်ရှားစောင့်ကြည့်နေသော အဖွဲ့အစည်း (ဆော်လီဒရိုင်းဒီးဗစ်ရှ်) များက မြန်မာ့အရေးနှင့်ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

စစ်အုပ်စုက ရွေးချယ်ထားသည့် ကိုယ်စားလှယ်အလုံးနီးပါးဖြင့် စစ်အုပ်စုစိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် လူထုဆန္ဒခံယူပွဲကျင်းပမည်ဟု ကြေညာလိုက်ခြင်းသည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂကိုယ်စားလှယ်အတွက် ပြောင်းပြောင်းသောစိန်ခေါ်ချက်ကြီး တရပ်လည်းဖြစ်နေသည်။

ယခုနှစ်က မြန်မာပြည်တွင်းဖြစ်ပွားခဲ့သော အကြမ်းမဖက်လူထုဆန္ဒပြပွဲအား တကမ္ဘာလုံးထိတ်လန့်တုန်လှုပ်လောက်အောင် စစ်အာဏာရှင်ရာ အကြမ်းဖက်နှိမ်နင်းခဲ့သည့်နောက် မြန်မာပြည်အပေါ် ဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖိအားပေးမှုနှင့် ဆောင်ဆဲဆိုနေမှုတို့အား လျစ်လျူရှု၍ ၎င်းတို့အာဏာတည်မြဲရေးကိုသာ အဓိကထားလုပ်ကိုင်ထားနိုင်ရေးကိုသာ ဆက်လက်ကြိုးပမ်းနေသော စစ်အုပ်စု၏လုပ်ရပ်ကြောင့် မစ္စတာဂမ်ဘာရီ ထပ်မံဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂမ်ဘာရီက သူ့အနေနှင့် မြန်မာပြည်ခရီးစဉ်များအတွင်း လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်မှာ မကြိုမလောက်သာရှိခဲ့သည့်အတွက် စိတ်ပျက်ရပါကြောင်း ဝန်ခံပြောကြားခဲ့သည်။ သူသည် နိုဝင်ဘာလပြီးခဲ့ချိန်ရောက်ရှိ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အုပ်စုတို့အကြား အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြားဝင်စေ့စပ်ပေးခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ကုလသမဂ္ဂ၏ပြောရေးဆိုခွင့်ရှိသူက သူ့ခရီးစဉ်မှာ ပေးမွန်ချက်များဖြင့် ဆက်ရန်ကျန်ရှိနေသေးကြောင်းပြောသည်။

ကုလအထူးကိုယ်စားလှယ်သည် နိုဝင်ဘာလအတွင်းက သူ၏ဒုတိယခရီးတွင် မြန်မာစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အတွေ့မခံခဲ့ပေ။ ထို့ပြင် စစ်အုပ်စုသည် သူ၏အကြံပြုချက်ဖြစ်သော သုံးပွင့်ဆိုင်ဆွေးနွေးရေးသမ်းစဉ်ကိုလည်း ပယ်ချခဲ့ပြီးဖြစ်သည်။

မြန်မာပြည်သို့ တတိယအကြိမ်မြန်မာလာခဲ့ပြီးခဲ့သောသတင်းပတ်တွင်းက သွားရောက်ခဲ့သော သူ၏အာရှခရီးစဉ်များတွင် သူ၏အဓိက ဦးတည်ချက်မှာ မြန်မာပြည်၏ ဒီမိုကရေစီရေး ပြန်လည်ဖော်ဆောင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းတိုက်တွန်းပေးဆောင်ရွက်ပေးကြရန် အတွက်ဖြစ်သည်။ ဂမ်ဘာရီသည် တရုတ်၊ အိန္ဒိယ၊ စင်ကာပူနှင့် ဂျပန်ခေါင်းဆောင်များကိုလည်း လည်ပတ်တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သည်။

ဂမ်ဘာရီ၏ ထိုခရီးစဉ်ကာလအတွင်း သတင်းရှိနိုင်တွင် မြန်မာစစ်အုပ်စုက မေလတွင် လူထုဆန္ဒခံယူပွဲကျင်းပရန်နှင့် (၂၀၁၀) ခုနှစ်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ခဲ့သည်။ စစ်အုပ်စုက ၎င်းတို့၏ လမ်းပြမြေပုံအတိုင်း ဆက်သွားနေကြောင်းကိုလည်း ကြေညာခဲ့သည်။ မြန်မာ့အရေးလေ့လာသူများက စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သမ္မတ စစ်အာဏာကိုအမြဲတမ်းကိုယ်စားပြုရန် စီစဉ်ထားခြင်း သက်သက်သာဖြစ်ကြောင်းပြောကာ ပယ်ချလိုက်ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ်ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများသည်လည်းကောင်း ပါဝင်ခြင်းမရှိခဲ့ပေ။

စက်တင်ဘာအကြမ်းဖက်မှုများနောက်ပိုင်း ၂၀၀၇ နိုဝင်ဘာ (၃) ရက်နေ့က ဂမ်ဘာရီ မြန်မာပြည်သို့ဝင်ရောက်စဉ် လွတ်ငြိမ်းတွင် မျှော်လင့်ချက်များရှိနေခဲ့ကြသည်။ သူက ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အုပ်စုအကြားပြောဆိုဖြစ်သော ဆက်ဆံရေး ဖွဲ့ဆောင်ပေးနိုင်ခဲ့သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ပါတီဝင်များ သုံးနှစ်ကြာနေခဲ့သော အကြိမ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ်လည်း တွေ့ဆုံခဲ့သည်။

စစ်အုပ်စုက ဝန်ကြီးဦးအောင်ကြည်ကို ထပ်မံခန့်လျှက် ဒေါ်အောင်ဆန်းစုကြည်နှင့် စကားပြောရန် ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း သူ၏ တောင်းဆိုချက်များကို လိုက်လျောမည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်းပြောခဲ့သည်။ သို့သော် ထိုတွေ့ဆုံခြင်းသည် ဘယ်သောအခါမှ ပေါ်ထွက်လာခဲ့ခြင်း မရှိခဲ့ပေ။

"လာတိုင်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သွေ့ဖို့ ခင်ဗျားရဲ့ အစီအစဉ်ထဲမှာ ပါသလဲ တွေ့ဆုံဆွေးနွေးရေးအတွက် ဖော်ဆောင်မှုတွေ မျှော်လင့်ခဲ့ကြတဲ့ အပေါ်မှာ ဘာသိလဲ လူမျိုးတစ်လတွင် ညှိနှိုင်းရေးစင်မှာ ယခုထက် လော့ လုံလောက်အောင်မသွားနိုင်ဘူး ပြောလေ လေးရှင်လေပါ" ဟု အာဖရိကန်၏ မြန်မာ့ရေးသံအမတ် မစ္စတာရိုဒ်ဒီကိုလ်ရာက ဆောင် ဆို ပြောသည်။

ထို့နည်းတူ လူနည်းစု တိုင်းရင်းသားအဖွဲ့များကြားရှိမျှော်လင့်ချက်တို့လည်း ပျောက်ကွယ်ခဲ့ကြရသည်။ *"ဂမ်ဘာရီရဲ့ အစီအစဉ်ဟာ အောင်မြင်တာ မပြောင်းနိုင်ပါဘူး ဆိုတာလည်း သေချာတွက်ချက်ထားတာပါ"* ဟု ချင်းလူမျိုးခေါင်းဆောင် ဆလိုင်း ကပြောသည်။ (စီအိန်အိန်)

□ ၂၀၀၈ ခုနှစ် မတ်လ (၅) ရက်

ကုလ၏အထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ သွားရောက်ရန်အတွက် နယူးယောက်မှထွက်ခွာခဲ့ ကြောင်းသတင်းရ ကောင်းပြီးက ရောက်လာမည်ကြောင်း မစ္စတာဂမ်ဘာရီ၏ ပြောခွင့်ရသူတိုင်ကပြောသည်။ နောက်ထပ် အသေးစိတ်အချက်အလက်များကိုမူ ထပ်မံမကြေညာခြင်းမရှိခဲ့ပေ။

စစ်အုပ်စု၏ ရွေးကောက်ပွဲဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ မြန်မာ့ဒီမိုကရေစီအင်အား စု ခေါင်း ဒေါ်အောင်ဆန်းစုကြည်ပါဝင်ရေး မြန်မာစစ်အုပ်စုအား ဂမ်ဘာရီကတွန်းအားပေး နိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်းက ရဟန်းရှင် လူအများအား စစ်အုပ်စုမှ အကြမ်းဖက်သတ်ဖြတ်နှိမ်နင်းခဲ့သည့်အချိန်မှစ၍ မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်မှာ တတိယအကြိမ်မြောက်ဖြစ်သည်။

ထိုစက်တင်ဘာလအရေးအခင်းတွင် စစ်အုပ်စုမှ သေဆုံးသူများအရေအတွက် (၃၁) ယောက်ဟု ကြေညာခဲ့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်သူများအဖွဲ့ကမူ လူ (၁၀၀) ကျော်မှန်း သေဆုံးခဲ့ရကြောင်း ကြေညာခဲ့သည်။

၂၀၀၈ ခုနှစ် မတ်လ (၆) ရက်နေ့တွင် မစ္စတာအီဘရာဟင်ဂမ်ဘာရီ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး သူ၏ (၅) ရက်တာ ခရီးစဉ်အတွင်း မြန်မာ့အရေးကြီးပြဿနာလှုပ်ရှားမှုများအတွက် အဖွဲ့အစည်းအတော်များများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

□ (၇) ရက် မတ်လ (အေပီ)

မြန်မာစစ်အုပ်စုက ကုလသမဂ္ဂ၏အကြံပြုချက်ဖြစ်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အဆိုကို သောကြာနေ့တွေ့ဆုံဆွေးနွေးပွဲတွင် ထပ်မံငြင်းပယ်ခဲ့ကြောင်း မြန်မာစစ်အုပ်စုပိုင်သတင်းဌာနများမှ ထုတ်ပြန်ခဲ့သည်။ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးက အစိုးရတာဝန်ရှိသူတို့သည် မပေးပြည်သူ့ ဆန္ဒခံယူပွဲကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြင်ဆင်လည်းမဖြစ်ရန်မဖြစ်နိုင်ကြောင်း မစ္စတာဂမ်ဘာရီသို့ တရားဝင်ပြောကြားခဲ့သည်။ ၎င်းက စစ်အုပ်စုအနေနှင့် လမ်းပြမြေပုံအား လက်တွဲခေါ်မည့် (ဒို့မဟုတ်) အချိန်ကာလ ကြာစေမည့် မည်သည့်လုပ်ချက်ကိုမှ လက်ခံမည်မဟုတ်ကြောင်းနှင့် ကုလသမဂ္ဂ၏ အပြောအဆောင်သော ပါဝင်ပတ်သက်မှုမျိုးကိုမှ လက်ခံနိုင်မည်ဟုပြောခဲ့သော်လည်း အသေး စိတ်အချက်အလက်များကိုမူ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဖော်ပြခြင်းမရှိပေ။

ထို့နောက် ၂၀၀၇ နိုဝင်ဘာလအတွင်းက ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်အား ဖတ်ပြခြင်းသည် မစ္စတာဂမ်ဘာရီက 'ပုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်း' ဖြစ်ကြောင်း ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြစ်တင်ပြောဆိုခဲ့သည်။

"ဒီလို ယုံကြည်မှုတည်ဆောက်နေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီလိုကြေညာချက်မျိုးကို ကျနော်တို့မတွေ့ရှင်တဲ့အတွက် အစုလိုက်ရှုံး ပါ ပေါ်ပေါက်သက်မှတ်ပေးတဲ့ စော်ကားရဲ့ လုပ်ရပ်ကို ဗီဇာအောင်မြင်ဖြစ်ပါတယ်" ဟု သတင်းနှင့် ပြန်ကြားရေးဝန်ကြီးက ပြောသည်။

အနောက်နိုင်ငံအများစုက စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ၁၉၉၀ ခုနှစ်ကတည်းက ရွေးကောက်ပွဲတွင် အနိုင်ရထားခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီအားကာကွယ်ရန် ပျက်ကွက်နေခြင်းတို့ကြောင့် အဆက်အသွယ်မလုပ်ဘဲ ရှောင်ကျဉ်ခဲ့ကြသည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်အတွင်း နိုင်ငံတကာအတောင်းဆိုချက်များဖြစ်သည့် ဒေါ်စုနှင့် အဖွဲ့ချုပ်တို့အား ရွေးကောက်ပွဲဝင်ခွင့် ကိုလည်းကောင်း၊ ကုလ၏ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်တို့ကိုလည်းကောင်း စစ်အုပ်စုက ဆိတ်ဆိတ်သည်းသည်း ငြင်းပယ်လိုက်သည်။

ဂမ်ဘာရီက မေလရွေးကောက်ပွဲအတွက် နည်းပညာအကူအညီများပေးရန်နှင့် ရွေးကောက်ပွဲ ရလဒ်များ သမာသမတ်ကျမှုရှိစေ စောင့်ကြည့်သူများစေလွှတ်ပေးရေးတို့အား ကမ်းလှမ်းခဲ့သော်လည်း ကော်မရှင်အဖွဲ့ဝင်တဦးဖြစ်သူ ဦးအောင်ထွန်းက ဤကိစ္စသည် ပြည်တွင်းရေးသာဖြစ်သည်ဟုသည့်အကြောင်း ပြချက်ဖြင့် ပယ်ချလိုက်သည်။

"ကျနော်တို့မှာ လုံလောက်တဲ့အတွေ့အကြုံတွေရှိတယ်။ ခင်ဗျားတို့ရဲ့ကူညီလိုမှုကို မှတ်ထားလိုက်ပါမယ်" ဟု ဦးအောင်ထွန်းက ပြောခဲ့ကြောင်း အစိုးရပိုင်မြန်မာ့အလင်း (စနေနေ့က) လွှင့်ထုတ်ခဲ့သည်။ ဆက်လက်၍ "ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပတယ်ဆိုတာ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာပိုင်တွေရဲ့ကိစ္စဖြစ်တယ်။ အရင်အရင်တွေတုန်းကလည်း ပြည်တွင်းရေးအနေနဲ့သာ ဖြေရှင်းခဲ့တယ်။ အခုလည်း ပြည်ပကလာစောင့်ကြည့်ဖို့မလိုပါဘူး" ဟု ပြောသည်။

ကော်မရှင်အဖွဲ့က မစ္စတာဂမ်ဘာရီ၏ အဆွေခံများအနေကို အနည်းငယ်မျှပေးလာကိုကို သာချကြားခဲ့ရာတွင်လည်း မဲပေးရမည့်ရက်ကို အတိအကျဖြေရှင်းပြောဆိုနိုင်ခဲ့ခြင်းမရှိကြောင်း စစ်အုပ်စုပိုင် ရုပ်မြင်သံကြားသတင်း

စာမျက်နှာ (၁၇) ကော်လံ (၁) သို့—

စာမျက်နှာ (၁၆) မှအဆက်

များ အရသိရသည်။

ဆောကြာနေ့က မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံစဉ် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ကျင်းပမည့်လူထုဆန္ဒခံယူပွဲအား မည်သည့်အကြောင်းကြောင်းကြောင့်နှင့်မှ ရွှေ့ဆိုင်းမည်မဟုတ်ကြောင်းနှင့် မစ္စတာ ဂမ် ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်ထံကိုမှ သက်လိုက်နေကြောင်း၊ နအဖပြန်ကြားရေး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောခဲ့သည်။

စစ်အစိုးရ၏ သတင်းဌာနများက လူထု ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ဂမ်ဘာရီတွေ့ဆုံခြင်း သတင်းအကြောင်းကို ဖော်ပြခဲ့သော်လည်း သူတို့၏ အပြန်အလှန်ဆွေးနွေးမှုကား တို့အား အသေးစိတ်ဖော်ပြမည်မရှိပေ။

အနောက်နိုင်ငံများက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ခွင့်မပြု ခြင်းအပေါ် ကန့်ကွက်ပြစ်တင်ခဲ့ကြပြီး ဖြိုးဝ်ဒ ဝန်ကြီးချုပ်ခေါင်းဆောင်သည့် ဒေါ်အောင်ဆန်း စုကြည်အားလွတ်ပေးရန်နှင့် တရားဝင်နိုင်ငံရေး လှုပ်ရှားဆောင်ရွက်ခွင့်ပေးရန်တို့ကို တောင်းဆို လိုက်သည်။

အရောင်းက ဒေါ်စုနှင့် မစ္စတာဂမ်ဘာရီ တို့၏ တွေ့ဆုံမှုကိုကြိုဆိုလိုက်သော်လည်း "ကျ နော်တို့ဘာလိုချင်သလဲဆိုတာက သူ(အောင်ဆန်းစုကြည်)အကျယ်ချုပ် နေရတာကနေ လွတ်လပ်ရမယ်။ ပြီးတော့ နိုင်ငံ ရေးအကျဉ်းသားတွေအားလုံးကိုလည်း လွတ် ပေးရမယ်။ သူ့ကိုလည်း လွတ်လပ်ပြီးတရား မျှတတဲ့ ဒီမိုကရေစီနည်းကျတဲ့ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ပေးရမယ်။ သူ့ကို တိုင်းပြည်က လူထု ခေါင်းဆောင်အဖြစ် ရွေးကောက်ထားပြီးသား သာဖြစ်တယ်" ဟု ပြောခဲ့သည်။

❒ မတ်လ (၈) ရက် ဆောင်

ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် မြန် မာပြည်အတွင်း အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် နိုင်ငံရေးအခြေအနေများတွင် တိုးတက် ပြောင်းလဲမှုများရှိလာစေရေးအတွက် ဒေါ်အောင် ဆန်းစုကြည်နှင့်လည်းကောင်း အခြားအတိုက် အခံ ပါတီအဖွဲ့ဝင်များနှင့်လည်းကောင်း မတ်လ (၈) ရက်၊ စနေနေ့က တွေ့ဆုံခဲ့သည်။ စစ်ခေါင်း ဆောင်များက မစ္စတာဂမ်ဘာရီ၏ ကမ်းလှမ်း ချက်များကို ပယ်ချသည်ဟုသည်။ ပြင်ဆန်ခဲ့ပြီး နောက် ဤသို့ တွေ့ဆုံခွင့်ရခဲ့ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် ကုလသမဂ္ဂအ တွေ့တွေ့အတွင်းရေးမှူး မစ္စတာဘန်ကီမွန်၏ ကိုယ်စား ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း ကောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် လည်းကောင်း၊ အစိုးရမဟုတ်သောအဖွဲ့အ စည်းများနှင့်လည်းကောင်း ဒေါ်စု၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) အပါအဝင် နိုင်ငံ ရေးပါတီအများအပြားနှင့်တွေ့ဆုံခဲ့သည်။

ဒီချုပ်၏ ခေါင်းဆောင်ပိုင်းလူကြီးများနှင့် မစ္စတာဂမ်ဘာရီ၏ နံနက်ပိုင်း တနာရီကြာတွေ့ ဆုံမှုတွင် မစ္စတာဂမ်ဘာရီအား နိုင်ငံရေးအ ကျဉ်းသားအားလုံးကိုလွတ်ပေးရန်နှင့် စစ်အစိုးရ နှင့်တွေ့ဆုံဆွေးနွေးရေး အမြန်ဖြစ်မြောက်ရန် ရန်တို့ကို တောင်းဆိုခဲ့ကြကြောင်း ဒီချုပ်၏ ပြောရေးဆိုခွင့်ရှိသူတဦးကပြောသည်။

သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူး ချုပ်ကျော်ဆန်းက ဂမ်ဘာရီအားပြောရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိ ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ထိန်း သိမ်းထားခြင်းမှာလည်း တိုင်းပြည်၏ အေးချမ်း တည်ငြိမ်မှုအား ထိခိုက်နှောင့်ယှက်သောကြောင့် ဟု ပြောသည်။

ကုလသမဂ္ဂက တွေ့ဆုံဆွေးနွေးရေးအား ကျွက် ကြိုးစားနေခဲ့ခြင်းဖြစ်သော်လည်း စစ်ဗိုလ်များ မှ မည်သည့်အပြောင်းအလဲကိုမှ ဆောင်ရွက် မည့်လက္ခဏာကို မပြခဲ့ပေ။ မြန်မာနိုင်ငံ၏နိုင်ငံ

စာမျက်နှာ (၁၈) စောင်ကော် (၄) သို့...

၂၀၀၈ ခုနှစ်၊ မေလတွင်းကျင်းပမည့်ပြည်သူ့ဆန္ဒခံယူပွဲဖွဲ့စည်းပုံအကြောင်းသိကောင်းစရာများ

ရယက (ခုပ်ရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်မီတီ) ဥက္ကဋ္ဌသည်	- ဆန္ဒခံယူပွဲကော်မရှင် ဥက္ကဋ္ဌ
ရယက အတွင်းရေးမှူး	- ဆန္ဒခံယူပွဲ ကော်မရှင်အတွင်းရေးမှူး
ရယက အဖွဲ့ဝင်	- ကော်မရှင်အဖွဲ့ဝင်
လူ (၁၀၀၀)	- မဲရုံ (၁) ရုံ။
မဲ (၁) ရုံ	- မဲရုံမှူး (၁) ယောက်၊ အဖွဲ့ဝင် (၂)၊ လုံခြုံရေး(ဘိုမကုတ်) မဲရုံအကူ (၂)

မဲရုံ (၁) ရုံထဲတွင်သာ တောက်စံမဲရေး၊ ကန့်ကွက်မဲပါ ရှု့သည့်ရမည်ဖြစ်သည်။

မြန်မာ့အရေးနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်၏ပြောဆိုမှုအပေါ် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်မှ သတိပေး

ထိုင်းဝန်ကြီးချုပ် စမတ်ဆွန်ဒရာဝေ့ရဲ နှင့်ကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သည့်သီတင်းပတ် သောကြာနေ့က မြန်မာနိုင်ငံသို့ တရက်ကြာခရီး၏ အပြန်တွင် ထိုင်းဝန်ကြီးချုပ်က ၎င်း၏ ပြည်သူ့ထံပြောကြားချက်များကို အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်စဝမ်က မြန်မာ့အရေး၏အကဲဆတ်မှုကို အလေးထားရန်လိုအပ်ကြောင်း သတိပေးပြောကြားလိုက်သည်။

ထိုင်းရုပ်မြင်သံကြားတွင် မစ္စတာစမတ်က မြန်မာနိုင်ငံတွင် လူသတ်ခြင်းများ၊ ဖိနှိပ်မှုများသည် သာမာန်အကြောင်းအရာဖြစ်ပြီး မည်သည့်အကြောင်းအရင်းခံကြောင့်ဖြစ်ကြောင်းကို သိရန်လိုအပ်ကြောင်းတို့ကို ပြောကြားခဲ့သည်။ ထို့ပြင် ထိုင်းဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာနေသောကမ္ဘာ ဖြစ်နေပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်လည်း ဗုဒ္ဓဘာသာဝင်ကောင်းတယောက်ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်။

ဆက်လက်၍ ၎င်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာတို့၏ဆက်ဆံရေးနှင့်ပတ်သက်လျှင် အနောက်နိုင်ငံများက မစဉ်းစားမနေသင့်ဘဲ ၎င်းတို့၏ စစ်အစိုးရအပေါ် စေ့စပ်ဆွေးနွေးမှုများရှိနေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ယခင်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်ခဲ့ပြီး ယခုအချိန်တွင် အာဆီယံအကြီးအကဲတာဝန်ကိုယူထားရသည့် မစ္စတာဆူရင်

အာဆီယံအတွင်းရေးမှူးချုပ်ဆူရင်ပစ်စဝမ်

က မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို ထောက်ခံပြီး မြန်မာ့အရေးတွင် ကုလသမဂ္ဂမှ ဝင်ရောက်ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားသည့်အနေအထားကိုလည်း ထောက်ခံကြောင်း ပြောဆိုခဲ့သည်။ ထိုင်းအစိုးရအနေဖြင့်လည်း မြန်မာ့အရေးအား ကမ္ဘာ့သိအောင် ပြောဆိုရှင်းလင်းမည်ဆိုပါက စံနှုန်းတခုထားရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နအဖခေါင်းဆောင်များနှင့်ထိုင်းဝန်ကြီးချုပ်စမတ်ဆွန်ဒရာဝေ့တို့တွေ့ဆုံစဉ်

ထိုင်းနိုင်ငံနှင့် အရှေ့တောင်အာရှတဝန်းရှိ မြန်မာ့အရေးလှုပ်ရှားစောင့်ကြည့်သူများအနေဖြင့် ထိုင်းဝန်ကြီးချုပ်၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထုတ်ဖော်ပြောကြားချက်ကို မယုံကြည်နိုင်အောင်ဖြစ်နေကြသည်။

ပြည်သူကိုအကြမ်းဖက်သတ်ဖြတ်သော မြန်မာစစ်အစိုးရအား

လက်နက်ရောင်းဝယ်ခြင်းများပိတ်ဆို့သင့်ဟု အင်ဒိုနီးရှားနိုင်ငံဆွေးနွေးပွဲတွင် တိုက်တွန်း

ငြိမ်းချမ်းသည့်ဆက်တင်ဘာအရေးအခင်းအတွင်း နအဖစစ်အစိုးရမှ ပြည်သူလူထုအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခဲ့စဉ်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေး (၃) ရက်ကြာ ဆွေးနွေးပွဲအတွင်းတွင် မြန်မာပြည်သူများအား အင်အားသုံးပစ်ခတ်ဖြိုခွင်းသော စစ်အစိုးရကို ထာဝရအပြည့်အဝ လက်နက်ရောင်းဝယ်ရေး ပိတ်ပင်ကြရန် စက်တင်ဘာဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော သံဃာတော်တပါးက ဤသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

"စက်တင်ဘာဆန္ဒပြပွဲအတွင်း စစ်တပ်ရဲ့ ရက်စက်မှုပုံရိပ်တွေကို အခုချိန်ထိ ခေါင်းထဲက ဖယ်ထုတ်လို့မရသေးဘူး။ စစ်တပ်ဟာ သူတို့နိုင်ငံအတွင်းက သူတို့ရဲ့ပြည်သူတွေကို သေနတ်နဲ့ပစ်သတ်ဖြတ်နေတာပါ။ ဒါကြောင့် ဒီလိုအစိုးရဆိုးမျိုးဆီ လူသတ်လက်နက်တွေ ထပ်ရောက်မသွားစေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံးက ပူးပေါင်းတားဆီးပေးစေလိုပါတယ်"ဟု အရှင်ဦးဩဘာသက နိုင်ငံတကာသံတမန်များနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအား မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ဤအခမ်းအနားကို တာဝန်ယူကျင်းပခဲ့သော ဂျကာတာလူ့အခွင့်အရေးအဖွဲ့က မြန်မာနိုင်ငံအတွင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဆိုးဆိုးရွားရွားရှိနေဆဲဖြစ်သော်လည်း နိုင်ငံတကာသတင်းလောကမှ စိတ်ဝင်စားမှုမရှိခြင်းသည် ဝမ်းနည်းစရာဖြစ်သည်ဟု ပြောသည်။

ထိုဆွေးနွေးပွဲသို့ (Burma fund) အဖွဲ့မှ ဦးညိုအုန်းမြင့်၊ ဦးဇော်ဦးနှင့် မြန်မာ့အရေးလှုပ်ရှားသူ ဦးအေးသင်းတို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဦးညိုအုန်းမြင့်က နအဖက မေလမှာကျင်းပမည့် လူထုဆန္ဒခံယူပွဲကို ဒီမိုကရေစီအင်အားစုများအနေနှင့် လက်မခံနိုင်ကြောင်းကို အပြည့်ပြည့်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများသို့ တင်ပြနိုင်ခဲ့ကြောင်းပြောသည်။ ထိုဆွေးနွေးပွဲသို့ အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ကိုယ်တိုင်တက်ရောက်ခဲ့သည်။ ❖

တနေ့တနေ့ (၁၇) ဝင်ထားမြန်မာပြည်သစ်...

ရေးအခြေအနေမှာ ယခုလထဲမှာ စစ်အာဏာရှင်များ အာဏာတည်မြဲရေးသည် ၁၉၈၈ ခုနှစ်မှစ၍ ဆွေးမတိုး နောက်မဆုတ်သာအခြေအနေနှင့် ရင်ဆိုင်နေရပြီး ပေါ်ပေါက်လာသည့် ပြည်သူ၏ ဒီမိုကရေစီ အရေးကိစ္စ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အာဏာအင်အားဖြင့် ဖိနှိပ်ထားနိုင်ခဲ့သည်။

ဝင်ထားကြီးက သူ့အနေနှင့် မြန်မာ့အရေးနှင့်ပတ်သက်၍ အစွန်းရောက်သည့်သဘောထားများ အားလုံးကို ကြိုးစားဖြေရှင်းလျက်ရှိကြောင်းနှင့် ဒီမိုကရေစီ ရရှိရေးသည် စစ်တပ်၏ ဆန္ဒမှုပြည့်ရာသာ ရနိုင်မည်မဟုတ်ပဲ အမြဲတမ်းတိုက်ပွဲဝင်နေရသည်ဟု အကြံပေးခဲ့ကြောင်း အစည်းအဝေးတွင် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြသူများ ပြောကြားသည်။

ထို့အပြင် ကော်ဖီဆိုင်သည့် ဝင်ထားကြီးက စစ်အာဏာရှင်များ အလိုရှိနေသည့် မြန်မာပြည်နိုင်ငံရေးပြဿနာ၏ ဖြေရှင်းချက်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး များအတွက် တိုက်ပွဲဝင်သူများကို ထိုးနှက်သည့် ပုံသဏ္ဌာန်ဖြစ်နေကြောင်းလည်း ပြောကြားခဲ့ကြောင်း သိရသည်။

မစ္စတာဝင်ထားမှ ယခုတခေါက် မြန်မာပြည်ဆိုင်ရာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ အတွင်းက အကြမ်းဖက်ဖြိုခွင်းမှုပြီးများ၊ စစ်တပ်က အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဘာကျွေးခံရသော ဒိုင်အန်ဘရန်နိုက်ရောက်ကြသည့် နောက် ထပ်အလားအလာကောင်းများမရှိသည်။ စစ်တပ်က နိုင်ငံရေးပြောင်းလဲမှုအချို့ အဆင်ပြေအောင် လုပ်ဆောင်ရမည့်အနေအထား မရှိကြောင်းနှင့် ထင်ဟပ်ချက်အချို့ ရှိနေသည့်အတွက် ကမ္ဘာ့ဖိအားပေးမှုများကြောင့် မစ္စတာဝင်ထား၏ ကြိုးစားမှုများ ဆောင်ရွက်ရန်မှာ ခက်ခဲလျက်ရှိသည်။ စစ်တပ်ဟု သဘောထားထားသည့် လူများ အကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဤမျှအပြင် ပြည်သူများ၏ နိုင်ငံရေးဆန္ဒများကို အလေးထားရန် သတိပေးခဲ့ကြောင်း သိရသည်။

မြန်မာ့သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက "ကိုယ်စားလှယ်တော်ကြီးကိုပြီး ရောက်ခဲ့တာမဲ့တဲ့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်ပြီးလုပ်သင့်ဖို့၊ ပြန်ရေးဖို့ ဆိုတာမဖြစ်နိုင်ပါဘူး၊ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို မေလ လူထုဆန္ဒခံယူပွဲမှာ ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ အတည်ပြုဖြစ်စေရမယ်" ဟု မစ္စတာဝင်ဘာရီအား တောင်ကြားရေးက ပြောခဲ့သည်။

(မတ်လ (၁၀) ရက် ကုလသမဂ္ဂမြို့တော်ရှိ မစ္စတာဝင်ထား၏ သတင်းစာရှင်းလင်းပွဲအတွင်း စစ်တပ်နှင့်အတူတိုက်ဆိုင်ကြား ပေးထည့်ပြီးစရိတ်ရှိသောမေးခွန်းကို ပြန်ဖြေခဲ့သော မစ္စတာဝင်ထား၏မှတ်ချက် နောက်ဆက်တွဲ သတင်းနှင့် သုံးသပ်ချက်များ)

ဝင်ထားကြီး လိုအပ်သည်လိုအပ်သလို မြန်မာပြည်တွင် အချိန်ကြာကြာနေခွင့်မရှိ၍ နောက်ဆုံးခရီးစဉ်အတွင်းက တွေ့ခွင့်မရခဲ့သော အဖွဲ့အစည်းအသင်းအဖွဲ့များနှင့် တွေ့ရန် မျှော်လင့်ကြောင်း ကုလသမဂ္ဂ ဝင်ထားကြီးအဖို့စရာ ဖြစ်နိုင်သည့် ဆက်သွယ်ရေး ကြားညှိမှုကို တာဝန်ထုတ်ပြီးခဲ့သော်လည်း တိုင်းရင်းသားခေါင်းဆောင်များ (၈၀) ကျော်နှင့် ထောင်ကျသောခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်မရခဲ့ကြောင်း မတ်လ (၁၈) ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြလိုက်ပြီး ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာ ရှုပ်ထွေးသော ရပ်တည်ချက်ကို ရှင်းလင်းခဲ့သော်လည်း ယခင်ကထက် အခြေအနေပိုဆိုးသွားပြီဟု ဆိုကြသည်။ တိုးတက်မှုမရှိကြောင်းကို ပြောကြားပြီး ကုလသမဂ္ဂအနေနှင့် မြန်မာစစ်အစိုးရနှင့်ထိတွေ့ဆက်ဆံရန် ကိုတိုက်တွန်းပြောသွားခဲ့သည်။

"နိုင်ငံတော် ကိုယ်တိုင်ကြိုးစားမှုမရှိလျှင် ထွက် မစ္စတာဝင်ထားရဲ့ မြန်မာပြည်ခရီးစဉ် အောင်မြင်မှုမရှိနိုင်ဘူး ဆိုတာ မြန်မာစစ်အာဏာရှင်တွေကို ပြောပြဖို့ ကျွန်တော်တို့ လိုအပ်နေပါပြီ။ မြန်မာ့အရေးမှာ အရေးကြီးဆုံးအရာက ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားနိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး ဖြစ်ပါတယ်။ အလားတူ အဓိကကျတဲ့ ပြည်တွင်းနိုင်ငံရေးတိုးတက်မှု လိုအပ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရမှာပါ"

(ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ခလီလ်ဇတ်)

"ပြည်သူ ဆန္ဒခံယူပွဲတွေကို ဒီမိုကရေစီ စံနှုန်းတွေနဲ့ ကျင်းပဖို့ ကျွန်တော်တို့ အလေးထားသွားမှာပါ။ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတော်သစ်ကို တည်ဆောက်နေပြီဖြစ်တဲ့ အသွင်ကူးပြောင်းချိန်မှာ ဖြစ်ပါတယ်။ ဒီနိုင်ငံရေးကိစ္စတွေကို မြန်မာစစ်အစိုးရ ဘက်က လုပ်သင့်တာတွေ ကျွန်တော်တို့ ပြောပြပါမယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေ စိတ်တိုင်းကျ တဲ့ နိုင်ငံရေးဖြေရှင်းချက်တွေကို ကျွန်တော် တို့ လိုချင်ပါတယ်။ ဒါ့ကြောင့် (၆) လအကြာမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးကို ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ မြန်မာပြည်သူတွေရဲ့ အနာဂတ်အတွက် ဒီကိစ္စဟာ အရေးကြီးပါတယ်။ နိုင်ငံတကာအနေနဲ့ ဆောင်ရွက်စရာတွေ ရှိနေပါသေးတယ်"

(ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ် ဂျွန် ဆောရာစ်)

☐ (၁၉) ရက် မတ်လ ၂ ကြိမ်မြောက်

မြန်မာပြည်အနာဂတ်အတွက် မြန်မာစစ်အစိုးရနှင့် မြန်မာနိုင်ငံသားတွေရဲ့ တာဝန်သာ ဖြစ်တယ်ဟု မစ္စတာဝင်ထား၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြောသွားချက်သည် မှန်ကန်သော်လည်း ကုလသမဂ္ဂကို ထိုသော အဖွဲ့အစည်းတရပ်အနေနှင့် တာဝန်ရှာရာတွင် မြန်မာပြည်တွင်းက ဒီမိုကရေစီရေးလှုပ်ရှားသူများက ဝေဖန်လိုက်ကြသည်။

"ဝင်ထားတို့အနေနဲ့ ဘာမျှမတိုးတက်တဲ့ အခြေအနေကို ကျွန်တော်တို့ သဘောတူရမှာ မဟုတ်ပါဘူး၊ လွှတ်တော်တရပ်ကို လုပ်ချင်သလို လုပ်ပြီး ကျွန်တော်တို့ တောင်းဆိုနေတဲ့ အချက်တွေ ပျောက်သွားတယ်၊ သူ့ အနေနဲ့ ထပ်ပြီးတော့ မြန်မာပြည်ကို ပြန်သွားပြီး ဒါတွေကို ကျွန်တော်တို့ အနေနဲ့ အလေး ထားဖို့ လိုတယ်လို့ ပြောရမယ်"

ဦးအောင်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်းအဖွဲ့ ချုပ်အတွင်းရေးမှူး - ဦးအောင်သောင်း)

ထို့နောက် တိုင်းပြည်တခုတွင် အကျပ်အတည်းဖြစ်ရန်ပြည်တွင်းအင်အားစုများက အဓိကကျသည်မှန်သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီမှု ထောက်ပံ့မှု ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်မှုအတွက် အထောက်အကူဖြစ်စေနိုင်ကြောင်းကို ထောက်ပြပြောဆိုသွားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ အရေးကိစ္စတွေဟာ ဒီမိုကရေစီရရှိ ရေး အတွက်အရေးကိုဆောင်ရွက်နေကြတဲ့..."

မြန်မာ့အရေးပြုပြင်ပြောင်းလဲရန်ကြိုးစားခဲ့သော မစ္စတာဂမ်ဘာရီ၏ မေးခွန်းများနှင့် နအဖ၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏တုန့်ပြန်မှုများ

သတင်းနှင့်ပြန်ကြားရေးဝန်ကြီး
ဗိုလ်ချုပ်ကျော်ဆန်း

ကုလသမဂ္ဂကိုယ်စားလှယ် ဂမ်ဘာရီ

❑ *မစ္စတာဂမ်ဘာရီမှ မြန်မာပြည်တွင် ကုလသမဂ္ဂရုံးဖွင့်ခွင့်တောင်း —*
ယူအဲန်ကလာတဲ့ညှိသည့်တော်များ လာရောက်လိုတယ်ဆိုပြီးဖွင့်တောင်းဆိုရင် မြန်မာ ဖော်ကစိုးရအနေနှင့် အချိန်မရွေးဖိတ်ခေါ်မယ်သာဖြစ်ပါတယ်။ ဒီတော့ ရုံးကနေရာ မစ္စတာဂမ် ဘာရီလာရောက်ဖို့အတိုင်းအတွက်ဆိုတာ မလိုအပ်ပါဘူး။ မစ္စတာဂမ်ဘာရီ အလုပ်လုပ် နိုင်အောင်ဆောင်ကိုယ် ယူအဲန်ကကိုယ်စားလှယ်တွေဆိုတာလည်း မြန်မာပြည်အတွင်း မှာ အတော်များလှပါပြီခင်ဗျား ...။

❑ *ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်ပြီးပြင်ရန်၊ တိုင်းရင်းသားလူမျိုး စုများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ပါဝင်ဆွေးနွေးခွင့်ပြုရန် —*
မြန်မာပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူကြမ်းတော လုံးဝညှိပြီးတော့သွားပြီး နောက် ထပ်ပြင်ဆင်ဖို့မလိုတော့ပါဘူး။ (ထိုမူကြမ်းတွင် နိုင်ငံခြားသားနှင့်လက်ထပ်ထားသူ ဒေါ် အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်မရစေသည့်ပုဒ်မကို ထည့်သွင်းပြဋ္ဌာန်းထား သည်။) ဒေါ်အောင်ဆန်းစုကြည်ရဲ့အဲန်အယ်လ်ဒီပါတီကသာလျှင် အခြေခံဥပဒေရေး ဆွဲဖို့မှာ ပူပေါင်းပါဝင်မှုမလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီတော့ကာ... ဒီအဆိုတ ဆွဲပြီးမှ နောက်ထပ်ပြီးတော့ ပါဝင်မှုမရှိနိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး ...။

❑ *စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကြားက တွေ့ဆုံဆွေးနွေးရေးများ အောင်မြင် ကောင်းမွန်တိုးတက်လာဖို့၊ ယုံကြည်မှုတည်ဆောက်ရေး ရွေးကောက်ပွဲဖြစ်လာစေဖို့၊ အချိန် ကန့်သတ်ချက် အတိအကျရှိစေဖို့ ရှာဖွေကြည့်ကြရပါမယ် —*
ကျွန်တော်တို့ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ဟာ အလုံးကြည့်ရှုရေးအတွက် ပြီးတော့ အဲဒီမှာပဲ နိုင်ငံရေးဆိုင်ရာဆွေးနွေးမှု အားလုံး လည်း ပါဝင်ပြီးဖြစ်ပါတယ်။ ဆက်ဆံရေးဝန်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ တွေ့ဆုံ ဆွေးနွေးမှုဆိုတာတွေကလည်း ယူအဲန်ရဲ့ အချိန်သတ်မှတ်ထားတာအတိုင်း လိုက်ပါဆောင်ရွက် နေခြင်းပဲဖြစ်ပါတယ်။ ဒေါ်စုဟာ နိုင်ငံတကာမှာ မြန်မာပြည်အပေါ် ပိတ်ဆို့အရေး ယူမှုတွေ ဆက်လက်ဆောင်ရွက်ဖို့တောင်းဆိုနေတာကို ရပ်တန့်မယ်ဆိုရင် ဗိုလ်ချုပ်မှူး ကြီးကိုယ်တိုင်ကတောင် သူ့ကို တွေ့ဆုံဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါပေမယ့် သူက ပိတ်ဆို့ အရေးယူမှုတွေနဲ့ပတ်သက်လို့ တပြားဖိုးမှ လျှော့မပေးခဲ့တဲ့အတွက် တွေ့ဆုံဆွေးနွေးရေး ဆိုတာ ဖြစ်လာနိုင်မယ်မဟုတ်ပါဘူး။

❑ *နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးပါ —*
မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိပါဘူး။ ဒေါ်စုအပါအဝင် အခမ်းခံရသို့ ထောင်ကျနေသူ (သို့မဟုတ်) ထိန်းသိမ်းခံနေရသူတွေအားလုံးဟာ ဥပဒေချိုးဖောက် ထားသူများသာဖြစ်ပါတယ်။

❑ *စီးပွားရေးနှင့်လူမှုရေးကဏ္ဍမှာ မြန်မာပြည် အမျိုးသားအကျိုးစီးပွားအတွက် ဆွေးနွေး ရန်နှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများပေးရေးအတွက် အမျိုး သားစီးပွားရေးဖိုရမ်တည်ထောင်ရန် —*
ထားဝယ်တို့ မှား လျှော်ကြီးမင်းတို့အနေနဲ့ ကူညီလိုစိတ်ရှိတယ်ဆိုရင် စီးပွားရေးပိတ်ဆို့ ထားတာတွေကို ပယ်ဖျက်ပစ်လိုက်ပါ။ အကူအညီပေးလှုပ်ရှားလာတာကိုမှန်ပြင်လိုက် ပြီး ရေးရေးတွေကို ခွေးခွင့်ပြုလိုက်ပါ။ အဲဒါဟာ အမျိုးသားစီးပွားရေးဖိုရမ်လုပ်ဖို့ တောင်း ဆိုနေတာထက်ပိုပြီး ထိရောက်တဲ့အကူအညီဖြစ်ပါလိမ့်မယ်။ စီးပွားရေးအရ ပိတ်ဆို့ ပိတ်ဆို့မှုတွေတော့လုပ်နေပြီး ဆင်းရဲခြင်းမှုတွေလျော့ချဖို့ အကူအညီလာပေးတယ် ဆိုတာ မှန်ကန်တဲ့ဖြေရှင်းမှုမျိုးကို ဘယ်တော့မှ ဖြစ်လာစေလိမ့်မယ်မဟုတ်ဘူး။

ကုလသမဂ္ဂအနေနှင့် နအဖအစိုးရအား ဖေ့ဆောင်နေရသည့်အကြောင်းထက်တရား မရှိသော ကြောင့် မစ္စတာဂမ်ဘာရီက ဖလိပ်ပြည်တည်ငြိမ်ရန်ကြိုးပမ်းခဲ့ပါ။ အထက်အရာရှိအား မြန် မာပြည်တင်ပြခဲ့ရမည်ဟူ၍သာ နှိုးမိုးပေးပြောသွားခဲ့သည်။

❖

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့တွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးလှုပ်ရှားမှုအခမ်းအနား ဘန်ကောက်တွင်ကျင်းပ

ဘန်ကောက်မြို့တွင်ကျင်းပခဲ့သည့်နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးလှုပ်ရှားမှုအခမ်းအနား

မတ်လ (၁၃) ရက် လူ့အခွင့်အရေး နေ့မှာ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) နှင့် မြန် မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) တို့မှဦးစီးပြီး "နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းလွှတ်" ရေးလှုပ်ရှားမှုစတင်သော အခမ်းအနားကို ဘန်ကောက်မြို့က ခရစ် ယာန်ကျောင်းသားများရိပ်သာ (Student Christan Center) တွင် ကျင်းပခဲ့သည်။

ထိုလှုပ်ရှားမှု၏ အဓိကရည်ရွယ်ချက် မှာ နိုင်ငံရေးအကျဉ်းသားများအား အမြန် ဆုံးလွှတ်ပေးရန် (သို့မဟုတ်) မြန်မာ့နိုင်ငံ ရေးအတွက် ကမ္ဘာ့လုံးမှ ဖိအားပိုပေးကြ ရန်ဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေး လက်မှတ်ရေး ထိုးသော ဆန္ဒပြလွှာများကိုလည်း ကောက် ခံသွားမည်ဖြစ်ပြီး ယင်းတို့အား ဩဂုတ် (၈) ရက် ရှစ်လေးလုံး အနှစ်နှစ်ဆယ်မြောက် သည့်နေ့တွင် ကုလသမဂ္ဂသို့ ပေးပို့မည်ဖြစ် ကြောင်း သိရသည်။

အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က "နိုင်ငံရေးအကျဉ်းသားတွေ ဟာ တိုင်းပြည်ပြန်လည်တည်ဆောက်ရေး ကာလမှာ အင်မတန်အသုံးဝင်မယ့်လူတွေဖြစ် တယ်။ တချို့တွေက နိုင်ငံရေးခေါင်းဆောင် တွေ အမတ်တွေ ဝန်ကြီးချုပ်တွေ လူ့အခွင့် အရေးခေါင်းဆောင်တွေ နောက်ဒေသဆိုင် ရာခေါင်းဆောင်တွေဖြစ်လာနိုင်တယ်။ တချို့ ဆိုရင် အမတလည်းဖြစ်လာနိုင်ပါတယ်။ ဒီနိုင် ငံရေးအကျဉ်းသားတွေရဲ့တန်ဖိုးဟာ အတော် ကြီးပါတယ်။ သူတို့တွေကို ထောင်ထဲမှာ အ သက်ဆုံးရှုံးသွားတာမျိုး အဖြစ်မခံနိုင်ဘူး" ဟုပြောခဲ့သည်။

ထိုလှုပ်ရှားမှု၏ နောက်ထပ်ရည်ရွယ် ချက်တခုမှာ ပြည်ပရောက်ခေါင်းဆောင်များ၊ နိုင်ငံတကာရောက်မြန်မာလူများနှင့် အရှေ့သ ဖြင့် အိမ်နီးချင်းနိုင်ငံများက ခေါင်းဆောင် များ မြန်မာ့အရေးကိုပိုပြီးသိလာစေရန်၊ ပိုပြီး ထောက်ခံမှုပေးလာရန် နအဖ၏လုပ်ရပ်တို့ အား အာဆီယံခေါင်းဆောင်များနှင့် ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိလာပြီးနောက် ပို၍ဖိ အားပေးလာစေရန် လုပ်ဆောင်ရခြင်းဖြစ် ကြောင်း ပြောသည်။

ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ အင် လန်နှင့် ကနေဒါ စသော ငါးနိုင်ငံတို့တွင် လည်း နိုင်ငံရေးအကျဉ်းသားများအရေး အလားတူလှုပ်ရှားမှုဆွေးနွေးပွဲတရပ်ကိုလည်း တနေ့တည်းတွင် ပြုလုပ်ခဲ့ကြကြောင်း သ တင်းရရှိသည်။ ❖

ပြည်သူ့သန္ဓာယုပ္ပ အတွက် သတိပေးချက်

ဗိုလ်နေဝင်းဆိုတဲ့နာမည်ကို လူကြီးအတော်များများ မေ့နေကြပါပြီ။ လူငယ်၊ လူလတ်ပိုင်းကတော့ နာမည်လောက်ပဲကြား ဖူးကြတယ်။ သူဟာဘယ်လိုလူစားလဲဆိုတာ မသိကြဘူး။ နေဝင်းဟာ အရပ်သားအစိုးရလက်ထဲက (၁၉၆၂) ခု မတ်လ (၂) ရက်နေ့မှာ အာဏာသိမ်းခဲ့တယ်။ ပြီးတော့ ဆိုရှယ်လစ်စနစ်ကိုကြေးကြော်ပြီး စစ်အာဏာရှင်စနစ်ကိုထူထောင်ခဲ့တယ်။ လူတုကို နည်းမျိုး စုံနဲ့ ဖိနှိပ်ခဲ့တယ်။ အတိုက်အခံပါတီတွေ၊ တိုင်းရင်းသားပါတီတွေကို နလန်မထူနိုင်အောင် အလဲထိုးပယ်ရှားခဲ့တယ်။ ဒါပေမယ့် အတိုက်အခံတွေပျောက်မသွားခဲ့ဘူး။

နေဝင်းစစ်အာဏာရှင်စနစ်ဟာ (၂၆) နှစ်ကာလအတွင်းမှာ လူထုရဲ့အဆွေအမျှသပိတ် ကြော်ပြိုလဲခဲ့တယ်။ နှစ်ကတော့ ၁၉၈၈ ခု စက်တင်ဘာကုန်ကြားကာလမှာ နေဝင်းနောက်လိုက်တပည့် စစ်ဗိုလ်တစုက အာဏာထပ်သိမ်းခဲ့တယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲတခုကိုလုပ်ပေးမယ်လို့ ကတိပေးခဲ့တဲ့အတွက် ၁၉၉၀ မှာ ရွေးကောက်ပွဲလုပ်ပေးခဲ့တယ်။ အဲန်အယ်လ်ဒီအတိုက် အခံပါတီက မဲအပြတ်အသတ်နိုင်ခဲ့တယ်။ ဒါပေမယ့် အာဏာလွှဲမပေးခဲ့ဘူး။ ခုတခါ ပြည်သူတွေကို မျက်လှည့်ပြဖို့ "ပြည်သူ့ ဆန္ဒခံယူပွဲ" ဆိုင်းဘုတ်နဲ့ ထွက်လာပြန်တယ်။ ယုံကြည်ရတဲ့သတ္တိမရှိဘူးဆိုတာကို ပြသလိုက်တာပဲ။ လူထုဘက်က သိဖို့ဆိုတာက တော့ ဒါတို့ထပ်ပြီး အလိမ်ခံရပြန်ပြီ။ ဒီတခါအလိမ်ခံရရင် "တခါသေဖူး- မှုံ့ပိုးနားလည်" ဆိုတဲ့ မြန်မာ့ ဆိုရိုးစကားအတိုင်း အဖြစ်ခံရတော့မယ်ဆိုတာပဲ။ လူတန်းစားအသီးသီးရဲ့ရင်ထဲမှာ အာဏာရှင်သန်းရွှေရဲ့လိမ်စဉ်ကြီးကို ဆက်လက်ခေါင်းငုံ့ခံ နေတော့မှာလားဆိုတာကို ဒီရက်အတွင်း အလေးအနက်ထုံးသင့်ကြပါ။ စစ်အာဏာရှင်ပြုတ်မှ ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်း လာမှာပါလားဆိုတာ တပြိုင်တည်းစဉ်းစားပေးကြပါ။

တွေးမနေနဲ့ ... ဝေးမနေနဲ့၊ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းမစွပ်ကြပါနဲ့။ လာမယ့်မျိုးဆက်တွေအတွက် သတိရှိကြပါ။ အချိန် သိပ်မရှိတော့ဘူး။ သန်းရွှေစစ်အာဏာရှင်ရဲ့ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ" ကို ကိုယ့်အသိတရားနဲ့ကိုယ် "ကန့်ကွက်မဲ" ပေးကြဖို့ အဆင်သင့်လုပ်ထားကြပါ။

မဲတစ်မဲရဲ့တန်ဖိုးဟာ ဗမာ့သမိုင်းတခုလုံးကိုပြောင်းလဲပစ်နိုင်ပါတယ်။

ရဲဘော်မောင်းတိုးအောင် (၅-၂-၂၀၀၈)

❖

(၇၄) ခုနှစ်မှာကျင်းပမယ့် ပြည်သူ့ဆန္ဒခံယူပွဲအတွက် (၇၃) ခုနှစ် နှောင်းပိုင်းကစပြီး အစိုးရက စည်းရုံးရေးဆင်းပါတယ်။ (ဗိုလ်ချုပ်အောင်ဆန်းတို့ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ်အခြေခံဥပဒေကို အစားထိုးဖို့အတွက် ဆင်ရေးဆွဲထားတဲ့ မဆလတည်းမြဲရေးဥပဒေကို အတည်ဖြစ်အောင် ကြိုးပမ်းမှုတရပ်ပါ။)

အဲဒီ ဝီစင်အာလာတခုသော ညနေမှာ ဖွင့်ထားတဲ့ရေဒီယိုသနေ အတွန့်ထူးဆန်းတဲ့ ဂီတသံတခု လေထုထဲကိုဖျတ်ကနဲ ဝင်ရောက်လာခဲ့တယ်။ မြန်မာ့ရိုးရာထိုးစည်တေးကို လူငယ်တွေရဲ့ဂီတနဲ့ ပေါင်းစပ်လိုက်တဲ့အသံ။ အဲဒီအချိန်က ဂီတသံ (တနည်း) စတီရီယိုတေးဂီတကို လူငယ်တွေက အားလုံးလောက် ခံနှစ်ခြိုက်ပေမယ့် မိုရာအစွဲအလမ်းနဲ့ လူကြီးတွေရော၊ အုပ်စိုးသူတွေကော၊ လက်မခံဝင်ဝင်တားမြစ်တာကို ခံနေရတဲ့အချိန်။ အရုပ်ပျက်တေးဂီတလို့ သတ်မှတ်ထား စွပ်စွဲမယ် ရှားထားကြတာ။ ဒါကို မြန်မာ့အသံကထုတ်လွှင့်ပေးတယ်ဆိုတော့ အံ့ဩရတာပေါ့။ ဘယ်လိုလဲ။ မြန်မာ့အသံက စတီရီယိုဂီတကို လက်ခံလိုက်ပြီလား။ အယူအဆပြောင်းလဲလိုက်ပြီး စတီရီယိုတေးတွေကို ငင်မြင့်ပေါ်တင် ထုတ်လွှင့်နေပြီလား။

"မဲ့ပုံမဲ့ရှိုလား တပြည်လုံးမဲဆန္ဒနဲ့ ....
တပြည်လုံးမဲဆန္ဒနဲ့ ....
ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်
(တိုင်းနဲ့ပြည်နဲ့ အမြဲပဲတို့ကျွာ ....)၂
မဲရုံကို မဲရုံကို
လာကြ .... လာကြ .... မဲသွားပေး
မယ်ကွာ ...."

နောင်ဆိုရင် စတီရီယိုသီချင်းတွေကို တေးသံသွင်းဆိုင်တွေမှာ ကက်ဆက်ရိုက်ခွင့်မိမ်တွေကို တကူးတကသွားပြီးနားထောင်ရတော့ဘဲ ကိုယ့်အိမ်က ရေဒီယိုကနေဖွင့်နားဆင်ရတော့မှာပဲဆိုပြီး ပျော်နေမိတာတခုပါပဲ။ ဆန္ဒခံယူပွဲပြီးတော့ ဒုံရင်းဒုံရင်း မြန်မာ့အသံပဲပေါ့။

အဲဒီတုန်းက ကျနော့်အကိုက ရန်ကုန်မှာနေတော့ သူတို့တွေ ရွေးကောက်ပွဲအတွက် အန်းအောင်စာရင်းတွေကောက်တာကို လုပ်အားပေးခဲ့ရတယ်။ စေတနာ့ဝန်ထမ်းပေါ့။ နောက်ပြီးတော့ သတင်းစာထဲမှာ ရုပ်ရှင်မင်းသားကျော်ဟိန်းနဲ့အတူ စာပေသမားတွေ၊ ဂီတသမားတွေ၊ ပျော်ဖြေရေးမော်တော်ကားတစီးနဲ့ ညတက်တွေဆိုရင် ရန်ကုန်တိုင်းဖယာန်မြို့နယ်မှာလိုက်ပြီးတော့ အခြေခံဥပဒေထောက်ခံမဲဆွယ်စည်းရုံးတာ တွေ့လိုက်ရတယ်။

ကျနော်က (၁၃) နှစ်သား လူငယ်တဦးအနေနဲ့ နိုင်ငံရေးကိုနားမလည်နိုင်သေးပေမယ့် အဲဒီအချိန်ခါက လူတွေကြားထဲ တီးတိုးပြောနေကြတာတွေတော့ကြားတယ်။ တိုင်းမဲပဂွဇင်းထဲမှာပါတဲ့ ကာတွန်းတစ်ပုံမှာ ဦးနေဝင်းက စစ်ဝတ်စုံတခြမ်းဝတ်ထားပြီး တခြမ်းက ခေါင်းပေါင်းနဲ့ ဂုတိုးနဲ့ပြည်သူပေါ့။ သူ့ရဲ့ စစ်ဝတ်စုံဝတ်ညာလက်က ခေါင်းပေါင်းပေါင်းထားတဲ့ တိုက်ပုံဝတ်ထားတဲ့ ဘယ်လက်ထဲကိုအာဏာလွှဲနေပုံဟာ လူကြီးတွေပြောအများဆုံးသောတွန်းအကြောင်းပါပဲ။ အခုအမြင်နဲ့ပြောရရင် ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌကြီးနေဝင်းလက်ဆီ့ လွှဲပြောင်းလိုက်သည်။ အဲဒါ ၁၉၇၄ ရွေးကောက်ပွဲပါပဲ။

၁၉၇၄ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီကနေ ဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အရပ်သားအစိုးရလက်ထဲကို (ပြည်သူလူထုတရပ်လုံး တခဲနက်ထောက်ခံလိုက်တဲ့ အခြေခံဥပဒေအရဆိုပြီး) အာဏာလွှဲပြောင်းပေးလိုက်တယ်။ ကိုယ့်ဖဲကိုယ်ချိုး ကိုယ်မဲကိုယ်ဆင်လုပ်ခဲ့တယ်။ နိုင်ပြီ၊ မြဲပြီ၊ တရားဝင်ပြီပေါ့ဆိုပြီး အာဏာသွေးနေတင်ရောက်သွားတော့ ....

၁၉၇၄ ဇွန်လမှာ ဖော်နေတဲ့အလုပ်သမားထုတို့ ထကြွမ်၊

၁၉၇၄ ဒီဇင်ဘာလမှာတကြိမ် ကျောင်းသား ရဟန်း ပြည်သူလူထုကြီးကို ရက်ရက်စက်စက်လက်နက်နဲ့ ပစ်ခတ်သတ်ဖြတ်ပစ်လိုက်တယ်။

ဝါကြောင့် အာမှမသိတဲ့ ကျနော်တို့ ကျောင်းသားလူငယ်တွေ အာဝဇ္ဇန်းကောင်းမြင်ဘန်းကကြည့်ရင်တော့ ငြိမ်ဝပ်ပိပြားနေအယောင်ဆောင်ပါပဲ။

ကျနော်တို့ ကျောင်းသားလူငယ်တွေကတော့ အယ်တုန်းကမှ မတရားမှုကို ခေါင်းငုံ့ငြိမ်ခံမနေကြဘူး။ အဲဒီတုန်းက ကျနော်တို့ မော်လမြိုင်အက်ကိုစိန့်ဝင်တာက ဦးနု၊ ဦးသွင်၊ ဗိုလ်လက်ျာတို့ရဲ့ ပါလီမန်ဒီမိုကရေစီပါတီ၊ ကျနော်တို့မော်လမြိုင်နဲ့သူတို့ရဲ့ တော်လှန်ရေးနယ်မြေနဲ့က ဆက်စပ်တယ်လေ။ အဲဒီတော့ ကျနော့်သူငယ်ချင်း ကျောင်းသားလေးတွေလည်း ပါလီမန်ဒီမိုကရေစီပါတီထဲ တဖွဲ့ဖွဲ့ရောက်သွားကြတာပေါ့။

၁၉၇၇ ခုနှစ်မှာ ကျနော့်အသက် (၁၇) နှစ်မှာ ကျနော့်သူငယ်ချင်းတဦးက အဲဒီပါတီနဲ့ဆက်နွယ်တာကြောင့် အတူအဖမ်းခံရပြီး အင်းစိန်ထောင်ထဲ ရောက်ရောက်သွားရတယ်။ ထောင်ထဲမှာ တိုက်ထဲမှာအတူနေခဲ့ရတဲ့ တော့ဘာမှမပြောဘူး။ မဲလည်းသွားမထည့်ဘူး။ ကျနော့်နည်း၊ ကျနော့်ဟန်နဲ့ ကျင်းပလိုက်တဲ့ တကိုယ်တော်ဆန္ဒပြပွဲပေါ့။ အဲဒီအကြောင်း နောက်တနေ့ (၇၈) မှာ ထောင်ကျရတဲ့ ကျနော့်မိတ်ဆွေ၊ မိုင်းရာပြည်ကျောင်းသားကို ပြောပြတော့သူက 'ခင်ဗျားမှာ ဘာရိုက်ခတ်မှုမှ မရှိဘူးလား' လို့ပြောပြီး အံ့ဩသွားခဲ့တယ်။ ဆိုလိုတာက အဲဒီတုန်းက လူမျိုးစုတာ အစိုးရကို တိုက်ရိုက်ဆန့်ကျင်မှုမပြုခဲ့ကြဘူး။ တီးတိုးစကားနဲ့သာ ဝေဖန်တတ်ကြတာပါပဲ။ မဲဆန္ဒပေးကြဆိုရင်လဲ သွားပြီးအမြဲပဲထည့်ပြီး ပြန်လာကြယန်နဲ့တူပါတယ်။ ကျနော်ပြောတာ သာမန်ပြည်သူနော်။

ဘာတဲ့ .... အဲဒီတုန်းက စကားလုံးတွေ၊ ဝေါဟာရတွေတောင် အထင်အရှားရှိသေးတယ်။

"မဝယ်၊ မရှယ်၊ မပြတ်" တဲ့၊
"နံရံကို ခေါင်းနဲ့မတိုက်နဲ့" တဲ့။

၁၉၇၈ ရွေးကောက်ပွဲတုန်းက ရန်ကုန်မြို့တနေရာမှာ ပြည်သူတဦးက ထောက်ခံမဲထည့်တဲ့ အဖြူပုံးထဲကို မှင်တွေလောင်းထည့်ကန့်ကွက်ဆန္ဒပြခဲ့တာ သတင်းစာမှာဖတ်ပြီးသိလိုက်ရတယ်။ အဲဒီလူကို ရွေးကောက်ပွဲဥပဒေအရ ဖမ်းဆီးအရေးယူထောင်ချလိုက်တယ်။ နိုင်ငံရေးအတွေ့အမြင် ကျယ်ပြန့်ထွန်းကားတဲ့သူတွေရဲ့ လုပ်ဆောင်ချက်တခုပေါ့ဗျာ။

(၈၄-၈၅) မှာကျင်းပတဲ့မဆလရဲ့ ရွေးချယ်တင်မြှောက်ပွဲကျတော့ ကျနော်အနည်းအကျဉ်း စိတ်ဝင်စားမှုရှိလာတယ်။ နိုင်ငံရေးအသိအမြင်လည်း အနည်းငယ်ရင့်ကျက်လာတော့ မဲမြင်ဆန့်ကျင်တဲ့ပုံစံမျိုးမဟုတ်တော့ဘူး။ (၅/၃၁) နဲ့ ထောင်လည်းကျဖူးခဲ့ပြီး ရွေးချယ်ပွဲမလုပ်ခင် ကျနော်တို့ရပ်ကွက်ထဲက အခန်းကျယ်ကျယ်တခုမှာ ကျနော်တို့ရပ်ကွက်ကတင်မြှောက်မယ့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌလောင်းက ရပ်ကွက်သူရပ်ကွက်သားထုကိုဖိတ်ပြီး မဲထည့်ပုံ မဲထည့်နည်း၊ နောက်ပြီး သူ့ရဲ့ကိုယ်ရေးရာဇဝင်၊ အဲဒါတွေကို ရှင်းလင်းပြောဆိုတယ်။

အဲဒီတုန်းက ဘွဲ့ရဝညာတတ်တွေက လည်း၊ နည်းတဲ့အချိန်၊ ဥက္ကဋ္ဌလောင်းက 'ဘွဲ့ရ' ဆိုတာနဲ့ ကျနော်တို့ရပ်ကွက်ထဲက လူငယ်တွေ လက်ခံလိုက်ကြတဲ့အသံတွေ ထွက်လာတယ်။

ကဲ .... ဒါနဲ့ မဲထည့်တဲ့နေ့ရက်ရောက်လာပြီ။ ကျနော်က ကိုယ့်ကိုယ်ကိုနည်းနည်းမြင့်လိုက်ပြီး မဲထည့်မယ်၊ ဒါပေမယ့် ကျနော်မသိတဲ့မြို့နယ်၊ ပြည်နယ်နဲ့တိုင်းကလူတွေကို ကျနော်ကန့်ကွက်မဲပေးမယ်။ ကျနော့်လုံးလုံးလျားလျားသိတဲ့ ကိုယ့်ရပ်ကွက်ထဲက ကိုယ့်လူကိုတော့ ထောက်ခံမဲအဖြူပေးမယ်၊ ကျန်တာ အမည်းပေးမယ်၊ အဲသလို ရည်ရွယ်ထားတယ်။ အဲဒီအတိုင်းလဲ ထည့်တယ်။

မဲထည့်ပုံမဲထည့်နည်းက ဒီလိုခင်ဗျာ။

မဲရုံစောင့်တွေက ဆရာ၊ ဆရာမနဲ့ ကြက်ခြေနီတို့ မီးသတ်တို့ ဆရာမတစေထောက်စီမှာ ကိုယ်မဲထည့်ရမယ့် မဲပြားကိုယူပြီးရင် မဲရုံ (၄) ခန်းဆောက်လုပ်ထားတယ်၊ အဆင့်ဆင့် (၄) ခန်း ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်တိုင်း၊ (ဗဟို) ပေါ့။ အဲဒီအခန်းထဲမှာ မဲပုံး (၂) ပုံးစီရှိတယ်။ တခန်းကို (၂) ပုံးစီ။ တပုံးက အမှန်လက္ခဏာနဲ့ အဖြူရောင်ပုံးဖြစ်ပြီး တပုံးက အမည်းရောင်ပုံး၊ အမည်းလက္ခဏာရေးထားတယ်။ ကိုယ့်မဲပြားကတော့ နီးရီးကတ်ထူပြားကလေးတခုပဲဖြစ်တယ်၊ အဲဒီကိုယ့်မဲပြားကို ကြိုက်တဲ့မဲပုံးမှာ ထည့် အဲသလိုပေါ့၊ ကိုယ့်ဆန္ဒအလျောက်ပေါ့။

ဒါပေမယ့် မဲရုံဆောက်ထားတာက သုံးထပ်သားနဲ့ လေးထောင့်အခန်းငယ်၊ လိုက်ကာတပ်ထားတဲ့ဝင်ပေါက်တခုရှိပြီး အဲဒီလိုက်ကာဟာ ကြမ်းပြင်နဲ့ တထောင်တီတီ လွတ်နေတယ်။ မဲပုံးထားတဲ့အခန်းထဲမှာ စားပွဲနှစ်လုံးရှိပြီး အပေါက်ဖေါက်ထားနားမှာ အဖြူမဲပုံးကိုထားတယ်။ အတွင်းဘက်ကျကျစားပွဲ ပေါ်မှာ အမဲမဲပုံးကိုထားတယ်။ အဲဒီတော့ မဲထည့်တဲ့လူဟာ အဖြူထဲကိုထည့်သလား၊ အမဲကိုထည့်သလားဆိုတာ မဲရုံခန်းထဲကို မဝင်ထည့်သူရဲ့ခြေထောက်ကိုကြည့်ခြင်းအားဖြင့် သေချာပေါက်ပြောနိုင်တယ်။

အဲဒီအချိန်တုန်းကလဲ တတိယအကြိမ်သက်တမ်း ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲဆိုတော့ အုတ်မြစ်က နံနံနိုင်နေပြီလေ၊ လုပ်ချင်ရာလုပ်လို့ လွယ်လွယ်လေးရနေတယ်။ မဲရုံ တစုံနဲ့တစုံအပြိုင်အဆိုင် ကန့်ကွက်သူမရှိ။

'ဒို့ရပ်ကွက်က (၁၀၀) ရာခိုင်နှုန်းထောက်ခံလိုက်ပြီ' လို့ တခဲနက်ကြွေးဝါးအော်ဟစ်ဆူညံပြီး ကာနဲ့၊ ဘိုးစည်းဗုံမောင်းနဲ့ လော်စပီကာနဲ့ မဆလတွေ တမြို့လုံးလှည့်ကြွေးကြော်သွားကြလေရဲ့။ ဘုရားရေ ကျနော်ကိုယ်တိုင်ထည့်ထားတဲ့အမည်းတွေလည်း အဖြူအဖြစ်သို့ အရှင်လတ်လတ် ပြောင်းလဲသွားပါပကော။

၉၀ ခုနှစ်ရွေးကောက်ပွဲ

၁၉၈၅ ခုနှစ်ရဲ့ နေ့တနေ့မှာ ရုပ်မြင်သံကြားကနေ အရှိက်ဆိုတဲ့ဇာတ်လမ်း ထုတ်လွှင့်ချိန်ကို စောင့်ရပ်ဆိုင်းပြီး (၁၀၀) တန်၊ (၇၅) တန် ငွေစက္ကူတွေ တရားမဝင်ဖျက်သိမ်းလိုက်ပြီလို့ကြေညာပြီး ပြည်သူ့ရင်ဝရဲ့ အမှိုက်တည်းတည်း အလာန်ခံလိုက်ရတာတွေ

ကျမျက်နှာ (၂၀) ကော်လံ (၁) သို့—

စာမျက်နှာ (၂၀)
မောင်နီမော်ဆောင်းပါးမှ...

၁၉၈၈ ခုနှစ်မှာ (၇၅) ကျပ်တန် (၃၅) ကျပ်တန် (၂၅) ကျပ်တန်ငွေစက္ကူတွေ ထပ်မံဖျက်သိမ်းခံလိုက်ရတာတွေဟာ မဆလကို ဘုန်းဘုန်းလဲအောင် ပြိုကျပျက်စီးစေခဲ့တဲ့အကြောင်းရင်းခံတွေပေါ့။

အဲဒီကနေ ကျောင်းသားလှုပ်ရှားမှုတွေဖုန်းမော်၊ မောင်လ တင်တာနီး မြေနီကုန်းအရေးအခင်း၊ ရွှေတိဂုံရင်ပြင်တော့ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့ အရေးအခင်းတွေက တမာတပြည်လုံးအုံကြွပြီး မဆလအာဏာကို ဆွဲကိုင်ခါရမ်းလွှင့်ပစ်ချလိုက်နိုင်ခဲ့တယ်။

အဲဒီနောက် စစ်တပ်အာဏာ နဝတ အစိုးရ ပေါ်ထွက်ကြွမ်းလေးတက်လာပြီး ပါတီစုံဒီမိုကရေစီစနစ်နဲ့ ရွေးကောက်ပွဲအရေး ကျင်းပမယ်လို့ ကြေညာတယ်။ ပါတီတွေရဲ့အစိုးရကို တွန်းလှန်တိုက်ခိုက်ကြမယ့်သဘော ရှိတယ်၊ ၁၉၈၉ ကနေ ၉၀ ခုနှစ်အတွင်းမှာလည်း ပြည်သူတွေ ကျောင်းသားတွေ ဘက်ရာတွေ အလံအမျိုး ကွဲကြေမှုတွေ အများအပြားနဲ့ ဖြတ်သန်းခဲ့ကြရပြီးပြီ။

(၉၀) ရွေးကောက်ပွဲမှာ စစ်အစိုးရရဲ့ ညစ်ပတ်မှုလေးတွေ အနည်းငယ်ပြောပြချင်ပါတယ်။

ရွေးကောက်ပွဲလုပ်ဖို့ (၃) လလောက်အလိုကျမှ ပါတီတွေအားလုံးကို မဲဆွယ်စည်းရုံးခွင့်ပေးတယ်၊ တပါတီ၊ အဖွဲ့အစည်းတခုကို (၁၀) မိနစ်စီ မြန်မာ့ရုပ်မြင်သံကြားမှာ မဲဆွယ်ဟောခွင့်ပြုတယ်၊ (၁၀) မိနစ်ဆိုတော့ ပါတီတွေလည်း လိုရင်းကို တက်သုတ်ရိုက်ပြီး ဟောရတော့တာပေါ့၊ လိုရင်း တိုရှင်းပေါ့။

နောက်ပြီးပါတီတွေ အဖွဲ့အစည်းတွေက မဲဆွယ်စည်းရုံးရင် ကွင်းပြင်ထဲတို့၊ ပြည်သောင်စုကွင်းတို့ထဲ လုပ်ခွင့်မရဘူး၊ ကိုယ့်ပါ

မိမိရဲ့ဆန္ဒကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပစ်လိုက်စမ်းပါ၊ မဲရုံကိုသွား ကန့်ကွက်မဲပေးလိုက်၊ မကြိုက်တာကို မကြိုက်ဘူးလို့ ရဲရဲကြီးကန့်ကွက်လိုက်ပါ၊ နာမည်ကျော်ထင်ရှားလှတဲ့ ပြည်သူ့အသည်းကြားက မဲတပြားဆိုတာကို ကောင်းကောင်းကြီး အသုံးချလိုက်စမ်းပါ၊

ရုံးတည်ထောင်ခွင့်ပြုတယ်၊ အဲဒီလိုနဲ့ (၉၀) ရွေးကောက်ပွဲဖြစ်လာတယ်။

ကျွန်တော်ပြောချင်တာက (၉၀) ခုနှစ်ရွေးကောက်ပွဲအကြောင်း အပြည့်အစုံပါ၊

ရွေးကောက်ပွဲဝင်ပြီး အရွေးခံမယ့်သူတဦးတယောက်ဟာ စဘော်ငွေအဖြစ် ငွေတထောင်ကျပ်တိတိတင်ရတယ်၊ အဲဒီတုန်းက တထောင်ကျပ်ဟာ အကြမ်းဖျင်း ယခုငွေတသိန်းမျှရှိတယ်၊ ကိုယ်ဝင်မယ့်နယ်မြေနဲ့ ကိုယ့်ရဲ့ပါတီအဖွဲ့အစည်းတံဆိပ်မှမဟုတ် တသီးပုဂ္ဂလအဖြစ် ဘုံကိုတင်ပြတယ်၊ ပါတီအားလုံးကို (၂၀၀) ကျော် ရွေးကောက်ပွဲ မဝင်မဖြစ်ဝင်ရမယ်၊ အနည်းဆုံး တပါတီကို နယ်မြေ (၃) ခုမှာ ဝင်ရောက်ပြိုင်ရမယ်လို့ဆိုထားတယ်၊ ပါတီထောင်တာဟာ ရုပ်ရှင်ရုံထဲဝင်ကြည့်ဖို့ လက်မှတ်ဖြတ်တာမျိုးဖြစ်ပြီး ရုပ်ရှင်မကြည့်ဘဲနဲ့ လက်မှတ်ဝယ်ထားတာ အချိုးယိမ်းလုပ်ရပ်ပဲလို့ အဲဒီတုန်းက ဗြိမ်ဝပ်ပိပြားရေးဥက္ကဋ္ဌက ပြောတယ်၊ ရုပ်ရှင်ကြည့်မယ့်လူတွေကို နောက်ယှက်တာပဲတဲ့။

(၉၀) ရွေးကောက်ပွဲကို လူအတော်များများက မျှော်လင့်နေကြတယ်၊ နောက်ပြီးနည်းနည်း ပူပန်စိတ်ကလေးတွေလည်း ရှိကြတယ်၊ ရွေးကောက်ပွဲကျင်းပမယ့် အချိန်မတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးနု၊ ဗိုလ်မှူးအောင် အစရှိသူတို့ကို နေအိမ်အကျယ်ချုပ်ချလိုက်တယ်၊

အများပြည်သူကရော နိုင်ငံတကာကပါ တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးလို့ သုံးသပ်နေကြတယ်၊

ဒေါ်အောင်ဆန်းစုကြည်က ဗဟန်းမြို့နယ်ကနေ ရွေးကောက်ပွဲဝင်ဖို့ နာမည်စာရင်းတင်သွင်းတော့ ပယ်ချခံရတယ်၊ ပြည်သူလူထုကြီးကတော့ ရက်ရဲ့အပေါက်ကနေ ထိုးမောက်ပြီး အသံတိတ်ဆန္ဒပြပွဲအဖြစ် စစ်တီအိမ်ရာရဲ့ တံခါးဖြတ်အောက်မှာပဲ လူ (၅၀) ထက်မပိုစေဘဲ စုဝေးရမယ်တဲ့၊ ဘာတို့၊ ဒါပေမယ့် ပြည်သူလူထုကြီးကတော့ အသံတိတ်၊ ရင်တွေအားလုံး နိုတ်ဆက်ထားကြတာ အတူတကွညီညာစွာပါပဲ၊ ရည်မှန်းချက်တွေ ဘုံဆန္ဒတခုအဖြစ် သိမ်းထားကြပြီး မဲထည့်ရင် ထုတ်ပြမယ်ပေါ့၊ အသေအချာပါပဲ၊

နောက်ဆုံးယုတ်မာမှုတခုကတော့ ပြည်သူတွေကို စာမတတ် ပေမတတ်တွေ နွားတွေနယ်ပိန်းတုံးတွေလို့ အမြဲထင်ထားကြတဲ့ စစ်အုပ်စုတွေက သူတို့အရင် မဆလတုန်းကတော့ လွယ်ကူရှင်းလင်းတဲ့ မဲထည့်ပုံစံနစ် (၁၉၈၅ ရွေးပွဲမှာ ကျွန်တော်ပြောသလို) အဖြူပုံးထည့်ရင် ထည့်၊ အမည်းပုံးထည့်ရင် ထည့်ရှင်းလင်းလွယ်ကူအောင်လုပ်ထားပေမယ့် ဒီ (၉၀) ခုနှစ်ရွေးကောက်ပွဲမှာတော့ ဒီပါတီ၊ ဒီလူတဦးတယောက်ကို ထောက်ခံပြမယ်ဆိုရင်ဖြင့် ကြက်ခြေခတ် ခတ်ရမယ်၊ ဆန္ဒမဲပေးစာရွက်တရွက်၊ အဲဒီစာရွက်ပေါ်မှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီတွေရဲ့ အင်္ဂါတအမှတ်အသားလို မဲပြားစာရွက်ရဲ့ဘယ်ဘက်ကထားပြီး ညာဘက်ကွက်လပ်မှာ ကိုယ်ထောက်ခံမယ့်သင်္ကေတရဲ့ တည့်တည့်ကွက်လပ်ကို ကြက်ခြေခတ်အမှတ်အသား (ရာဘာတံဆိပ်နဲ့လုပ်ထားတာ) ကို ထုရိုက်ထည့်ရတယ်၊ မရှုပ်ရှုပ်အောင်လုပ်ထားတာပါ၊ အောက်မှာ နမူနာပုံနဲ့ပြပါမယ်၊

မဲစာရွက်ပေါ်မှာ ကြက်ခြေပိုင်း ရာဘာတံဆိပ်တုံးကလေးကို ညီညာလှပပြီး အပြင်ဘက် ဘောင်အောင်နှစ်ဖက်စလုံး မထိအောင်လည်း ဂရုစိုက်ထုရိုက်ရပါတယ်၊ ဘောင်ဘက်ထိသွားရင်၊ မထင်ရှားရင် ပယ်မဲအဖြစ် ကိုယ့်မဲကို အပယ်ခံရတတ်ပါတယ်၊ အဲဒါကြောင့် ပါတီတွေက မဲဆွယ်စည်းရုံးရေးဆင်းရာမှာ နမူနာအမြင်ပိုက်ပြကြရပြီး သေသေသပ်သပ်ဖြစ်အောင် မဲတည့်ကြဖို့လည်း ဟောပြောကြရပါတယ်၊ တံဆိပ်ရိုက်ပြီး မဲပုံးထဲကို တည့်ခဲ့ကြရတယ်၊

မေလ (၂၇) ရက်၊ (၉၀) ရွေးကောက်ပွဲနေ့ တနေ့ ကျွန်တော် အဲဒီနေ့မှာ ပင်နီတိုက်ပုံ၊ ပါတီရင်ထိုးကိုရင်ဘက်မှာ ကျကျနနထိုးပြီး မဲရုံကို လမ်းလျှောက်ချီတက်ခဲ့တာပါပဲ၊

အမေယ်ကိုကြီးတွေ၊ အဘိုးအဖွားတွေအားလုံး မဲရုံကိုထရောက်လာပြီး မဲပေးကြပါတယ်၊ မဲရုံမှာက ဆရာ၊ ဆရာမအများစုရဲ့ ရွေးကောက်ပွဲကော်မရှင်မှာပါတဲ့ ရပ်ကွက်အားတချို့ပဲ ရှိတယ်၊ မဲရုံကနေပြီး ကိုက် (၁၀၀) ဝန်းကျင်အတွင်း၊ ရဲအဖွဲ့အစည်း၊ စစ်အဖွဲ့အစည်း၊ ထောက်လှမ်းရေးအဖွဲ့ အစည်း အားဆိုးသားတစုမှ မဝင်ရဆိုတဲ့အမိန့် ထုတ်ထားပြီး၊ အဲဒီနေ့မှာ အဲဒီအဖွဲ့အစည်းတွေကလည်း တကယ်ပဲ စည်းကမ်းလိုက်နာခဲ့ကြတာ တွေ့ရတယ်၊ ဗိုလ်ချုပ်မှူးကြီး စောမောင်ကိုယ်တိုင် မဲရုံကိုလာပြီး ဆန္ဒမဲလာပေးတယ်၊ နိုင်ငံတကာကို ဒီရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတမှုရှိတယ်ဆိုတာ ပြခဲ့တယ်၊ နောင်မှသာ အာဏာကို ဆုပ်ကိုင်ထားပြီး ကြောင်လိမ်တော့တာ၊

ညနေစောင်း မဲရုံတွေမဲရေတွက်တဲ့အခါ တမာပြည်လုံးအနှံ့ ခမောက်က (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က) အနိုင်ရသွားတယ်၊ (၈၀) ရာခိုင်နှုန်း၊ မဲအရေအတွက်ရရှိခဲ့ပါတယ်၊ ထင်ရှားတဲ့ ဖော်ဘီ၊ မင်္ဂလာဒုံစတဲ့ စစ်တပ်နယ်မြေတွေမှာပါ ခမောက်ဟာ အောင်ပွဲရခဲ့ပါတယ်၊ မှန်လူမျိုးကြီးစိုးရာ စည်ပြည်နေရာတွေမှာတော့ တိုင်းရင်းသားတွေလည်း အနိုင်ရကြပါတယ်၊

စစ်အစိုးရရဲ့ ယုတ်မာဖီနှိပ်မှုများကြားက အောင်ပွဲကတော့ရခဲ့သော်လည်း ယခုတိုင်ယုတ်မာဖိနှိပ်ရက်စက်ခံထိတော့ အထင်အရှားတွေမြင်နေရတာမို့ ယခု ၂၀၀၈ မေလရယ်၊ နောက် ၂၀၁၀ ခုနှစ်မှာရယ် ရွေးချယ်ထောက်ခံပွဲတွေလုပ်ကြဦးမယ်ဆိုတာဟာ "ငါရှင်ဘုရင် ငါဘယ်နပတ်လှည့်လှည့်" ရတယ်လို့ ပြောလိုက်သလိုပါပဲ၊

စစ်အုပ်စုရဲ့အာဏာလို ဘိုးဘွားပိုင်အမွေအနှစ်လို သူ့ရဲ့စစ်တပ် သားစဉ်မြေးဆက် ပေးကမ်း၊ လက်ဆင့်ကမ်းသွားချင်တဲ့ ရည်ရွယ်ရင်းတွေ၊ စာမေးပွဲမဖြေဘဲ အတန်းအောင်ချင်သလိုမျိုး ရွေးကောက်ပွဲမဝင်ဘဲ ပြည်သူ့ကိုယ်စားလှယ်အဖြစ် လွှတ်တော်ထဲ ထိုင်ချင်နေတာတွေကို ကျွန်တော်တို့မိတ်ဆွေတို့အားလုံး တတ်စွမ်းသမျှ ဆန့်ကျင်ကန့်ကွက်သွားရမှာပဲဖြစ်ပါတယ်၊

အဲဒီတော့ .... မိတ်ဆွေ၊

မိမိရဲ့ဆန္ဒကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပစ်လိုက်စမ်းပါ၊ မဲရုံကိုသွား ကန့်ကွက်မဲပေးလိုက်၊ မကြိုက်တာကို မကြိုက်ဘူးလို့ ရဲရဲကြီးကန့်ကွက်လိုက်ပါ၊ နာမည်ကျော် ထင်ရှားလှတဲ့ ပြည်သူ့အသည်းကြားက မဲတပြားဆိုတာကို ကောင်းကောင်းကြီး အသုံးချလိုက်စမ်းပါ၊ ယုတ်မာမှုမှန်သမျှ (၉၀) ရွေးကောက်ပွဲ စိတ်ဓာတ်နှင့် ဆန့်ကျင်ကြ၊

ပြည်သူတို့ရဲ့ ဒီမိုကရေစီတော်လှန်ရေး အောင်ရမည်၊

မောင်နီမော် (၄၊ ၃၊ ၂၀၀၈)

❖

"ငါတို့ကန့်ကွက်မဲ ပေးရမယ်"



ခေါင်းထိပ်ကမင်းသား
စစ်တပ်က ယူထားပြီ
ထောက်ပံ့ကုန်သိမ်းချုပ်ဖို့
ဖွဲ့စည်းအုပ်ချုပ်ပုံ
စစ်ဥပဒေယုတ်နဲ့
တိုင်းပြည်ကိုကလာဝ်မီးကျူးနေအောင် ဆက်လုပ်မို့
ပြည်သူအားနှစ်ယူ့ပွဲလုပ်မတဲ့ ...။

ဒီဆန္ဒခံယူပွဲမဲ့ရုံသွားပြီး
ထောက်ခံမဲပေးမယ်ဆိုရင်
မိမိအသက်ထွက်သွားပြီမှ
မိမိဉာဉ်က မိမိဆွေမျိုးကိုပြန်ပြီး
အသုံးချလိုက်ရှိမယ်အလုပ်
မိမိကိုယ်တိုင် လုပ်လိုက်သလိုဖြစ်နေမယ် ...။

အဲဒါကြောင့် ....
စစ်ဥပဒေယုတ် ဆန္ဒခံယူပွဲ
ငါတို့ကန့်ကွက်မဲပေးရမယ် ...။

တိုနိုင်(မန္တလေး)
၃၊ ၃၊ ၂၀၀၈

Burma Digest မှ ကူးယူဖော်ပြပါသည်။

နယ်ခြားစောင့်တပ်ရေးကို ပြည်သူ့လူထုအပေါ်
လူ့အခွင့်အရေးချိုးဖောက်မှုများကို
ထင်ဟပ်ဖော်ပြထားသော ...

နော်မိုးဟာကျော်ဟော
ရေးသားသည့်

ဝလိုင်းသိမ်

နှင့်

လူ့အခွင့်အရေး ကဗျာများ

(၂၀) နှစ်မြောက်မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အခမ်းအနား

ပြည်ပနိုင်ငံနေရာအနှံ့အပြားတွင် ကျောင်းသားဟောင်းများဦးဆောင်ကျင်းပ

ထိုင်းနိုင်ငံမဲဆောက်မြို့တွင်ကျင်းပခဲ့သည့်မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အခမ်းအနား

ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ဧကမှ တက္ကသိုလ်ကျောင်းသားဟောင်းများကဦးဆောင်၍ နှစ် (၂၀) မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ အခမ်းအနားကိုကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧကမှတက္ကသိုလ် ကျောင်းသားဟောင်း ကိုထိုက်က "ဒီဇာတ်လမ်းက ရှင်သန်ချင်မှုနဲ့ကျွန်ုပ်တို့ဆိုရင် ကျောင်းသား ထုထုရပ်တဲ့က လူထုနဲ့ထားကြည် လက်တွဲပေါင်း ပြီး ဧကာအာဏာရှင်ကိုဖျက်ရေးလုပ်ငန်းနဲ့ တွေ့မှာ ထက်ကြွစွာနဲ့ ဆယ်လက်ပူပေါင်းဆောင် ရွက်သွားဖို့လိုပါတယ်"ဟု ပြောသည်။

၁၉၈၈ ခုနှစ် မတ်လ (၁၃) ရက်နေ့က ဧကမှတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့သည် မိမိတို့၏ကျောင်းဝန်းအတွင်းမှာပင် လုံထိန်းတပ်သားများ၏ပစ်ခတ်မှုကြောင့် ကျဆုံးခဲ့သည့်အဖြစ်ကြောင့် ထိုနေ့အား မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်ရန် ဒီမိုကရေစီရေးကို လားသောအဖွဲ့အစည်းများနှင့် ကျောင်းသားအဖွဲ့ အစည်းများအားလုံးက တညီတညွတ်တည်းဆုံးဖြတ်ကာ ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့သည် (ဂ) လေးလုံးအရေးတော်ပုံကြီးကို ဖြစ်ပေါ်စေခဲ့ သောအကြောင်းရင်းများအနက် တခုအပါအဝင် လည်းဖြစ်သည်။

နအဖက အတုအယောင်ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် တိုင်းပြည်အား စစ်ကျွန်ပြုရေးအား ထုတ်ပြန်ပေးမိနေခြင်းအား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်းနှင့် အာဏာရှင်စနစ်ကို အပြတ်မဖြုတ်ချပစ်နိုင်မီအထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းလည်း ဧကမှ တက္ကသိုလ်ကျောင်းသားများအဖွဲ့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မြန်မာပြည်အတွင်း၌မူ စစ်အုပ်စု၏ တင်းကျပ်သော ထောက်လှမ်းရေးများကြောင့် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အခမ်းအနားကို ထုတ်ဖော်ကျင်းပခွင့်မရ ကြောင်းသိရသော်လည်း အချို့နေရာများတွင်မူ အထိမ်းအမှတ်ပွဲများကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ကျင်းပနိုင်ခဲ့ကြကြောင်းလည်း သိရသည်။ ယင်းသို့ ကျင်းပနိုင်ခဲ့မှုများတွင် မကွေးတိုင်း၊ ရေနံချောင်း မြို့နယ်လည်း အပါအဝင်ဖြစ်သည်။ အထိမ်းအမှတ် တွေ့ဆုံပွဲကို အဖွဲ့ချုပ်မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း၏ အိမ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်၏ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးသန်းအောင်က "ထိုင်း ပြည်မှာပြုသနာတစ်ခုကို ဖြေရှင်းတဲ့နေရာမှာ ပညာ ဉာဏ်အမြော်အမြင်နဲ့ဖြေရှင်းတာမျိုးထိုင်း ကျနော် တို့လိုနိုင်ဘယ်၊ ဖြစ်လာနဲ့ လက်နက်ထုတ်သုံးတဲ့ ဖြေရှင်းမှုမျိုးကိုလည်း ကျနော်တို့မကြိုက်ဘူး လက် လည်းလက်မခံနိုင်ဘူး၊ ဒါဟာ ထည့်ကျွေးတဲ့လုပ်ရပ် လည်း မဟုတ်ဘူး၊ ကျွှာကလက်ခံထားတဲ့လုပ်ရပ် လည်းမဟုတ်ဘူး"ဟု ပြောသည်။

ဆက်လက်၍ ဦးသန်းအောင်က တိုင်းပြည် တွင်ပြဿနာများဖြစ်လာသောအခါ ဆွေးနွေးတိုင် ပင်အဖြေရှာမည့်အစား လက်နက်အားကိုးဖြေရှင်း ခြင်းကြောင့် တိုင်းပြည်၏အညွန့်အဖူးများ မသေထိုက် ဘဲ သေဆုံးလာရကြခြင်းသည် တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ကြောင်းပြောသွားသည်။

နှစ် (၂၀) မြောက် မြန်မာနိုင်ငံလူ့အခွင့်အ ရေးနေ့အခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ တွင် (အိမ်ခိုအားလုံးအိုင်ဗီ) ကလည်းကောင်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှလည်း ကောင်း၊ ကောင်ကိုရီယားနိုင်ငံ ဆိုးလ်တွင် အဖွဲ့ ချုပ် (လွတ်မြောက်နယ်မြေ) မှလည်းကောင်း၊ ဦး ဆောင်ကျင်းပခဲ့ကြပြီး ဘယ်လ်ဂျီယံနိုင်ငံ ဘရပ် ဆဲလ်မြို့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့တွင်လည်းကောင်း၊ နအဖသံရုံးများရှေ့တွင် သွား ရောက်ဆန္ဒပြခဲ့ကြပြီး ဂျပန်နှင့်အမေရိကန်နိုင်ငံ အပါအဝင် အခြားနိုင်ငံတချို့တွင်လည်း မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အခမ်းအနားများကို ကျင်းပခဲ့ ကြကြောင်း သိရသည်။ ◆

ပြည်သူ့ဆန္ဒကို စိန်ခေါ်စော်ကားနေသော နအဖစစ်အုပ်စုအား ကန့်ကွက်မဲပေးခြင်းဖြင့် ဆန္ဒအမှန်ဖော်ထုတ်ကြပါရန်

မြန်မာနိုင်ငံအလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့(ဘီအယ်လ်အက်စ်အို) မှတိုက်တွန်း

အာဏာရှင်စနစ်ပပျောက်ရေးနှင့် ပြည်သူများ ပိုင်ဆိုင်ရမည့်တရားသော နအဖ၏ဖွဲ့စည်းပုံအ ခြေခံဥပဒေအား ဆန့်ကျင်ကြပါရန် မတ်လဆန်း ပိုင်းက ကြေညာချက်တစောင်ထုတ်ပြန်၍ ပြည်တွင်း ပြည်ပမှ မြန်မာ့အလုပ်သမားများအား ကျိုးကြိုးတိုက် တွန်းနိုးဆော်လိုက်ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်တွင် နအဖစစ်အုပ်စု သည် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ လျက် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေအားအ တည် ပြုမည်ဟုကြေညာလိုက်ခြင်းသည် ရှစ်လေး လုံးအရေးတော်ပုံ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၊ စက်တင်ဘာတော်လှန်ရေးနှင့် ပြည်သူလူထုအား စိန်ခေါ်စော်ကားလိုက်ခြင်းဖြစ်ကြောင်း ရေးသား ထားသည်။

ပွဲစည်းပုံအခြေခံဥပဒေရေးဆွဲခြင်း အတည် ပြုခြင်းနှင့် လူထုဆန္ဒခံယူပွဲတို့သည် စစ်အုပ်စု၏ အလုပ်မဟုတ်ကြောင်း၊ စစ်အုပ်စု လုပ်ရမည့်အလုပ် မှာ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အတိုင်း အဲန်အယ်လ်ဒီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) နှင့် တိုင်းရင်း သားလွှတ်တော်ကိုယ်စားလှယ်များထံ အာဏာလွှဲ ပြောင်းပေးရေးတာဖြစ်ကြောင်း အတိအလင်းရေး သားဖော်ပြထားသည်။

အလုပ်သမားပေါင်းတို့သည် အဲန်အယ်လ် ဒီ၊ ပြည်သူတရပ်လုံးနှင့်အတူ နအဖ၏ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်းကောင်း၊ နအဖကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုလည်းကောင်း ပြတ်ပြတ် သားသားဆန့်ကျင်တိုက်ပွဲဝင်သွားကြပါရန် အဆိုပါ ကြေညာချက်တွင် တည့်တည့်တိုက်တွန်းထားသည်။

အဆိုပါကြေညာချက်နှင့် အတူပူးတွဲထုတ်ပြ ခဲ့သောစာတွင် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းနှင့်ပတ်သက်၍ သုံးသပ်တင်ပြထားသည် ကိုလည်း တွေ့ရသည်။

ဘီအယ်လ်အက်စ်အို၏ နအဖဖွဲ့စည်းပုံအ ခြေခံဥပဒေပေါ် သုံးသပ်ချက်များတွင် အဲန်အယ်လ် ဒီနှင့် တိုင်းရင်းသားပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များမပါဝင်ဘဲ နအဖစစ်အုပ်စုက စိတ်ကြိုက် ရွေးချယ်ထားသည့်သူများနှင့်သာ ရေးဆွဲထားခြင်း နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာ ရှင်များအား အချုပ်အခြာလုပ်ပိုင်ခွင့်ပေးထားများဖြစ်အောင် ပြဌာန်းပေးထားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် အာဏာသုံးရပ်လုံးကို စစ် တပ်မှသာ စီရင်ခွင့်ပေးထားခြင်း၊ ထောက်ခံရေး ဦးစီးချုပ်က အချိန်မရွေးအာဏာသိမ်းနိုင်သည့် ဥပ ဒေကို ထည့်သွင်းရေးဆွဲထားခြင်းတို့ကြောင့် ဤ ဥပဒေသည်အတည်ဖြစ်သွားပါက နိုင်ငံသားတိုင်း စစ်ကျွန်ဘဝသို့ ရောက်ကြရတော့မည် ဖြစ်သည်ဟု ပါရှိသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အား မြန်မာလူငယ်များကို ရွှေ့ပြောင်းအလုပ်သမား ဘဝများသို့ရောက်အောင်တွန်းပို့ခဲ့သော နအဖစစ် အုပ်စုအား ပြတ်ပြတ်ကန့်ကွက်မဲများအား ထည့်ရေးအတွက် မြဲမြဲမြဲ မိမိတို့သဘောထားအမှန်ကို ပြသကြပါရန် တိုက်တွန်းထားသည်။

ဘီအယ်လ်အက်စ်အိုအတွေ့ထွေအတွင်းရေးမှူးကိုမိုးဝေ

ဘီအယ်လ်အက်စ်အိုမှ ထိုင်းနိုင်ငံတွင်ရှိနေ သော မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ စစ် အမိန့်ရသော ကန့်ကွက်လက်မှတ်များ၊ ရေးထိုး ကောက်ခံထားသည့်လုပ်ရှားမှုတရပ်ကို မတ်လဆန်းမှ စတင်ဆောင်ရွက်နေပြီး ကောက်ခံရရှိသည့် လက် မှတ်များအားလုံးကို လုပ်ငန်းမစွာပထမအွှေအတွင်း ရေးမှူးချုပ်ထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း လည်း သိရသည်။

◆

မြန်မာပြည်အနှံ့မှ အဖွဲ့ချုပ်အဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်များအလိုက် နအဖ၏ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား

ဆန့်ကျင်ရှုတ်ချကြောင်းကြေညာချက်များထုတ်ပြန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူး တိုင်း၏ စည်းရုံးရေးအဖွဲ့က နအဖစစ်အုပ်စု ဦးစီးကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်ကန့်ကွက်ရန် မတ်လ (၁၉) ရက် နေ့က ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထိုဆွေး နွေးပွဲမှ ဆုံးဖြတ်ချက် (၃) ရပ်မှာ နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကန့်ကွက်ခြင်း၊ လာမည့်မေလတွင်ကျင်းပမည့် ဆန္ဒခံယူပွဲကို လည်း ကန့်ကွက်ကြောင်းနှင့် ဆန္ဒခံယူပွဲအား အတင်းအကျပ်ပြုလုပ်ခဲ့ပါက ကန့်ကွက်မဲထည့် ကြရန် ပြည်သူများအား တိုက်တွန်းနိုးဆော် သွားမည်ဖြစ်ကြောင်းတို့ဖြစ်ကြသည်။

အလားတူပင် မတ်လ (၁၉) ရက်နေ့ ကပင် တောင်ဥက္ကလာပမြို့နယ်မှ အဖွဲ့ချုပ် အဖွဲ့ဝင်လူငယ်များကလည်း မြို့နယ်အဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ရှုတ်ချ ကြောင်းအဆိုကို ဆုံးဖြတ်ခဲ့ကြပြီး ကြေညာ ချက်တစောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုကြေ ညာချက်တွင် (၇၊ ၃၊ ၂၀၀၈) ခုနှစ်၊ သော ကြာနေ့တွင်ကျင်းပသော ‌‌တောင်မြန်မာ ပြည် လူငယ်လုပ်ငန်းအဖွဲ့၏သဘောထားကို ချွင်းချက်မရှိထောက်ခံကြောင်းနှင့် စစ်အုပ် စုထုတ်ပြန်ထားခဲ့သော (၁/၂၀၀၈) နှင့် (၂/ ၂၀၀၈) တို့အားလည်းကောင်း၊ ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲကို လည်းကောင်း ပြတ်ပြတ်သားသား ကန့်ကွက် ရှုတ်ချလိုက်ကြောင်း ပါရှိသည်။

စစ်အုပ်စု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အား ဆန့်ကျင်ကန့်ကွက်ကြောင်းနှင့် အဆင့် တိုင်းတွင် တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ တို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရခိုင် ပြည်နယ်) စည်းရုံးရေးအဖွဲ့ကလည်း ကြေညာ ချက်တစောင်ကို မတ်လ (၁၇) ရက်နေ့၌ပြီး ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်သည်။

အဖွဲ့ချုပ်(ရခိုင်ပြည်နယ်) ၏ စည်းရုံး ရေးကော်မတီအတွင်းရေးမှူး ဦးသန်းလှိုင်က အခြားတိုင်းနှင့်ပြည်နယ်မှ 'စည်း'များနှင့် လည်း ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် မတ်လ (၁၂) ရက်နေ့က စီအီး စီနှင့်တွေ့ဆုံရာတွင်လည်း စီအီးစီ၏သဘော ထားမှာ မိမိတို့နှင့်ထပ်တူဖြစ်နေခြင်းကို သိ ရှိခဲ့ရကြောင်းတို့ကို ဒီမိုကရက်တစ်မြန်မာ့ အသံနှင့်တွေ့ဆုံစဉ်တွင် ပြောကြားသွားခဲ့သည်။

အတိုက်အခံအင်အားစုများနှင့် နယ်စပ် အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသော အဖွဲ့များက စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ပြည်သူလူထု အား သိသာထင်ရှားစေသည့်အချက်အလက် များကို ထုတ်နုတ်ကိုးကားပြ၍ အမြစ်မှန်နှင့် ဖြစ်သင့်သည်တို့အား ချပြစည်းရုံးနေစဉ်တွင် နအဖစစ်အုပ်စုသည် အခြေခံဥပဒေမူကြမ်း အား ပြည်သူတို့အားရောင်းချရန် ဝတ္ထုရာကျပ် ကွက်နေရုံမျှမက မှတ်ပုံတင်နှင့်သန်းခေါင် စာရင်းအသစ်လုပ်ပေးခြင်းဖြင့် ပြည်သူများ အား ထောက်ခံမဲပေးရေးစည်းရုံးမှုများကို နေရာအနှံ့တွင် စတင်လှုပ်ရှားနေကြောင်း သတင်းများလည်း ထွက်ပေါ်နေခဲ့သည်။

◆

မျိုးဆက်သစ်ကျောင်းသားလူငယ်နှစ်ဦးအား နအဖစစ်အုပ်စုမှ ရှာဖွေဖမ်းဆီးခြင်းခံရ

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် (ဗကသ) ခေါင်းဆောင်များ ဖြစ်ကြသော ကိုကျော်ကိုကိုနှင့်ကိုဉာဏ်လင်း အောင်တို့သည် လွန်ခဲ့သည့် တနင်္ဂနွေနေ့ က ဖမ်းဆီးခံလိုက်ရကြောင်း ဗကသ နိုင်ငံခြားရေးရာကော်မတီက ကြေညာလိုက် သည်။

(၁၆) ရက်နေ့ ညပိုင်းတွင် ကိုကျော် ကိုကိုပုန်းအောင်းနေရာအိမ်သို့ ဝင်ရောက် ဖမ်းဆီးသွားခြင်းဖြစ်ကြောင်းနှင့် ကိုဉာဏ် လင်းအောင်ကို အရင်ဖမ်းဆီးခြင်းဖြစ်ကြောင်း ဗကသ နိုင်ငံခြားရေးရာတာဝန်ခံ ကိုမင်းနိုင် ကမှပြောဆိုခဲ့သည်။ ကျောင်းသားခေါင်းဆောင် စုများကို ဖမ်းဆီးထောင်ချရုံမျှဖြင့် ကျောင်း သားလှုပ်ရှားမှု ရပ်တန့်သွားမည်မဟုတ် ကြောင်း၊ မတရားသည့်စစ်အာဏာရှင်များ ကို ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံခြားရေးရာကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

ကိုမင်းနိုင်က "နအဖစစ်အုပ်စုက သူ သားတွေကို ထိပါးမယ်လို့ထင်ရင် ဘယ်သူ့ကို မှ ညာတာမှာမဟုတ်ဘူး၊ ဖမ်းဖို့အမြဲကြိုး စားနေမှာပဲ၊

ဒါပေမယ့် ဘယ်လိုပဲကြိုးစား ကြိုးစား လူငယ်မျိုးဆက်ဆိုတာ အဆက်ပြတ်သွား တာမဟုတ်ဘူး၊ ကျောင်းသားမျိုးဆက်ဆိုတာ ဆက်ပြီးရှိနေဦးမှာပဲ၊ တစ်ိုယ်ကျ တစ်ိုယ်တက် ပေါ့၊ လက်ဆင့်ကမ်းပြီး ဒီတာဝန်ကို ဆက်ပြီး ယူသွားကြမှာပဲ"ဟု ပြောသည်။

အဖမ်းခံခဲ့ရသော ကိုကျော်ကိုကိုသည် စီးပွားရေးတက္ကသိုလ် မဟာတွဲကျောင်းသား တဦးဖြစ်ပြီး ကိုဉာဏ်လင်းအောင်သည်လည်း စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်း သားဖြစ်သည်။ နှစ်ဦးစလုံးသည် ယမန်နှစ် ကြွက်လကတည်းက ဗကသအဖွဲ့ဝင်ကျောင်း သားခေါင်းဆောင်များအဖြစ် တာဝန်ယူခဲ့ကြ သူများလည်းဖြစ်သည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်း ဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်တို့မှ စ၍ ဖမ်းဆီးခံနေရသော ကျောင်းသားခေါင်း ဆောင်များမှာ ယခုအခါတွင် (၃၀) ဝန်းကျင် ခန့်ရှိနေပြီဖြစ်သည်။ ◆

ပေးပေး ... မပေးပေး... ငါ့အာဏာပေး

ကာတွန်း
ကူမိုးကြီး

မျက်နှာဖုံး သတင်းမှ ....

ဆိုသည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် နိုင်ငံတကာမှ လေ့လာသူများ လာရောက်စောင့်ကြည့်ရန် ဆိုသည့်အချက်ကို ပယ်ချလိုက်ကြောင်းပေါ ဝင်သည်။ ထို့အပြင် ဒေါ်ရုနှင့် ဒုဝန်ကြီးပါတီ အား ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲ ရာတွင် ပါဝင်ခွင့်ပြုသင့်သည်ဆိုသော အချက် ကိုလည်း အလားတူပယ်ချခဲ့သည်။

အတင်းနှင့်ပြန်ကြားရေးဝန်ကြီး ကိုလ် မှူးချုပ်ကျော်ဆန်းက ရေးပြီးသောဖွဲ့စည်း ပုံအခြေခံဥပဒေအား အသစ်ပြန်ပြင်ရန် မ ဖြစ်နိုင်ကြောင်းနှင့် ပြည်သူ့ဆန္ဒခံယူပွဲကို လည်း အစီအစဉ်ချမှတ်ပြီးဖြစ်သည့်အတိုင်း ဆက်လုပ်သွားမည်ဟု ပြောသည်။ စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံ ယူပွဲကျင်းပမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လ ကကြေညာချက်ထုတ်ပြီး ၂၀၁၀ တွင် ရွေး ကောက်ပွဲကျင်းပမည်ဖြစ်ကြောင်းလည်း ကြေ ညာခဲ့သည်။ ဤသည်မှာ ၎င်းတို့၏လမ်းပြ မြေပုံအတိုင်းလောက်လှမ်းရွာနေသော အဆင့် များအတွက် အချိန်ဇယားပါသော ပထမဆုံး ကြေညာချက်ဖြစ်သည်။

မြန်မာ့အရေးလေ့လာသူများက ဖွဲ့ စည်းပုံအခြေခံဥပဒေဆိုသည်မှာ စစ်အုပ်ချုပ် ရေးကို ခိုင်မာအောင်အုပ်မြစ်ချရေးအတွက် သည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား တရားဝင် နိုင်ငံရေးရာထူးရှိခွင့်မရှိစေရန် လည်းကောင်း၊ ကာကွယ်ရေးတပ်နိုင်စေရေး အတွက်အသုံးပြုရန် အပေါင်းဆောင်မှုတစ် ခုဖြစ်ကြောင်း ပြောကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ် အုပ်စုကခေါ်ယူသော ညီလာခံတွင် စစ်အုပ်စု ကချမှတ်ပေးထားသည့် ခေါင်းစဉ်များ အောက်မှသာ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ဒေါ် အောင်ဆန်းစုကြည်၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍအား ပိတ်ပင်ခြင်းနှင့် စစ်အုပ် ချုပ်ရေးအာဏာတည်မြဲစေရေးအတွက် ပြ ဋ္ဌာန်းချက်ဥပဒေများပါဝင်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ် နှင့်အနိုင်ရခဲ့သော်လည်း စစ်အုပ်စုက အာ ဏာလွှဲပေးရန် နှစ်နှစ်ဆယ်ကြာအောင်ပျက် ကွက်နေခဲ့သည်။ မြန်မာပြည်တွင် ၁၉၆၂ ခုနှစ်ကတည်းကစ၍ စစ်အာဏာရှင်များ ကသာ လက်ပြောင်းလက်လွှဲနှင့် တိုင်းပြည်ကို အိမ်ပိုင်အုပ်ချုပ်လာခဲ့သည်။

သောကြာနေ့က နိုင်ငံတော်ကာကွယ် ရေးတာဝန်ထိုလ်၌ ပြန်ကြားရေးဝန်ကြီးဗိုလ် မှူးချုပ်ကျော်ဆန်းနှင့်တွေ့ဆုံခဲ့ရာတွင် ဂမ္ဘာ သမဂ္ဂမှ တောင်းဆိုချက်အားလုံးကိုလည်း ပယ်ချခံခဲ့ရသည်။ ❖

ရွှေရည်စိမ် ဒီမိုကရေစီအလိုမရှိ ... ညောင်နှစ်ပင်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ကြ ...

ရုပ်သေးအစိုးရ အလိုမရှိ ... ညောင်နှစ်ပင်ဥပဒေ ပယ်ဖျက်ကြ ...

ကျောက်ခေတ်စစ်တပ်မှ နိုင်ငံတကာနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့ ဂုဏ်သိက္ခာရှိရှိ ထမင်းဝတဲ့ စစ်တပ်ဖြစ်ဖို့ ညောင်နှစ်ပင်ဥပဒေကို ဆန့်ကျင်ပယ်ချကြ...

နအဖစစ်အုပ်စုက ၎င်းတို့စိတ်ကြိုက် ရေးဆွဲထားသော အခြေခံဥပဒေမူကြမ်းကို ထောက်ခံမဲရရန် တဖက်သတ်အနေအထား ဖြင့် စည်းရုံးလှုံ့ဆော်နေသကဲ့သို့ မြန်မာ့ဒီမို ကရေစီအင်အားစုများကလည်း ဖမ်းဆီးနှိပ် စက်မှုများကြားမှ အားစဉ်မြဲဆောက် စစ် ကျွန်မဖြစ်ရေး မလွဲမသွေ ကန့်ကွက်မဲပေး ကြရမည့် ပြည်သူလူထုအား အင်တိုက်အား တိုက် ရှင်းလင်းစည်းရုံးလျက်ရှိနေသည်။

ကြံ့ခိုင်ရေး ဒေသဆိုင်ရာအာဏာပိုင်များ သည် မဲစာရင်းပြုစုခြင်းကိစ္စကြောင်းပြကာ ကျေးရွာအနှံ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် ငွေကြေးအမြောက်အမြားလှူ ဒါန်းပြခြင်းဖြင့် ဒေသခံပြည်သူများကို စည်း ရုံးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို စိစစ်ရေးကတ်နှင့် သာသီအဆင်မသေလက်မှတ် များထုတ်ပေးခြင်းဖြင့် စည်းရုံးခြင်းများကို ဆောင်ရွက်နေသည်။ နအဖ၏ဖွဲ့စည်းပုံမူ ကြမ်းကိုထောက်ခံရန်၊ ကြံ့ခိုင်ရေး အမျိုးသမီး ရေးရာအဖွဲ့များသို့ဝင်ရန်၊ အဲန်အယ်လ်ဒီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) အပါအဝင် ပြည်တွင်းပြည်ပအဖျက်သမားများ၏ မလို တမာသွေးထိုးစကားများကို နားမယောင်ကြ ရန်နှင့် အဖျက်သမားများကို အတူပူးပေါင်း ချေမှုန်းသွားကြရန်တို့ကိုလည်း သွေးထိုးလှုံ့ ဆော်လျက်ရှိသည်။

နအဖ၏ အလိုတော်ရိများကမူ အ ကယ်၍ နအဖ၏အခြေခံဥပဒေကို ကန့်ကွက် မဲပေးပါက နအဖဗိုလ်ချုပ်များက အာဏာကို ဆက်လက်ရှည်ကြာစွာထိန်းချုပ်နိုင်ခွင့်ရရှိ သွားမည်ဖြစ်သောကြောင့် ထောက်ခံမဲပေး ပြီးနောက်မှ တဖြေးဖြေးပြုပြင်ပြောင်းလဲမှု များကိုလုပ်သွားရမှာဖြစ်ကြောင်း နည်းမျိုးစုံ ဖြင့်ဝါဒဖြန့်လျက်ရှိသည်။ လက်တွေ့အဖြစ်မှာ စစ်ဗိုလ်ချုပ်ကြီးများသည် ယခုကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၁၉၉၀ ရွေး ကောက်ပွဲအတိုင်း မရှုံးလှ ရှုံးနိမ့်ရမည်အ ရေး တွေးကြောက်နေကြချိန်သာဖြစ်သည်။

ထိုကြောက်စိတ်အား ဘက်ပေါင်းစုံမှ တွေးဆပြင်ဆင်ထားခြင်းတို့အား ၎င်းတို့ ထုတ်ပြန်သည့်ကြေညာချက်များတွင် အထင် အရှားတွေ့မြင်နိုင်သည်။

ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင်ထုတ် ပြန်ခဲ့သော "၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေ" အမှတ် ၁/၂၀၀၈ ၏ ဥပဒေအခန်း (၄)၊ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ များ၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ' အခန်း၌–

'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီး သည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်း ယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့်ကြေညာခြင်း၊ နိုင် ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသို့ အစီရင်ခံစာတင်ပြခြင်း' ဟူ၍ သာပါရှိပြီး– မဲဆန္ဒပေးခွင့်ရှိသူဦးရေ၏ ရာ ခိုင်နှုန်းမည်မျှက ထောက်ခံမဲပေးမှသာလျှင် ထိုဥပဒေမူကြမ်းအတည်ဖြစ်မည်ဆိုသော အရေးအကြီးဆုံးအချက်ကိုမူ ချန်လှပ်ထားခဲ့ ခြင်းအား တွေ့မြင်နိုင်ပေသည်။

နိုင်ငံတကာစံနှုန်းတွင် မဲပေးခွင့်ရှိသူ အ ရေအတွက်၏ (၆၀) သို့မဟုတ် (၅၀) ရာခိုင် နှုန်းကျော်က ထောက်ခံမဲပေးမှသာလျှင် ထိုမူ

ကြမ်းကို အတည်ပြုခွင့်ရနိုင်မည်ဟု ဥပဒေ ပုံမှန်တကွ အတိအကျ ကြိုတင်ကြေညာ ခြင်းမျိုးကို တွေ့ရသော်လည်း နအဖ၏ဥပ ဒေတွင် မည်သည့်အကြောင်းအရာကိုမျှ ရှင်း ရှင်းလင်းလင်း ရေးသားပြဋ္ဌာန်းခြင်းမျိုးကို မတွေ့ရပေ။

ဤသည်မှာ နအဖစစ်အုပ်စုက 'မဲများ သူအသာရစနစ်'ကိုကျင့်သုံးရန် ကြံစည်နေ ခြင်းဖြစ်နိုင်ပြီး ထိုစနစ်ကိုကျင့်သုံးမည်ဆိုပါ က ထောက်ခံမဲပေးသူဦးရေက အစိတအကျ တော့ဘဲ ကန့်ကွက်မဲအရေအတွက်ထက် ထောက်ခံမဲက တမှတ်ပိုရုံနှင့် အနိုင်ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်လိမ့် မည်။

ကြိုတင်ထောက်ခံပြုစုထားသည့်စာရင်း များအရ ထောက်ခံမဲပေးနိုင်သူဦးရေ စုစု ပေါင်း၏ (၄၆ • ၂) ရာခိုင်နှုန်းအနက် အ နည်းဆုံး (၄၀) ရာခိုင်နှုန်းအထိ ထောက်ခံ မဲရနိုင်သောလူဦးရေ ၎င်းတို့တွင်ရှိကြောင်း ကြံ့ဖွံ့အကြီးအကဲများက သုံးသပ်တွက်ချက် ထားသည်။ 'မဲများသူ အသာရ' စနစ်ကိုသာ ကျင့်သုံးခဲ့ပါလျှင် မဲရုံများသို့ မဲလာပေးသူ အရေအတွက်များလေ၊ ပယ်မဲများလေ စစ် အုပ်စုဘက်မှ အနိုင်ရရန်အခွင့်အရေးပိုများ လေဟူ၍ နအဖစစ်ဗိုလ်ချုပ်များနှင့်ကြံ့ဖွံ့ ခေါင်းဆောင်များက တွက်ချက်ထားကြသည်။

နအဖက ညောင်နှစ်ပင်ညီလာခံတွင်ရေး ဆွဲချမှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူ ကြမ်း၏ အခန်း (၁၂) မှ 'ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်း' အခန်းမှာပင်–

– ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် လိုပါက လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၂၀) ရာခိုင်နှုန်းကတင်ပြမှသာ ပြည်ထောင် စုလွှတ်တော်က လက်ခံဆွေးနွေးရန်၊

– ပြည်ထောင်စုလွှတ်တော်ကိုယ်စား လှယ်အားလုံး၏ (၇၅) ရာခိုင်နှုန်းက ပြင် ဆင်ရန်သဘောတူမှသာလျှင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ရန်၊

– ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိမှသာ ပြင်ဆင်ရန်ဟုသည့်သွင်းရေး သားထားသည့်အတွက် ထိုမူကြမ်းကို ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲနှင့် အတည်ပြုရေးသည်လည်း အနည်းဆုံးမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ (၅၀) ရာခိုင်နှုန်းကျော် သို့မဟုတ် (၆၀) ရာခိုင် နှုန်း၏ထောက်ခံဆန္ဒမဲရရှိမှသာ အတည်ပြု သင့်သည်။

အခန်း (၈) ဆန္ဒမဲရေတွက်ခြင်း အခန်း တွင် –

'မဲရုံတွင် မဲရုံပိတ်သည်နှင့်တပြိုင်နက် မဲရုံအဖွဲ့သည် (၁၀) ဦးထက်မနည်းသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့၏ရှေ့မှောက်တွင် မဲပုံးများကိုဖွင့်ဆေးပြီးနောက် ယင်းမဲပုံးများ ကိုဖွင့်၍ ဆန္ဒမဲများကိုရေတွက်ရမည်။ ယင်း သို့ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်' ဟု ဖော် ပြထားသည်။

အကယ်၍ နအဖတွင် မသမာသောစိတ် ထားမရှိပါက 'မဲရေတွက်ခြင်းအား သက်ဆိုင် ရာမဲဆန္ဒရှင်တိုင်း လွတ်လပ်စွာလာရောက် စောင့်ကြည့်နိုင်သည်'ဟု ဖော်ပြရမည်ဖြစ် သည်။ ယခုမူကား စောင့်ကြည့်သူဦးရေ '(၁၀) ဦးထက်မနည်း' ဆိုသည့် အရေ အတွက်ကို မရှင်းမလင်းဖော်ပြထားခြင်းသည် မဲရေတွက်ခြင်းအား နအဖ၏အလိုတော်ရိ မဲဆန္ဒရှင်အချို့ကလွဲလျှင် အခြားအတိုက်အခံ မဲဆန္ဒရှင်များ၊ ရပ်ကွက်စီတိုက်ဝင်စားသော မဲ ဆန္ဒရှင်ပြည်သူများ၊ စောင့်ကြည့်၍မရအောင် စီစဉ်ထားခြင်းဖြစ်ရန်အကြောင်းများနေသည်။

တဖန် မဲရေတွက်ခြင်းအား မဲဆန္ဒရှင် အချို့ကိုစောင့်ကြည့်ခွင့်ပေးသည်ဆိုသော်ငြား ကြိုတင်မဲကိုမူ အများပြည်သူရှေ့မှောက်တွင် ရေတွက်မည်မဟုတ်ဘဲ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ ခွဲ၊ ပြည်နယ်သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ ခွဲနှင့်ဗဟိုကော်မရှင်ကသာ ရေတွက်မှာဖြစ် သည့်အတွက် မဲဆန္ဒရှင်များစောင့်ကြည့်ခွင့် ရမည်မဟုတ်ပေ။ ထို့ကြောင့် ကြိုတင်မဲဟုန် အများသည် ထောက်ခံမဲများအဖြစ် ပြောင်းလဲ သွားမည့်အလားအလာက ပိုမိုသာလောင်း နေပေသည်။ ထို့ပြင် ထောက်ခြေခံရုံအဆင့် ဆင့်ကတင်ပြလာသော မဲစာရင်းများကို လည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဗဟို ကော်မရှင်က ကြိုက်သလိုပြင်ဆင်ပြောင်းလဲ နိုင်ခွင့်များရှိနေခြင်းကိုလည်း တွေ့နေရပေ သည်။

အခန်း (၉) ဆန္ဒမဲများကြေညာခြင်း အခန်းတွင်လည်း ဗဟိုကော်မရှင်သည် ပြည် လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသောအခါ ပြည်နယ်၊ တိုင်းကော်မရှင်အဖွဲ့ခွဲများကပေး ပို့တင်ပြလာသော ဆန္ဒမဲလက်မှတ်များနှင့် ကော်မရှင်ကရေတွက်ရရှိထားသော ကြိုတင် ဆန္ဒမဲလက်မှတ်စာရင်းများကို တပေါင်း တည်းစာရင်းချုပ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ထောက်ခံဆန္ဒမဲပေးသူ ဦးရေနှင့် ၎င်းတို့၏နှိုင်းယှဉ်ချက်များအား ရာခိုင်နှုန်းဖြင့် ကြေညာရမည်ဟုသာ ဖော်ပြ ထားပြီး ကန့်ကွက်မဲပေးသူဦးရေနှင့် ၎င်း တို့၏နှိုင်းယှဉ်ချက်များ၏ ရာခိုင်နှုန်းကိုမူ ထုတ်ပြန်ကြေညာနိုင်ခြင်းမပြုဘဲ ချန်လှပ် ထားခဲ့ခြင်းအားတွေ့ရပြန်သည်။ (အရှုံးအနိုင် ပေါ်လွင်ရန် နှိုင်းယှဉ်ရခြင်းရာ ဆန့်ကျင်မဲ ရော ထောက်ခံမဲပါ စာရင်းနှစ်မျိုးလုံး ပြည်သူ သိရန်လိုအပ်သည်။)

ထို့အပြင် မဲရုံပိတ်ပြီးနောက် အချိန်မည် မျှအကြာတွင် ကော်မရှင်က မဲဆန္ဒစာရင်း များ ထုတ်ပြန်ကြေညာရမည်ဆိုသော အ ချက်ကိုလည်း၊ အတိအကျသည့်သွင်းဖော်ပြ ထားခြင်းကိုလည်း မတွေ့ရပေ။

ထိုဥပဒေအရ ပြည်သူလူထုအနေနှင့် ကိုယ်မဲပေးခဲ့သောမဲရုံမှာသာ မဲရေတွက်ခြင်း အားစောင့်ကြည့်ခွင့်ရှိမည်ဖြစ်ပြီး တပြည်လုံး ၏အဖြေအားကိုမူ ဗဟိုကော်မရှင်ကထုတ် ပြန်ကြေညာသည့်အတိုင်းသာ လက်ခံပေးရ တော့မည့် အခြေအနေမျိုးသက်ရောက်နေပေ သည်။

အခန်း (၁၀) တားမြစ်ချက်နှင့် ပြစ် ဒဏ်အခန်းတွင် –

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြား စေရန်မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝုဏ် အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့်သက် ဆိုင်သောနေရာများ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင် နေရာ၌ဖြစ်စေ.... ဟောပြောခြင်း၊ စာရွက် စာတမ်းကပ်လုပ်ခြင်း၊ ပိုစတာများအသုံးပြု ခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကိုအခြား တနည်းနည်းဖြင့်နှောင့်ယှက်ခြင်း" ထို့ကိုကျူး လွန်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည် ခြင်း အားပေးကူညီခြင်းတို့ရှိပါက (၃) နှစ် ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် တသိန်းထက်မပိုသောငွေဒဏ်ကိုဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေချမှတ်နိုင်ကြောင်း ပြဋ္ဌာန်း ပြောင်းဖော်ပြထားသည်။

ထို့အတူ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်ကထုတ်ပြန်ခဲ့သော ဥပဒေအမှတ် ၅/၉၆ (နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသား ညီလာခံလုပ်ငန်းများအောင်မြင်စွာဆောင်ရွက် နိုင်ရေးတို့ကိုနှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာ ကွယ်သည့်ဥပဒေ) ကို ယခုထိပြန်လည်ရုတ်

ကျေးဇူးပြု၍ စာမျက်နှာ (၂၅) ကော်လံ (၁) သို့...

စာမျက်နှာ (၂၄) အနိုင်ဝီစီ၏ပြည်တွင်းသုံးသပ်ချက်မှ ...

သိမ်း၊ ပယ်ဖျက်ခြင်းမပြုသေးသည့်အတွက် လိုအပ်ပါက ထိုဥပဒေနှင့်လည်းအရေးယူနိုင်ရန် ပြင်ဆင်ထားခြင်းကိုတွေ့ရသည်။

အာဏာလုံးကိုခြုံငုံသုံးသပ်ကြည့်ပါက ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ၁/၂၀၀၈ အည် လာမည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၎င်းတို့စိတ်ကြိုက်လုပ်ချင်ရာလုပ်၍ရအောင် စနစ်တကျစီစဉ်ထားသော မတရားသည့်ဥပဒေတရပ်သာဖြစ်ကြောင်းဆင်ရှားပေါ်လွင်နေပေသည်။

၁၉၈၈ တွင် အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်မှူးကြီးစောမောင်သည် မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ကို တစည (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) အဖြစ်ပြောင်းလဲ၍ ထောက်ခံရပ်တည်ပေးခဲ့ဖူးသည်။ တစည ပါတီအနိုင်ရရေးအတွက် နည်းမျိုးစုံသုံး၍.... 'ဥပဒေကဲ့သို့ အာဏာတည်စေသော' အမိန့်မျိုးစုံထုတ်၍ ကျန်သော အတိုက်အခံပါတီများအား တဖက်သတ်နှိပ်ကွပ်မှုများကိုလည်းပြုလုပ်ခဲ့သည်။ ဤနည်းဖြင့် တစည ပါတီမလွဲမသွေအောင်ပွဲဆင်မည်ဟု ထင်ထားခဲ့သောကြောင့် ဥပဒေအမှတ် ၁၄/၈၉ 'ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ'တွင် ရွေးကောက်ပွဲမတိုင်မီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန် အညွှန်းရေးဆွဲထားခြင်းမရှိခဲ့ပေ။

ယခုပြုလုပ်မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ၂၀၁၀ တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသစ်တွင် ၁၉၉၀ ကအမှားမျိုးထပ်မဖြစ်စေရန် ဂရုတစိုက်ဖြင့်အကွက်ချပြင်ဆင်ထားခြင်းများကိုတွေ့နေရသည်။ ကြံ့ခိုင်ရေးဆောင်သောစစ်အုပ်စု၏ အမာခံအဖွဲ့ဝင်အင်အားနှင့်အနိုင်မရခဲ့ပါက ရသည့်နည်းနှင့်အနိုင်ယူနိုင်ရန် ၁/၂၀၀၈ အား ရေးဆွဲထုတ်ပြန်ခဲ့ခြင်းမျိုးဖြစ်သည်။

ဥပဒေကမည်သို့ပင်ဆိုစေ....

မြန်မာနအဖစစ်အုပ်စုသည် စစ်အာဏာရှင်စနစ်ကိုတရားဝင်ဖြစ်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မရရအောင်နည်းနှင့်အတည်ပြုရန်ပြင်ဆင်နေသည်။ ထို့ကြောင့် ပြည်သူလူထုအနေနှင့်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မိမိတို့ဖော်ထုတ်ချင်ကြသောဆန္ဒများအားမြန်မာ့တပ်မတော်အပါအဝင် ပြည်တွင်းပြည်ပကအမှန်အတိုင်းသိရှိအောင် မည်သို့ဆောင်ရွက်သင့်သည်ဆိုခြင်းကိုလည်းကောင်း၊ နအဖက ပြည်သူတို့၏ဆန္ဒအမှန်များကိုပယ်ဖျက်၍ လုပ်ချင်ရာလုပ်ခဲ့ပါက မည်သို့တုန့်ပြန်ကြမလဲဆိုခြင်းတို့အား ကြိုတင်စဉ်းစားဆုံးဖြတ်ပြီးပြင်ဆင်ထားကြနိုင်ရန်လည်း အထူးလိုအပ်လျက်ရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပြည်သူ့လူထုကြီး၏တခုတည်းသောလုပ်စရာနည်းလမ်းမှာ—

-ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို ပြည်သူတရပ်လုံးက လွတ်လပ်စွာလေ့လာနိုင်ခွင့်၊ ဝေဖန်သုံးသပ်နိုင်ခွင့်နှင့် စည်းရုံးပြောဆိုနိုင်ခွင့်ရှိအောင်စည်းရုံးရန်၊

– မဲရုံများတွင်သာမက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်ဗဟိုကော်မရှင်မှာပါ မဲစာရင်းများရေတွက်ခြင်းကို ကိုယ်တိုင်လေ့လာစောင့်ကြည့်ခွင့်ရအောင်တောင်းဆိုကြရန်၊

–တညီတညွတ်တည်း မဲရုံများသို့သွားရောက်ပြီးကန့်ကွက်မဲပေးကြရန်၊

– တပြည်လုံးရှိ မဲရုံတိုင်းတွင်မဲရေတွက်ခြင်းကိုစောင့်ကြည့်မှတ်တမ်းတင်ပြီး မဲရုံတိုင်းကမဲအရေအတွက်စာရင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ အချိန်မီသတင်းပေးပို့ကြရန်၊

– ပြည်သူလူထုကပေးသောမဲစာရင်းအစစ်အမှန်များကို မြန်မာ့တပ်မတော်အပါအဝင် ပြည်တွင်းပြည်ပမှအချိန်မီသိရှိအောင်ကြေညာပေးရန်၊

ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူအများစုကဆန့်ကျင်ကန့်ကွက်ကြောင်း အထောက်အထားအခိုင်အမာရှိသည့်ကြားက နအဖက ၎င်းတို့အနိုင်ရကြောင်း တဖက်သတ်ကြေညာခဲ့ပါကလည်း ပြည်သူတရပ်လုံးကအကြမ်းမဖက်သောနည်းများဖြင့် တခဲနက်ဆန့်ကျင်ဆန္ဒပြကြရန်လိုအပ်ပါလိမ့်မည်။

ထိုအချိန်သည် တရုတ်ပြည်တွင်ကျင်းပမည့် ဝီကင်းကမ္ဘာ့အိုလံပစ်ပွဲတော်နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် တရုတ်အစိုးရအနေနှင့်လည်း မြန်မာပြည်တွင်းကအခြေအနေများကို အရင်လိုလျစ်လျူရှုနေမည်မဟုတ်ပေ။ (တိဘက်အရေးအခင်းကြောင့် အကြွာကျနေရသော တရုတ်အစိုးရသည် မြန်မာပြည်ကမငြိမ်သက်မှုများကြောင့် ထပ်၍အရှုံးမပေးနိုင်အောင်ဖြစ်ချိုးကြိုးမည်ကို လိုလားလိမ့်မည်မဟုတ်။)

မြန်မာ့တပ်မတော်သားများတွင်လည်း စစ်အာဏာရှင်တစု၏ တပ်ရာအိုင်းလုပ်ဆောင်နေမှုများကိုမကြိုက်သူများ၊ ယခုလက်ရှိပုံစံအတိုင်း တိုင်းပြည်၏ယန္တရားကိုရေရှည်လည်ပတ်သွားရန်မဖြစ်နိုင်ကြောင်း နားလည်သဘောပေါက်သောတပ်မတော်သားများအများအပြားရှိနေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြုပြင်ပြောင်းလဲရေးကိုလိုလားသော မျိုးချစ်တပ်မတော်သားအင်အားစုများသည် နီးရာဓားကိုကြောက်နေရသည့်အတွက်သာ အချိန်ကောင်းကိုစောင့်နေကြခြင်းဖြစ်သည်။

မြန်မာပြည်သူလူထုသည်လည်း တပ်မတော်ပါဝင်မှုသာ မြန်မာ့နိုင်ငံရေးအပြောင်းအလဲများ၊ အလျင်အမြန်ဖြစ်ပေါ်လာနိုင်မည်ဆိုသောအချက်ကိုလက်ခံနိုင်ကြရန် လိုအပ်လာချိန်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အတွင်းက ထိုအင်အားစုများကိုစည်းရုံးနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီများအားလုံးနှင့် ပြည်သူတရပ်လုံးက တပ်မတော်အပေါ်ထားရှိသော သဘောထားအမှန်များကို ပွင့်ပွင့်လင်းလင်းချပြစည်းရုံးမှုများကိုအချိန်မီပြုလုပ်သင့်သည်။ ယင်းသည် တပ်မတော်ကိုပြိုခွဲခြင်းမဟုတ်၊ တပ်မတော်ကို ပြည်သူလူထုဘက်သို့ ပြောင်းလဲရပ်တည်လာစေရေးစည်းရုံးခြင်းသာဖြစ်ခြင်းကြောင့် သံသယရှင်းရှင်းနှင့် ဆောင်ရွက်နိုင်သည်။

မြန်မာ့တပ်မတော်အနေနှင့်လည်း လာမည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် နအဖစစ်အုပ်စုက စီစဉ်ထားသည့်အတိုင်းဖြစ်မလာခဲ့ပါက ပြည်သူလူထုဘက်မှရပ်တည်ပြီး တပ်မတော်အတွင်းက ခေါင်းမာကိုက်ကိုရှင်းလင်းဖယ်ရှားပစ်ကာ စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများပေါ်ထွက်လာစေရန် ဦးဆောင်ကြိုးပမ်းသင့်လှပေသည်။

❖

နအဖစစ်အုပ်စု၏အုပ်ချုပ်မှုအောက်တွင် မြန်မာပြည်တွင် ပြည်တွင်းရေးငြိမ်းချမ်းနေပါပြီ။ ပြည်တွင်းစစ်မရှိတော့ပါဟု နအဖစစ်တပ်က ကြွေးကြော်ထုတ်ဖော်လေ့ရှိသော်လည်း မြန်မာပြည်တွင်းတွင် တိုင်းရင်းသားလူမျိုးစုများနှင့် နအဖစစ်အုပ်စုတို့ကြားတွင် ရင်ဆိုင်တိုက်ပွဲများ မပြတ်ရှိနေခဲ့သည်။ အောက်ဖော်ပြပါ ရင်ဆိုင်တိုက်ပွဲစာရင်းသည် နအဖနှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တဖွဲ့ကြား မှ တိုက်ပွဲစာရင်းမျှသာဖြစ်သည်။

ကေအဲန်ယူထိန်းချုပ်နယ်မြေအတွင်း ကေအဲန်အယ်လ်အေနှင့် ရန်သူစစ်တပ်တို့ကြား ၂၀၀၇ ဇန်နဝါရီမှ ဒီဇင်ဘာ (၃၁) ရက်နေ့အထိ တနှစ်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများ

ဒေသ	ရင်ဆိုင်တိုက်ပွဲပေါင်း	ရန်သူဆုံးရှုံးမှု				မိမိဘက် ဆုံးရှုံးမှု			
		သေဆုံး	ဒဏ်ရာရ	လက်နက်ရ	ဖမ်းမိ	သေဆုံး	ဒဏ်ရာရ	လက်နက်ရှုံး	ဖမ်းဆီးခံ
တပ်မဟာ (၁)	၂၃ ကြိမ်	၁၀	၁၇	၄	၃	၃	၆	၂	၈
တပ်မဟာ (၂)	၅၀၇ ကြိမ်	၁၉၅	၆၇၃	၂		၁	၁		
တပ်မဟာ (၃)	၂၈၈ ကြိမ်	၁၇၄	၃၀၇	၂		၁	၁		
တပ်မဟာ (၄)	၂ ကြိမ်		၁						
တပ်မဟာ (၅)	၆၅၅ ကြိမ်	၁၆၅	၃၈၂	၈		၅	၈		
တပ်မဟာ (၆)	၈၇ ကြိမ်	၅၃	၁၀၇	၈		၂	၆	၃	၄
တပ်မဟာ (၇)	၃၀ ကြိမ်	၁၇	၁၇	၁၇		၂			
ဌာနချုပ်	၃၂ ကြိမ်	၄၈	၇၇	၂		၄	၃		
စုစုပေါင်း	၁၆၁၂ ကြိမ်	၆၆၃	၁၅၇၈	၄၃	၃	၁၈	၂၅	၅	၁၂

ရန်သူထံမှ သိမ်းဆည်းရမိသော လက်နက်စာရင်း

ဒေသ	မိုင်းအပ်	အမ် (၁၆)	ပစ္စတို	ကျည်ဆံ	(၆၀) မမ	မော်တာသီး	အမ် (၇၉) ကျည်	ဘီ - ဆိုက်ကား	တာဘိုင်	ဘိုက်မိုင်း အပ်	အာမ်ဒီဂျီ ၇
တပ်မဟာ (၁)	၇	၁	၂	၅၃၃		၃	၁၀	၄		၃	
တပ်မဟာ (၂)	၂			၃၈၃	၁	၁					
တပ်မဟာ (၃)	၃		၁	၂၂၅	၁	၁		၄	၁	၂	
တပ်မဟာ (၄)	၄		၁	၂၀၀			၂၀				
တပ်မဟာ (၅)	၂	၁	၁	၁							
တပ်မဟာ (၆)	၁၆	၄	၃	၃၈၅	၂၀			၂			၁
တပ်မဟာ (၇)	၂		၁	၁၇၆							
ဌာနချုပ်	၅	၁	၁	၆၁၀				၁			၁
စုစုပေါင်း	၄၀	၇	၁၀	၅၂၈၉	၂၂	၅	၃၀	၁၀	၁	၅	၂

ဘီ ဆိုက်ကား - ရေနံဆီသုံးဆိုက်ကား
အမ်ဂရုန်းနိုက်လောင်ချာ - လောင်ချာ
အာမ်ဒီဂျီ - လောင်ချာ

ကေအဲန်အယ်လ်အေ တပ်မဟာနယ်မြေများ

တပ်မဟာ (၁) သထုံခရိုင်	တပ်မဟာ (၅) ဖာပွန်ခရိုင်
တပ်မဟာ (၂) တောင်ငူခရိုင်	တပ်မဟာ (၆) ကော့ကရိတ်ခရိုင်
တပ်မဟာ (၃) ညောင်လေးပင်ခရိုင်	တပ်မဟာ (၇) ဘားအံခရိုင်
တပ်မဟာ (၄) မြိတ် - ထားဝယ်ခရိုင်	ဌာနချုပ် ကော့ကရိတ် နှင့် ဘားအံ

ယခုဖော်ပြထားသည့်စာရင်းသည် ရန်သူဘက်မှထုတ်ပြန်သော စာရင်းနှင့်ကွာခြားလိမ့်မည်ဖြစ်ပါသည်။

နှစ် (၄၀) မှသည် နှစ် (၄၀၀) သို့ဦးတည်နေသည် စစ်အာဏာရှင်စနစ် ...ဝိုင်းဝန်းတိုက်ဖျက်ပစ်

စစ်ဝါဒီတွေရဲ့လူထုဆန္ဒခံယူပွဲကို ဘယ်လိုဆန့်ကျင်ကြမလဲ

" စစ်ဗိုလ်တပတ်သား
အပတ်များနဲ့
ကြံ့ဖွံ့အပတ်
များရဲ့ပူးတွဲပဲအရ
ဖွဲ့စည်းပုံဥပဒေကို ဘယ်လိုမှ
ပြင်ဆင်ခွင့်မရနိုင်ဖြစ်နေပါတယ်။
စစ်ကောင်စီဟာ
ရာသက်ပန် နိုင်ငံ့အာဏာကို
ချုပ်ကိုင်လိုတဲ့
လောဘရမက်ကို
ကြောင်ကျကျ ထုတ်ဖော်လိုက်ခြင်းဖြစ်ပါတယ်။ "

ဖိုးနှံဝင်း
(ကိုကိုးကျွန်းမြို့)

ရှစ် လေးလုံးကာလက နိုင်ငံတော်အာဏာကိုလှဲ့ပြောင်းရယူခဲ့တဲ့ စစ်ကောင်စီဟာ နှစ်ပေါင်း (၁၂) နီးပါး ကြာညောင်းလာတဲ့အခါမှာ စီးပွားရေးအရ နိုင်ငံရေးအရ အကျပ်အတည်းများနဲ့ရင်ဆိုင်လာခဲ့ပါတယ်။ အာဏာရှင်စနစ်ကို ဆက်လက်ကျင့်သုံးနိုင်ရေးအတွက် ထွက်ပေါက်ရှာလာပါတယ်။ နည်းလမ်းသစ်တော့မဟုတ်။ ၁၉၉၃ ခုနှစ်ကတည်းက စောင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကိုစတင်လုပ်ပြီး ဥပဒေအကြောင်းအရ တရားဝင်ရရှိရေးအတွက် အဲဒီအမျိုးသားညီလာခံက မူ (၁၀၄) ချက် ဖွဲ့စည်းပုံကိုအသက်သွင်းဖို့ လမ်းညွှန်မြေပုံအဆင့် (၄) ကို ပြဋ္ဌာန်းလာတာဖြစ်ပါတယ်။ ဥပဒေအရ လွှတ်တော်မှတဆင့် စစ်အာဏာရှင်စနစ်ကိုအသက်သွင်းနိုင်ဖို့ ကြိုးပမ်းလာခြင်းမှသာဖြစ်ပါတယ်။ လမ်းညွှန်မြေပုံအဆင့်ကို ဖြတ်သန်း လွန်မြောက်ခဲ့ရင် သူတို့ဥပဒေအောင်ဝင်မှုကို နိုင်ငံတကာစင်မြင့်မှာ ဖွင့်ဆောင်ရည်ပြနိုင်လိမ့်မယ်လို့ ယူဆထားပုံရပါတယ်။

အခြေခံမူ (၁၀၄) ချက်ရဲ့အနှစ်သာရက ဘာဖြစ်ပါသလဲ။

စစ်ဗိုလ်တပတ်သားပါဝင်တဲ့လွှတ်တော် ဖြစ်ရုံသာမက ကြည်း-ရေ-လေ စစ်ဦးစီးချုပ်ဟာ တိုင်းပြည်ရဲ့ အရပ်ရပ်အခြေအနေ အရ လိုအပ်ရင် အာဏာသိမ်းယူခွင့်ရှိတဲ့ ဖွဲ့စည်းပုံဥပဒေဖြစ်ပါတယ်။

ဒါ့ကြောင့် စစ်ဦးစီးချုပ်ဟာ လွှတ်တော်ရဲ့အထက်မှာ၊ ဝန်ကြီးအဖွဲ့ရဲ့အထက်မှာ၊ သမ္မတကြီးရဲ့ အထက်မှာ ရောက်ရှိနေပါတယ်။ အဲဒီလို အာဏာကိုချုပ်ကိုင်ထားရုံသာမက ဖွဲ့စည်းပုံဥပဒေကို လွှတ်တော်အမတ်များရဲ့ (၇၅) ရာခိုင်နှုန်းကျော်က ထောက်ခံမှသာ ပြင်ဆင်ခွင့်ရှိတယ်လို့ ဆိုထားပြန်ပါတယ်။ စစ်ဗိုလ်တပတ်သားအမတ်များနဲ့ ကြံ့ဖွံ့အမတ်များရဲ့ ပူးတွဲမဲအရ ဖွဲ့စည်းပုံဥပဒေကိုဘယ်လိုမှ ပြင်ဆင်ခွင့်မရနိုင်ဖြစ်နေပါတယ်။ စစ်ကောင်စီဟာ ရာသက်ပန်နိုင်ငံ့အာဏာကို ချုပ်ကိုင်လိုတဲ့လောဘရမက်ကို ကြောင်ကျကျ ထုတ်ဖော်လိုက်ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့ မေလမှာကျင်းပမယ့်ဆန္ဒခံယူပွဲမှာ ပြည်သူတွေက ဘယ်ပုံစံနဲ့ဆန့်ကျင်နိုင်ပါသလဲ။

ပုံစံ (၂) မျိုးဖြစ်နိုင်ပါတယ်။ ပထမတမျိုးက ဆန္ဒပေးပိုင်ခွင့်ရှိသူ (၅၀) ရာခိုင် နှုန်းကျော်ကမဲမပေးခဲ့သော် ဆန္ဒခံယူပွဲမှ အောင်မြင်ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် ဆန္ဒခံယူပွဲမှာ မဲဆန္ဒပေးသူများရဲ့ (၅၀) ရာခိုင်နှုန်းကျော်က ကန့်ကွက်မဲပေးခဲ့ရင် ဥပဒေအတည်ပြုရေးမှာ အရှုံးနဲ့ရင်ဆိုင်ရပါလိမ့်မယ်။ စစ်ကောင်စီဟာ အနိုင်ကပ်ကာလမှာ မဲမသမာ နေနိုင်ကိုထပ်မံကြေညာလိမ့်မယ်လို့ မှန်းဆရပါတယ်။ ပြည်သူတွေဟာ စစ်ဝါဒီတွေရဲ့လှည့်စားသိမ်းသွင်းမှုကို နားမယောင်ကြဘဲ ဥပဒေအတည်မပြုဖြစ်ရေးအတွက် ဆန့်ကျင်ကန့်ကွက်ဖို့လိုပါတယ်။

ပြည်သူတွေဟာ ဆန္ဒခံယူပွဲကိုသာမက ဖက်သတ်အာဏာရှင်ကိုလွန်ကာမျိုးမဖြစ်စေဘဲ အကြားမဲဝင်စီးပွားရေး နိုင်ငံရေး စည်းရုံးလှုပ်ရှားမှုတွေကို နည်းလမ်းမျိုးစုံကျင့်သုံးပြီး လူထုလှုပ်ရှားမှုတွေကို ဆက်တိုက်ဆင်နွှဲရမှာဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက် ရေး၊ ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးရရှိရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး၊ သုံးပွင့်ဆိုင်အားပြိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေး၊ နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ရရှိရေး၊ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ရရှိရေး၊ စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိရေးတို့အတွက် ဆက်တိုက်တိုက်ပွဲဝင်သွားရမှာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစု တွေစည်းရုံးညီညွတ်ကြပြီး စစ်အာဏာရှင်စနစ်ကို ပူးတွဲတိုက်ပွဲဝင်ကြ ရမှာဖြစ်ပါတယ်။

သမိုင်းကို ပြည်သူတွေကသာ ဖန်တီးတည်ဆောက်နိုင်တယ်ဆိုတာ ခိုင်ခိုင်မာမာယုံကြည်ကြဖို့လည်း လိုအပ်ပါတယ်။

ဖိုးနှံဝင်း(၇-၃-၀၀) (ကိုကိုးကျွန်းမြို့)

❖

နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အသိအမှတ်မပြုရန်ရေးသည့်စာ ကုလရုံးမှာပျောက်ဆုံးခဲ့

မတ်လဆန်းပိုင်းက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ပေးပို့သောစာမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ထိုစာကို ရန်ကုန်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်နဒီပီ) ရုံးသို့ပေးပို့ခဲ့ခြင်း ဖြစ်ပြီး သီတင်းနှစ်ပတ်ကြာသည်အထိ အကြောင်းပြန်ကြားချက်မရရှိသည့်အတွက် ရုံးမှ စာပျောက်ဆုံးနေကြောင်း သိခဲ့ရခြင်းဖြစ်သည်။

စာပါအကြောင်းအရာမှာ မြန်မာစစ်အစိုးရ၏အခြေခံဥပဒေမူကြမ်းသည် အတိုက်အခံ ဆုပ်ရုများကို ပါဝင်ခွင့်ပြုထားခြင်းမရှိသည့်အတွက် ထိုမူကြမ်းကို အသိအမှတ်မပြုရန် မစ္စတာဘန်ကီမွန်းအား တိုက်တွန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ထိုစာအပေါ် အ ကြောင်းပြန်မှုတစုံတရာမရှိသည့်အတွက် မတ်လ (၁၈) ရက်နေ့က ကုလသမဂ္ဂအတွင်းရေး မှူးရုံးချုပ်တွင်ကျင်းပသောအစည်းအဝေး၌ အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က စာရမရ စုံစမ်းမေးမြန်းခဲ့ကြောင်းနှင့် ထိုစာသည် မစ္စတာဘန်ကီမွန်းထံ တိုက်ရိုက်သွား မည်မဟုတ်ဘဲ ရုံးလိုက်လိုက်ရှိက်သွားခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ညနေပိုင်း အစည်းအဝေးတွင် ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်ရုံးက ထိုစာကို လက်ခံရရှိထားခြင်းမရှိ ကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတကာရှိ ယူအင်နဒီပီရုံးများသည် ကုလသမဂ္ဂ၏လက်ပါ များဖြစ်သောကြောင့် ကုလသမဂ္ဂသို့ပေးပို့သောစာများကို အတွင်းရေးမှူးချုပ်ထံ ပေးစာ ဆိုင်ရာရုံးကို လိပ်မူပေးပို့နိုင်ကြသည်။

စာကိုရေးသားပေးပို့ခဲ့သူများမှာ ရခိုင်ပြည်နယ် ဂွမြို့မှ မဲဆန္ဒနယ်ရွေးကောက်ခံ ကိုယ်စားလှယ် ဦးညိုရ၊ ရောဝတီတိုင်း ပန်းတနော်မြို့နယ် ရွေးကောက်ခံကိုယ်စားလှယ် ဒေါက်တာတင်မင်းထွဋ်၊ ချင်းပြည်နယ်၊ တွန်းဇံမြို့မှ ရွေးကောက်ခံကိုယ်စားလှယ် ဦးပုကျဲ့ ရှင်းထန်၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါက်တာမြင့်နိုင်နှင့်ဦးသိန်းဖေတို့ဖြစ်ကြသည်။ ❖

တမျက်နှာ (၆) မှ နိုင်ငံဆောင်းပါးမှ ...

နေတဲ့ဟာ လေတွေခေတ်နဲ့ဆောင် Home Rule ကို တောင်းတဲ့ပြည်သူတွေဖြစ်တယ်။ ဒိုင်အာခီကိုတောင်းတဲ့ အမျိုးအစားလုံးဝ မဟုတ်ဘူး။

၁၉၄၆-၄၇ လွတ်လပ်ရေးအကြိုကာ လမှာလည်း လုံးဝလွတ်လပ်ရေးကို တောင်း တဲ့ပြည်သူတွေဖြစ်တယ်။ ဒိုမီနီယံလွတ်လပ် ရေးလောက်နှင့် ကျေနပ်သွားတတ်တဲ့ ပြည်သူ အမျိုးအစားမဟုတ်ဘူး။

အစစ်အမှန်ကိုသာ မြတ်နိုးတတ်တဲ့ ပြည်သူဖြစ်တယ်။

အတုလိုက်မိတတ်တဲ့ အတုအယောင် လောက်နှင့် ရောင့်ရဲကျေအေးသွားတတ်တဲ့ အမျိုးအစားမဟုတ်ဘူး။

(၄)

အခု ....

နအဖစစ်အစိုးရဟာ အတုအယောင် အမျိုးသားညီလာခံကချမှတ်ပေးလိုက်တဲ့ အတု အယောင်အခြေခံမူတွေကို အခြေခံပြီး အတု အယောင်အခြေခံဥပဒေဆိုတာကြီးကို ညစ် နည်းမျိုးစုံသုံးပြီး အတည်ပြုဖို့ကြိုးစားနေ ပါပြီ။

ဒီအခြေအနေအောက်မှာ ကျနော်တို့ လူထု ဘာတွေလုပ်ကြမလဲ။

ဘာမတီတဲ့ ဂျာရုံကောင်စီတ်စာတ်ကို ဘယ်နည်းနဲ့ ပြသကြမလဲ။

ဒီပွဲဟာ အဆုံးအဖြတ်ပေးနိုင်တဲ့ အ လှည့်အပြောင်းတွေကို ဖြစ်ပွားသွားစေနိုင်တဲ့ပွဲ ဖြစ်တယ်။

ကျနော်တို့ရှုံးသွားရင် စစ်အာဏာရှင် စနစ်အောက် အခြေခံဥပဒေဆိုတာအရပါ ခေါင်းထိုးပေးလိုက်ရသလို ဖြစ်သွားနိုင်တယ်။

စစ်အုပ်စုက ၎င်းလည်းနိုင်၊ နိုင်လည်းနိုင် ဆုံးဖြတ်ထားမှန်း မစ္စတာဝမ်ဘာရီကို ပြော နေတဲ့ မြန်မာရေးစနစ်ကြီး ဖိုလ်ကျော်ဆန်း ခဲ့လေသံနှင့်တင် အကဲခတ်လို့ရနိုင်တယ်။

ဒါဆိုတော့ ကျနော်တို့ အဓေသနေရာ နိုင်အောင်တိုက်ကြရလိမ့်မယ်။ ဘယ်လိုတိုက် ကြမလဲ။

မဲပေးနိုင်သူတိုင်း တယောက်မကျန် မဲ ရုံကိုသွားပြီး ကန့်ကွက်မဲပေးတဲ့နည်းနှင့် အ ပြတ်အသတ်တိုက်ကြရလိမ့်မယ်။

စက်တင်ဘာရဲ့ ရဲရင့်တဲ့သစ္စာတွေနှင့် မိကြားရတော့ အဖွဲ့အစည်းတွေဟာ ဒီနေ့တိ တောက်ပနေဆဲဖြစ်တယ်။ ဒီမျိုးနိုင်ကို ဆက် မြှင့်ကြရပါလိမ့်မယ်။

ဒီပွဲမှာ စက်တင်ဘာဆွေးနွေးကြကို ကျ နော်တို့ ဖြစ်မြောက်ရလုပ်ကြရလိမ့်မယ်။

ဒီပွဲဟာ စက်တင်ဘာတိုက်ပွဲရဲ့ အဆက် လည်းဖြစ်တယ်။

ဒီအခွင့်အရေး ဒီအချိန်အတွက်နှင့် ဒီပွဲမှ ပေးထားတွေကို မိမိရရအသုံးချကြရလိမ့်မယ်။

ဂဏ မျိုးဆက်ကျောင်းသားများပြော သလို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်လုံး ကျွတ်လူထုဆန္ဒပြပွဲကြီးအဖြစ် ပြောင်းလဲပစ် ကြရလိမ့်မယ်။

စစ်အာဏာရှင်ရဲ့ အာဏာသာဝရတည် မြဲရေးအစီအမံတွေကို ကန့်ကွက်မဲတွေ တမဲ နှက်ပြီးပြောင်းမြှင့် တစစီဖြစ်သွားအောင် ရိုက် ချိုးချေမှုန်းကြရလိမ့်မယ်။

ဒီနည်းနှင့် ကျနော်တို့ပြည်သူလူထုကြီး ရဲ့ People Power တွေကို အစွမ်းကုန်ပြသ ကြရလိမ့်မယ်။

ဟစ်တလာအော၊ မာကို့စ်အော၊ ဆူ ဟာတိုအော၊ ဗိုင်နေဝင်းအော၊ ဖိုလ်သန်းရွှေ အော People Power ဆိုတော့ အကြောင်း သုံးပါးရေးနေမှာမဟုတ်ဘူး။ အညွှာအတာ ပေးနေမှာလည်း မဟုတ်ဘူး။

ပြည်သူလူထုကြီးရဲ့ရှေ့မှာ ကာဆီးပိတ် ဆို့နေတာမှန်သမျှ အရာနဲ့လူ ထိုင်ချေမှုန်း ပြီး တလဲကျွန် ဖျက်သိမ်းပစ်မှာဖြစ်ပါတယ်။

ဇွန်မိုး (၁၈-၃-၂၀၀၀)

❖

စစ်တပ်ကြီးစိုးရေးအတွက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ စစ်သားများနားမလည်

လာမည့်မေလအတွင်းကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် စစ်တပ်အတွင်းရှိ အရာရှိအရာခံတပ်သားအားလုံး ထောက်ခံမဲပေးကြရန် အထက်အရာရှိအဆင့်ဆင့်မှ ညွှန်ကြားထားကြောင်းသိရသည်။

စစ်သားများအပါအဝင် မိသားစုဝင်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ယခုထိတိုင် နားမလည်ကြကြောင်း၊ စစ်တပ်အသိုင်းအဝိုင်းထံမှ သတင်းများအရ သိရသည်။

ရန်ကုန်မြို့စစ်တပ်တခုအနီးတွင် နေထိုင်သောသည့် ဆရာဝန်တဦးမှ "ကျနော့်အမြင်ကတော့ စစ်သားတွေ ဆန္ဒခံယူပွဲအပေါ်မှာ စိတ်ဝင်စားမှုမရှိဘူး။ သူတို့ရဲ့မိသားစု စားဝတ်နေရေးကိစ္စကိုပဲ စိတ်ဝင်စားကြတာ" ဟု ပြောပြခဲ့သည်။ စစ်တပ်မိသားစုဝင်အများစုသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုနားမလည်ကြသော်လည်း ကန့်ကွက်မဲပေးပါက အထက်အရာရှိများ၏ အပြစ်ပေးခြင်းခံရမည်ကို စိုးရိမ်လျက်ရှိနေကြကြောင်း၊ အဆိုပါဆရာဝန်၏ပြောကြားချက်အရ သိရသည်။ စစ်တပ်အတွင်း မဲရုံထောက်ကာ ဆန္ဒခံယူပွဲကျင်းပပါက ကန့်ကွက်မဲမပေးရဲသူ အများအပြားရှိကြောင်းလည်း သိရသည်။ စစ်တပ်၏ပြင်ပတွင် မဲပေးခွင့်ရပါက ကန့်ကွက်မဲပေးမည်ဖြစ်ပြီး စစ်တပ်ဝန်းအတွင်းဆိုပါက ထောက်ခံမဲပေးရမည်ဖြစ်ကြောင်းကိုလည်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်ကြပ်ကြီးတဦးက ပြောပြခဲ့သည်။ မည်သည့်အတွက် ထောက်ခံမဲပေးရခြင်းဖြစ်သည်ကိုလည်း ရှင်းလင်းစွာမသိရှိရပေ။

ရန်ကုန်ရှိ စစ်တပ်မိသားစုဝင်များအနေဖြင့်လည်း ယခုထက်တိုင် ထောက်ခံမဲပေးရမည်လား ကန့်ကွက်မဲပေးရမည်လား အတိအကျမသိရသေးဘဲ ဖွဲ့စည်းပုံမူကြမ်းကိုလည်း ယခုထိတိုင် ဖတ်ရခြင်းမရှိသေးပေ။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံးဒီမိုကရေစီအရေးလှုပ်ရှားမှုကြီးတွင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံ လေတပ်အခြေစိုက်စခန်းရှိ စစ်သားများသည် ပြည်သူလူထုနှင့်ပထမဦးဆုံး ပူးပေါင်းခဲ့သူများဖြစ်သည်။ ၁၉၉၀ မေလ ရွေးကောက်ပွဲအတွင်းတွင်လည်း စစ်တပ်အခြေစိုက်ရာဒေသများဖြစ်သည့် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်၊ မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ မေမြို့နှင့် အခြား စစ်အခြေစိုက်ဒေသများတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အသာဖြင့် အနိုင်ရမှုများရှိခဲ့သည်။

စစ်အစိုးရအနေဖြင့် နိုင်ငံတဝန်းရှိ စစ်တပ်အသိုင်းအဝိုင်းမှ ထောက်ခံမဲများရရှိမည်ဟု ကြိုတင်တွက်ချက်ထားပုံရသော်လည်း လေတပ်နှင့် ရေတပ်တို့ကိုမူ အပြည့်အဝထိန်းချုပ်နိုင်လိမ့်မည်မဟုတ်ကြောင်း စစ်ရေးလေ့လာသူများက သုံးသပ်ကြသည်။

မြန်မာနိုင်ငံ စစ်တပ်အသိုင်းအဝန်းတွင် အရွယ်ရောက်ပြီး ဆန္ဒမဲပေးခွင့်ရှိသူအရေအတွက် တစ်ဒသမနှစ်သန်းခန့်ရှိမည်ဟု ထိုင်းနိုင်ငံအခြေစိုက် စစ်ရေးလေ့လာသူ ဦး[illegible]အောင်က ခန့်မှန်းပြောဆိုခဲ့သည်။ ◆

ရခိုင်ပြည်နယ်ရှိ အရပ်သားဝန်ထမ်းများအား ထောက်ခံမဲပေးရန် နအဖအာဏာပိုင်များဖိအားပေး

ရခိုင်ပြည်နယ်၊ မောင်တောတွင် အရပ်သားဝန်ထမ်းများအား၊ မြန်မာစစ်အာဏာပိုင်များက ၎င်းတို့ရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံရန်အတွက် အတင်းအကြပ်ဖိအားပေးညွှန်ကြားထားကြောင်း၊ ဒေသခံများအဆိုအရ သိရသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်ရှိန်က ယခုလ (၁၈) ရက်နေ့တွင် မောင်တောမြို့သို့ရောက်ရှိလာခဲ့ပြီး၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာအရာရှိများနှင့်အတူ ဘုန်းကြီးကျောင်းများသို့ သွားရောက်လှူဒါန်းမှုများပြုလုပ်ခဲ့သည့် ထိုနေ့မှာပင် အဆိုပါညွှန်ကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဒေသခံကျောင်းဆရာတဦးမှ "သူတို့က ထောက်ခံမဲပေးရမယ်ဆိုပြီးတော့ အတင်းကြီးကိုပြောတာ။ တကယ်လို့ ထောက်ခံမဲပေးရမယ်ဆိုရင် ဒီဆန္ဒခံယူပွဲမတိုင်မီ အခြေခံဥပဒေမူကြမ်းကို ပြည်သူတွေကို ပြတာလဲမရှိဘူး။ အခုထိ မူကြမ်းမိတ္တူကိုတောင် မတွေ့ဖူးကြသေးဘူး" ဟု ပြောပြခဲ့သည်။

ဒေသခံလူထုအနေဖြင့်လည်း နအဖအာဏာပိုင်များမှ ယခုကဲ့သို့ အတင်းအကြပ် ထောက်ခံမဲပေးခိုင်းနေမှုအပေါ် မကျေမနပ်ဖြစ်နေကြပြီး မည်သည့်နိုင်ငံတကာအသိုင်းအဝိုင်းကမှ စောင့်ကြည့်လေ့လာခွင့်မပေးဘဲ နအဖမှဖွဲ့စည်းထားသည့် ကော်မရှင်အဖွဲ့အနေဖြင့် အခြေခံဥပဒေဆန္ဒခံယူပွဲကို မည်သည့်ပုံစံနှင့်မဆို ထောက်ခံမဲများဖြစ်အောင် လုပ်မည့်အခြေအနေမျိုးဖြစ်နေကြောင်း၊ အဆိုပါဒေသခံ နိုင်ငံရေးလှုပ်ရှားသူတဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲများတွင် မဲရုံစောင့်ကြည့်ရေးကော်မရှင်အဖွဲ့ဝင်များသည် အစိုးရဝန်ထမ်းများနှင့် ကျောင်းသားလူငယ်များသာဖြစ်ကြပြီး မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းမှ လာရောက်ခွင့်မရှိခဲ့ပေ။ ◆

အမေရိကန်ဥပဒေပညာရှင်များနှင့် လွှတ်တော်အမတ်များ မြန်မာစစ်အစိုးရ၏အခြေခံဥပဒေမူကြမ်းအား ကန့်ကွက်မှုစတင်

(၁၈) မတ်လ

အမေရိကန်ဥပဒေပညာရှင်များသည် အစည်းအဝေးတရပ်ခေါ်ယူကျင်းပပြီးနောက် မြန်မာစစ်အုပ်စုရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်မခံရေး ကိုက်တွန်းဆောင်ရွက်ပေးပါရန် သမ္မတဘုရှ်အား တိုက်တွန်းလိုက်ကြသည်။

သမ္မတအပြင်တည်းမှာဝင် အမေရိကန်ပြည်ထောင်စုရှိ အချိန်အခါကြီး၊ လွှတ်တော်အမတ်များဖြစ်ကြသော မစ္စတာရပ်ရှ်ဟော့လ်တ် (ဒီ-အန်ဂျေ)၊ ဟိုး ပေါလ်ဘရောင် (ဒီ-ဂျီအေ) နှင့် အိုင်လီနာရိုစ်-လေတီနင် (အာရ်-အက်ဖ်အယ်လ်) တို့ကလည်း မတ်လ (၁၄) ရက်နေ့က လွှတ်တော်တွင် အဆိုပြုလွှာအမှတ် (၁၀၇) ကိုတင်သွင်းခဲ့ကြသည်။ နအဖစစ်အုပ်စုသည် မေလတွင် လူထုဆန္ဒခံယူပွဲတရပ်ကျင်းပပြီး အတည်ပြုရန်စီစဉ်နေသော အခြေခံဥပဒေမူကြမ်းတွင် အကျိုးဆိုင်သူများ ပါဝင်ခွင့်မရှိခြင်း၊ တရားမျှတမှုလည်းမရှိခြင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်မခံသင့်ကြောင်းနှင့် ရှုတ်ချရန် ဆုံးဖြတ်ချက်တရပ်ချမှတ်နိုင်ရေး ထိုအဆိုပြုလွှာသည် နိုင်ငံခြားရေးရာများနှင့်ဆက်ဆံမှု လွှတ်တော်ကော်မတီမှ ဆင်ခြင်စဉ်းစားနိုင်ရန်အတွက်ဖြစ်ကြောင်း အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသောအဖွဲ့၏ ဦးအောင်ဒင်ကပြောသည်။

အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်လွှတ်တော်အမတ်များက မြန်မာ့အရေးကို သေသေချာချာ လေ့လာသုံးသပ်နေကြကြောင်း၊ နအဖရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏ဆန္ဒကို ကိုယ်စားမပြုဘဲ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များကိုလည်း ပါဝင်ရေးဆွဲခွင့်မပြုဘဲ စစ်အာဏာရှင်စနစ်တည်မြဲရေးကိုသာရည်ရွယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲထားကြောင်း၊ ဖွဲ့စည်းပုံဥပဒေကိုလည်း နအဖက အတင်းအဓမ္မအတည်ပြုရန် ကြိုးစားနေသည်ကိုလည်း ၎င်းတို့သိရှိကြောင်း၊ ပြည်တွင်းမှာလည်း (၈၈) မျိုးဆက်ကျောင်းသားများ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒီမိုကရေစီအင်အားစုများက ဖွဲ့စည်းပုံအခြေခံဥပဒေကို နအဖက လူထုဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုလျှင် လူထုကို ကန့်ကွက်မဲပေးကြရန် စည်းရုံးလှုံ့ဆော်နေခြင်းများကိုလည်း သိရှိပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းက ဒီမိုကရေစီအင်အားစုများကို ထောက်ခံလိုသောအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား စစ်အုပ်စုအတည်ပြုလျှင် နိုင်ငံတကာနှင့်အမေရိကန်အစိုးရကပါ အသိအမှတ်မပြုကြရန် တောင်းဆိုထားသော ဥပဒေမူကြမ်းတရပ်ကို မတ်လ (၁၄) ရက်နေ့က အမေရိကန်အောက်လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

အောက်လွှတ်တော်ဆုံးဖြတ်ချက်ကို ရေးသားခဲ့သူ နယူးဂျာစီပြည်နယ် ဒီမိုကရက်ပါတီအမတ် မစ္စတာရပ်ရှ်ဟော့လ်တ်မှလည်း မြန်မာပြည်သူများအတွက် လူ့အခွင့်အရေးနှင့် လွတ်မြောက်ရေးများ ရရှိခံစားနိုင်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏ ရဲရင့်သောစွမ်းဆောင်မှုများအတွက် ပိုမိုကူညီမှုများရသင့်သည်ဟု ယူဆကြောင်း၊ ယခုဆုံးဖြတ်ချက်သည်လည်း မြန်မာပြည်သူများ၏ ဒီမိုကရေစီရေးကြိုးပမ်းမှုများအတွက် မိမိတို့မှ အတူတကွရပ်တည်နေပါသည်ဆိုသော သတင်းစကားကို ပေးပို့နိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသောအဖွဲ့ (ယူအက်စ်စီဘီ) ဒါရိုက်တာဦးအောင်ဒင်က အမေရိကန်လွှတ်တော်အမတ်များ၏ အကြံပြုချက်သည် မြန်မာပြည်သူများ၏ဆန္ဒအမှန်ကို ရောင်ပြန်ဟပ်လျက်ရှိကြောင်းနှင့် အမေရိကန်ပြည်ထောင်စုကွန်ဂရက်လွှတ်တော်အမတ်များ၏ အရေးယူဆောင်ရွက်ချက်သည် အလွန်ပင်လေးစားဖွယ်ကောင်းပြီး ထောက်ခံကြိုဆိုပါကြောင်း၊ ထို့အတူ နိုင်ငံတကာမှရှိသော လွှတ်တော်ကိုယ်စားလှယ်များကလည်း ယခုကဲ့သို့ လှုပ်ရှားဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရများကို ဖိအားပေးနိုင်ရန် မျှော်လင့်ကြောင်း ပြောသည်။ ◆

လွတ်လပ်သောတရားစီရင်ရေးဆိုင်ရာ မူသဘောထားကြေညာချက်ကို ဖောက်ဖျက်ကျူးလွန်နေသော မြန်မာပြည်မှ တရားသူကြီးချုပ်အား အရေးယူပေးပါရန် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ တောင်းဆို

မြန်မာနိုင်ငံ၏ တရားသူကြီးချုပ်ဦးအောင်တိုးအား အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားရုံးချုပ်တရားသူကြီးများ၏ "လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာသဘောတူညီချက်အား ဖောက်ဖျက်မှုဖြင့် အရေးယူပေးပါရန် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များထံ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ (၂၅) ရက်၊ မတ်လ ၂၀၀၈ နေ့စွဲဖြင့် တောင်းဆိုလိုက်သည်။

အဆိုပါ တောင်းဆိုချက်တွင် 'တရားစီရင်ရေး၏ အဓိကတာဝန်သည် တရားဥပဒေကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ အမှန်ကိုတွေ့ရှိပြီးမှ ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်သည်။ အမှားပေါ်တွင်အခြေခံ၍ဆုံးဖြတ်လျှင် တရားမျှတမှု မဖြစ်နိုင်ချေ'ဟု ရေးထားပါရှိသည်။

ထို့နောက် စစ်ထောက်လှမ်းရေး (ထိုစဉ်က) ရုံးရှေ့တွင် စစ်ဆေးချက်များကို တရားခံများအား အတင်းအဓမ္မလက်မှတ်ထိုးခိုင်းသည်ကိုလည်း တရားစီရင်ရေးလွတ်လပ်မှုကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်ကြောင်း၊ ဥပဒေပိုင်း ဆိုင်ရာ ပြဋ္ဌာန်းထားသည်မှာ ၂၀၀၀ ခုနှစ် ဇွန်လ (၂၇) ရက်နေ့တွင် "တရားစီရင်ရေးဥပဒေ" (ဥပဒေအမှတ် ၅/၂၀၀၀) ကို ထုတ်ပြန်ခဲ့သည်။ ၎င်းဥပဒေ၏ အခန်း (၂)၊ ပုဒ်မ (၂) (က) တွင် 'တရားဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်းရှိရမည်' ဟုဖော်ပြထားကြောင်း၊ သက်သေခံဥပဒေပုဒ်မ (၂၆) ၌ ရဲထံတွင် အကျဉ်းခံနေရစဉ်အတွင်း တရားခံ၏ဖြောင့်ချက်ကို ၎င်းအပေါ်တွင် သက်သေခံတင်ပြခြင်းမပြုရဟု အထိအလေးပြဋ္ဌာန်းထားကြောင်းဖော်ပြပါရှိသည်။

ထို့ရာတွင် စစ်ထောက်လှမ်းရေး စစ်ကြောရေးကာလအတွင်း ခိုမိ (၇) ချောင်းကျူးကျော်နှိပ်စက်ခံခဲ့ရသော ရန်ကုန်တိုင်း၊ ဘားမြို့နယ်မှ ကိုအောင်ထိုက်ဝင်းအမှုသည်လည်းကောင်း၊ ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လုံးခန်းအတွင်း (၁၀၊ ၆၊ ၂၀၀၆) ခုနှစ်က မှတ်တမ်းအရ အသည်းမိခင် ဒေါ်ကြည်အား ထွင်းပေါက်နှိပ်စက်မှုတို့အပြင် ရေသတိတိုင်၊ မကွေးမြို့နယ်မှ ကိုမြင့်နိုင်အား စစ်ဆေးရန် ပြန်ဆောင်ခဲ့ရသော မှတ်ချက်မှ ပြန်ထွက်သွားပြီး စခန်းအတွင်း အသက်ဖြတ်မှုများရှိနေ ခြင်းသည် စစ်ထောက်လှမ်းရေးနှင့် ရဲစခန်းတို့က အမှုစစ်ရာတွင် အာဏာပြမှောက်(?)မှုများက ထင်ရှား မှုများပေါ်ရှိနေခြင်းဖြစ်ကြောင်း ရေးသားထားသည်။

ရုံးအရာရှိများအနေနှင့် ဖြစ်မှုကို စုံစမ်းဖော်ထုတ်ရာတွင် ဖြတ်လမ်းလိုက်ရန် မိတ်ဝင်စားဖြစ်ခြင်းနှင့် ရုံးအရာရှိ စစ်ထောက်လှမ်းရေးတို့ ထက်ကွင်းလှမ်းရောက်နေသော နှုတ်ချိန်ရသူအပေါ် အားထားအလွဲသုံးစားမပြုနိုင်ရန် ပြဋ္ဌာန်းချက်များရှိသည့်အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၁၂၆ (၁) ၌ "ရဲရှေ့အစစ်ခံချက်ကို သက်သေခံအဖြစ်အသုံးမပြုရ"ဟုဖော်ပြထားကြောင်း၊ ပါရှိနေသည့်အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၆၃) တွင်လည်း ထုတ်ဖော်ပြောဆိုချက်များကို ရေးမှတ်ယူရန် မတောင်းဆိုရဟုပါရှိ" ဟုပြဋ္ဌာန်းထားရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၆၄)၊ နှင့် (၃၆၄) တို့အရ တရားသူကြီးက ဖြောင့်ချက်ရေးမှတ်သည့်အခါ လွတ်လွတ်လပ်လပ် ပြန်လည်ကြိုက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ပြုလုပ်နိုင်ကြောင်းအသိပေးရန် တရားခံ၏အခန်းကို မည်သို့ရေးမှတ်ယူရမည်ကိုလည်း ဖော်ပြထားကြောင်း ပါရှိသည်။

သို့သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးမှုတာဝန်ကို ရဲအရာရှိကသာ ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယခုအခါ စစ်ထောက်လှမ်းရေးကသာ ဆောင်ရွက်နေပြီး စုံစမ်းစစ်ဆေးရေး တာဝန်ကျေအပ်သည့် ရဲအာ နည်းလမ်းလိုက်ပါနေရကြောင်းလည်း ဖော်ပြထားသည်။ ဤသို့သော တရားမဝင်စစ်ဆေးမှုများကို တရားရုံးများက တရားဝင်စာရွက်စာတမ်းများအဖြစ် မည်သည့်စစ်ဆေးမှုမျှ တရားဥပဒေအရ သက်သေခံအဖြစ် လက်ခံခဲ့ခြင်း၊ သက်သေခံလွှာ၌ ဆုံးဖြတ်ခြင်းများမရှိ စီရင်ဆုံးဖြတ်သည်မရှိကြောင်း ရေးသားထားသည်။

၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်၊ ဘီဂျင်းမြို့၌ ကျင်းပခဲ့သော "အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏ (၆) ကြိမ်မြောက် ကွန်ဖရင့်မှ "လွတ်လပ်သောတရားစီရင်ရေးဆိုင်ရာ မူသဘောထားကြေညာချက်" ကို မြန်မာနိုင်ငံမှ တရားသူကြီးချုပ် ဦးအောင်တိုးကိုယ်တိုင် တက်ရောက် လက်မှတ်ရေးထိုးခဲ့သည်။ ဤကြေညာချက်အရ "လွတ်လပ်သောတရားစီရင်ရေးဆိုင်ရာတွင် တရားရုံးများသည် တရားစီရင်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြားသောမလျော်ကန်သော ဩဇာလွှမ်းမိုးမှုများမပါဝင်ဘဲ အမှုတွင်ပေါ်ပေါက်သော အဖြစ်အပျက်အကြောင်းအရာနှင့် ဥပဒေပြဋ္ဌာန်းချက်အရသာလျှင် စီရင်ဆုံးဖြတ်ရမည်" ဟု ဖော်ပြထားသည်။ ထို့ရာတွင် ဦးအောင်တိုးသည် အဆိုပါဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတို့အား ချိုးဖောက်လျက် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးရဲနောင် ပါ- (၂)" စီရင်ထုံးကို ပြဋ္ဌာန်းခဲ့သည်မှာ စစ်ထောက်လှမ်းရေးတို့၏ စစ်ဆေးချက်များ ရုံးရှေ့ဖြောင့်ချက်များကို သက်သေခံသွင်းလာစေရန် ဆုံးဖြတ်ပေးလိုက်ခြင်းဖြစ်ရာ တရားစီရင်ရေး၏လွတ်လပ်မှုကို တိုက်ရိုက်ထိုးနှက်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါစာတွင် ရေးသားထားသည်။

ထို့ကြောင့် ဦးအောင်တိုးအား အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များက မြန်မာနအဖ၏တရားသူကြီးချုပ် ဦးအောင်တိုးအား သဘောတူညီချက်ဖောက်ဖျက်မှုနှင့် အရေးယူပေးပါရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ◆

လွန်ခဲ့တဲ့ (၃၄) နှစ်ကဆို အာဏာရှင်ရော ကမ္ဘာမှာပါ ဒီမိုကရေစီအခင်းအကျင်းက ခုလိုမပီပြင်သေးဘူး။ အရင်းရှင်ဆိုရှယ်လစ် တွေကအပြိုင်အဆိုင်၊ အားပြိုင်နေ၊ ဒေသဆိုင်ရာစစ်မက်တွေဖြစ်နေရာအခန့်၊ မီးဟုန်းဟုန်း၊ ဗီယက်နိုင်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား စတဲ့နိုင်ငံတွေမှာ ဒီမိုကရေစီနာမည်ခံပေမယ့် စစ်အာဏာရှင်စနစ်တွေက အားကောင်းနေခဲ့တုန်း။ ထိုင်းစစ်တပ်ကလည်း ထစ်ကနဲဆို အာဏာသိမ်းတတ်တယ်။ ဒီဟာနဲ့ ကမ္ဘာ့ ဒီယာဆိုတာတွေက ဝါဒကြီးနှစ်ခုကြားမှာ လူတွေအန်ခဲ့ပြီး အားကောင်းတွေလို စထား ခဲ့ကြရတဲ့ စစ်ကာလင်းပြိုင်ကြီးတွေပေါ့။

နောင်နှစ် (၃၀) ကျော်ကြာသွားတဲ့ အခါမှာတော့ ဒီနိုင်ငံအများစုဟာ ငြိမ်းချမ်းရေးရသွားကြ၊ ဒီမိုကရေစီစနစ်ကို အောင်အောင်မြင်မြင် ကျင့်သုံးကျောကြောင်းပြီး စီးပွားရေးအရှိန်တွေ ကောင်းသွားကြတယ်။

ကျုပ်တို့တိုင်းပြည်ကျတော့ (၂၆) နှစ်လုံးလုံး တပါတီ စစ်အာဏာရှင်လက်ထဲမှာ အညွန့်တုံး၊ မြို့လူထုက အညမညာနဲ့ လူညွန့်တုံး၊ ကျေးလက်က ခြတ်လေးမြှတ်နဲ့ တာဝန်ကျေစပါးအောက်မှာ ဘဝတွေတုံးခဲ့ကြတာ။ (၈၈) ဖြစ်တော့ ဒီစစ်တံခိုးအောက်က လွတ်ခဲ့ကြရလားမှတ်တယ်။

မဆလခေတ်မှာ အနိုးရနဲ့လူထုထိပ်တိုက်တွေ့ပြီး လူထု အတိဒုက္ခရောက်တိုင်း ကိုယ့်လိပ်ပြာကိုယ်မလုံ တာဝန်မကင်းသလို ခံစားရတယ်။ အဲဒီတုန်းက ကျုပ်အသက် (၂၀)၊ ၁၉၇၄ မဆလ တပါတီဖွဲ့စည်းပုံကို ထောက်ခံမိခဲ့တဲ့ဒီစ့ကြောင့်ပေါ့။ အရေး မပါ လိုက်တာလို့ဆင်ပြီး ဖွဲ့စည်းပုံဆိုတာ ဘာမှန်း မသိလိုက်မိတာ။

တကယ်ဆို ဒီတိုင်းပြည်မှာ ကျုပ်ပညာ တတ်ပဲ၊ ပိုသိသင့်ခဲ့တာပေါ့၊ ပိုတာဝန်ရှိတာပေါ့။ ခေတ်ကြီးကချက်ဆီးထားလို့ ကိုယ့်ကိုယ်ကိုယ် တော်မှန်းမသိ၊ အညာမိတာ (၂) နှစ်ကျော်လောက်ကြာမှ အစိုးရဆိုးက ကျောင်းသားဆိုးတဲ့ချီမြင်တာပဲ စစ်အကျဉ်းထောင်တွေထဲ ဘဝတွေကြမ်းတော့မှ ကိုယ်ကျစ်တဲ့ငြိုးနဲ့ ကိုယ့်ပြန်အရှည်ခံရတာ၊ ကိုယ်တူးတဲ့ကျင်းထဲ ကိုယ်ပြန်ဆင်းရတာပါလား လို့ အလိုမိတ်ညတွေအောက် တစ်မိုမိုတွေး ဖြစ်၊ နောင်တတွေကို ကျောခင်းရင်းနဲ့ ပြန်ဆင်ခြင်ဖြစ်ခဲ့တာ။

ခုလည်း စိတ်မချမ်းသာစရာကြုံကြရဦးမှာပါလားဗျို့ ....။

စက်တင်ဘာအရေးအပြီးကျမှ ကုလ ကိုယ်စားလှယ်ကို မလိမ့်တပတ်နဲ့ မခေါ်ချင်ခေါ်ပြီး ဆွေးနွေးပွဲမယ်ပြောပြီးမှ ကုလက ဘက်လိုက်နေတယ်။ ‘ဝင်မပါနဲ့တော့’ တဲ့၊ လုပ်ပုံက ....။

မမှာလှုပ်မယ့် နအဖဖွဲ့စည်းပုံအကြိုက ဘီလူးဆိုင်းတွေကမိုးလုံးနဲ့ပါလားဟ....။ မအရင့်တွေလည်း၊ တခိုန့်လုံးကျူးနေလိုက်ပါလား။ ခင်းနေတဲ့ဇာတ်ထုတ်က အမျိုးသား ဟသီးကိုးဆောင်းဇာတ်တဲ့။

မဆလတပါတီခေတ် ဆန္ဒခံတဲ့အချိန်ကအောင် ဒီလောက်အနှံ့ခိုးတွေ ဆက်တိုက်ရနေတာမျိုး၊ အသံနက်ကြီးတွေ ဆက်တိုက်ကြားနေရတာမျိုးမဖြစ်ခဲ့ဘူး။

(၇၄) မှာ ထိမိနိုင်ခဲ့ကြသူတွေက ဝိပြင်တယ်။

မျက်ကြမ်းဆိုတာတွေကို ဟုတ်တာမဟုတ်

တာတား လူတွေကြားရောက်အောင် ရုပ်ကွက်တွေထဲချပြရဲ့ခဲ့ ဆွေးနွေးရဲခဲ့တာမျိုး၊ ထပ်ထပ်ပြီး မြင်တာမျက်တာ မြန်ချပြတာရှိခဲ့သေးတယ်။ အမျိုးသားညီလာခံနာမည်ပေးပြီးမှ လူမမြင်ကွယ်ရာသွား၊ ကြည့်ကောင်းအောင် အသံထိတ်အရှပ်တွေလွှင့်ထုတ်၊ ဆွေးနွေးတယ်ဆိုပြီး တင်ပြတာတွေလည်း လက်မခံ၊ ချည်ပြီးတုပ်ပြီးသားတွေကို ခေါ်လက်မှတ်ထိုးခိုင်းတာမျိုး မဟုတ်ဘူး။

ဒီနေ့လမ်းပေါ်တွေ့သမျှ လူတရာမေး ‘ဒီနေ့ဖွဲ့စည်းပုံစာအုပ်တွေ့ဖူးပြီလား’ ‘အဲဒါတွေ ဘာယ်လိုဘယ်ညာ သိပြီးလား’ ဆိုတာ၊ တရာလုံးလုံးလောက် ခေါင်းရမ်းလိမ့်မယ်၊ ကျုပ်မျက်စိရှေ့မှာတွေ့နေရတာ၊ ကြားနေ

ပျောက်နေတာတွေ လာမေးနဲ့တော့၊ မိန့်ခွန်းတာတွေက တဖက်နိုင်ငံတခိုး ဝင်လာတဲ့ ပိုင်ရှင်မဲ့အလောင်းတွေမို့ရှိတာ၊ ဒါက်ရာနဲ့ မိထားတာတွေလား။ ဆေးကုခွင့်မပေးနဲ့၊ ဆန္ဒပြခေါင်းဆောင် မမိရင် တမိသားစုလုံးကိုဖမ်း။ ဗုဒ္ဓဆက်ပေး။

နှစ် (၃၀) ကျော်ကြာခဲ့ပေမယ့် ဒီလိုအာဏာရှင်စနစ်မျိုးဆိုတာက တိုးတက်ရှင်သန်ဖွံ့ဖြိုးလာစရာ အကြောင်းမှမရှိတာ၊ ဘယ်ခေတ်မှမဆို အာဏာရှင်ဟာ အာဏာရှင်ပဲ၊ စစ်ကျောင်းဆင်းပြီးတာနဲ့ အင်ဂျင်နီယာ့ဆရာ၊ တရားသူကြီးရဲ့ဆရာ၊ ဆရာဝန်နဲ့ဆရာ၊ ဆရာ့ ဆရာဆိုသလို ဆရာတို့ရဲ့ ဆရာတခါတည်း ဖြစ်ပြီးသား။

အသက်နဲ့ခြစ်သလို ကာသာစာ၊ မဲရုံကို ရှည်မျောမျော လောက်ထားတာတွေ အမြဲပုံနက ဝင်ပေါက်နားချထား၊ အမည်ပုံနကို အခန်းရဲ့ အတွင်းပိုင်း၊ မဲရုံထိပ်မှာ မပ်ဝေးဝေးသွားထားတွေ၊ မဲထည့်သူ ဘယ်သွားလဲ မြင်အောင် ကိုလှမ်းကြည့်နေလို့ရအောင် မဲရုံအောက်ခြေကိုက တိုနန့်နန့် တပေလောက် လွှတ်ထားပြီး အမှုဆင် ကြိုရှင်းထားတော့။

ခုတခါတော့ ကြိုးကြပ်မယ့်လူတွေက ကိုယ့် မီးသေတဲ့လူဖြစ်မှ ခွဲခိုင်လား၊ ပိုကောင်းပေါ့၊ ပိုသစ္စာရှိတာပေါ့၊ တိုက်ပုံ အဖြူဝတ်ခိုင်းထားလိုက်၊ ခန့်ချောဂုဏ်း အစိမ်းရင့်နဲ့ဆို ကြည့်ကောင်းသွားပြီ၊ ဘူကလှမိုက်လား၊ နောက်ကြောင်း မရှင်းဘူး၊

ရတာတွေက နအဖဟာ ထုထုအခွန်ကိုလေး စာတွေ့နေနေသာသာ ‘ငါနိုင်တာလုပ်’ ‘မြန်မြန်ပြောနဲ့’ ဆိုတဲ့ သခင်နဲ့ကျွန်လို အချိုးချည်းပဲ၊

ဖွဲ့စည်းပုံစာအုပ်လေးမှ လူကြားကောင်းမှန်းမသိင် အရေးထူမယ့်ပုဒ်မတွေထုတ် ဖမ်းတာဆီးတာက အရင်ဖြစ်နေတယ်။

‘လူတွေတောင်နဲ့ချီပြီး ဖမ်းပြီးထားတာတွေလား၊ ဘာမှ မဝေဖန်နဲ့၊ ဝေဖန်ရင် ထောင် (၃) နှစ်၊ ဖွဲ့စည်းပုံကို ထိလို့ကတော့ တသက်တကျွန်း၊ ကြိုက်ကြိုက် မကြိုက်ကြိုက် လာကြထောက်ခံထား၊ ထည့်ထား၊ အသက်တော် (၈၀) ကျော် ထဲသာတော်ကြီးတွေကို ရှုံးထုတ်ပြနေတာက နမူနာအမြည်း၊ ဒါ ညောင်နှစ်ပင် ဖွဲ့စည်းပုံနိဒါန်းပိုင်း။

ဗုဒ္ဓဘာသာနှစ်ရဲ့တိတ္ထုတ္ထုပေါ့၊ ဝါတော် (၃၀) သီလရှင်ကြီးတွေက ဆန္ဒပြတယ်လား၊ ချုပ်နှံ့ ဖွဲ့ထား၊ မှတ်သွားအောင် ဆက်ဖမ်းထား၊ ဒီလောက် ပင်ခေတ်ရှိတ်နှက် တက်နှင်းပြထားတာတောင် လူတွေကကြိမ်ချင်တာမဟုတ်ဘူး။

လက်အုပ်ချီပြာလာရင် သုပ်စားတိုင်စားခွင့်ရမယ်၊ ဥဒ္ဓဟောက်ရင် မြောက်စား၊ ပန်းတိုင်ရင်ပေတော့ စီးကရက်၊ မာတ်ဆီထုတ်ရောင်းတာနဲ့ တရားမစွဲမ်းလား၊ တာဝန်ကအနားပေးတာခံမလား၊ လက်တံတိုရင် သိအမတ်၊ လက်တံရှည်ရင် အိမ်အကျယ်ချုပ်ပေါ့၊ အောက်ခြေလူတော့ နှိပ်မိထား၊ အတွေးအခေါ်အရ အောက်တန်းကျအောင် ဆက်ပိ၊ များများမသိစေနဲ့။

လက်တွေ့လူထုဘဝတွေက ကိုယ့်နိုင်ငံမှာ စစ်ကျွန်၊ သူများတိုင်းပြည်မှာ ငွေကျွန်၊ ဒီခေတ်ကြီးထဲမြှတ်ရင်းလူတွေမှာ လက်ထဲပစ်စရာအနေတ်မရှိပာပေမယ့် ပစ်စရာအတွေးအခေါ်ရှိလာတယ်၊ နှစ် (၃၀) ကြာ မြတ်သန်းရင်း တိုးတက်လာတဲ့ ကမ္ဘာ့သမိုင်း၊ ဆုတ်ယုတ်သွားတဲ့မြန်မာ့သမိုင်း၊ ရင်ဘတ်တွေထဲမှာ ကိုယ်စီရှိတယ်။

(၇၄) ခုနှစ်က ဆန္ဒခံယူပွဲမှာ မဆလ ညာတာ ဒို့ခံရဖူးတယ်၊ မဲထည့်သူတွေ စိတ်မလုံမခြုံဖြစ်ရလေအောင် မဲရုံတွေကို မသိမသာ

လား၊ ရပါတယ်၊ အသုံးတဲ့ပါတယ်၊ လိုရင် ထိုးကျွေးလို့ရတယ်၊ လုံခြုံရေးထဲထည့်ထား၊ လိုက်၊ ဘယ်သူ့ကို ဘာနဲ့ချုပ်လို့ရမလဲ၊ မင်း လျှကြိုးလုပ်မယ်ဆိုရင် ဒါတွေသိဖို့လိုတယ်၊

မဲပေးနိုင်တဲ့ အရေအတွက်လား၊ ဘယ်သူက ဘယ်လောက်လိုက်ကြည့်ရမှာလဲ၊ မဲ ဘယ်လောက်လာပေးသွားလဲဆိုတဲ့စာရင်းက ဒို့လက်ထဲမှာ။

မဲပုံးတွေက ဘုံးထပ်သားနင်လား၊ ဆေးမသာလေးနော် ဖွင့်ရကောင်း ဖွင့်ရနိုင်တယ်၊ ဘယ်တဲ့နေရာမှာ ကိုယ့်လူနဲ့ ကိုယ့်ထားဖြစ်အောင်စီမံထား၊ ဇာဂနာလေးတွေအစ ဆောင်လာခဲ့၊ ဆင်တော်စုလေးတွေလည်း နေရာကျလိမ့်မယ်၊ မဲမရေခင် လမ်းမှာပြင်နည်း၊ မဲပုံးသိမ်းတဲ့နေရာမှာ ပြင်နည်း၊ ရေတွက်ပြီးစာရင်းမချုပ်ခင် ပြင်နည်း၊ စာရင်းချုပ်တဲ့ နေရာမှာပြင်နည်း၊ အစုံသုံး၊ လိုသလို ပေါင်းထည့်နိုင်အောင် ကောက်ခံမဲတွေလည်း အပိုအဆင်သင့်ဆောင်ထားကြ၊ ဘယ်နိုင်ငံ တကာကမှ လာရှုပ်လို့မရအောင် ကြည့်လုပ်

ထားတယ်။

ဒီ့အဘတွေက ခုထိ ဂုဏ်ထဲတွေတ်သေးတာတွေလား၊ ဒါအဝေါ်စီရအောင်ယူတတ်တဲ့ စစ်ရေးအမြင်ပဲ၊ အမြှားနေတောင်းရင် မဲတပုံးထဲတောင် စုထည့်နိုင်တာမျိုး လုပ်နိုင်သေးတယ်။

ကြည့်၊ ထုံးမွှင့်ဆိုင်တွေ (၉၀) ခုနှစ်ရလဒ်တွေ၊ အသံတိတ်သွားအောင် တချက်တည်း လုပ်ထည့်လိုက်တာ။

နိုင်ငံတကာစံချိန်စံညွှန်းလို့ လာပြောတဲ့ကောင်တွေကိုတော့ ကောင်းကောင်းသေတိထား၊ သူတို့လာရင် အထံတွက်မယ်၊ ဂွင်ပျက်တယ်၊ ပြည်တွင်းသတင်းသမားတွေလား၊ ထားထားလိုက်၊

စာပေစိစစ်ရေးက ဖွဲ့စည်းပုံစာအုပ် တ ထောင်လောက်ပဲ ရောင်းရသေးတယ်ပြောတယ်၊ ဒါသတင်းဖြစ်သွားဦးမယ်၊ ရန်ကုန်က လူ (၅) သန်းရှိတာ၊ သတင်းသမားတွေကို အိတောင် (၅) ကိန်းရောင်းပြီးပြီလို့ သတင်းစာရှင်းလိုက်၊ ဌာနဆိုင်ရာတွေအားလုံး မထုမနေရ လုပ်လိုက်၊ ရေစွေးမသိုဘူး၊ ရေပါဖို့ တဲ့ပေ့။

ပြည်သူသတင်းသမားတွေကိစ္စလား၊ နိုင်ငံခြားမီဒီယာတွေမှာ၊ ဂရုစိုက်လို့၊ ပစ်ထား လိုက်၊ မနက်ဖြန်ကျရင် နောက်သတင်းတခု ဆက်လုပ်ကြလိမ့်မယ်၊ နိုင်ငံတကာ ဟိုအဖွဲ့ ဒီအဖွဲ့တွေလား၊ မဝင်စေနဲ့၊ တိုင်းပြည်အမြင် ကနေပြောမှာလား၊ လွှတ်ပေးထား၊ ပြောကြပါစေ၊ မသမာမှု လိမ်လည်လှည့်ဖြားမှုပြောဖြိုးရင် ပြီးသွားမှာပဲ၊ ဒို့ ဒီလိုပဲ အောင်ပွဲခံလာတာ မဟုတ်လား။

မြို့ထဲ တပ်ကားတွေလှည့်နေတယ်၊ ရုပ်ကွက်တွေထဲလည်း လုံခြုံရေးတင်းကျပ်၊ ထူးခြားဖြစ်စဉ်ဆို သတင်းပို့၊ သူတို့နေ့ကြေးက ဒီနေ့ဘယ်လောက်လဲ၊ ညမြန်ခေါ်ပြုလုပ်ကြ၊

ကျုပ်မေးစမ်းမယ်၊ ဘာလို့ ဒီစစ်ဘုရင် ပါဒ်နဲ့ ခေတ်နောက်ပြန်ဆွဲ ပဒေသရာဇ်လွှတ်တော်ခေတ်အုပ်ချုပ်ရေးကို ဇွတ်သွင်းကြတာလဲ၊ နှစ် (၃၀) ကျော်အချိန်၊ ဒီနေ့ကမ္ဘာကြီးမှာ ဘယ်လိုစနစ်တွေ ဖြစ်ထွန်းကူးပြောင်းသွားလဲ၊ စစ်ဗိုလ်ချုပ်တို့တွေ မသိရအောင် ပညာညာက်နည်းတာလား၊ အမြော်အမြင်မဲ့တာလား၊ အတ္တကြီးတာလား၊ ကပ်ဖားရပ်ဖားတွေရဲ့ မတတ်သာလို့ လိမ်ရသူတွေရဲ့လိုတိုးပိုလျှော့စာရင်းတွေမှာ မဟုတ်မှန်းသိရက်နဲ့ အာသာ နိုင်ငံတကာဝင်ဆန့်၊ ဒီလိုနဲ့ အမြင်တွေ အတွေးတွေနောက်ကျကုန် တုံးကုန်ဖြစ်ကြရတာလား။

အရာရှိငယ်တွေ နောက်မျိုးဆက်တွေလည်း၊ သူတို့လို အာဏာအရူးမရှင့်ခင် မြင်သင့်တာတွေမြင်ထားမှ မြင်သင့်တာ မြင်နိုင်မယ်။

မြို့ပြမြို့နေရေးခေါင်းစဉ်အောက်မှာ ဈေးဆောက်လိုက်၊ နှိုးဆိုင်ခန်း (၁၀၀) ကို (၂၀၀) ပွားပြီး ငိုတာ‌ရောင်းစားလိုက်ကြ၊ စိတ်ပျက်စရာ အကောင်းဆုံးစီးပွားရေးတိုင်ပီယာပါ ဗျား။ ဒါ ‘တိုးတက်သာယာ ပြည်မြန်မာ’ လား။ ဒါကို တကယ့်စီးပွားရေးအလုပ်လို့ မှတ်နေသမှုတော့ တိုင်းပြည်ကပြုပုံစံမှာပဲ၊ ဒီခေတ်ကြီးထဲ လယ်သမားတွေရဲ့လည်ပင်းကို နင်းတဲ့အလုပ်မျိုးတွေ လုပ်နေကျဖြစ်လား၊ ထမင်းစား ရေသောက် လုပ်ကောင်းတဲ့အလုပ်တွေ

တမျက်နှာ (၂၉) ကော်လံ (၁) သို့...

တရုတ်မှာ (၂၀) နှစ်ဆိုင်းခေါင်းထိမှ—

လို့ အသင်းရောက်လာ၊ မရှိမဲ့ ရှိမဲ့ လယ်သမားတွေဆီက မြေတိုက်သလို မတရားသိမ်းလာတဲ့လယ်ယာမြေတွေကို ဌာနဆိုင်ရာအလိုက်ခွဲတမ်းချပေးကြ။

ဒါ အင်မတန်စက်ဆုတ်ဖွယ်ကောင်းတဲ့ လူမှုရေးစိတ်ဓာတ်စံလွဲမှုကြီးပေါ့။

"အစိုးရတွ" ဆိုတဲ့ အချိန်အခါတွေသုံး အသင်းဖွဲ့ပြီး ခိုးတက်ကြ၊ အသင်းဝင်လာတဲ့ လူတွေက ဘာပေးဆပ်ရမလဲဆိုတဲ့အခါနဲ့ လာတာမဟုတ်။ ဘာအမြတ်ရနိုင်မလဲ အမြဲ ခံချိန်နဲ့လာတဲ့အခါ ဘယ်မှာအောင်ပါတော့မလဲ။ မှ လွတ်လွတ်လပ်လပ်ရောင်းရအောင် ဘောဂဗိုင် အမပ်အဆီးမရှိအောင်၊ အရက်ပုံဆိုင်လေး အသက်ရှည်အောင်၊ အနှိပ်ခန်းလေး မမြင်ချင်ယောင်ဆောင်ထားအောင် ရုံပိုငွေသည်ကြ၊ ကြံ့ခိုင်ဝင်ကြ ရှမ်းအားရှင်သဲ ဝင်ကြပေတယ်။

တချို့က ဒီစနစ်ကနေ ဖြည်းဖြည်းပြောင်းဖို့စိတ်ထူးသည့် မွေးတက်လှတ်တော်တက်ပြီး တောင်းမယ်၊ တိုက်မယ်ပြောတယ်။

တချို့ဆို နှစ် (၂၀) လောက် ပေါင်းလုပ်ကြည့်လိုက်တာ ကိုယ့်တနယ်လုံး တောတွေပြုန်း၊ တောင်တွေပြို၊ ချောင်းတွေပျက်၊ မြစ်တွေကောသ၊ တောတိရစ္ဆာန်တွေသေ၊ ငါးပုစွန်တွေ အဆိပ်သင့်၊ ကိုယ့်အမျိုးတွေသားတိုင်းရင်းသားတွေက ဘာရလဲ။ ဒါ လွတ်လပ်ရေးလား။

ဒီနေ့ ဖီလစ်ပိုင်ပွဲစည်းပုံထဲမှာ အပိုဒ်တပိုဒ်ပါတယ်။

"အရပ်သားအုပ်ချုပ်မှုဟာ အမြဲတမ်း စစ်တပ်အပေါ်မှာရှိမယ်" ဆိုတဲ့အချက်။

(Civilian authority is at all time supreme over the military)

ဒီလောက် တိုတိုရှင်းရှင်းလုပ်ထားတာ တောင် တပ်က အာဏာသိမ်းဖို့ ကောကြိုးစားတဲ့ အဆောအားအာဏာသိမ်းမှုတွေကြားရတယ်။ တိုင်းပြည်တခုမှာ အတိတ်က စနစ်ပျက်၊ အကျင့်ပျက် ဒဏ်ရာတွေဟာ ရုတ်တရက်အကင်းမသေတတ်တာ ပြောချင်တာပါ။ ဒါတောင် တပ်မတော်က ဦးဆောင်ရမယ်တဲ့၊ တိုင်းပြည်အုပ်ချုပ်ရာမှာကျကျြာဝင်ရင် ဝင်ရှင်းနိုင်တာတို့ မပါသေးဘူး။ ပြဿနာမဟုတ်သေးဘူးနော်။

ကျုပ်တို့ လွတ်လပ်ရေးရပြီးကတည်းက ခုအချိန်ထိ ကမ္ဘာမှာ နိုင်ငံ (၇၀) လောက် ဒီမိုကရေစီနိုင်ငံတွေဖြစ်သွားကြတယ်။ ရင်နာစရာက ကျုပ်တို့နိုင်ငံမပါတာပါ။

တပြည်လုံးထိုးကြည့်ရမယ့် အနှစ်သာရပိုင်းကို အသားကားလို့ တချက်လေးမှာတောင် ချပေးရေးနိုင်ခဲ့တာ။ (ကြုံလို့တည်းပြောရင် ဒီနေ့ အမေရိကန်ရဲ့ နှစ် (၂၀၀) ကျော်တည်တံ့ကောင်းမြင်နေတဲ့ ပင်မဖွဲ့စည်းပုံကို ရေးခဲ့တာ (၇) လပဲကြာတယ်။)

နအဖအပြောနဲ့ဆို အိမ်လို ရှင်းကျက်ဖြစ်ထွန်းဖို့ ကျုပ်တို့လူထုကို နောက်ထပ်နှစ် (၂၀) စောင့်ခိုင်းမယ့်ပုံမျိုး) ဘူတိုယံတိုင်ကျတော့ (၁၄) နှစ်အချိန်ယူပြီး ခေတ်နောက်ပြန်ဖွဲ့စည်းပုံတခု ထုတ်ဆွဲတယ်။ ဒါ့နအဖရဲ့ (၁၄) နှစ်စာ ထံသီးကံပွင့်တွေပေါ့။

အခုလုပ်တာ ဒီနှစ် (၃၀) အတွင်း တော်လှန်ရေးတွေကိုဖြတ်သန်းရင်း ရင့်ကျက်မဲ့ကြပြီ။ (၁၄) နှစ်တလို ရွာသူကြီးကမံတည် ပေး ပြည်သူက ဘာမှန်းမသိ ခေါင်းငုံ့ခံခဲ့ကြ စစ်တပ်ပြောသမျှ သူတို့ခေါင်းငြိမ့်ခံခဲ့ကြမယ့်သူတွေ မဟုတ်တော့ဘူး။

ခု အဖြူအမည်း၊ အမှန်အမှား ခွဲခြားတတ်တဲ့လူထု၊ မှတ်ပုံတင်တွေ ချုပ်ကြားပြီး အမြန်လုပ်ပေးနေတာ ထိမ်ထောင်စုစာယားတွေ နေ့ချင်းပြီးလုပ်ပေးတာတွေဟာ ဘေ့ချိုသားဖိုးစေတာနေ့လို့ ထင်အောင်တော့ မတုံးဘူး။ ဒီမိုကရေစီပေးချင်ရင် ၁၉၉၀ ထဲက ပေးခဲ့ပါလား။ အခုဆို တိုင်းပြည်လည်း တကြောင့်တည်း ထောင်ထက်နေလောက်ပြီ။

(၈၂) ရာခိုင်နှုန်း ပြည်သူတွေထောက်ခံပါတယ်ဆိုတဲ့ မဲလလွှဲဖွဲ့စည်းပုံလည်း ဓေကဲ ထိမ်လို့ရလိုက်ပါတယ်။

လူထုအုံကြွမှုတွေ အရေးတော်ပုံတွေ ၇၄–၇၅–၇၆ ဆက်တိုက်ဖြစ်။

(၈၈) မှာတော့ 'နီဗွိတ်' သွားတာပဲ။ အခြေအနေအရ ဝင်ထားရတဲ့ မဆလပါတီဝင် သန်းနဲ့ချီပြီး ရုတ်ပိုင်းအတွင်း ချက်ချင်းပဲ ထထတ်ထောင်ခတွေ အရည်ပျော်ကျ ဘာတွေ အသစ်ပြန်မွေးဖွားကြရပါတယ်။

သံလာတော်တွေဦးဆောင်ထားတဲ့ သင်္ဃရာဇ် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ လက်ချင်းချိတ် ပိုင်းရဲ့အကာအကွယ်ပေးရင်း သံဃာတော်တွေနဲ့ အတူချီတက်ခဲ့သူတွေဟာ ၂၀၀၇ အင်အားသစ်သွေးမျိုးဆက်သစ်တွေဖြစ်တယ်။ ရှေ့က နောင်တော်တွေ ခင်းတဲ့လမ်းကို ဆက်လျှောက်လာကြပြီဖြစ်တယ်။ သူတို့ဟာ ရေတွင်းထဲက ဖါးတွေ မဟုတ်ဘူး။ နိုင်ငံတကာရောက် နောင်တွေ ညီတော်တွေနဲ့လည်း မှန်မှန်ကြားကြား၊ မှတ်မိနေကြပြီဖြစ်တယ်။

လွတ်လပ်ရေးထက် ကြီးမားတဲ့တန်ဖိုး ဘာမှမရှိဘူး။ လွတ်လပ်မှုဆုံးရှုံးတာထက် ကြီးမားတဲ့ဆုံးရှုံးမှု ဘာမှမရှိဘူးဆိုတာကို သိကြပြီဖြစ်တယ်။

အမိုင်းအမှားကိုထပ်မမှားဖို့ ပိုင်းပိုင်းခြားခြား သိထားပြီးသူတွေ၊ အမိုင်းလမ်းကြောင်းအမှန်ကို မရောက်ရောက်အောင် ပြန်သွားဖို့ ပိုင်းဖြတ်ပြီးသား၊ ရဲဘော်တွေ ရဲမေတွေ ဖြစ်ကြတယ်။ တစုတယောက်က တစုတရာအမိန့်ပေးလို့ ဝင်လုပ်တာ တယောက်မှ မပါဘူး။ ကိုယ်ကျိုးစွန့်စွန့်အတွက် မျှော်ပြီးဝင်လာသူတွေ တယောက်မှမပါဘူး။ အတိမ်အနက် အခက်အခဲအားလုံးကို သဘောပေါက်ထားပြီးသားသူတွေသာဖြစ်တယ်။ အမိုင်းအမှားကို ထပ်မှားအောင်ရေးတဲ့ထဲမှာ မပါတဲ့သူတွေဖြစ်တယ်။ သူတို့ဟာ သူတို့အမိုင်းကိုသူတို့ကိုယ်တိုင် ခမ်းခမ်းနားနား ရေးကြမယ့်သူတွေဖြစ်တယ်။ အကြောက်တရားကင်းတဲ့ ညီညွတ်ခြင်းတိုင်းပြည်ကို တည်ကြမယ့် မျိုးဆက်တွေလည်းဖြစ်တယ်။

ခွန်ဆိုင်း

(၇–၃–၂၀၀၈)

◆

အိုင်အယ်လ်အိုတွင် လက်မှတ်ထိုးထားသော နအဖ၏ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့် သဘောတူညီချက်သည်

၎င်းတို့စိတ်ကြိုက်ဖွဲ့စည်းထားသော အသင်းအဖွဲ့များအတွက်သာဖြစ်ကြောင်း ကုလ၏လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင်ပါရှိ

မစ္စတာသင်နဲ့ရိုးက မြန်မာစစ်အုပ်စုသည် မြန်မာပြည်အတွင်း အလွန်ဆိုးဝါးနေသော လူ့အခွင့်အရေးအခြေအနေများကိုမြှင့်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကချမှတ်ထားသော ဆုံးဖြတ်ချက်များကို မြန်မာစစ်အုပ်စုက လိုက်နာခြင်းမရှိကြောင်း၊ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် တင်ပြခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီညီလာခံကျင်းပနေစဉ် မတ်လ (၁၃) ရက်နေ့က မြန်မာနိုင်ငံအကြောင်း လူ့အခွင့်အရေးအစီရင်ခံစာအား တင်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားပေါင်း (၁,၀၀၀) ကျော်ရှိနေပြီး ဥပဒေဖုံးမဲ့ဖမ်းဆီးမှုများလည်း ဆက်လက်ကျူးလွန်နေသေးကြောင်း (၂၃) မျက်နှာပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ သူ့ထံစုံစမ်းချက်များအရ ဖမ်းဆီးခံထားရသူတချို့ အကျဉ်းထောင်အတွင်းတွင် အသေဆုံးမှုများရှိနေပြီး ဖမ်းဆီးခွင့်မပါဘဲ ဥပဒေမဲ့ဖမ်းဆီးမှုများလည်းရှိနေကြောင်း၊ အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားသည်။

တိုင်းရင်းသားလူနည်းစုများအပေါ် ဖိနှိပ်မှုများဆက်လက်ရှိနေပြီး အိုးအိမ်စွန့်ခွာထွက်ပြေးရသူများလည်းရှိနေဆဲဖြစ်ကြောင်း၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ၊ မုဒိမ်းမှုများ၊ ကလေးစစ်သားစုဆောင်းမှုများကို ကျူးလွန်နေသူများအားလည်း အရေးယူခြင်းမရှိသည့်အပြင် မြန်မာပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများမှာလည်း ဆိုးသည်ထက်ဆိုးလာနေကြောင်း ထိုအစီရင်ခံစာတွင် ရေးသားထားသည်။

မစ္စတာပီနဲ့ရိုးက ၂၀၀၇ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံသို့သွားရောက်ခွင့်ရခဲ့စဉ် အောက်နှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လမ်းခြေမှုပုံ၏ တတ်ယာအဆင့်အတွက် အမျိုးသားဖြန့်လည်ရင်ကြားစေ့ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၊ နောက်ဆုံးအဆင့် ရေးဆွဲရေးတို့နှင့်ပတ်သက်၍ သွားပြောပြခဲ့သောချက်အလက်များအား အမှတ်စဉ် (၁၅) မှစ၍ (၃၀) ထိ အသေးစိတ်ပြန်လည်ရေးသားတင်ပြထားသည်။

ဗိုလ်မှူးချုပ်ကျော်ဆန်းက မစ္စတာပီနဲ့ရိုးအား ပြောပြခဲ့ရာတွင် လမ်းပြမြေပုံ၏ ပေါ့လွယ်အဆင့်ကို ပြည်သူလူထုအများစုက အတည်ပြုပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဆန္ဒခံယူပွဲအဆင့်သို့ တက်လှမ်းမည်ဖြစ်ကြောင်းနှင့် ယခုအဆင့်တွင် အစွန်းရောက်အကြိမ်အကြိမ်ဆင့်ပွဲကို ဆင်နွှဲမည်ဖြစ်ကြောင်း ကိုယ်စားကြ၍ ထိုလမ်းပြမြေပုံအရ လူတိုင်း မဲပေးနိုင်ခွင့်ရှိမည်ဖြစ်ပြီး ရွေးချယ်ခံပိုင်ခွင့်လည်းရှိကြောင်း တို့လည်းပါဝင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ လူတိုင်း လွတ်လပ်စွာ နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲမဲဆွယ်မှုများကိုလည်း သင့်တင့်လျောက်ပတ်သော အချိန်တွင် စတင်ခွင့်ပေးမည်ဟုဆိုခဲ့သည်။

လမ်းပြမြေပုံအဆင့် (၆) တွင် လွှတ်တော်အသစ်တရပ် (သို့မဟုတ်) အစိုးရအသစ်တရပ်ကို တောင်အောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတရပ်ကိုတည်ထောင်ရန် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည် အဆင့် (၇) ဆင့်ပါ အကြောင်းအရာများကိုလည်း လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီနဲ့ရိုးအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားညီလာခံသည် အခြေခံမူသော အကြောင်းအရာ ဖရှာဖလေးကိုများ တာဝန်နှင့် ထိုအခြေခံအချက်များ၏ အသေးစိတ်သွေးနွေးမှုသည် ရာကိုကို ကောင်းမြင့်စွာဆွေးနွေးပြီးဖြစ်သည့်အတွက် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံကျသောမူကြမ်းအဖြစ် အသုံးပြုသွားနိုင်မည်ဟုလည်း အသိပေးခဲ့သည်။ ထိုအခြေခံအချက်များသည် တိုင်းပြည်အတွင်း နိုင်ငံနေထိုင်သူနှင့်သူ့အတွက် တရားမျှတရေး၊ လွတ်လပ်ရေးနှင့် တန်းတူညီမျှခွင့်အရေးတို့ကို ဥပဒေအပြစ်ကလည် ကြီးထင်ကာရရှိပြီး ပျော်ရွှင်စေနိုင်မည်ဖြစ်ကြောင်း၊ လူမျိုးရေး၊ ထိမ်ကျိုကြားမှုနှင့်ငွေကြေးစနစ်တို့အရ ခွဲခြားဆက်ဆံခံရခြင်းမျိုးများလည်း ရှိတော့မည်မဟုတ်ကြောင်းတို့ကို ပြောဆိုခဲ့သည်။

ဆက်လက်၍လည်း တရားဥပဒေစာရေးသောဆိုပါက နိုင်ငံသားတိုင်းတွင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဖော်ပြခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နှင့် စည်းရုံးလှုပ်ရှားခွင့်များ ရရှိမည်ဖြစ်ကြောင်းလည်း ပါဝင်သည်။ ထို့ရာတွင် မစ္စတာပီနီရိုကိုယ်တိုင်သော်လျှင် ၂၀၀၃ ခုနှစ်က မြန်မာပြည်သို့သွားရောက်၍ အကျဉ်းထောင်များသို့သွားရောက်ကာ အကျဉ်းသားများနှင့်တွေ့ဆုံစဉ် နအဖအာဏာပိုင်များက ထသံဖမ်းဆက် လျှို့ဝှက်တပ်ဆင်မှုကို တွေ့ရှိခဲ့သဖြင့် မြန်မာပြည်မှ ထတ်မှတ်ရက်မတြည့်ခင် ပြန်လည်ထွက်ခွာခဲ့ရခြင်းကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

နအဖအစိုးရသည် ၁၉၅၅ ခုနှစ်ကတည်းက အိုင်အယ်လ်အိုညီလာခံအမှတ် (၈၇) တွင် လွတ်လပ်စွာစည်းရုံးခွင့်နှင့်ပတ်သက်၍ သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းကို မီနိုရိုက မှတ်ချက်ပေးထားပြီး စစ်အုပ်စုက ဖိအားပေးနှင့်ဖွဲ့စည်းထားသော ကြံ့ခိုင်ရေးကဲ့သို့ အသင်းအဖွဲ့များကိုသာ စည်းရုံးလှုပ်ရှားခွင့်ပေးခဲ့ကြောင်းကိုလည်း ဖော်ပြထားသည်။ အလုပ်သမားများအား အစည်းအဝေးတရပ်ပြုလုပ်ရန် စည်းရုံးမှုဖြင့် စစ်အုပ်စုအားဝေဖန်ပြောကြားသူ (၆) ဦးအား ပြောင်းသေးမီလပင် နှစ်ရှည်ထောင်ဒဏ်များကို ချမှတ်ထားခဲ့ကြောင်း၊ ဤလုပ်ရပ်သည် အိုင်အယ်လ်အိုတရုံးမှတ်ထားသည့် လွတ်လပ်စွာစည်းရုံးခွင့်စာတမ်းပါ အတွက် ဆန့်ကျင်ဖက်ဖြစ်ကြောင်းဖြစ်ခဲ့သည်။

နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများ အနေဖြင့်သည် အလားတူ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်များ ပိတ်ပင်ထားခြင်းခံနေကြရကြောင်း၊ ဥပမာ ဖျတ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အင်န်အယ်လ်ဒီ) အဖွဲ့ဝင်တို့အား နှုတ်ထွက်ရန် (သို့မဟုတ်) နေထိမ်အကျယ်ချုပ်အက်တမ်များကိုပိတ်ရန်တို့ကို ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ အိုင်အယ်လ်အိုတွင် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သော အဖွဲ့ချုပ်၏ 'လွတ်လပ်စွာ အသင်းဖွဲ့ခွင့်' ဟူသော အနက်အရမှာ စစ်အုပ်စုကထူထောင်ထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ ကြံ့ခိုင်သင်္ဂဟ ကဲ့သို့သော အစိုးရထောက်ခံသောအသင်းအဖွဲ့များအတွက်သာဖြစ်နေသည်ဟုလည်း ဖော်ပြပါရှိသည်။

ပြည်သူ့ဆန္ဒခံယူပွဲကို ၂၀၀၈ မေလတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ၂၀၁၀ တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်းတို့ကို ၂၀၀၈ ဖေဖော်ဝါရီလက စစ်အုပ်စု ကြေညာချက်ထုတ်ခဲ့သဖြင့် လူ့အခွင့်အရေးအထူးကိုယ်စားလှယ်သည် မြန်မာပြည်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အကြားသောနိုင်ငံရေးပါတီများပါမကျန် အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်အား အမြန်ဆုံးဆောင်ရွက်ရန် ကောင်းဆိုရှိသည်။

ထိုရာတွင် ၂၀၀၈ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ အသက် (၈၀) ရှိပြီဖြစ်သည့် နေထိမ်တွင်ချုပ်နှောင်ထားခြင်းခံရသော အထွေထွေအတွင်းရေးမှူး၏ကိုယ်စား တာဝန်ပေးဆောင်ခြင်းခံထားရသူ ဦးတင်ဦးအား အကျယ်ချုပ်ထက်တက်ကို ထပ်မံတိုးမြှင့်လိုက်ခြင်းသည် ဝမ်းနည်းဖွယ်ကောင်းကြောင်း စာတမ်းစဉ်နယ်သွားခဲ့ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားပြီး မြန်မာပြည်တွင်းရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အတွက် မြန်မာစစ်အုပ်စုအား တောင်းဆိုချက် (၁၅) ချက်ကို ထိုအစီရင်ခံစာ၏အဆုံးသတ်တွင် တောင်းဆိုထားသည်။

◆

နအဖစစ်အုပ်စုက ထောက်ခံမဲများများ ရရှိရေး ပြည်တွင်းပြည်ပတွင် နည်းမျိုးစုံဖြင့်စည်းရုံးနေ

နအဖစစ်အုပ်စုသည် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် ပြည်နယ်နှင့်တိုင်းကော်မရှင်အဖွဲ့ခွဲများမှ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလျက်ရှိကြောင်း စစ်အစိုးရပိုင်သတင်းစာများအရ သိရှိရသည်။

နအဖစစ်အုပ်စုသည် ယခုအချိန်တွင် အသက် (၁၈) နှစ်ပြည့်ပြီးသည့် မဲပေးနိုင်သောလူဦးရေစာရင်းများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ကောက်ယူလျက်ရှိပြီး မှတ်ပုံတင်မရှိသေးသူများကို မဲပေးနိုင်ရန်အတွက် ယာယီမှတ်ပုံတင်များကို ပြုလုပ်ပေးလျက်ရှိသည်။ ယခုပြုလုပ်ပေးသော ယာယီမှတ်ပုံတင်မှာ အချိန်ရောက်ပြီးပါက မှတ်ပုံတင်သက်တမ်းကိုလည်း ကြေငြာပေးထားကြောင်း ပေါင်းတွင်းကြီးမြို့တွင် နေထိုင်သူတဦး၏ ပြောပြမှုအရ သိရှိရသည်။

နအဖစစ်အုပ်စု၏ ဝန်ကြီးဌာနအသီးသီးတွင်လည်း ဝန်ထမ်းများကိုခေါ်ယူ၍ အခြေခံဥပဒေနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားရာတွင်လည်း အခြေခံဥပဒေမူကြမ်းကို ဝန်ထမ်းများအနေနှင့် ထောက်ခံမဲထည့်စေချင်သည်ဟု အရိပ်အမြွက်ပြောကြားကြောင်း ဝန်ထမ်းရပ်ကွက်မှ ဆိုသည်။

ရန်ကုန်မြို့ရှိ ပြည်သူအများစုသည် ကန့်ကွက်မဲပေးရန်ဆန္ဒရှိနေကြသော်လည်း ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးလက်တောရွာတွင်နေထိုင်ကြသော ပြည်သူများမှာ သဘောပေါက်နားလည်ခြင်းမရှိသဖြင့် မည်သို့လုပ်ဆောင်ရမည်ကို မသိရှိကြောင်း၊ စစ်အုပ်စုမှ ဓိအားပေးပြီး ထောက်ခံခိုင်းခြင်း (သို့မဟုတ်) အနုနည်းအသုံးပြု၍ စည်းရုံးထောက်ခံရန် စေခိုင်းခြင်းများလည်း ရှိနိုင်ကြောင်း၊ ပြည်သူများမှာ စစ်အစိုးရကို နှစ်သက်ခြင်းမရှိသော်လည်း စားဝတ်နေရေးပြဿနာများကြောင့် စိတ်မဝင်စားနိုင်ခြင်းနှင့် ကန့်ကွက်မဲထည့်ပါကလည်း တခုခုဖြစ်မည်ကို စိုးရိမ်ထိတ်လန့်နေကြောင်း၊ ရန်ကုန်မြို့ခံတဦးက ပြောသည်။

အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင်လည်း ဧပြီလ (၃၀) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အင်္ဂလန်နိုင်ငံ၌ တရားဝင်နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ၏စာရင်းကို ကောက်ယူနေပြီဖြစ်ကြောင်း အင်္ဂလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးကိုယ်စား သံမှူး ဦးဝေလွင်သန်းက စာထုတ်ကြေညာထားကြောင်း သိရသည်။

ယင်းစာတွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးအတွက် ထုတေနိုင်ငံသို့ရောက်ရှိနေသော ထောက်ဖော်ပြပါ မြန်မာနိုင်ငံသားများနှင့် ၂၀၀၈ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားများ၏အမည်စာရင်းအား လန်ဒန်မြို့ မြန်မာသံရုံးက ကောက်ယူလျက်ရှိသည်" ဟု ၍ ပါရှိသည်။ ဆက်လက်၍ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့်နေ့ရက်ကိုလည်း အတိအကျမသတ်မှတ်ရသေးပါသဖြင့် အမှန်တကယ်ကျင်းပမည့်နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးသူများသည်လည်း မဲပေးပိုင်ခွင့်ရှိနေဦးမည်ဖြစ်ရာ ၂၀၀၈ ခုနှစ်၊ မေလတွင် အသက် (၁၈) နှစ်ပြည့်မည့်သူများ၏ အချက်အလက်များကိုပါ တပါတည်းဖြည့်စွက်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်" ဟု ရေးသားဖော်ပြထားကြောင်းသတင်းများအရ သိရသည်။

စင်္ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကလည်း ၎င်းတို့စာရင်းကောက်ခံသည့်ကိစ္စရပ်နှင့် ပတ်သက်၍ မည်သည့်ထုတ်ပြန်ကြေညာချက်မှ ရောက်ရှိမလာကြောင်း၊ သတင်းရရှိသည်။ စင်္ကာပူနိုင်ငံတွင် မြန်မာနိုင်ငံသား ခြောက်သောင်းကျော် အလုပ်လုပ်ကိုင်နေထိုင်လျက်ရှိသော်လည်း ဆန္ဒမဲထည့်ရန်နှင့်ပတ်သက်၍ စာရင်းကောက်ခြင်းမရှိသေးကြောင်း စင်္ကာပူနိုင်ငံတွင်နေထိုင်သူ မြန်မာအလုပ်သမားတဦးက ပြောသည်။

နအဖစစ်အုပ်စုက ယခုကဲ့သို့ ထောက်ခံမဲရရှိရေးအတွက် စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်နေသကဲ့သို့ ပြည်တွင်း၊ ပြည်ပတွင်ရှိသော အတိုက်အခံပါတီများမှလည်း လူထုဆန္ဒခံယူပွဲကို ကန့်ကွက်ရန်နှင့် မဲရုံသို့သွားရောက်၍ မဲထည့်ရမည်ဆိုပါကလည်း ကန့်ကွက်မဲများကိုသာထည့်ကြရန် မြန်မာပြည်သူများကို တိုက်တွန်းနှိုးဆော်မှုများကို အချိန်အခါနှင့်မပြတ် ဆောင်ရွက်လျက်ရှိသည်။

◆

သာသနာတည်တံ့ရေးအတွက်မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်များ

နအဖစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား လက်မခံ၊ ကန့်ကွက်ခြင်းသည် မြတ်စွာဘုရား၏ ဝိနည်းတော်အရ ဖြစ်ကြောင်း အမေရိကန်နိုင်ငံတွင်သီတင်းသုံးနေသော ဗေဒါလုပ်ငန်းစဉ်ထေရေးဆရာတော် အရှင်စန္ဒာဘာသက ထိုဘီစီနှင့် တွေ့ဆုံစဉ်တွင် မိန့်ကြားခဲ့သည်။

ဆရာတော် ဟောကြားတော်မူခဲ့သော ဗုဒ္ဓ၏ ဝိနည်း (၈) ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မတရားတဲ့အမှုဆိုပီ မထွန်းကားပီ
(၂) တရားမှုတွေကို တားမြစ်ပိတ်ပင်ခြင်းမခံရပီ
(၃) မဟုတ်မမှန်သော ဝိနည်းစည်းကမ်း ဥပဒေတွေ (ကွန်ဗေင်ကျူးရှင်းတွေ) မထွန်းကားပီ
(၄) မှန်ကန်တဲ့ ဓမ္မနဲ့တဲ့ ဥပဒေတွေ (ကွန်ဗေင်ကျူးရှင်းတွေ) အပိတ်ပင်မခံရပီ
(၅) မတရားတဲ့ ပုဂ္ဂိုလ်များ အင်အားမကောင်းပီ၊ မထွန်းကားပီ
(၆) အမှန်တရားကို မြတ်နိုးတဲ့ ပုဂ္ဂိုလ်များ အင်အားမနည်းပီ
(၇) ဝိနည်းကို မလေးစား မလိုက်နာသူများ အင်အားမကောင်းပီ
(၈) ဝိနည်းကို လေးစားလိုက်နာပြီး သာသနာတော်ကို ချစ်မြတ်နိုးပြီး သာသနာ့တာဝန်များကို ဆရာ၊ တကာအားလုံး ဘက်ညီလက်ညီနှင့် ဆောင်ရွက်နေသော အင်အားများမကျန်ဆုံးပီ

ထိုထိုသော အခြေအနေ အချိန်အခါမျိုးတွင် ထိုထိုသောမကောင်းမှု အမှုမှုများကျူးလွန်သူများ ပေါ်ပေါက်မဲ့ပါက ကွန်းလှန်ရေးမြင်းသည် ဗုဒ္ဓ၏တရားတော်နှင့်ညီကြောင်း၊ ဆရာတော်အရှင်စန္ဒာဘာသက မိန့်ကြားခဲ့ပါသည်။

◆

နအဖစစ်အစိုးရဦးဆောင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲဆန့်ကျင်ရေး ပိုစတာလှုပ်ရှားမှု မန္တလေးမြို့မှ သံဃာတော်များပြုလုပ်

အထက်မြန်မာနိုင်ငံ မန္တလေးမြို့ရှိ သံဃာတော်များက စစ်အစိုးရ၏ ပြည်သူ့ဆန္ဒခံယူပွဲအား ဆန့်ကျင်ကန့်ကွက်သော ပိုစတာလှုပ်ရှားမှုတရပ်ကို မေလ (၂) ရက်နေ့က ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့ အမရပူရအရပ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် စစ်အုပ်စု၏ ဆန္ဒခံယူပွဲအား ဆန့်ကျင်ကန့်ကွက်သောစာတမ်းများရေးသားထားသည့်ပိုစတာများကို ကပ်ခြင်းဖြစ်သည်။ အမရပူရကျောင်းတိုက်တချို့အမြင်နံရံများတွင် ပိုစတာများကပ်ထားပြီး အလယ်တန်းကျောင်း၊ ဦးပိန်တံတားပေါ်၊ ရတနာပုံတက္ကသိုလ်တို့တွင်လည်း ကပ်ထားကြောင်း သိရသည်။ သိမ်ကြီးဈေးအပေါက်ဝနှင့် အထက်တန်းကျောင်းတို့တွင် မှတ်ဆေးသုံးထားသည့်စာများအပေါ် အာဏာပိုင်များက အပေါ်မှထပ်ဖြင့် ဖြန်းသုတ်ထားသည်ကိုလည်းတွေ့ကြောင်း၊ ကဏ္ဍရာထမ်းများပေါ်တွင်လည်း ရေးသားခဲ့ကြကြောင်း၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည့်သံဃာတပါးက မိန့်ကြားခဲ့သည်။

ဦးပိန်တံတားတွင် "စစ်ကျွန်ပြုရေး ဥပဒေကို တို့လက်မခံ"၊ "နအဖရဲ့အခြေခံဥပဒေကို ဖျက်ဆီးပစ်၊ ဆန့်ကျင်ပစ်"၊ "အန်စရှုလွှတ်အမေ"၊ "Free Aung San Suu Kyi" ဟူသောစာသားများကို ရေးထားကြောင်း၊ "ရင်ဝလုံးရှားတာ၊ ဦးဖေါင်ပါး ထောင်ထားတာ အရေးကြီးတယ်၊ ရင်ဝလုံစုးတာကို မနုတ်ဘူးဆိုရင်လူတယောက်ပဲ သေမယ်၊ ဦးဖေါင်ပါးလောင်တာကို မငြိမ်းသတ်ဘူးဆိုရင် သင်တယောက်ပဲ မီးလောင်ကျွမ်းမယ်၊ ဒါပေမယ့် နအဖအခြေခံဥပဒေကို အတည်ပြုပေးလိုက်မယ်ဆိုရင်တော့ သင်သာမက သင်ရဲ့ရင်သွေးရတနာ သားစဉ်မြေးဆက်အကုန်လုံး မီးလောင်ကျွမ်းမယ်၊ ဒါကြောင့်မို့ အခြေခံဥပဒေကန့်ကွက်ဖို့ ပိုအရေးကြီးပါတယ်" ဟု ရေးသားထားသော ပိုစတာများကိုလည်းတွေ့ရသည်။

ထို့အပြင် "(၄၆) နှစ်ကြာအောင် အုပ်ချုပ်ခဲ့သော စစ်ကျွန်ဘဝမှ လွတ်မြောက်အောင် သားစဉ်မြေးဆက်လွတ်မြောက်ရန်အတွက် သင်ရှိ နအဖဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝမထောက်ခံရန်"၊ သတ်တဝါးခန့်ရှိသော အနီရောင်မှတ်ဆေးများဖြင့် "Free Burma"၊ "Free Aung San Suu Kyi"၊ "Free Dr.Zaw Myint Maung" (နစ်ရှည်ထောင်ဒဏ်ကျခံနေရသော အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ်) ဟု မှတ်ဆေးဖြင့်ရေးသားထားသော စာတမ်းများနှင့် မေလတွင်ကျင်းပမည့် နအဖလူထုဆန္ဒခံယူပွဲကို ဆန့်ကျင်ကန့်ကွက်သည့် စာရွက်များကို လေးရေပုတ်တွင် အထက်ကျောင်းရှေ့၊ ဦးပိန်တံတား၊ တောင်ကလယ်မကြီးနှင့် အခြားနေရာများတွင်လည်း ကပ်ထားကြောင်း မြင်တွေ့ခဲ့သူတဦးအဆိုအရ သိရသည်။

ဤကဲ့သို့ပြုလုပ်ထားသော စာတန်းများနှင့် စာရွက်များကို ယင်းနေ့နံနက်ပိုင်းတွင် ရဲအမှုထမ်းတဦးနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းသား (၃)ဦးတို့မှ ဆိုင်းအယ်နှစ်စီးဖြင့် လိုက်လံဖျက်ဆီးခြင်း၊ မှတ်ဆေးစာတန်းများကိုလည်း အပေါ်မှထုံးသုတ်ခြင်းများ ပြုလုပ်ကြကြောင်းသိရှိရသည်။ ◆

တမျက်နှာ (၃၀) အပြီးဆောင်းပါးမှ ...

စစ်သမိုင်းကို ဖမာပြည် စစ်မြေပြင်လေးတခု တည်ကြည့်ပြီးပြောတာထက် တခွင်တပြင် လို့ကြည့်ပြီးပြောမှ မှန်တယ်ဆိုတာ ဝိသဖြစ်က ပြနေတာပဲ။

မြန်မာ့ရေးရင် အခုလိုနအဖက ဒူတို့အဖို့ အရေးကြီးဆုံးလိုတဲ့ ဖွဲ့စည်းပုံဥပဒေအတွက် ကုလသမဂ္ဂအပါ တကမ္ဘာလုံးနဲ့တ နိုင်ငံလုံးကို ဓိမ်ခေါ်မားဆွဲထွက်လာတဲ့အချိန်မျိုးမှာ မတိုက်ရခင်ကတည်းက အရှုံးပေးဖို့ အသောတရားတွေ အမျိုးမျိုးထုတ်လာကြတာတွေ့နေရတယ်။ ပြည်သူ့ချင်းသွေးစည်းကြရမယ့်အချိန်မှာ သွေးခွဲရေးစကားတွေပေါ်ထွက်နေတယ်။ နိုးထတ်လာ ဗုဒ္ဓိနိုးလာဆိုတာကို အဖျော်အစားသလို စကားရည်လုနိုင်းနေကြတယ်၊ ခေါင်းဆောင်ဆန်ရကြည့် စလေ၊ ဗိုလ်ချုပ်တော်တွေကို ကရားခံဖြစ်အောင် ဖော်တလံတွေလွှဲ တင်ပြနေကြတယ်။ ဒါဟာ နောင်အနာဂါတ်နိုင်ငံရေးမှာ နအဖ၊ နအဖရဲ့လူ၊ နအဖလိုမြစ်ချင်သူ နတအဖ၊ တဲ့အခွင့်အရေးကို မလွတ်ချင်၊ လူအမျိုးမျိုးဟာ အမျိုးမျိုးသွပ်တွေ အောင်လုပ်နေကြတယ်။ သူတို့နဲ့ပဲ နအဖလုပ်မယ့် ဆန္ဒခံယူပွဲ အချိန်က တဖြည်းဖြည်းကပ်လာနေတယ်။ နအဖကတောမင်းညစ်ပြီး သတ်မှတ်လိုက်တဲ့အချိန်ကိုလေးအတွင်း ပြည်သူလူထုတရပ်လုံး တသံထဲထွက်ဖို့၊ တစ်ျိုးထဲလုပ်ကြဖို့အတွက် အချိန်လု စည်းရုံးလှုံ့ဆော်ကြရပါမယ်။ နိုင်ငံရေးမှာ ပြည်သူလူထုအတွင်း ထဲကြကြာယ်ဆိုတာ နိုင်ငံရေးခေါင်းဆောင်တွေအတွင်းကွဲလို့အာဖြစ်တယ်ဆိုတာ မမေ့အပ်ဘူး။ ဆိုလိုတာပြည်သူ့တွင်း၊ စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်တွေမှာ အဓိကတာဝန်ရှိတယ်။

စစ်အာဏာရှင်တွေဟာ ဝိတခိုးတာနဲ့ နောက်လုပ်ငန်းတွေကို ဆက်တိုက်စီလုပ်တော့မယ်။ အဲဒီဟာအတွက်ဘဲ ဒါကြောင့်မို့ ပြည်သူတွေကလည်း သူတို့ရဲ့ခြေလှမ်းတိုင်းကို ရိုက်ချိုးနိုင်ဖို့၊ ဆန့်ကျင်ကြဖို့ အိပ်လိုတယ်။ အဆင့်တိုင်းမှာ တသားတည်းညီညွတ်ဖို့ဆိုတာလွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဒါကို အမြဲ အမြင်ရှိရှိ တွေးတောမြင်ဆင်ရမယ်။ အနှစ် (၄၀) ကျော် (၅၀) နီးပါးတည်ရှိခဲ့တာ၊ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရေးတိုက်ပွဲဟာ တပွဲတည်းနဲ့ပြတ်ဖို့မလွယ်ဘူး။ ကြာရှည်နိုင်တယ်ဆိုတာ လေးလေးနက်နက် နလုံးသွင်းထားရမယ်။

ဓမြ

◆

ဂမ်ဘာရီတပ်ပေါ်လာတော့ပြီ။

နအဖ ဘာတွေစဉ်းစားပြီးလုပ်နေတယ်ဆိုတာ ပေါ်အထက်ပေါ်လွင်လာပြီလို့ ပြောနိုင်တယ်။ သူတို့အနေနဲ့ ဂမ်ဘာရီမကလို့ ဘန်ကီမွန်းလည်း ဂရုမစိုက်ဘူးလို့ဆိုတဲ့ အဓိပ္ပါယ်ကိုဖော်ပြလိုက်ပြီပဲ။ နအဖဟာ ကုလသမဂ္ဂကို ခြောင်းစိမ်ပေါ်လိုက်ပြီလို့ ပြောင်ပြောနိုင်တယ်။ ဒါဟာ သူတို့အနေနဲ့နိုင်ငံရေးနယ်ပယ်၊ နိုင်ငံတကာနယ်ပယ်မှာ နုတ်နေကိုင်း မထားတော့ဘူး။ အပြတ်လုပ်တော့မယ်လို့ သဘောထားဖော်ပြနေတာဖြစ်တယ်။ တာယွိုင်းမှာ တွေ့ဆုံစကားပြောရေးကို ဒေါ်အောင်ဆန်းစုကြည်နဲ့သာမက တနိုင်ငံလုံး ထာလျှာလုံးနဲ့ပါ ဖျက်သိမ်းလိုက်ပြီလို့ ဆိုလိုက်တာပဲ။

ဒါတွေကဘာ ပြီးခဲ့တဲ့စက်တင်ဘာသံဃာ့အရေးအခင်းမှာ ဖင်းတို့အထိနာသွားတဲ့ အတွက် ကျာနာခံခဲ့ပြီ ပြင်နေတာလည်း ဖြစ်နိုင်တယ်။

အဒေါသစိပ် အတိအကျအခြေအနေတွေ မသိရပေမဲ့ နအဖဟာ ဒီတပွဲမှာ ပြည်တွင်း-ပြည်ပအားလုံးနဲ့အပြတ်ရင်ဆိုင်၊ အပြတ်ရှင်းလင်းမယ်လို့ဆုံးဖြတ်ထားပုံရတယ်။ သူတို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ကိုမင်းကိုနိုင်စသူတွေနဲ့ သံဃာ့ခေါင်းဆောင်တွေကို ချုပ်ထားပြီးပြီ၊ ငြိမ်းအဖွဲ့တွေကိုလည်း ဒီတပွဲမှာဝင်မပါအောင်လုပ်ထားပြီးပြီ၊ ကျန်တဲ့ အင်အားတွေကို သူတို့နိုင်နိုင်နင်းနင်း ဖိနှိပ်နိုင်မယ်လို့ တွက်ထားပုံရတယ်။

လက်ရှိဗမာပြည်အခြေအနေမှာ နှစ်ဖက်စလုံးအနိုင်ရကြတဲ့ ‘ဝင်း-ဝင်း’ အဖြေထွက်ဖို့ဆိုရင် နှစ်ဖက်စေ့စပ်ညှိနှိုင်းတဲ့နည်းပဲရှိတယ်။ အဲဒီမှာ ဗမာပြည်ရဲ့ပြဿနာကို ငြိမ်းချမ်းစွာနဲ့ ဖြေရှင်းကြရမှာဖြစ်တယ်။ ဒါပေမယ့် ဗိုလ်ကျော်သန်းပြောတဲ့ ‘ဝင်း-ဝင်း’ ဆိုတာကျတော့ နအဖဖက်က နှစ်ထပ်ကွမ်းနိုင်ရေးဖြစ်နေတယ်။ တဖက်က အကုန်အလျှော့ပေးရတဲ့ ‘ဝင်း’ ဖြစ်နေတယ်။ တချိန်တုန်းက ဗမာပြည်နိုင်ငံရေးမှာ လူပြောများခဲ့တဲ့ တည်မြဲဖဆပလရဲ့ နိုင်ရင်လည်း နိုင်ရမယ်၊ ရှုံးရင်လည်း နိုင်ရမယ်ဆိုတဲ့ ၁၉၆၀ ခုနှစ်ရွေးကောက်ပွဲတုန်းက ကြွေးကြော်သံကို သတိရစရာကောင်းတယ်။ အဲဒီတုန်းက သူတို့ဟာ ဗိုလ်နေဝင်းနဲ့ သူ့အပေါင်းပါ ဆိုရှယ်လစ်စစ်ဗိုလ်တွေကိုင်ထားတဲ့ စစ်တပ်အားကိုးနဲ့ပြောတာဖြစ်တယ်။

ဒါကြောင့် ဗမာပြည်ရဲ့ ဒီဘက်ခေတ်သမိုင်းမှာ အာဏာရနေတဲ့လူက လူမိုက်ကြိမ်၊ ကြိမ်တာဟာ မဆန်းတဲ့အကျင့်တခုသာဖြစ်

ဘယ်လို့ဆိုရမယ်။ ဒါပေမယ့် အနှစ်လေးဆယ် အာဏာတည်မြဲရမယ့် ဖဆပလအဖွဲ့ကြီးဟာ အာဏာသက် (၉) နှစ်အရောက်မှာ ကွဲတော့တာပဲ။ ဗိုလ်နေဝင်း စစ်တပ်ကအာဏာသိမ်းတာခံလိုက်ရတာပဲ။

အထက်မှာပြောခဲ့သလိုပဲ နအဖဟာလည်း ဒီတခါဆန္ဒခံယူပွဲမှာ နိုင်ရင်လည်းနိုင်ရမယ်၊ ရှုံးလည်း နိုင်ရမယ်လို့ ကြိတ်ကြိတ်ကြီး ဝါးထားမှာ သေချာတယ်။ ဘယ်လိုလုပ်မယ်

မသိနဲ့၊ ကျောခိုင်းသာသာလိုက်ဆိုတဲ့ အပျော့ပေးစဉ်းစားနည်းမျိုးပါ။ နအဖစစ်ဗိုလ်ချုပ်တွေဟာ ဒီတပွဲမှာ တလက်ကအလျှော့ပေးလိုက်လို့၊ မရင်ဆိုင်လို့ အနိုင်ရသွားတယ်ဆိုရင် ဘယ်လိုကလောက်ရောင့်တက်၊ ဓာနတက်လိုက်မလဲဆိုတာ တွေးကြည့်နိုင်ပါတယ်။ ဒီစစ်ဗိုလ်တွေအနေနဲ့ ငါတို့ထင်တိုင်းလုပ်လို့ရနိုင်တယ်လို့ တွက်သွားတောလောက် အန္တရာယ်ကြီးတာ ရှိနိုင်ပါဦးမလား။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို “တရားနည်းလမ်းကျစွာ” ဖယ်ရှားပစ်မှာပဲ။ ဒီလိုအခါမှာ သခင်အာရေကျွန်ပါဝလုပ်လေ့ရှိတဲ့ ကြံဖွတ်၊ စွမ်းအားရှင် အစရှိတာတွေဟာ ဂျီတောင်လာမှာ မလွဲဘူး။ အဓိနို့မပေးဆီ ပစ်ပြီး ဗိုလ်ပြီးဖြစ်နေတာမျိုးတွေ မကြာခဏ တွေ့လာရလိမ့်မယ်။ မြင်းချုံ (ဂျီ) တပ်ကြောင် အစတောင်ပတပ်တွေဖြစ်လာမှာ သေချာတယ်။

ဆိုတာကိုတော့ မပြောသေးဘူး။ ဒီဆန္ဒခံယူပွဲကို ဘယ်လိုကျင်းပမယ်ဆိုတာတောင် မကြေညာသေးဘူးမဟုတ်လား။ သူတို့ဖွက်ပဲကိုတော့ နောက်ဆုံးမှာထုတ်ပြမယ်လို့ ယူဆရတယ်။

ရှိစေ၊ သူတို့ဘယ်လိုပဲလုပ်လုပ်၊ ပြည်သူလူထုကလည်း ကိုယ့်နည်းနဲ့ကိုယ်ပြန်လုပ်ရမယ်။ သူ့မှာသူ့နည်းရှိသလို ကိုယ့်မှာလည်း ကိုယ့်နည်းရှိကြောင်း ပြကြရမယ်။

ဒီနေရာမှာ ရှင်းနေရမယ့်ကိစ္စတခုက နအဖဟာ သူတို့မနိုင်နိုင်အောင်လုပ်မှာမို့ ဆန္ဒခံယူပွဲကို အလေးမထားနဲ့၊ အားကုန်

ဒီလိုနဲ့ ဒီဖွဲ့စည်းပုံဥပဒေဆိုတာကိုအတည်ပြုပြီးရင် သူတို့အဖို့ ငြိမ်းအဖွဲ့တွေကို ဖျက်သိမ်းခြင်းအပါ ကျန်ဥပဒေတွင်းပါတီနဲ့ အတိုက်အခံပေါင်းစုံကို “ကိုင်တွယ်” လို့ ကောင်းသွားမှာဖြစ်တယ်။ သူတို့အာဏာကို ဂိုမိုနိုင်မြဲစေမယ့်လုပ်ငန်းတွေကို “တရားဥပဒေနဲ့အညီ” ဆက်လုပ်ဖို့ အကြောင်းပြကောင်းသွားမှာပဲ။ နောက်ပြီး သူ့တပ်တွင်းနဲ့ သူ့နောက်လိုက်တွေကို သူတို့အပေါ် ပိုပြီးစည်းယုံကြည်အောင်လုပ်နိုင်မှာ သေချာတယ်။ အဲဒီကနေတဆင့်တက်လို့ကတော့ သူတို့အာဏာကို မြဲမြဲမြောက်မှုအကြီးဆုံးပေးနေတဲ့

ဒါကိုဘယ်လိုရင်ဆိုင်မလဲ။ ဘယ်လိုမြှင်ဆင်ကြမလဲ။ တောမျှော်၊ တောင်မျှော်လုပ်နေရမယ့်အချိန် မဟုတ်တော့ပါ။ ပြည်ပကို အားကိုးနေလို့ ကုလသမဂ္ဂကိုမျှော်ကိုးနေလို့ ဘာမှမဖြစ်ကြောင်း၊ သဘောပေါက်သင့်ပြီ။ ဒီနေ့လို နိုင်ငံတကာအခြေအနေမျိုးမှာ ဗမာပြည်ရဲ့ဒီမိုကရေစီအရေးကို တခြားနိုင်ငံတခုကကယ်တင်မယ်လို့မျှော်လင့်တာဟာ ဖိုးအတာအက်ဘက်ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်တုန်းက နိုင်ငံကြီးတွေချင်းစစ်ဖြစ်နေကြတာမို့ သူတို့အကျိုးစီးပွားတွေအပေါ်အခြေခံပြီး တခြားနိုင်ငံကအစရေးကိစ္စကို ကိုယ်ထိလက်

ရောက်ကြည့်နိုင်ကြတာဖြစ်တယ်။ ဗမာပြည်က လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်တွေဟာ အင်္ဂလိပ်နဲ့ဂျပန်တို့အကြားမှာရှိနေတဲ့ ပဋိပက္ခကိုအသုံးချပြီး ကိုယ့်နိုင်ငံလွတ်လပ်ရေးအတွက် လုပ်ကြတာဖြစ်တယ်။

ဒီနေရာမှာပေမယ့် ရှင်းသင့်တဲ့အချက်တချက်ရှိတယ်။ အဲဒါကတော့ အင်္ဂလိပ်အင်ပါယာအလိုတော်ရိတွေနဲ့ သမိုင်းကို ဘုရုံးနားမတွင်။ သေချာနားမလည်သူတချို့က ဂျပန်တပ်တွေကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တို့ခေါ်လာလို့ အရှေ့တောင်အာရှထဲကို ဖက်ဆစ်တွေရောက်လာတယ်လို့ ပြောတဲ့ကိစ္စပဲ။ တကယ်က ဂျပန်ဟာ အစောကြီးကတည်းက ဒီဘက်ကိုစစ်ကြောင်းဖွင့်ဖို့ ပြင်နေတာ။ ဥရောပနဲ့အာဖရိကမှာ အင်္ဂလိပ်နစ်နေပြီဆိုတာသိကတည်းက ဂျပန်ဟာ အင်္ဂလိပ်ရဲ့ အလှမ်းဝေးတဲ့ကိုလိုနီတွေကို လုယူဖို့ပြင်နေတယ်။ သူတို့သွားရည်အကျဆုံးဟာ ဗြိတိသျှအရှေ့ပေါ်က စိန်ကြီးလို့ဆိုကြတဲ့ အိန္ဒိယကိုဖြစ်တယ်။ အဲဒီအတွက် ဒုတိယကမ္ဘာစစ်ဖြစ်ကာနီးမှာပဲ ဂျပန်သူလျှိုတွေကို ပုံစံအမျိုးမျိုးနဲ့ ဗမာပြည်ထဲလွှတ်နေခဲ့တယ်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်မှာ ပုလဲဆိပ်ကမ်းကိုတိုက်ခဲ့တာဆိုတော့ သူ့ရဲ့ ဒီလေတပ်နဲ့ရေတပ်ကြီးကို တည်ဆောက်ရတာ (ကိုရီးယားနဲ့တရုတ်ပြည်ကို ဝင်သိမ်းတဲ့အခါမှာ ဂျပန်ရေတပ်နဲ့လေတပ်ရဲ့အခန်းကဏ္ဍ မပြောပလောက်ပါဘူး) ဘယ်လောက်ကြာမလဲစဉ်းစားကြည့်ပါ။ ပုလဲဆိပ်ကမ်းတိုက်ခိုက်မှုမတိုင်မီ အနည်းဆုံး (၂) နှစ်လောက် ပြင်ရမယ်။ ဒါဟာ ရဲဘော်သုံးကျိပ် ပြည်ပမထွက်မီ အစောကြီးကတည်းကဖြစ်တယ်။ ပုလဲဆိပ်ကမ်းချက်ချပြီးဆိုတာနဲ့ စင်္ကာပူက အင်္ဂလိပ်တပ်တွေ ကြောက်နေပါတော့တာပဲ မဟုတ်လား။ သူတို့ရဲ့ အိတ်ချ်အမ်အက်စ် ရီပါလ်စ် (HMS Repulse) နဲ့ ပရင့်စ်အော့ဖ်ဝေးလ်စ် (Prince of Wales) ဆိုတဲ့ တိုက်သင်္ဘောကြီးနှစ်စင်းလည်း ဂျပန်တော်ပီဒိုတွေကြောင့် မြုပ်ရော နောက်ကျတဲ့နောင့် သစ္စာဖောက်ဆိုပြီး မိုးနိုးတန်းပြေးကြတော့တာ၊ ကုလားပြည်ရောက်တော့မှ ရပ်တော့တာပဲ။ ဘီအိုင်အေနဲ့ဘာမှ မဆိုင်ဘူး။ ဂျပန်တပ်ဟာ မချော်လှဲနိုင်အောင်နည်းတဲ့ ခံမှုတွေကိုဖယ်ရှားပြီး ရန်ကုန်ကိုသိမ်းခဲ့တာ။ အဲဒါဟာ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်မှာ ဖြစ်တယ်။ ဘီအိုင်အေဟာ ၁၉၄၂ ခုနှစ်ကျမှ ယိုးဒယားကိုရောက်သွားတာ။ ဒုတိယကမ္ဘာ

စာမျက်နှာ (၃၀) ကော်လံ (၄) သို့…

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာချုပ်
ဇော်ဝေး

တာဝန်ခံအယ်ဒီတာ
ခွန်ညီ

သတင်းအယ်ဒီတာ
ရေချမ်း ၊ ကိုထိုက်

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက်

မိုးကြိုးသတင်းစဉ် သို့

စာမူများ
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှုဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးဆက်သွယ်ရေးကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

- ကိုယ်ပိုင်အခွင့်အရေးအတွက်
ကိုယ်တိုင်တိုက်ပွဲဝင်ကြ…
- ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ
ရဲရဲလုပ်ကြ…
- မတရားတဲ့အမိန့်အာဏာမှန်သမျှ
ကန့်ကွက်ကြ…

ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးခြင်းမရှိဆွေးနွေးဘက်အဖြစ်မသတ်မှတ်သရွေ့

တွေ့ဆုံဆွေးနွေးရေးမဖြစ်နိုင်ကြောင်း ကုလဆိုင်ရာမြန်မာကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် တင်ပြ

မတ်လ (၁၈) ရက်နေ့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မစ္စတာဂမ်ဘာရီသည် မြန်မာပြည်အတွင်း (၅) ရက်ခရီးစဉ်နှင့် ပတ်သက်၍တင်ပြရာတွင် နအဖအနေနှင့် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးဆွေးနွေးဘက်အဖြစ်လက်မခံပါက တွေ့ဆုံဆွေးနွေးရေးဖြစ်လာနိုင်မည်မဟုတ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

မစ္စတာဂမ်ဘာရီက "ပြည်သူ့ဆန္ဒခံယူပွဲတွေ ရွေးကောက်ပွဲတွေဆိုတာ အရပ်သားအစိုးရနဲ့ ဒီမိုကရေစီစည်းမျဉ်းတွေဆီ ပါတယ်" ဟု ပြောကြားသွားခဲ့သည်။

မစ္စတာဂမ်ဘာရီက မြန်မာနိုင်ငံအတွင်း ရှိစဉ် ပြည်သူ့ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲ အမျိုးသားအကျိုးစီးပွားရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးရေးနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှု စသည့်ခေါင်းစဉ်များအောက်၌ ဆွေးနွေးခဲ့ကြကြောင်းလည်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

မစ္စတာဂမ်ဘာရီက "ကျနော့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအကြောင်း ပြည်သူ့ဆန္ဒခံယူပွဲဥပဒေနဲ့ ဆန္ဒမဲပြားနမူနာကို ပေးခဲ့ပါ ချင်းပြည့်ဝလေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ်မှာ ပွင့်လင်းလွတ်လပ်တဲ့ ဆွေးနွေးမှုတွေ ပိုမိုကျယ်ပြန့်လာလေ၊ နိုင်ငံရေးလှုပ်ရှားသူများနဲ့ ပြည်သူလူထုက အစိုးရရဲ့အစီအစဉ်တွေအပေါ် ပိုပြီးယုံကြည်စိတ်ချလာလေဖြစ်ပြီး ကမ္ဘာ့တန်ဖိုးထားကြောင်းလည်း စစ်အစိုးရရဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာ ပိုပြီးတော့ လက်ခံလာပါလိမ့်မယ်ဆိုတာကိုလည်း သူတို့ကို ကျနော်ပြောခဲ့ပါတယ်" ဟု ပြောသည်။

ထုံးဖြတ်ချက်တရပ်မှတ်ပြီတူသော မစ္စ

ကို ထုတ်ပြောင်းမယ့် အခိုင်းမှတ်တိုင်တွေဖြစ်ကြပါတယ်။ အဲဒါတွေဟာ သူတို့အလိုအလျောက် ပြီးဆုံးမသွားပါဘူး။ မြန်မာနိုင်ငံဟာ စစ်အုပ်ချုပ်ရေးနဲ့ ရောင်စုံတိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့တွေရဲ့ ပဋိပက္ခတွေကြားမှာ နှစ်ပေါင်းဆယ်နှီးပါးနေခဲ့ရတယ်ဆိုတာကိုသတိရနေဖို့ လိုအပ်တယ်" ဟု သတိပေးလိုက်ပြီး ဆက်လက်ပြောကြားရာတွင် "နိုင်ငံသူ နိုင်ငံသားအားလုံး သူတို့တိုင်းပြည်ရဲ့အနာဂတ်ကို ဖန်တီးတည်ဆောက်ရာမှာ ပါဝင်လာနိုင်စေဖို့ တိုင်းပြည်ရဲ့အသွင်ကူးပြောင်းရေးမှာ လွတ်လပ်ပွင့်လင်းစွာပူးပေါင်းပါဝင်ဖို့ ဘယ်လိုအစီအစဉ်မျိုးမဆို လိုအပ်တယ်။ ကျနော်က အာဏာပိုင်တွေကို တခြားအဆင့်တိုင်းမှာလည်းပဲ စံချိန်စံညွှန်းပြည့်မီတဲ့အဆင့်တွေကို သေချာတက်လှမ်းနိုင်ဖို့ ပြောခဲ့ပါတယ်။ တချို့အဆင့်တွေဟာ စောစောနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပဲ သတင်းဖြန့်ပေးဖို့လိုအပ် (ပြည်သူ့ဆန္ဒခံယူပွဲ ဆိုင်ရာ စည်းမျဉ်း၊ ဥပဒေတွေနဲ့ အခြေခံဥပဒေမူကြမ်းတွင်ပါဝင်သော အကြောင်းအချက်များ အပါအဝင်) ကြောင်းကိုလည်း ကျနော်ပြောပြခဲ့ပါတယ်" ဟု လုံခြုံရေးကောင်စီသို့ ပြောသည်။

ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဆက်လက်တင်ပြရာတွင် "မဲဆန္ဒရှင်တွေ အရည်အတာဂမ်ဘာရီ၏အစီရင်ခံစာသည် မြန်မာစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အခိုင်အမာထောက်ခံခြင်း၊ ဧပြီလတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲနှင့် ၂၀၁၀ တွင်ပြုလုပ်မည့် ရွေးကောက်ပွဲ စသည်တို့ကဲ့သို့သော လက်တလောတိုးတက်မှုများအပေါ် အာရုံစိုက်၍ ကြေညာချက်ထုတ်ရမည့် လုံခြုံရေးကောင်စီအတွက် စတင်အလုပ်လုပ်ရန် အချက်အလက်များကိုရစေခဲ့သည်။

ကုလ၏ကြေညာချက်များတွင် အဓိက ပါဝင်လာနိုင်မည့်အချက်များမှာ ----

မြန်မာစစ်အစိုးရအနေနှင့် ကျင်းပပေးမည့်ပြည်သူ့ဆန္ဒခံယူပွဲသည် ပွင့်လင်းမျှတမှုရှိကြောင်း၊ တာဝန်ယူရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အတိုက်အခံပါတီအားလုံး ပြည်သူ့ဆန္ဒခံယူပွဲတွင် ပူးပေါင်းပါဝင်ခွင့်ပြုရန်၊ အထူးအားဖြင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လိုအပ်ချက်များကို အောက်တိုဘာလ (၁၁) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည့် လုံခြုံရေးကောင်စီ၏ထုတ်ပြန်ချက်ပါ တောင်းဆိုတိုက်တွန်းမှုကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာပြည်တွင်း ဆက်လက်ဖြစ်ပွားနေသော ဖိနှိပ်မှုများနှင့်ပတ်သက်သည့် အစီရင်ခံစာများကြောင့် စိုးရိမ်ပူပန်မိကြောင်းတို့ ဖြစ်သည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာ့အရေးကြိုးပမ်းအားထုတ်မှုများကြောင့် လုံခြုံရေးကောင်စီသည် ဆင်မြင်ရှုမြင်စရာ ရှုထောင့်အထွေထွေကိုရရှိပြီး မြန်မာစစ်အုပ်စုအား မည်ရွေ့မည်မျှ ဖိအားပေးရမည်ကို တွက်ဆနိုင်မည်ဖြစ်သည်။ ထို့အပြင် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကလည်း အရေးယူပိတ်ဆို့မှုကဲ့သို့သော ဒဏ်ခတ်ခြင်းများအထိ ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုများ တိုးတက်လာစေရေးအတွက် တွန်းအားပေးလျက်ရှိနေကြသည်။ ❖

နအဖပွဲစည်းပုံအခြေခံဥပဒေ...အစွမ်းကုန်တိုက်ဖျက်ကြ

ဓာတ်ပုံရိပ်မှာ (၁၈)
ပါဝင်သူ၏ပြည်သူ့ဆန္ဒ...

ရွှင်လန်းကြတဲ့ လှုပ်ရှားသူတွေက အဓိက အကျဆုံးပါပဲလေ ဒါပေမယ့် အခုတိုင်း တက်ကြွလာတဲ့ ပြည်သူတွေက ပိုအားလာတဲ့ ကမ္ဘာကြီးမှာ နိုင်ငံတနိုင်ငံဟာ သူ့ဟာသူ အဆင်ကျနိုင်တည်ဆိုရင် မရှိပါဘူး အားလုံးက ဆက်စပ်ပြီးတော့ ထိန်းသိမ်းထားကြပြီးတော့ လှုပ်ရှားနေကြတာပါပဲ အဲဒီတော့ နိုင်ငံတနိုင်ငံမှာ အဓိကရကျင်တော ကိုယ်ရဲ့ပြည်သူတွေအပေါ်မှာ အခွင့်အရေးတွေချိုးဖောက်ပြီး မတရားညှဉ်းပန်းနှိပ်စက်ရင် ကမ္ဘာ့နိုင်ငံတွေရဲ့ တည်ငြိမ်ရေးကော ထောက်ခံရမှာကိုလည်း တွေ့ကို ထိခိုက်တာတွေရှိတယ်။ အဲဒီအတွက်ကြောင့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ကြည့်ပြီးတော့ ထိုက်တန်စေဖို့စိုးကာမ ဆောင်ရွက်ရမှာတွေရှိပါတယ်။ ကုလသမဂ္ဂ အဖွဲ့ထားတာကလည်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက်ဖွဲ့ထားတာ နိုင်ငံအမျိုးမျိုးအားလုံး လူ့အခွင့်အရေးအတွက် ဆောင်ရွက်ရေးအတွက် ဖွဲ့ထားတာဖြစ်တဲ့အတွက် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍဟာ အရေးပါ လွှမ်းမိုးနိုင်ရမှာဖြစ်သွားပါပြီ"

ကိုစိုးထွန်း (၈၈ မျိုးဆက်ကျောင်းသားမော်တော်)

"သူ့ ကိုမေးလိုက်တဲ့ ကုလသမဂ္ဂရဲ့ တာဝန်ကတော့ မြန်မာနိုင်ငံအတွင်းမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်ဖို့၊ အတိုက်အခံတွေမှာရော အားလုံးပါဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွေ ရပ်ပေါ်စေဖို့၊ အများလက်ခံနိုင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ် ဖော်ထုတ်ဖို့ပါပဲ၊ ဒါ သူ့ရဲ့ အဓိကတာဝန်ပါ။ နအဖက သူ့ရဲ့အကြံပြုချက်တွေကို ပြင်းပယ်မယ်ဆိုတို့ ရှိခဲ့လည်း သူ့ရဲ့မစ်ရှင်က မအောင်မြင်ဘူး ဆိုတဲ့ ပြည်ရှိသောသား ပြန်လှန်ပြီးဖို့လိုပြီးတော့ နိုင်ငံတကာအစိုးရနဲ့ လုံခြုံရေးကောင်စီရဲ့ အတူအညီလောင်းခံဖို့လိုပါတယ်။ အဲသလိုမှဘဲ သူ့ရဲ့ လုပ်ရှားမှုတွေမှာ တဖက်က နှောင်ဆိုမှုတွေရှိနေသေးသမျှ ရလဒ်မပြတ်ရှိတတ်ပါတယ်။ နိုင်ငံတကာလဲ ဆက်လုပ်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်"

(အမေရိကန်အခြေစိုက် မြန်မာ့အရေး လှုပ်ရှားသောအဖွဲ့ (US Campaign for Burma) အဖွဲ့ဆောင်ဒါရိုက်တာ ကိုအောင်ဒင်) ❖

စစ်အာဏာရှင်စနစ်အောက်
ဆင်းရဲကြပ်တည်းမှုမျိုးစုံဖြင့်
ရင်ဆိုင်ခံစားနေရသည့်
မြန်မာပြည်သူလူထု၏
ဒုက္ခအဝဝအားဖော်ကျူးထားသည့်
တိမ်စစ်တမ်း
၅ ၃ ၂ ၇
မြန်မာနိုင်ငံလွတ်လပ်သည့်
သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိလျက်ရှိသည်။